စိတ်ကူးချိုချိုအနုပညာ



# ကြားကာလ

## မောင်ထင်

သတင်းစာဆရာတစ်ယောက်ဖြစ်တဲ့ အဖေဟာ ခေတ်အဆက်ဆက် သတင်းစာ၊ မဂ္ဂဇင်းတွေမှာ ဆောင်းပါးတွေ အများအပြားရေးခဲ့ပါတယ်။ အဖေကွယ်လွန်ပြီးချိန်မှာ အဖေရေးသားခဲ့တဲ့ ဝတ္ထုတွေသာ လုံးချင်းအဖြစ်နဲ့ကျန်ရစ်ပေမဲ့ သတင်းစာ၊ မဂ္ဂဇင်းဆောင်းပါးတွေကတော့ ဟိုနားတစ်စု၊ ဒီနားတစ်စုနဲ့ စာအုပ်အဖြစ် ထွက်မလာနိုင်တဲ့ ဆောင်းပါးအတော်များများ ရှိနေပါသေးတယ်။

အဖေ မကွယ်လွန်ခင် မှတ်မှတ်ရရ ‘မြန်မာ့နိုင်ငံရေး သုခမိန်’ နဲ့ ‘လောကအမြင်’ စာအုပ်နှစ်အုပ်သာ ရှိခဲ့ပါတယ်။ ဒီ့အတွက်ကြောင့် စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေခြင်း မပြုရသေးတဲ့ ဆောင်းပါးတွေကို ရှာဖွေစုဆောင်းခဲ့ပါတယ်။

အဲဒီလို ရှာဖွေစုဆောင်းတဲ့အခါမှာ ၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလမှာ ထုတ်ဝေပြီး ရှုမဝမဂ္ဂဇင်းထဲမှာ ဖော်ပြခဲ့တဲ့ ‘ညားခါစ ပထမနှစ်’ ဆိုတဲ့ ဆောင်းပါးတစ်ပုဒ်ကို တွေ့ရှိပါတယ်။ မြန်မာနိုင်ငံလွတ်လပ်ရေး ရပြီး တစ်နှစ်အကြာမှာ ဖြစ်ပျက်ခဲ့တဲ့ မြန်မာ့နိုင်ငံရေးအခြေအနေကို ရေးသားခဲ့တာ ဖြစ်ပါတယ်။
‘ဒုတိယနှစ်’ ဆိုတဲ့ဆောင်းပါးကို ၁၉၅၀ ပြည့်နှစ်မှာ ထုတ်ဝေတဲ့ ရှုမဝမဂ္ဂဇင်းထဲမှာ ဖော်ပြခဲ့ပါတယ်။ မြန်မာ့နိုင်ငံရေးအခြေအနေကို သရော်စာဆောင်းပါးအနေနဲ့ ရေးသားခဲ့ပါတယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး ရှစ်နှစ်အကြာ ၁၉၅၆ ခုနှစ်၊ ဇန်နဝါရီလမှာ ထုတ်ဝေတဲ့ မြဝတီမဂ္ဂဇင်းမှာ ‘ရှစ်နှစ်ခရီး’ ဆိုတဲ့ ဆောင်းပါးတစ်ပုဒ်ကို ရေးခဲ့ပါတယ်။
၁၉၅၃ ခုနှစ်၊ စက်တင်ဘာလထုတ် မြဝတီမဂ္ဂဇင်းမှာ ‘အရည်အချင်းတိုးတက်ရေး’ ဆိုတဲ့ ဆောင်းပါးကို ရေးခဲ့ပါတယ်။ ၁၉၆၂ ခုနှစ်၊ ဇွန်လထုတ် နဝဒေးမဂ္ဂဇင်းမှာ ‘ကြားကာလ’ ဆိုတဲ့ ဆောင်းပါးကို ရေးခဲ့ပြန်ပါတယ်။

အဲဒီဆောင်းပါးနှစ်ပုဒ်ကို ယနေ့မျက်မှောက်ခေတ် အခြေအနေတွေနဲ့ ချိန်ထိုးကြည့်နိုင်ကြလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ မျှော်လင့်မိလို့ စာအုပ်အမည်ကို ‘ကြားကာလ’ လို့ ခေါင်းစဉ်တပ်လိုက်ပါတယ်။ ကြားကာလလို့ပဲ ပြောပြော၊ အသွင်ကူးပြောင်းရေးကာလလို့ပဲဆိုဆို ယနေ့မျက်မှောက်ခေတ် အခြေအနေမှာ ဆောင်ရ၊ ရှောင်ရမယ့် အကြောင်းအရာတွေကို ‘ကြားကာလ’ ဆောင်းပါးထဲမှာ ရှာဖွေဖတ်ရှု ကြည့်ကြရင် တွေ့နိုင်မှာ ဖြစ်ပါတယ်။

ညီကိုး၏အမှာစာမှ




ISBN9789997117885
MGH12
9 789997 117885
2,200.00KS

ကြားကာလ၊ မောင်ထင်
မျက်နှာဖုံးပန်းချီ - တော်တီဒွေ
စာမျက်နှာ ၁၉၆+ မျက်နှာ၊ ၁၂.၈ စင်တီ× ၁၈.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

စိတ်ကူးချိုချိုစာအုပ်

# ကြားကာလ

မောင်ထင်

ပထမအကြိမ်၊ ၂၀၁၉

# မာတိကာ


| | | |
|---|---|---|
| – | စိစဉ်သူရဲ့အမှာ | က |
| ၁။ | ညားခါစ ပထမနှစ် | ၁ |
| ၂။ | ဒုတိယနှစ် | ၉ |
| ၃။ | ဂျပန်ပြည်၏ မေဒေးနေ့ | ၁၈ |
| ၄။ | ဖိလစ်ပိုင်ပြည် ပြန်လည်ထူထောင်ရေးတပ် | ၂၂ |
| ၅။ | အရှေ့အာရှ လူမှုကြီးပွားချမ်းသာရေးပြဿနာ | ၂၈ |
| ၆။ | ဂျပန်နှင့် စတာလင်ဆု | ၄၁ |
| ၇။ | လီမီး၏သတင်းများ | ၄၇ |
| ၈။ | အရည်အချင်းတိုးတက်ရေး | ၆၁ |
| ၉။ | ဂျပန်စစ် ဘယ်လိုပြီးခဲ့သလဲ | ၇၆ |
| ၁၀။ | ရှစ်နှစ်ခရီး | ၉၇ |
| ၁၁။ | တော်လှန်ရေးနေ့ စဉ်းစားခန်း | ၁၀၈ |
| ၁၂။ | မိမိကိုယ်ကို မိမိ ဈေးစပ်ပါ | ၁၂၁ |
| ၁၃။ | နယ်ချဲ့၏ သွေးခွဲစနစ် အောင်မြင်မှု | ၁၂၉ |

၁၄။ ကြားကာလ ၁၃၈
၁၅။ ထူးမခြားနား ၁၄၆
၁၆။ အဏုမြူပုံးဖောက်ခွဲခြင်း ၁၅၅
၁၇။ ဂျပန်နိုင်ငံ လက်နက်ချခဲ့စဉ်က ၁၆၆
၁၈။ ဒုတိယကမ္ဘာစစ်ကြီး ပြီးပြီလား ၁၉၁

❐

## စီစဉ်သူရဲ့အမှာ

စာအုပ်တစ်အုပ် ထုတ်ဝေပြီဆိုရင် စာအုပ်နဲ့ ပတ်သက်တဲ့ အကြောင်းအရာကို စကားဦး၊ စကားချီး၊ နိဒါန်း၊ အမှာစာ၊ မှတ်ချက် စသဖြင့် ပါစမြဲဖြစ်ပါတယ်။

အခု အမှာစာကို အဖေရေးခဲ့တဲ့ **'မြန်မာ့နိုင်ငံရေး သုခမိန်'** စာအုပ်ထဲက စကားချီးနဲ့ ကိုးကားတင်ပြချင်ပါတယ်။

**"ယေဘုယျအားဖြင့် စကားချီး ဆိုသည်မှာ ပုံနှိပ်ထုတ်ဝေခြင်းနှင့်ဆိုင်သော မှတ်တမ်းဖြစ်လေရာ သူ မပါလည်း ပြီးနိုင်ပါသည်။ သို့ရာတွင် စာအုပ်တစ်အုပ်ကို အကြိမ်ကြိမ်ပြန်ရိုက်နှိပ်ရန် အကြောင်းဆုံလာလျှင် ထိုစကားချီးသည် ထုတ်ဝေသူတို့အတွက်သာမက စာဖတ်သူအတွက်လည်း ဗဟုသုတ ဖြစ်နိုင်ဖွယ်ရှိသည်"** လို့ ရေးသားခဲ့တာ မှတ်သားရပါတယ်။

ဆရာ မောင်ထင်လို့ ပြောလိုက်တာနဲ့ စာရေးဆရာ အဖြစ်သာ အသိများကြပါတယ်။ အဖေ့ရဲ့ အလုပ်အကိုင်ကို မေးရင် အဖေက 'သတင်းစာဆရာ' လို့ ဖြေပါတယ်။

**"သတင်းစာ အလုပ်ဟာ သမိုင်းသုတေသီတွေနဲ့ အမျိုးတော်ပါတယ်"** လို့ အဖေက ဆိုပါတယ်။

အဖေ့ရဲ့ စာရေးသက်တစ်လျှောက်မှာ ဝတ္ထုထက် ဆောင်းပါးကို အရေးများခဲ့ပါတယ်။

**"သတင်းစာသမားဟာ လူတွေရဲ့ နေ့စဉ် အဖြစ်အပျက်ကိုကြည့်ပြီး အတိတ်က ကံအကြောင်းတရားဟာ ပစ္စုပ္ပန်မှာ ဘယ်လို အကျိုးပေးသလဲဆိုတာ မှတ်တမ်းတင်ရပါတယ်"** လို့ ဆိုပြန်ပါတယ်။

**"အဲဒီလို မှတ်တမ်းတင်ရင်းနဲ့ အနာဂတ်ကိုလည်း မျှော်ကြည့်ရတယ်"** လို့ ရေးသားခဲ့ပါတယ်။

အဖေ ရေးသားခဲ့တဲ့ဆောင်းပါးနဲ့ ပတ်သက်ပြီး အဖေ့ရဲ့စေတနာကိုလည်း အခုလို ဖွင့်ဟရေးသားခဲ့ပါတယ်။

**"... ... လောကအတွက် ပြောရလျှင် မှန်ကန်သောလမ်းစဉ်ကို ကျင့်သောကြောင့် သမ္မာအာဇီဝ ဖြစ်မည်။ သမ္မာအာဇီဝ ထွန်းကားသောအခါ မနုဿလောကသည် ငြိမ်းချမ်းသာယာလိမ့်မည်။ စာရေးသူ၏ အရင်းခံစေတနာမှာ နိုင်ငံတော်ငြိမ်းချမ်းရေးကို တက်ညီလက်ညီတည်ဆောက်ပါစေဟူသော စေတနာ ဖြစ်ပါသည်။**

ဤစေတနာဖြင့် ဤစာကို ရေးသားပြုစုရာ

**စာရေးသူသည် သတင်းစာဆရာတို့၌ရှိသော အတတ်ပညာကို အသုံးပြုပါသည်။ သတင်းစာဆရာသည် နေ့စဉ်ဖြစ်ပေါ်နေသမျှသော သတင်းအချက်အလက်တို့ကို စိစစ်လေ့လာရသည်။ ဤသို့ လေ့လာသောအခါ အချက်အလက်များ ပေါက်ပွားရာ ဝန်းကျင်ကိုလည်းကောင်း၊ ထိုဝန်းကျင်ထဲ၌ရှိသော ပုဂ္ဂိုလ်ကိုလည်းကောင်း၊ ပတ်ဝန်းကျင်နှင့် အဆက်အစပ်ကိုလည်းကောင်း၊ ထိုအဆက်အစပ်ကြောင့် ဖြစ်ပေါ်လာသော အကျိုးအပြစ်တို့ကိုလည်းကောင်း ပြည်သူတို့ ညဏ်ပွင့်စေအောင် လေ့လာရေးသားရသည်"** လို့ သတင်းစာဆရာတစ်ဦးရဲ့တာဝန်ကို ရေးသားတင်ပြထားပါတယ်။

ဒါ့အပြင်

**"ခေတ်ကို အနုစိတ်၍ ပိုင်းခြားကြည့်သောအခါ မနေ့ကဖြစ်စဉ်ကို ယနေ့ဖြစ်စဉ်ကဲ့သို့ လှေနံဓားထစ် မစွဲလမ်းသင့်ချေ။ ဤလောက၌ ထင်မြင်ချက်ဟူသည်မှာ ပြုပြင်စီရင်ခြင်း သင်္ခါရနှင့် မကင်းနိုင်။ ပညတ်ကိစ္စတို့၌ ပရမတ်ဟု တမ်းတမ်းစွဲ မပြုသင့်ချေ။ အဓိကအချက်ကိုသာလျှင် ပဓာနပြုသင့်သည်"** လို့ တိုက်တွန်းထားပါတယ်။

သတင်းစာဆရာတစ်ယောက်ဖြစ်တဲ့ အဖေဟာ ခေတ်အဆက်ဆက် သတင်းစာ၊ မဂ္ဂဇင်းတွေမှာ ဆောင်းပါးတွေ အများအပြားရေးခဲ့ပါတယ်။ အဖေကွယ်လွန်ပြီးချိန်မှာ အဖေရေးသားခဲ့တဲ့ ဝတ္ထုတွေသာ လုံးချင်းအဖြစ်နဲ့ ကျန်ရစ်

ပေမဲ့ သတင်းစာ၊ မဂ္ဂဇင်းဆောင်းပါးတွေကတော့ ဟိုနား တစ်စု၊ ဒီနားတစ်စုနဲ့ စာအုပ်အဖြစ် ထွက်မလာနိုင်တဲ့ ဆောင်းပါး အတော်များများရှိနေပါသေးတယ်။

အဖေ့ရဲ့ စေတနာအရင်းခံဖြစ်တဲ့ **'နိုင်ငံတော်ရဲ့ ငြိမ်းချမ်းရေးကို တက်ညီလက်ညီ တည်ဆောက်နိုင်ပါစေ'** ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရေးသားခဲ့တဲ့ စာအုပ်တွေက လက်ချိုးရေတွက်လို့ရအောင် နည်းပါးခဲ့ပါတယ်။ အဖေ မကွယ်လွန်ခင် မှတ်မှတ်ရရ **'မြန်မာ့နိုင်ငံရေး သုခမိန်'** နဲ့ **'လောကအမြင်'** စာအုပ်နှစ်အုပ်သာ ရှိခဲ့ပါတယ်။

ဒီ့အတွက်ကြောင့် စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေခြင်း မပြုရသေးတဲ့ ဆောင်းပါးတွေကို ရှာဖွေစုဆောင်းခဲ့ပါတယ်။ အဲဒီလို ရှာဖွေစုဆောင်းတဲ့အခါမှာ ၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလမှာ ထုတ်ဝေပြီး ရှုမဝမဂ္ဂဇင်းထဲမှာ ဖော်ပြခဲ့တဲ့ **'ညားခါစ ပထမနှစ်'** ဆိုတဲ့ ဆောင်းပါးတစ်ပုဒ်ကို တွေ့ရှိပါတယ်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး တစ်နှစ်အကြာမှာ ဖြစ်ပျက်ခဲ့တဲ့ မြန်မာ့နိုင်ငံရေးအခြေအနေကို ရေးသားခဲ့တာ ဖြစ်ပါတယ်။

**'ဒုတိယနှစ်'** ဆိုတဲ့ဆောင်းပါးကို ၁၉၅၀ ပြည့်နှစ်မှာ ထုတ်ဝေတဲ့ ရှုမဝမဂ္ဂဇင်းထဲမှာ ဖော်ပြခဲ့ပါတယ်။ မြန်မာ့နိုင်ငံရေးအခြေအနေကို သရော်စာဆောင်းပါးအနေနဲ့ ရေးသားခဲ့ပါတယ်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ရှစ်နှစ်အကြာ ၁၉၅၆ ခုနှစ်၊ ဇန်နဝါရီလမှာ ထုတ်ဝေတဲ့ မြဝတီမဂ္ဂဇင်းမှာ **'ရှစ်နှစ်ခရီး'** ဆိုတဲ့ ဆောင်းပါးတစ်ပုဒ်ကို ရေးခဲ့ပါတယ်။

၁၉၅၃ ခုနှစ်၊ စက်တင်ဘာလထုတ် မြဝတီမဂ္ဂဇင်းမှာ **'အရည်အချင်း တိုးတက်ရေး'** ဆိုတဲ့ ဆောင်းပါးကို ရေးခဲ့ပါတယ်။ ၁၉၆၂ ခုနှစ်၊ ဇွန်လထုတ် နဝဒေးမဂ္ဂဇင်းမှာ **'ကြားကာလ'** ဆိုတဲ့ ဆောင်းပါးကို ရေးခဲ့ပြန်ပါတယ်။ အဲဒီဆောင်းပါးနှစ်ပုဒ်ကို ယနေ့မျက်မှောက်ခေတ် အခြေအနေတွေနဲ့ ချိန်ထိုးကြည့်နိုင်ကြလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ မျှော်လင့်မိလို့ စာအုပ်အမည်ကို **'ကြားကာလ'** လို့ ခေါင်းစဉ်တပ်လိုက်ပါတယ်။ ကြားကာလလို့ပဲ ပြောပြော၊ အသွင်ကူးပြောင်းရေးကာလလို့ပဲဆိုဆို ယနေ့မျက်မှောက်ခေတ်အခြေအနေမှာ ဆောင်ရ၊ ရှောင်ရမယ့်အကြောင်းအရာတွေကို **'ကြားကာလ'** ဆောင်းပါးထဲမှာ ရှာဖွေဖတ်ရှုကြည့်ကြရင် တွေ့နိုင်မှာ ဖြစ်ပါတယ်။

**'ကြားကာလ'** ဆောင်းပါးနိဂုံးပိုင်းမှာ....

**"ဗျူရိုကရက်တို့ကို လူထုအကျိုးဆောင် ဒီမိုကရေစီအင်အားစုဖြစ်အောင် အဆင့်ဆင့် မည်သို့ သိမ်းသွင်းမည်ဟူသောအချက်ကို မည်သူမျှ မစဉ်းစားကြချေ။ ဒီမိုကရေစီ ဖြစ်စေသတည်းဟု ဆိုလိုက်လျှင် ဒီမိုကရေစီဘီလူးသည် ဒီမိုကရေစီမင်းသားဖြစ်လာရမည်ဟုသာ တွေးကြဟန်တူသည်။ ဤလောက၌ မင်းသားအသွင်ဟန်ဆောင်သော ဘီလူးသည် ဘီလူးအစစ်ထက်ပို၍ ကြောက်မက်ဖွယ်ကောင်းသည်"** လို့ ဆိုထားပါတယ်။

ကျန်ဆောင်းပါးတွေကတော့ စစ်ပြီးခေတ်အခြေအနေကို ရေးသားခဲ့တဲ့ ပြည်တွင်း၊ ပြည်ပအကြောင်း

ဆောင်းပါးတွေ ဖြစ်ပါတယ်။

**'ဂျပန်စစ် ဘယ်လိုပြီးခဲ့သလဲ'** ဆိုတဲ့ ဆောင်းပါးဟာ အဖေ့ရဲ့ ပင်ကိုရေးဆောင်းပါးအဖြစ်နဲ့ တွေ့ရပါတယ်။ အဲဒီအကြောင်းကိုပဲ နှစ်ပေါင်း ၃၀ အကြာ ၁၉၈၄ ခုနှစ်၊ ဩဂုတ်လ စစ်ပြန်မဂ္ဂဇင်းမှာ **'၁၉၄၅ ခု ဩဂုတ်လ ဂျပန်နိုင်ငံလက်နက်ချခဲ့စဉ်က'** ဆိုတဲ့ ဘာသာပြန်ဆောင်းပါးတစ်ပုဒ်ကို ရေးသားခဲ့ပါတယ်။

အဖေ့ရဲ့ဆောင်းပါးတွေကို အဖေရှိစဉ်ကတည်းက ထုတ်ဝေချင်တဲ့ ဆန္ဒရှိခဲ့ပေမဲ့ ခေတ်ကာလအခြေအနေအရ ထုတ်ဝေနိုင်ခြင်း မရှိခဲ့ပါဘူး။

အခု ဆောင်းပါးတွေနဲ့ ဆိုင်တဲ့ ပုံနှိပ်ထုတ်ဝေခြင်းအချက်အလက်တွေကို မှတ်တမ်းတင်ရရင်...

**ညားခါစ ပထမနှစ် (ရှမဝမဂ္ဂဇင်း၊ ဇန်နဝါရီလ ၁၉၄၉)၊ ဒုတိယနှစ် (ရှမဝမဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၁၉၅၀)၊ ဂျပန်ပြည်၏ မေဒေးနေ့ (သွေးသောက်မဂ္ဂဇင်း၊ ဇွန်လ၊ ၁၉၅၁)၊ ဖိလစ်ပိုင်ပြည် ပြန်လည်ထူထောင်ရေးတပ် (သွေးသောက်မဂ္ဂဇင်း၊ ဩဂုတ်လ၊ ၁၉၅၁)၊ အရှေ့အာရှ လူမှုကြီးပွားချမ်းသာရေးပြဿနာ (သွေးသောက်မဂ္ဂဇင်း၊ အောက်တိုဘာလ၊ ၁၉၅၁)၊ ဂျပန်နှင့် စတာလင်ဆု (သွေးသောက်မဂ္ဂဇင်း၊ မတ်လ၊ ၁၉၅၂)၊ လီမီး၏ သတင်းများ (မြဝတီမဂ္ဂဇင်း၊ ဩဂုတ်လ၊ ၁၉၅၃)၊ အရည်အချင်းတိုးတက်ရေး (မြဝတီမဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၁၉၅၆)၊ ဂျပန်စစ် ဘယ်လိုပြီးခဲ့သလဲ (ရှမဝမဂ္ဂဇင်း၊ ဇွန်လ၊**

**၁၉၅၄)၊ ရှစ်နှစ်ခရီး (မြဝတီမဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၁၉၅၆)၊ တော်လှန်ရေးနေ့စဥ်းစားခန်း(ရှမဝမဂ္ဂဇင်း၊ မတ်လ၊ ၁၉၅၆)၊ မိမိကိုယ်ကို မိမိ ဇေ့စပ်ပါ (ရှမဝ မဂ္ဂဇင်း၊ မတ်လ၊ ၁၉၅၇)၊ နယ်ရဲ့၏ သွေးခွဲစနစ် အောင်မြင်မှု (နဝဒေးမဂ္ဂဇင်း၊ ဧပြီလ၊ ၁၉၆၁)၊ ကြား ကာလ (နဝဒေးမဂ္ဂဇင်း၊ ဇွန်လ၊ ၁၉၆၂)၊ ထူးမခြား နား (နဝဒေးမဂ္ဂဇင်း၊ နိုဝင်ဘာလ၊ ၁၉၆၂)၊ အဏုမြူ ဗုံးဖောက်ခွဲခြင်း (မြဝတီမဂ္ဂဇင်း၊ စက်တင်ဘာလ၊ ၁၉၆၇)၊ ၁၉၄၅ ခု ဩဂုတ်လ ဂျပန်နိုင်ငံလက်နက် ချခဲ့စဥ်က (စစ်ပြန်မဂ္ဂဇင်း၊ ဩဂုတ်လ၊ ၁၉၈၄)၊ ဒုတိယကမ္ဘာစစ်ကြီး ပြီးပြီလား (စတိုင်သစ်ရသစုံ မဂ္ဂဇင်း၊ ဇူလိုင်လ၊ ၂၀၀၁)...** တို့ ဖြစ်ပါတယ်။

အထက်မှာ ဖော်ပြထားတဲ့ ဆောင်းပါး ၁၈ ပုဒ်ဟာ ၁၉၄၉ ခုနှစ်ကနေ ၂၀၀၁ ခုနှစ်အထိ ၅၂ နှစ်အတွင်းမှာ ရေးခဲ့တဲ့ ဆောင်းပါးတွေကို စုစည်းထုတ်ဝေလိုက်ခြင်းဖြစ်ပါ တယ်။ အဖေကွယ်လွန်ပြီးချိန်မှာ ထုတ်ဝေဖြစ်တဲ့ မြန်မာ့ နိုင်ငံရေးဆိုင်ရာ ဆောင်းပါးတွေပဲ ဖြစ်ပါတယ်။ မြန်မာ့ နိုင်ငံရေးအတိတ်သမိုင်းနဲ့ မျက်မှောက်ခေတ် အခြေအနေ တွေကို ပေါင်းကူးပေးတဲ့ ဆောင်းပါးတွေလို့ ကျွန်တော့်အနေ နဲ့ ထင်မြင်ယူဆမိပါတယ်။

ညီကိုး<br>
အင်းစိန်မြို့နယ်<br>
ရန်ကုန်တိုင်းဒေသကြီး<br>
၂၀၁၈ ခု၊ ဩဂုတ်လ၊ ၂၂ ရက်။

# ညားခါစ ပထမနှစ်

သူကလေးနှင့်ညားခါစ ပထမနှစ်မှာ ပျော်လိုက်မည့်ဖြစ်ခြင်း။ မိမေ့၊ ဖမေ့၊ ဆွေမေ့၊ မျိုးမေ့၊ သူငယ်ချင်းမေ့ မေ့ပြီး လင်မယားနှစ်ယောက်တည်း အိမ်တစ်ဆောင်လုံးကို လက်ဝါးကြီးအုပ်ကာ ညားပြီးရင်း ညားရင်း ဆိုသလို အိမ်ထောင်ဦးသုခကို တမြုံ့မြုံ့ခံစားပြီးနေလိုက်ရရင်....

လင်မယားညားခါစ ယင်းသို့ စိတ်ကူးမိကြသူအပေါင်းမှာ အသချေ်နှင့် အနန္တ။ သို့သော် တကယ်တမ်းညားကြပြီဆိုသောအခါ...

လင်မယားနှစ်ယောက် လူလုံးပြဟန်ဓာတ်ခုတ်ဖို့ ဝယ်လိုက်ခြမ်းလိုက်ရသည်က အမော...။ အိမ်ထောင်ပရိဘောဂ အသုံးအဆောင်များရှိလျက်နှင့် မပြည့်စုံသေးဟူ၍ သဘောရကာ ဝယ်ပြီးရင်း ဝယ်ရသည်ကလည်း မနားရ။ မယားကလည်း ညားခါစ လင်တော်မောင်ကို စေတနာတွေ ရေစီးကမ်းပြို၍ ချက်ပြုတ်... ကြော်လှော် ကျွေးရသည့်အတွက် ငွေကုန်ကြေးကျမသက်သာ။ ကိုယ့်အလုပ်အကိုင်မှ ရသောဝင်ငွေထက် လင်မယားနှစ်ယောက် အူမြူးပြီး သုံးဖြုန်းသော ငွေကပို၍နေသောကြောင့် မိဘဆွေမျိုးများထံမှ ယူရသည်ကလည်း မလောက်

နိုင်။ သည်အထဲမှာ လင်မယားအရာမြောက်ပြီဆိုတော့ လူဘော်ဝင်လာပြီ၊ လူဘော်ဝင်လာပြီဆိုတော့ အရပ်က သူတို့လင်မယားနှစ်ယောက်ကို တစ်အိမ်ထောင်ပဲဟု အသိအမှတ်ပြုလာပြီ။ သို့ကလို အသိအမှတ်ပြုခြင်း ခံလိုက်ရပြီဆိုလျှင် ဟိုအလှူ ဒီအလှူ ဟိုမင်္ဂလာဆောင် ဒီမင်္ဂလာဆောင် တွေမှာ ပွဲတိုးအောင် မိမိကိုယ်ကို မိမိမွမ်းမံခြယ်လှယ်ပေးရရုံမျှမကသေး၊ ပေါင်းသင်းဆက်ဆံရေး ဂုဏ်မငယ်ရအောင် ထည့်ရသော အလှူငွေများ ကလည်း ရှိသေး၏။

ကြာတော့ ဆန်အိုးထဲ ဆန်မရှိ။

ထိုအခါကျတော့မှ လင်မယားဆို၍ ညားပြီးရင်း ညားရုံမျှနှင့် ဝမ်းမဝနိုင်ပါကလားဟု သတိတရားရမိသည်။ သတိရသောကြောင့် ငွေဝင်လမ်းအတွက် အလုပ်ကို ပိုလုပ်ရသောအခါ ခါးကလေးနည်းနည်း လောက် ချည့်လာလေတော့ 'ဟင်း' ခနဲ သက်ပြင်းချမိပြန်သည်။

သည်အထဲမှာ မိန်းမလုပ်သူက အနီးဆုတ်ပြီး ကလေးအင်္ကျီချုပ် နေပြီ။ ဟောဗျာ့... ညားမယ်မှ မကြာသေးဘူး၊ ပတ္တမြားကြုတ်က ငုံ၊ ငုံ လွန်းလှသကွာ...။ လင်မယားနှစ်ယောက်တည်း လွတ်လွတ်လပ်လပ် ချစ်ရမလားလို့ အောက်မေ့လိုက်ပါတယ်...၊ သား... သမီး သံယောဇဉ်ဆို တဲ့ နှောင်ကြိုးက... တည်းတော့မှာပါကလား။

ယင်းသို့လျှင် ဝမ်းရေးအတွက်ကြောင့်လည်းကောင်း၊ ပေါင်းသင်း ဆက်ဆံရေးအတွက်ကြောင့်လည်းကောင်း၊ နှောင်ရေးအတွက်ကြောင့် လည်းကောင်း၊ အနှောင်အဖွဲ့အထုံးများသည် လင်မယားတစ်စုံတို့၏ ညားခါစ စည်းစိမ်ကို ရစ်ပတ်ချည်နှောင် ဖွဲ့ထုံးလိုက်လေရာ...၊ အိမ်ထောင်သည်၏ သုခဆိုသည်မှာ ကြက်ပျောက်၊ ငှက်ပျောက် ပျောက် သွားပြီးလျှင် တစ်ချက်တစ်ချက်၌ စိတ်အခန့်မသင့်၍ မီးဖိုချောင်ထဲမှာ ကျိတ်ကျိတ်ပြီး နှောင်ဂျိန်ဇာတ်ပင် ခင်းလိုက်ရသေးသည်။

သည်လိုအခါမျိုးကျတော့မှ "အမ်းမယ်လေးဟဲ့ ဘယ်မလဲသုခ၊ လင်မယားညားတယ်ဆိုတာ အမှန်မှာတော့ ဒုက္ခပါကလားနော်" ဟူ၍ လင်မယားနှစ်ယောက်သား ပြိုင်တူညည်းမိသော ဟူ၏။

ဩော်... ဘာဂလိုတိုတိုနှင့် ကျွန်ုပ်တို့လည်း လွတ်လပ်ရေးနှင့် ညားခဲ့သည်မှာ တစ်နှစ်ပြည့်သွားပေပြီ။ ထိုညားခါစနှစ်အတွင်း ကျွန်ုပ်တို့ တဟင်းဟင်းနှင့် ငှက်ဖျားတက်သလို ညည်းခဲ့သည်မှာ အထက်အဆိုပါလင်မယားနှစ်ယောက် ညည်းကြသည်ထက်ပင် ချုံသံပါလှပါကလား။

လွတ်လပ်ရေးရပြီဆိုတော့ ကျုပ်တို့တစ်တွေ သွားချင်တိုင်းသွား၊ လာချင်တိုင်းလာ၊ စားချင်တိုင်း စား၊ နေချင်တိုင်း နေ၊ လုပ်ချင်တိုင်းလုပ်၊ ကုန်ကုန်ပြောမည်... ကျွန်ုပ်တို့၌ ခြေထောက်နှင့် မသွားဘဲ ခေါင်းနှင့် သွားနိုင်ခွင့်၊ ပါးစပ်နှင့် မစားဘဲ ဟိုသင်းနှင့်စားနိုင်ခွင့်၊ အဲ... သို့ကလို မူလအခွင့်အရေးတွေ ရှိသည်မဟုတ်လား။

သို့ကလိုဆိုလျှင် လွတ်လပ်ရေးရသည်နှင့်တစ်ပြိုင်နက် အခွန်ပေးချင်မှ ပေးမည်။ ကြွေးပြန်ဆပ်ချင်မှ ဆပ်မည်။ သူလုပ်လို့ရတဲ့ စပါးဟာ သပိတ်ဝင် အိတ်ဝင်ကိုယ့်စပါးပေါ့။ အစိုးရသစ်တောကြိုးဝိုင်းထဲက သစ်တွေဟာ... လူထုသစ်တွေပဲ။ လိုချင်ရင် လွတ်လပ်စွာ ခုတ်ယူ။ ရွှေတွင်း၊ ငွေတွင်း၊ ပယင်းဒုဠာဆိုသဟာတွေ ကိုယ့်ဟာလို့ သဘောထား။ ရေနံတွင်းဆိုရင်လည်း အဲ... အဲ...ဒါတော့ မလုပ်ကြနဲ့ဦး။ ကိုယ့်အစိုးရပိုင်တဲ့ဟာကိုမှ လွတ်လပ်စွာ အနိုင်ကျင့်တော်မူကြပါ။ ဥပမာ– ဇလီဖားတုံးတွေကို ထင်းဆိုက်လိုက ဆိုက်နိုင်ပါကြောင်း။ တယ်လီဖုန်းကြိုးများ ဖြုတ်၍ အိမ်သုံးပစ္စည်းလုပ်လိုက လုပ်နိုင်ကြောင်း။ သေနတ်တွေ လုလိုက လုနိုင်ကြောင်း။ ငွေတိုက်ကို ဖောက်လိုက ဖောက်နိုင်ပါကြောင်း။ တစ်ယောက်၏ ဇီဝိန်ကို တစ်ယောက်က လွတ်လပ်စွာ ဖြုတ်လိုပါက

ဖြုတ်နိုင်ပါကြောင်း...။ မော်တော်ဘတ်စ်သမားများလည်း အရမ်းပြေးလိုက ပြေးနိုင်ပါကြောင်း။

အဲလေ... ဇီဝိန်ကိုတောင်မှ လွတ်လပ်စွာ ဖြုတ်ခွင့်ရနေမှ မော်တော်ဘတ်စ်သမားတွေကို ခနဲ့နေဖို့ မလိုတော့ပါဘူး။

လွတ်လပ်ရေး တစ်နှစ်ပြည့်မြောက်သည့် အခါသမယကြီး၌ ကျွန်ုပ်တို့သည် လွတ်လပ်ရေးဆိုသဟာ ဘာလဲဟု စဉ်းစားကြည့်လျှင် ကောင်းမည်။ ဆိုခဲ့ပြီးသော အချက်တို့ကို လွတ်လပ်ရေးဟု ခေါ်ရမည်လော...။ လွတ်လပ်ရေးဆိုသဟာ ဘယ်သင်းလဲ။ လွတ်လပ်ရေးမရခင်က ကျွန်ုပ်တို့သည် လွတ်လပ်ရေးဆိုသော အခြင်းအရာကို စိတ်ကူးထဲတွင် အမျိုးမျိုးထည့်၍ ကူးမိကြည့်ကြသည်။ လွတ်လပ်ရေးကို ဥပမာပေးလေ့ရှိသည်။ လောက၌ လေထက် လွတ်လပ်နိုင်သောအရာကို စိတ်ကူးတွင် ထည့်၍မရပြီ။ လေဆိုသည်မှာ တိုက်ချင်သည့်အခါ တိုက်သည်။ မတိုက်လိုလျှင် ငြိမ်ငြိမ်ကလေး နေနိုင်သည်။ တိုက်လိုလျှင် အရှေ့က တိုက်တိုက်၊ အနောက်က တိုက်တိုက်၊ တောင်က တိုက်တိုက်၊ မြောက်က တိုက်တိုက်၊ တိုက်ချင်သည့်ဘက်က တိုက်နိုင်သည်။ ဘယ်သူ့ညြဏကိုမှ ခံနေစရာ မလို။ လေပြည်လေညင်း တိုက်လိုလျှင် တိုက်နိုင်သည်။ လေပွေမွှေ့လိုသလား မွှေ့နိုင်သည်။ မုန်တိုင်းသတ်လိုက်ဦးမလား၊ သတ်နိုင်သည်။ မည်သူမျှ လေမင်းကို စောဒကတက်နိုင်ခွင့် မရှိ။ လေမင်းထင်သလို စိုင်းနိုင်သော မူလအခွင့်အရေးများ ရှိသည်။

ထိုလေမင်းကို ဥပမာပြု၍ ယခု ကျွန်ုပ်တို့ ရရှိသောလွတ်လပ်ရေးသည် ထင်သလို စိုင်းနိုင်သော မူလအခွင့်အရေးများကို ပေးထားသည်ဟု အဆွေ ထင်မိပါသလော။

အဆွေက ယင်းသို့ ထင်မိပါသည်ဟု ဆိုပချေသော်... အဆွေရေ့၊ စိတ်လည်းမရှိနဲ့နော်၊ ခင်ဗျား ကျုပ်အနားမကပ်ပါနဲ့၊ ကျုပ် ကြောက်တယ်။

လွတ်လပ်ရေးဟူသည့် သာမန်အဓိပ္ပာယ်မှာ... အနှောင်အဖွဲ့မှ ကင်းခြင်းပင် ဖြစ်သည်။ သို့သော်... အနှောင်အဖွဲ့ဟူသော စကားကို ဆန်းစစ်ကြည့်လိုသော် မည်သူ၏အနှောင်အဖွဲ့ပါနည်းဟု စောဒက တက်ရပေမည်။ အဖြေမှာကား တစ်ပါးသူ၏ အနှောင်အဖွဲ့မှ ကင်းခြင်း ကို လွတ်လပ်ရေးဟု သာမန်အားဖြင့် ခေါ်ဆိုရပါမည်။

တစ်ပါးသူတို့၏ အနှောင်အဖွဲ့မှ ကင်းသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်တို့ လွတ်လပ်ပေပြီ။ ဤစကားမှန်၏။ သို့သော် တစ်ပါးသူ၏ အနှောင်အဖွဲ့မှ လွတ်လပ်ခဲ့သည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်တို့ကိုယ်ကို ကျွန်ုပ်တို့ ပေါက်လွှတ်ပဲစား မထားနိုင်၊ ကျွန်ုပ်တို့ကိုယ်ကို ကျွန်ုပ်တို့ နှောင်ဖွဲ့ရပေဦးမည်။

ဟင့်အင်း... သည်လိုသာဆိုလျှင် လွတ်လပ်ရေးဆိုသဟာ ဘာ လုပ်ဖို့တုံး။ ကိုယ့်ကိုယ်ကိုယ်ပြန်ပြီး နှောင်ဖွဲ့နေတဲ့နောက် လွတ်လပ်ရေး အရသာဆိုသဟာ မြက်ခြောက်ဝါးရတာလောက်မှ ကောင်းပါဦးမည် လား။

သည်မလေ မိတ်ဆွေ။ လောကမှာ ကိုယ့်ကိုယ်ကိုယ် ဖွဲ့စည်း၊ နှောင်ထုံး၊ ကွပ်ကဲ၊ ထိန်းသိမ်း၊ စောင့်ရှောက်၊ အုပ်ချုပ်ရတာလောက် ကောင်းတဲ့အရသာဟာ နိုင်ငံရေးလောကမှာ မရှိဘူးခင်ဗျာ။ တရား သဘောနှင့် ပြောဦးမလား၊ တရားသဘောနှင့်ဆိုလျှင်လည်း ကိုယ့်ကိုယ် ကိုယ် ဆုံးမရခြင်းသည် အကောင်းဆုံးပဲ။ ဒါကြောင့် မြတ်စွာဘုရား ကတောင်မှ ပရိနိဗ္ဗာန်ပြုခါနီးမှာ ကျုပ်တို့ကို... အပ္ပမာဒေန သမ္ပာ ဒေထလို့ မှာခဲ့တယ် မဟုတ်လား။ မိမိကိုယ်ကို မိမိ မမေ့မလျော့ ကျင့်သုံး ဆောက်တည်နိုင်မှသာလျှင် လွတ်လပ်ရေးသည် လွတ်လပ်ရေးနှင့် တူ ပေမည်။

စင်စစ် လူမှန်လျှင် မလွတ်လပ်ပေ။ တိရစ္ဆာန်ကို ကြည့်ပါ။ သူ

သည် လူ့ထက်လွတ်လပ်ပေသည်။ ကျွန်ုပ်တို့၏ ဟီရိညြွတ္တာပွတရား၏ ကွပ်ကဲမှုကြောင့် အိမ်ထောင်သားမွေးအမှုတို့၌ပင်လျှင် ကျစ်လျစ်စွာ ဣန္ဒြေကို ဆောက်တည်ရသည်။ အောင်နက်တို့လို နီမတို့လို ဆိုလျှင် ဖြင့် မိတ်ဆွေတို့ တော်သလင်းလမှာ မြင်တော်မူကြတဲ့အတိုင်းပါပဲ။

အရိုးနှစ်ချောင်းကို ခွေးနှစ်ကောင်ဆုံ၍ လုကြသည့်အခါ သူ့ရ ထိုက်၏၊ ငါ့ရထိုက်၏ဟူ၍ ဟောင်ဟိန်းကာ တရားတွေ့ကြသည်။ ထိုတရားကို ဆုံးဖြတ်ရာ၌ နားရွက်ပြတ်အောင် ကိုက်သူနိုင်တမ်းဟု သဘောထား၍ ဆုံးဖြတ်သည်။ ဘယ်မျှလောက် လွတ်လပ်ပါသလဲ၊ ချင့်၍သာ ကြည့်ကြပါကုန်။

စားကွက်တစ်ကွက်ကို လူနှစ်ယောက်တက်နင်းမိပြီ ဆိုကြပါစို့။ ထိုအခါ လူဟူသည် မလွတ်လပ်သောကြောင့် ခွေးတို့၏ထုံးကို နှလုံး မမူနိုင်ဘဲ တစ်ယောက်နှင့်တစ်ယောက် နားရွက်ပြတ်အောင် ကိုက်ခြင်း မှ ရှောင်ကွင်းကာ ယဉ်ကျေးမှုရှိကြသူများပီပီ ရုံးပြင်ကနားသို့သွားရောက် ၍ တရားဥပဒေတို့ကို အကိုးအကားပြုကာ သူ့ရထိုက်၏၊ ငါ့ရထိုက်၏ ဟု တရားတပေါင်တွေ့၍ ယူကြသည်။

ခွေးတို့ဘောင်၌ တရားဥပဒေမရှိ၊ ထုံးတမ်းစဉ်လာဟူ၍ မရှိ၊ စည်းမျဉ်းဟူသည်မှာ နတ္ထိ၊ ကျင့်ထုံးဆိုသည်မှာ ဝေလာဝေး။

လူတို့ဘောင်၌ကား လူတို့၏မလွတ်လပ်သော မူလအခွင့်အရေး များကြောင့် တရားဟူ၍ရှိရသည်။ ဥပဒေဟူ၍ ရှိရသည်။ ထုံးတမ်း စဉ်လာဟူ၍ ထားရသည်။ စည်းမျဉ်းကို စောင့်စည်းရသည်။

လူတို့ဘောင်၌ သားသမီးကို မိဘက ချုပ်တည်း အုပ်ထိန်းရ သည်။ တပည့်ကို ဆရာသမားက ပညတ်နှိပ်ကွပ်ပေးရသည်။ ကျွန်ကို အရှင်က ဝေဖန်ခန့်ခွဲပေးရသည်။ လူကို ရဟန်းက ကျင့်ဝတ်ပဋိပတ်တို့ ဖြင့် နှောင်ဖွဲ့ပေးရသည်။ မယားကို လင်က၊ လင်ကို မယားက ထိန်းသိမ်း

ချုပ်တည်းပေးရသည်။ အဆွေခင်ပွန်းအချင်းချင်းလည်း မတိမ်းမစောင်းရအောင် ထိန်းကျောင်းပေးရသည်။

စင်စစ် လွတ်လပ်ရေးဆိုသည်မှာ မိမိ၏လွတ်လပ်ခွင့်ကို အများ၏အကျိုးငှာ စွန့်လွှတ်ပူဇော်ရခြင်းပင်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးဆိုသည့်အရာမှာလည်း မိမိကိုယ်တွင် အမျိုးနှင့်နိုင်ငံဟူသော သံယောဇဉ်ကြိုးကို တင်းကျပ်စွာ ရစ်ပတ်ချည်နှောင်ခြင်းဖြစ်သည်။

လွတ်လပ်ရေးမရမီက ကျွန်ုပ်တို့သည် ကိုယ်ကျိုးအတွက် များစွာလွတ်လပ်ခဲ့သည်။ ကိုယ်ကျိုးနှင့်ပတ်သက်လာလျှင် အမျိုးနှင့်တိုင်းပြည်ကို ငဲ့စရာမလို။ အရှင်သခင် အင်္ဂလိပ်အစိုးရမင်းတို့ ကြည်ဖြူအောင် အမျိုးနှင့်တိုင်းပြည်ကို လှည့်၍ထောင်းနိုင်လျှင် ကိုယ်လိုရာကို လွတ်လပ်စွာရသည်။

ထို့ကြောင့် လွတ်လပ်ရေးရပြီဟူ၍ ဆိုသည်နှင့်တစ်ပြိုင်နက် မိမိကိုယ်ကိုမိမိ ထိန်းသိမ်းစောင့်ရှောက်ရခြင်းတည်းဟူသော အနှောင်အဖွဲ့များအကြားတွင် ကျွန်ုပ်တို့သည် မလွတ်လပ်ဖြစ်ကြရပေသတည်း။

ညားခါစ လင်မယားတို့မှာ အိမ်ထောင်ရေးသုခကို ဒုက္ခဟု ညည်းညူကြဘိသကဲ့သို့ ကျွန်ုပ်တို့လည်း လွတ်လပ်ရေးသုခကို ဒုက္ခဟု ညည်းညူမိကြပေမည်။ သည်လိုဆိုလျှင် ဘာ့ကြောင့် ညားကြသတုံး။ အစကတည်းက မညားကြလျှင် အေးရော မဟုတ်လား။ ညားကြရသမျှ ဒုက္ခဆိုလျှင် လောက၌ အိမ်ရာထောင်ခြင်း မရှိနိုင်ပြီ။ သို့ပါသော်လည်း ကမ္ဘာတည်သည့်နေ့မှစ၍ ယနေ့တိုင်တိုင် လူတို့သည် မင်္ဂလာဆောင်လျက်ပင် ရှိကြကုန်သည်။ အဘယ့်ကြောင့်။

ဩော်... ဒါကတော့ဗျာ... အဲသလို ညားခါစ ဒုက္ခကိုက သုခဖြစ်လို့ခင်ဗျို့။

ထို့ကြောင့် အကျွန်ုပ်သည်လည်း လွတ်လပ်ခါစ ဒုက္ခကို သုခ ဟူ၍ပင် ယုံယုံကြည်ကြည်နှင့် ယူဆလိုက်ရပါသတည်း။

ရှုမဝ၊ အတွဲ ၂၊ အမှတ် ၂၀၊ ဇန်နဝါရီ၊ ၁၉၄၉

❐

# ဒုတိယနှစ်

သူကလေးနဲ့ ကျုပ်နဲ့ ညားလာလိုက်ကြသည်မှာ တစ်နှစ်သာ ပြည့်သွားရော၊ ဘာဇိမ်မျှ မတွေ့ခဲ့ရသေးဘူးခင်ဗျာ့။ သို့ပေမင့် နောက်နှစ်နှစ်ပြည့်ရင် ဇိမ်တွေ့တန် ကောင်းပါလေရဲ့လေ။ ဤသို့လျှင် ကျွန်တော်တို့ လင်မယားနှစ်ယောက် ဇိမ်တွေ့နိုး တွေ့နိုးနှင့် ဖတ်ဖတ်သာမောရော၊ ဘယ်မလဲ သည်ဇိမ်။

ကြည့်စမ်းပါဦး အရပ်ကတို့... သူကလေးကို ကျွန်တော် မရမကပိုးပန်းတုန်းက ဘယ်လောက်များ ချစ်ဒုက္ခရောက်ခဲ့ရသည်ကို ရပ်သိရွာသိပါပဲခင်ဗျာ။ သူက ချောချောလှလှ ရေဆေးငါး။ ကျွန်တော်ကမူသူကလေးကို ရပါမည့်အကြောင်း ယောက္ခမလောင်းကြီးကို ထင်းခွေပေးရ၊ ရေခပ်ပေးရနှင့် ရပ်ကိုက ရပ်ကြမ်းကြီးပေါ့ခင်ဗျာ။ ဒီအထဲမှာယောက္ခမလောင်းကြီး ကေတိကာတိလုပ်နေလျှင် သမီးကို ကားတင်ယူဖို့အတွက် တော်လှန်လိုက်ရပါသေးသည်။ တော်လှန်ရေးစခန်းမှနေ၍ဗိန်းဗောင်းထိဆိုပြီး နောင်ဂျိန်ဇာတ်ကလည်း နှစ်ကြိမ်ကိုးခင်ဗျာ့၊ သည်တော့ကာ... ကျွန်တော့်တစ်ကိုယ်လုံးမှာ ရစရာမရှိဘူးခင်ဗျာ၊ အမာရွတ်

ချည်းပဲ။ သည်မလေ အရပ်ကတို့... ကျွန်တော့်ရပ်ကို ကြည့်ပါ၊ ကုသက အစ်ကို အစ်ကိုဟု နှစ်ခွန်းဆင့်၍ ခေါ်ရပါသည်။

သူ့ကို ယူသာယူခဲ့ရော ဒီနေ့အထိ သူ ကျွန်တော့်ကို ကြိုက်ပါသည်ဟု မပြောသေး။ ဩော်... မိန်းမ မိန်းမ၊ သင်းကို ပိုးတုန်းကလည်း "မင်း ငါ့ ကြိုက်သလား" ဟု မေးသည်ကို ဘာမျှပြန်မပြော။ "အဖေတို့ အမေတို့ သဘော" တဲ့၊ ကုန်ကုန်ပြောရလျှင် သူနှင့်ညားသော ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တုန်းကတောင်မှ "ကဲ အမိရယ်... မင်းနဲ့ငါ နဲ့ အကြင်လင်မယား ဖြစ်ပါပြီကွာ၊ မင်းငါ့ကို ချစ်လို့ယူတာမှ ဟုတ်ရဲ့ လား" ဟု ကျွန်တော် လူပျိုစကား ပြောလိုက်ပါသေးသည်။ သို့သော် သူက "အို... ညားပဲ ညားနေမှ ဥစ္စာ မေးစရာလား၊ ဖေဖေက ရှင်နဲ့ ပစ်ထားခဲ့တဲ့အခါမှာ ကျွန်မ ရှင်နဲ့အတူ နေရစ်ခဲ့တာပဲ မဟုတ်လား၊ အဲဒါ ဘာအထူးမေးစရာလိုသေးသလဲ။ ရှင်ကသာ ကျွန်မကို ချစ် သလား၊ မချစ်ဘူးလား နှစ်နှစ်ကာကာ စဉ်းစားတော်ရေ့၊ ရှင် မချစ်တဲ့ နေ့မှသာ ကျွန်မက ခွဲသွားမှာပဲ" အဲသည်လို ပြောပါသည်။

မိန်းမဆိုတော့ သည်လိုပဗျာ။ သူ ကျွန်တော့်ကို ချစ်တော့ ချစ်မှာ ပါပဲ။ အဲဒါနှင့်ပဲ လင်မယားနှစ်ယောက် ချစ်ပြီးရင်း ချစ်လာလိုက်သည်။ အချစ်လမ်းစဉ်မှာ နှင်းဆီကော်ဇောကြီး ခင်းထားသလို ဖြူးနေမှာပဲဟူ၍ ကျွန်တော်တွေးပြီး စိတ်ကြီးဝင်ခဲ့မိပါသည်။ သို့ပေမင့် သူ့ကို ကျွန်တော့် လက်ထဲ အပ်ခဲ့တဲ့ အဘိုးကြီးက သူပထွေးကိုးခင်ဗျာ၊ ဒီတော့မှ ကျွန်တော် တစိမ့်စိမ့်တွေးရင်း စဉ်းစားမိသည်ကား... "အင်း... ကောင်မကိုး" ကျွန်တော်ကမူ သူ့ကို ယောက္ခမကြီးက သားအရင်းပမာတမျှ ချစ်နေ၍ စိတ်တူသဘောတူ ပေးစားတာပဲဟု အောက်မေ့မိသည်။ ဩော်... လက်စသတ်တော့... သည်လိုကိုး။

အဲသည်အထဲမှာ "ကောင်မကလေးနဲ့ မင်းနဲ့တော့ ရှေ့သွား

နောက်လိုက် ညီသကွာ" ဟု ညားစတုန်းက ချီးမွမ်းသော လူတစ်သိုက် ရှိပါသေးသည်။ သူတို့ကို နှစ်မျိုးနှစ်စား ခွဲနိုင်ပါသည်။ တစ်မျိုးကား (ဝါ) သခင်နု လေသံကို အတုခိုးချရလျှင် နံပါတ်တစ်၊ အင်မတန်မှ ချစ်ခင်သော ဆွေမျိုးသားချင်း ညီရင်းအစ်ကိုများ၊ နံပါတ်နှစ်၊ အင်မတန်မှ ရင်းနှီးသော ရပ်ဝေးနေ မိတ်ဆွေများ ဟူ၍ ဖြစ်ပါသည်။

ဆွေမျိုးသားချင်း ညီရင်းအစ်ကိုထဲကဆိုလျှင် ပထမဦးစွာ မောင်မောင်ကွန်သည် "အမယ်လေး၊ မင်းနဲ့ ဒီကောင်မလေးနဲ့ဟာ နတ်ဖက်တာပဲဟ၊ ငါ ထောက်ခံသဟေ့" ဟု မြှောက်ပေးပါသည်။ ကျွန်တော်လည်း အဟုတ်မှတ်၍ သူ့ကို ယုံခဲ့မိပါသည်။ "အေးကွာ၊ မင်းတို့ သဘောတူတဲ့နောက် မင်းမရီးကို မင်းတို့က အစ်မကြီးသဖွယ် စောင့်ရှောက်ကြလကွာ" ဟုပြောမိပါသည်။ လက်စသတ်တော့ သည်အကောင်သည် ကျွန်တော့်ကို မြှောက်ထိုးပင့်ကော်လုပ်၍ ခဲဖိုးတောင်းပါသည်ခင်ဗျား။

အားလုံးသိတော်မူကြတဲ့အတိုင်း ကျွန်တော်သည် ကောင်မကလေးကို မေတ္တာရှိလွန်း၍သာ ဖွတ်မိုတ်ယူလိုက်ခြင်း ဖြစ်ပါသည်။ သူနှင့်ညားခါစက ကျွန်တော် ဘိုင်အကြီးအကျယ်ကျနေသည်ကို အရပ်က သိပါသည်။ ထို့ကြောင့် "တို့ညီအစ်ကိုနှစ်ယောက် မခွဲပါဘူးကွာ၊ ခဲဖိုးတောင်းဖို့ သူများအတွက် ထားလိုက်စမ်းပါ၊ မင်းသာ ငါ့အိမ်ပေါ်က မဆင်းဘဲ အိမ်မှုကိစ္စအဝဝ အုပ်ချုပ်တဲ့နေရာမှာ ငါနှင့်အတူတူနေထိုင်ရင်း အုပ်ချုပ်တာပေါ့" ဟု ကျွန်တော်က ပြောပါသည်။ ပြောရင်းမတ်တတ်က သူအိမ်ပေါ်မှ ဆင်းသွားပြီး ယခုတိုင် သခွတ်ပင်က မီးတကျည်ကျည် လုပ်နေပါသည်။

သို့ရာတွင် ညီငယ်တစ်ဦးရှိသေး၍ အားကိုးရပေဦးမည်ဟု အောက်မေ့နေစဉ် ညီတော် မောင်ရဲဖြူလည်း ကျွန်တော့်ကို မောင်မောင်

ကွန်နှင့်ပင်းပြီး ဆော်လိုက်ပါသေးသည်။ သူက အိမ်ပေါ်မှ ရိုးရိုးတန်းတန်း ဆင်းသွားသူ မဟုတ်ပါ။ ကျွန်တော့်နားရင်းကို တစ်ချက်လောက် ခပ်စပ်စပ်ကလေး အုပ်သွားပါသေးသည်။

မသကာဆိုလျှင် သည်ညီအစ်ကိုနှစ်ယောက်ဟာ အထူးစဉ်းစားကြည့်ဖို့ ကောင်းပါသည်။ သူတို့နှစ်ယောက် ခဲဖိုးတောင်းတဲ့အချိန်မှာ ကျွန်တော်တို့အိမ်သားတစ်စု ဘာဖြစ်နေသလဲဆိုတာ စဉ်းစားသင့်လှပါသည်။ သို့သော် ရိုင်းလိုက်လေဗျာ။ ဟိုအကောင်ကြီး မစဉ်းစားတတ်ပေမင့် ဒီကောင်ကလေးသည် ကျွန်တော်နှင့် လက်ပွန်းတတီးမို့ ကြပ်ကြပ်စဉ်းစားသင့်သည် မဟုတ်ပါလော။ ကျွန်တော် ပြောပါမည်။ မောင်မောင်ကွန်မှာ အမှန်ဆိုလျှင် ကျွန်တော် လက်ထပ်ယူသည်ကို မရှုဆိတ်ပါ၊ သူ့သဘောက သည်ကောင်မလေးကို ဂျစ်ကားစုတ်နှင့်တင်ပြီး ယောက္ခမကြီး ထားပစ်ခဲ့သော အိမ်မှာမနေဘဲ သူ့ဘကြီး ဆိုဗီယက်ထံ ခိုးပြေးရန်ကြံထားသူဖြစ်သည်။ သို့သော် သူ့ဘကြီးက တစ်ခါမျှ "ငါစောင့်ရှောက်မည်" ဟု ယောင်၍မျှ မပြောရသေးပေ။ သူ့ဘကြီး၏နေရပ်မှာလည်း ဂျစ်ကားနှင့် တစ်ထောက်သွား၍ လေယာဉ်ပျံနှင့် ပျံပြီးလျှင် မြင်းလှည်းကလေး တစ်တန်စီးပါမှ ရောက်နိုင်သော အရပ်ဖြစ်ပါသည်။

အဲသည်အခါမှာ ကူဖော်လောင်ဖက် အင်မတန် အားကိုးရသူမှာ မောင်ရဲဖြူ ဖြစ်ပါသည်။ သူ့အစ်ကိုကြီးအကြံတွေ သိပ်မဟန်ကြောင်း ကျွန်တော်သည် မောင်ရဲဖြူနှင့် ဆွေးနွေးမိပါ၏။ သို့သော် ငတိကလေးက မောင်ကွန်ဘက် ခပ်ပါပါကိုး၊ ပါပါစေ၊ ကျေနပ်ပါသည်။ သူ ဘယ့်လောက်ပါပါ ညီရင်းအစ်ကိုတစ်တွေဖြစ်၍ တစ်နေ့နေ့မှာ ပြန်ပေါင်းထုပ်ရမှာပဲ မဟုတ်လား။ သို့သော် သူတစ်ခုသိသင့်ပါသည်။ တစ်ဖက်ကရွှေယောက်ဖသည် ကျွန်တော်မိန်းမယူမည်ဟု သံ့သံ့မျှကြားကတည်းက ဖအေမသေခင် အမွေတောင်းနေပြီ မဟုတ်လော။

ကျွန်တော့်ယောက်ဖအကြောင်းကို ကျွန်တော် သိသည်။ လူကတော့ လူရိုးကြီးပါပဲ။ သို့သော် ပထွေးဆီမှာ အတူတူနေကြတုန်းက ပထွေးက သူ့ကို ဖူးဖူးမှုတ်ထားသည်။ သူကလည်း ဒါကို အဟုတ်ကြီးထင်နေသည်။ ကျွန်တော်တို့ ညီအစ်ကိုတစ်တွေထဲမှာ သူက အမဲလိုက်ဝါသနာပါ၍ နှစ်လုံးပြူးသေနတ်ကြီးကို ပစ်တတ်သည်။ ထို့ကြောင့် ရွှေယောက်ဖသည် ဘဝင်မြင့်နေသည်။ နှစ်လုံးပြူးကြီး တယမ်းယမ်းနှင့် အမွေစကားပြောသည်။ "မင်းတစ်ကျပ်ရရင် ငါလည်း ခြောက်ဆယ့်လေးပြားက မျောက်ပွန်းရင် မယူဘူးလကွ" ဟု ဆိုပါသည်။ သူသည်လည်း အိမ်ဦးခန်းမှနေ၍ အတော်ဆူသောသူ ဖြစ်ပါသည်။ ကျွန်တော်က "ယောက်ဖရာ... သည်လောက် ဆူစရာ မလိုပါဘူး၊ အိမ်နီးပါးချင်းတွေအားရအောင် မလုပ်ပါနဲ့၊ မင်းလိုချင်တာ ငါပေးပါ့မယ်" ဟူ၍ ပြောစရှိပါသေးသည်။ ကိုယ်တော်မြတ်က ကျွန်တော့်ယူနီဖောင်း သေတ္တာကြီးကို ဓားနှင့် ကပ်ဖွင့်ပြီး ကြေးငွေပစ္စည်းများကို အလစ်သုတ်ပြေးပါကရော။ ထို့နောက် အိမ်နားကပ်ပြီး အနုကြမ်းစီးရန် အကြိမ်ကြိမ်ကြံပါသေးသည်။ သို့သော် တောင်တန်းမှ ရောက်လာသော ညီအစ်ကိုတစ်စုနှင့် ကိုယ့်အိမ်ကိုယ် စောင့်ရှောက်နိုင်လွန်း၍သာ ယနေ့အထိ သည်လင်နှင့် သည်မယား ပေါင်းနေကြရခြင်းဖြစ်ပါသည်။ တောင်တန်းမှ ညီအစ်ကိုများမှာ အနေဝေးသော်လည်း အရေးကျလျှင် တစ်အိမ်တည်း အတူနေလာသည့် ညီအစ်ကိုတစ်စုထက်ပင် အားကိုးရပါသေးသည်။

ဤကဲ့သို့ ပယောဂဝင်ပြီး မှော်ပေါက်သော ရွှေယောက်ဖသည် ရှာစဉ်လျှောက်၍ ကြိမ်းမောင်းနေသည့်အခါမျိုးမှာမှ မောင်ရဲဖြူအိမ်ပေါ်မှ ဆင်းသွားသည်မှာ ရာဇဝင်ရိုင်းလှပါသည်။ တစ်လောတုန်းကဆိုလျှင် မောင်မောင်ကွန်သည် ကျွန်တော့်အိမ်ရှေ့လာပြီး ဆဲဆိုကြိမ်းမောင်း၍ တုတ်သိမ်းနှင့် ပစ်ပါသေးသည်။ တုတ်နှင့်ပစ်သည်ကို ကျွန်တော် ဖွေ

မယူလိုပါ။ သို့ရာတွင် လုံချည်လှန်ပြသွားသည်က အတော်ရိုင်းသည်။ ကျွန်တော့်မိန်းမက အလွန်စိတ်ဆိုးပြီး “ရှင်တို့ အမျိုးဟာ ဒီလိုပဲလား” ဟု နှုတ်ခမ်းစူ၍ပြောသည်။ အမျိုးထိ မချိအောင် နာတတ်သော ကျွန်တော်မှာ မိန်းမက ပစ်ပြေးမှာစိုး၍ ဘာမျှ မပြောဝံ့ပါ။ အဲသည် အချိန်မှာ မောင်ရဲဖြူကလည်း အိမ်ခေါင်ကို အုတ်ခဲတင်ပါသည်။ ခေါင်မိုးမလုံ၍ ခဲလုံးများ စားပွဲပေါ်ကျလာပါသေးသည်။ ရွှေယောက်ဖ မှာ သူ့ဟာသူငွေများ ဗုန်းသွားသည်ကို မလုံသောကြောင့် “ဟေ့… မင်း ငွေကလေး မဖြစ်စလောက် ယူမိတာကို မင်းမကျေနပ်ရင် ငါတူးထားတဲ့ ရေတွင်းတစ်လုံးကို မင်း အပိုင်ယူလကွာ…” ဟု ပြောပြီးလျှင် အိမ်ကို ငုက်ကြီးတောင်ဓားနှင့် ပစ်ပါသေးသည်။ ဓားသည် ကျွန်တော့်ခေါင်းနှင့် လက်နှစ်လုံးလောက် သီပြီး လွင့်သွားပါသည်။ သို့ပါသော်လည်း သဘောထားကြီးကြီးနှင့် သည်းခံပြီးလျှင် ရွှေယောက်ဖကို ချော့မော့ကာ ကျွန်တော့်အိမ်ပေါ် ဆွဲခေါ်လိုက်မိပါသေး၏။ သို့သော် သူက ကျွန်တော့် မိန်းမဆီက လက်ဝတ်လက်စားများရလျှင် အိမ်ပြန်လာမည် ဆိုပါသည်။ ကျွန်တော်ကလည်း စကားနည်းရန်စဲဆိုသလို ပေးမည်ဟု ကြံလိုက်ပါ သေး၏။ သို့သော် အိမ်စောင့်သူက ကျွန်တော့်ကို လက်ကုတ်သတိပေး ၍သာ ကျွန်တော်မပေးဘဲ နေလိုက်ပါသည်။ ကံကောင်းလို့ဗျာ… သီသီ ကလေးပဲ၊ ဟိုတုန်းက သူတောင်းတာ အကုန်ပေးလိုက်လျှင် သည်အချိန် မှာ ကျွန်တော်ဖြင့်လျှင် ကိုယ့်မိန်းမကိုယ် ပေါင်သုံးရသည့်ဘဝသို့ ကျရောက်ဖို့ပင် ရှိပါတော့သည်။

သည်အထဲမှာ ရပ်ဝေးက မိတ်ဆွေတွေဆိုတာ မပြောနှင့်တော့ဗျာ။ အိမ်မှာ ညီအစ်ကိုတစ်စု ဝရန်းသုန်းကားဖြစ်တယ်ဆိုလျှင်ပဲ ဟိုလူ့မြှောက် ပေး သည်လူ့မြှောက်ပေးလုပ်ပြီး ကျွန်တော့်ကို ပင်လယ်ရပ်ခြားကနေ ကလော်ဆဲပါတော့သည်။ “သည် မအေပေးဟာ တို့နဲ့ အတူတူနေပါဆို

တာ မနေလို့သည်လို ဖြစ်ရတာ၊ ကြာရင် ခွေးဇာတ်ခင်းတော့မယ်..." ဟု တချို့က ပြောပါသည်။ တချို့ကမူ ကရုဏာသံကလေးဖြင့် "သြော်... ကောင်မကလေး လင်ယူမှားလို့ သနားလိုက်ပါရဲ့၊ သင်းတို့ညီအစ်ကို တစ်စု သောင်းကျန်းနေလို့ပေါ့။ နို့မို့ရင် ကောင်မကလေး စားချင်တာ စားဖို့ မန်နီအော်ဒါနဲ့ ငွေပို့လိုက်ပါရဲ့..." ဟု လောကွတ်ချော့ကြသည်။ တချို့ကမူ "ဟော့... မင်းတို့လင်မယားနေတဲ့ အိမ်မှာ ခေါင်မိုးယိုနေတာကို ပြင်ချင်ရင် ပြော၊ တို့ လာခဲ့မယ်လေ" ဟု မျက်စပစ်ကြပါသည်။ တချို့ကလည်း မီးဖိုချောင် ချုံးချုံးကျဖြစ်နေသည်ကို ပြင်ရန် ငွေထုတ်ပေးမည်ဟု ဆိုပါသည်။ ကျွန်တော်က ယုံကြည်လေးစား၍ ငွေထုတ်ပေးချင်လည်း ပေးပါဟု ဆိုသော် "ငွေဆိုတာ အလကား ရတာမှတ်လို့လား၊ မင်း ငွေလိုချင်ရင် မင်းအိမ်နောက်ဖေးက ဥယျာဉ်ထဲမှာ တို့ကို တဲဆောက်ဖို့ အခွင့်ပေးမလား...." ဟု မေးပါသည်။ သည်အထဲမှာ ခွေးဘီလူးနှင့်တူသော ကျွန်တော့်မိတ်ဆွေတစ်ယောက်က စပ်ဖြဲဖြဲနှင့် သိပ်ထိုး နှိပ်ထိုးပြောလိုက်ပါသေးသည်။ သူက... "အစက ငါမပြောလား... မင်းမိန်းမယူရင် တုတ်တစ်ပြက် ဓားတစ်ပြက် ဖြစ်လိမ့်မယ်လို့ ငါ ကြိုတင်ပြီး ဟောထားတာ မမှန်ဘူးလား...." ဟု ငေါ့ပြောရင်း သူ့ဗေဒင် မမှန်မှန်အောင် ရွှေယောက်ဖအား သွေးထိုးပေးပါသည်။

သည်အထဲမှာ အချင်းချင်းကလည်း တယ်ခက်တယ်ဗျာ.... အိမ်မှာ မျောက်ရှုံးအောင် ဆော့သော ညီငယ်တစ်ယောက်လည်း ရှိပါသေးသည်။ သူ့ကြောင့် ထမင်းစားခန်းပေကျံနေသည်ဟု မောင်မောင်နှစ်က အကြောင်းပြပါသည်။ မောင်ရဲဖြူကလည်း "သူထမင်းစားပြီး လက်မဆေးဘူး၊ ဒါကြောင့် တစ်အိမ်တည်း အတူမနေချင်တာ" ဟု ဆိုပါသည်။ ရွှေယောက်ဖကလည်း ကျွန်တော့်ကို "ဟော့.. မင်းညီ ပလုတ်မကျင်းဘူးကွ၊ ဒါ့ကြောင့် တို့ တစ်ခြင်ထောင်တည်းမှာ အတူ မအိပ်နိုင်

ဘူး၊ အာပုပ်စော်နံတယ်” ဟု အော်ပါသည်။ သို့သော်လည်း... ဘာပဲဖြစ်ဖြစ်ဗျာ... သည်ကောင်ကလေးတစ်ကောင်ပဲ အိမ်စောင့်ဖော်ရသည်။ သူ့ကို ချော့တန်ချော့၊ ငေါက်တန်ငေါက်နှင့် ဆိုဆုံးမရတော့မှာပဲ၊ သိပ်လည်း မငေါက်ဝံ့ဘူးဗျာ၊ သည်အကောင် စိတ်ဆိုးလျှင် ဖက်ကိုက်တတ်သည်။ ပြီးတော့လည်း နေရာတကာတိုင်း ပါချင်သည်။ ဖိုးပါကြီးဆိုတာ သူပါပဲ ခင်ဗျာ့။ ညွှေ့သည်နှင့် စကားပြောလျှင် သူ အိမ်ဦးခန်း ရောက်နှင့်ပြီ၊ မီးဖိုဆောင်ထဲ ခေါင်းထားပြန်လျှင်လည်း ပေါင်မုန့် ခဏခဏ နှိုက်စားသဗျ။ သည်အထဲ ကျွန်တော့်မိန်းမ ဘော်လီအင်္ကျီထဲက ငွေနှစ်ကျပ်ကို မုန့်ဖိုးမရှိလို့ ဆို၍ အပျောက်ရိုက်လိုက်သေးသည်။ ခုတော့ လူကြီးများ အားလုံးက ခြောက်ထား၍ နည်းနည်းငြိမ်သွားသဗျာ့။ ဒါနှင့်ပဲ သူ့ကို ယခု ပွဲထုတ်နေရသဗျာ။ အဲ အခုတော့... ကိုယ့်လူက အိမ်မှာ ဦးမစီးရသည့်အတွက် စိတ်အနည်းငယ် ကောက်နေသည်။ သို့သော် သူ့ကို ငြိမ်းချမ်းရေး မုန့်ပျားသလက်ပေးထားပြီး ကျွန်တော့် ချော့ထားရပါသည်။ သို့ပါလျက်နှင့်လည်း ငြိမ်းချမ်းရေးမုန့်ကို သူတစ်ဦးတည်းပိုင် ရေစစ္စရိ လုပ်၍ ဟိုလူ့ရန်ထောင် သည်လူ့ရန်ထောင်နှင့် လူစွာလုပ်နေသောကြောင့် အမြဲစောင့်ပြောနေရပါသည်။

ဟာ မဖြစ်ပါဘူး၊ နေ့မအိပ်ရ ညမအိပ်ရနှင့်မို့ ညီအစ်ကိုချင်းဆိုပြီး လက်ပိုက်ကြည့်နေလို့ မရပါဘူး။ ခွေးမသားကလေးတွေ အပြုတ်ဆော်မှ ဖြစ်မယ် ထင်ပါရဲ့ဗျာ။ အရပ်ကတို့... ကျုပ်ကို ဆွဲမထားကြနှင့်တော့၊ ဟော့ ဖိုးပါကြီး... ငါ့ညီ မင်းလည်း အစ်ကိုကြီးနောက်က လိုက်ခဲ့ကွာ။ တစ်ချီလောက်ထွက်ပြီး အိမ်ပြေးတွေကို ကြိမ်နှင့် နှက်ကာ အိမ်ပြန်ခေါ်ရအောင်၊ အေး... ငါက ရှေ့က ကြိမ်ဝင့်နေတုန်း မင်း ငါ့နောက်ကနေပြီး ခြေမဆွဲနှင့်နော်။ အဲ... အဲ ဟုတ်ပြီ ဘယ်မလဲ ကြိမ်လုံးဟဲ့ ကြိမ်လုံး ဘယ်မလဲ။ သည်ကောင်လေးဟာ ခက်သကွာ၊ ဘိုင်ကျတယ်ဆိုပြီး

ဒီကြိမ်လုံးကိုများ ရောင်းစားလိုက်လေရော့သလား။ ဩော်... ဩော် စပါးထွက်များအောင် လယ်ထွန်ရင်း နွားကိုရိုက်ရတာနဲ့ ကြိမ်လုံးလည်း ဖွာထွက်နေသတဲ့လား၊ အေး... အေး... ဒီလိုဆို မင်းတော်သကွဲ့ ငါ့ညီ၊ သွားသွား... ထရံမှာ ညှပ်ထားတဲ့ ကြိမ်လုံးအသစ်ကို ယူခဲ့စမ်း၊ မရှိတော့ ဘူး။ အို... ဘယ်ရောက်သွားသလဲ။ အိမ်ထရံဖာတုန်းက ကြိမ်သပ်ပြီး နှီးချည်လိုက်ပြီတဲ့လား၊ အေး... ကောင်းရောပေါ့ကွာ၊ ဖျို့ ဟိုဘက်နားက အိမ်က ဆရာကြီးတို့၊ ကျုပ်ညီလေးတွေ ဆုံးမဖို့ ကြိမ်လုံးတစ်လုံးလောက် ခဏငှားစမ်းဗျာ၊ ဟဲ့... ဖိုးပါကြီး သည်အကောင်ကလည်း အရေးထဲမှာ အိမ်ခန်းထဲ ပြူတစ်ပြူတစ် လုပ်နေပြန်ပြီ။ ဝင်လကွာ၊ ဝင် ဝင် ဝင်ပြီး အဲဒီမုန့်ပျားသလက်ကြီးကို မင်းတစ်ယောက်တည်း ခဲထား၊ ဘယ်သူ့မှ မပေးနဲ့လကွာ၊ မင်းသဘောရှိ။

အမ်းမယ်လေး... အဲသည်လို အော်အော်ငေါက်ငေါက်နှင့် ဒုတိယ နှစ် ကုန်သွားပြန်ပြီဗျို့။ အဲ အဲ... နောင်နှစ်များ ကြိမ်စကြာနှင့် ရိုက်ခေါ် လိုက်လို့ ညီအစ်ကိုတစ်တွေ ပြန်ပြီး စုစုဝေးဝေး ဖြစ်သည့်အခါ မီးဖို ဆောင်ထဲတွင် ထမင်းပွဲလုပြီး စားကြလို့ ကျက်စီကျက်စီနှင့်နေမှာ မြင်ယောင်သေးသဗျာ။

အင်း... သို့သော်လည်း ထိုစိတ်ညစ်စရာတို့ကို သည်းညည်းခံ၍ ယခုတိုင် ကျွန်တော့်ကို ပေါင်းနေသော အိမ်က မအဗ္ဗာအား ကျေးဇူး တင်လှပါသည်။ ငါတို့လင်မယား ညားကြသည်နှင့်တစ်ပြိုင်နက် ချစ် ချင်တိုင်း ချစ်လိုက်မဟဲ့ ဟူ၍ အားခဲထားလေသမျှ အိမ်ကြီးမှာ ဤမျှ လောက် ဝရန်းသုန်းကားနိုင်နေလျှင် တော်ရုံတန်ရုံမိန်းမ ဖြစ်ပါက လင်ငယ်မနေသည့်တိုင်အောင် မိဘအိမ်သို့ ပြန်ပြေးပေလိမ့်မည်။

ရှုမဝ၊ အတွဲ ၃၊ အမှတ် ၃၂၊ ဇန်နဝါရီ၊ ၁၉၅၀

❐

## ဂျပန်ပြည်၏ မေဒေးနေ့

ဤခေတ်ကား ကျွဲနှစ်ကောင်ခတ်နေသော ခေတ်ဖြစ်၏။

ထိုကျွဲနှစ်ကောင်တို့ကား အရှေ့နှင့်အနောက် ဒီမိုကရေစီအင်အားစုများဖြစ်သည်။ ထိုကျွဲနှစ်ကောင်ခတ်နေချိန်၌ တိုင်းသစ်ပြည်သစ် ထူထောင်နေသော လွတ်မြောက်ပြီးစ နိုင်ငံတို့၏အခြေမှာ မြေစာပင်ပမာ တမျှ ရှိနေပေသည်။

ဤအတွင်း အနောက်ဒီမိုကရေစီသမားက အရှေ့ဒီမိုကရေစီတို့အား အပြတ်တိုက်ရန် အင်အားစုနေ၏။ အရှေ့ဒီမိုကရေစီသမားတို့ကလည်း အပြီးတိုင် ပြန်လှန်ချေမှုန်းမည်ဟု ကြုံးဝါး၍နေ၏။

သို့ရာတွင် ဝါဒတစ်ခုက အခြားဝါဒတစ်ခုကို လက်နက်နှင့် အနိုင်တိုက်ယူနိုင်လိမ့်မည်ဟူ၍ကား ကျွန်ုပ်တို့ မထင်ပေ။ နာဇီဝါဒကို လက်နက်နှင့် ချေမှုန်းလိုက်ပြီဟူ၍ ဆိုလေ့ရှိကြသည်။ သို့သော် စေ့စေ့တွေးလိုက်သော် နာဇီဝါဒသည် လက်နက်ကြောင့် ကျေပျောက်သွားသည်ဟု မဆိုသာ။ ဒုတိယကမ္ဘာစစ်ကြီးအပြီး မဟာမိတ်တို့က အနိုင်ယူလိုက်သည်၏ အခြားမဲ့၌ နာဇီဂျာမနီကို နာဇီဝါဒထက် သင့်မြတ်သောဝါဒတရားတို့ဖြင့် ဆွယ်ယူလျက်ရှိခြင်းကြောင့် နာဇီဝါဒမှာ ဝပ်သွားသည်ဟု

ယှဉ်ဆဖွယ် ရှိနေသည်။ ထို့ပြင်လည်း ဝါဒတိုက်ပွဲမှာ အဆုံးသို့ မရောက်သေးသောကြောင့် နာဇီဝါဒမျိုးပြုတ်ပြီဟူ၍ ယခုအချိန်၌ ရဲရဲကြီး မဆိုသာပေ။

ကျွန်တော်၏ အတ္တနောမတိကို ပြောရမည်ဆိုလျှင် ဝါဒတစ်ခုကို လက်နက်နှင့် တိုက်ထုတ်ချေမှုန်းခြင်းဆိုသည်မှာ ရယ်ဖွယ်သာ ဖြစ်၏။ ဝါဒတစ်ခုက အခြားဝါဒတစ်ခုကိုတိုက်လျှင် ထိုအခြားဝါဒက ပို၍ကောင်းမှ အောင်မြင်နိုင်ပေလိမ့်မည်။ အမေရိကန်ဝါဒက ရုရှား၏ ဩဝါဒထက်သာသည်ဟု ဆိုလျှင် သူ့ဝါဒသည် ရုရှားဝါဒထက်ကောင်းကြောင်း လုပ်ပြမှပင်လျှင် သာကြောင်း ထင်ရှားပေလိမ့်မည်။ အပြန်အလှန်သဘောအားဖြင့်လည်း ရုရှားဝါဒသည် အမေရိကန်ဝါဒထက်ကောင်းကြောင်းကို ပြနိုင်မှသာလျှင် သာကြောင်းထင်ရှားမည်ဖြစ်၏။

ယခုမူကား တစ်ဦးကတစ်ဦးကို နိုင်လိုမင်းထက် အကြောင်းပြု၍ နေသည်ဖြစ်ရကား ဝါဒတိုက်ပွဲမှာ ကမ္ဘာစစ်ကြီးဆီသို့ ရှေ့ရှု၍နေပေသည်။

ယခုအခါ ဝါဒတိုက်ပွဲကို အကြောင်းပြု၍ ဂျပန်ပြည်၌ ကွန်မြူနစ်တို့ကို နိုင်လျက်ရှိ၏။ ယင်းသို့ နှိမ်သည့်အကြားထဲမှ ခေါင်းထောင်၍ ထလာတတ်သည်ကို သတိတရားရကြစေရန် ဖော်ပြလိုပေသည်။

မနှစ်က ဂျပန်ပြည်တွင် ကိုရီးယားအရေးနှင့်ပတ်သက်၍ ကွန်မြူနစ်တို့ လျှို့ဝှက်စွာ လှုပ်ရှားခဲ့၏။ တိုကျိုမြို့ရှိ မီးရထားဘူတာရုံတွင် ကွန်မြူနစ်တို့သည် လျှို့ဝှက်စွာ ပိုစတာများ ကပ်ခဲ့၏။ ဂျပန်ပုလိပ်သည် ချက်ချင်းပင် အရေးယူပေသည်။ သို့သော် မြေအောက်လုပ်ငန်းမှာ ပီရိလှသဖြင့် ကွန်မြူနစ်ခေါင်းဆောင်တို့ကို ယခုတိုင် လက်ရဖမ်းဆီးနိုင်ခြင်း မရှိခဲ့သေးချေ။

ယခုလည်း မက်အာသာ၏ ကွန်မြူနစ်ဆန့်ကျင်ရေးလုပ်ငန်းများ

အကြားမှ ဒီမိုကရက်တစ်ဂျပန်ဟု အမေရိကန်တို့က ခေါ်ဝေါ်နေသော ကျွန်းတွင် ကွန်မြူနစ်ဝါဒမျိုးစေ့များသည် အညှောင့်ပေါက်လျက်ပင် ရှိနေပေသည်။

လွန်ခဲ့သော မေဒေးက တိုကျိုမြို့ ရှိဘာပန်းဥယျာဉ်ဝယ် အလုပ်သမားသမဂ္ဂအဖွဲ့ဝင်များသည် မေဒေးနေ့ကို ကျင်းပလေသည်။ ထုံးတမ်းစဉ်လာအရ ဆိုလျှင် ဂျပန်ပြည်၌ လွန်ခဲ့သော ငါးနှစ်ကစ၍ မေဒေးကို ပလာဇာနန်းဥယျာဉ်၌ ကျင်းပစမြဲဖြစ်သည်။ သို့သော် ယခု မေဒေး ကျင်းပသော အလုပ်သမားများမှာ ကွန်မြူနစ်ဆန်သည်ဆို၍ ပလာဇာမှ ရှိဘာဥယျာဉ်သို့ မောင်းထုတ်ခဲ့သည်။ ဂျပန်လူထုနှင့်စာသော် ရှိဘာဥယျာဉ်၌ တွေ့ရသောအလုပ်သမားလူထုမှာ လက်တစ်ဆုပ်မျှပင် ရှိသည်။ သို့သော် နိုင်ငံရေးသဘောအ၌ ထိုလက်တစ်ဆုပ်သမားများပင် လျှင် ခြယ်လှယ်လေ့ရှိသည်ကို သတိမူသင့်ပေသည်။

ဂျပန်ပြည်၌ လက်ငင်းပြဿနာမှာ စစ်ပြေငြိမ်းရေးစာချုပ်ပင် ဖြစ်သည်။ ဂျပန်အလုပ်သမားတို့၏ ဆန္ဒကား ကမ္ဘာအဝန်း ငြိမ်းချမ်းရေး ရရှိရန် လက်နက်တပ်ဆင်ရေးကို ဆန့်ကျင်ရန်ဖြစ်သည်။ ထိုအတွက် လည်း မေဒေးနေ့၌ ဆန္ဒပြကြပေသည်။

ဂျပန်အလုပ်သမားများအဖို့ ဆိုဗီယက်ယူနီယံနှင့် တရုတ်ပြည်သူ့ သမ္မတတို့မှာ အာဇာနည်နိုင်ငံများ ဖြစ်သည်။ ထို့ကြောင့် မေဒေးနေ့၌ စတာလင်၏ရုပ်ပုံကို ကိုင်မြှောက်ကာ ဘန်ဇိုင်းဟု ကောင်းချီးပေးကြ သည်။ အလုပ်သမားသမဂ္ဂများအပေါ်တွင် ဂျပန်ကွန်မြူနစ်များ၏ ဩဇာသက်ဝင်နေသည့်အလျောက် မေဒေးကျင်းပရေး စင်မြင့်ပေါ်မှနေ၍ အရင်းရှင်ဝါဒကို ရှုတ်ချကြလေသည်။ အရင်းရှင်တိုက်ဖျက်ရေး၊ အမေ ရိကန် ဆန့်ကျင်ရေး၊ အလုပ်သမားစည်းရုံးရေး စသည်တို့ကို သီချင်း စပ်ဆိုကာ မေဒေးနေ့၌ သီဆိုကြသည်။ ၎င်းတို့အထဲတွင် ခေါင်သူကြီး

လုပ်သူကား 'ကဘူကီ' ဟု ခေါ်သော ဂျပန်အကကတွင် နာမည်ကြီးသူ ကချေသည် ချိုဂျူရာကဝါ ရာဇာကီ ဖြစ်သည်။ ၎င်းသည် ယခုအခါ ကွန်မြူနစ်ဩဇာခံ ပြဇာတ်အဖွဲ့တစ်ဖွဲ့တွင် ခေါင်းဆောင်လုပ်၍နေသူ ဖြစ်သည်။

ဤပြကွက်ကလေးကို ကျွန်တော် ဖော်ပြနေသည်မှာ အခြားကြောင့် မဟုတ်။ ကွန်မြူနစ်ဝါဒ ချေမှုန်းနေပါပြီဟုဆိုသည့်အကြားထဲက ဂျပန်ပြည်၌ ယနေ့အဖို့ ဘယ်ဘက်ယိမ်းနေသည်ကို အကဲခတ်မိနိုင်ရန် ပြဆိုခြင်းဖြစ်သည်။

အကယ်စင်စစ်... ကမ္ဘာ့အာဏာအုပ်စုများသည် ဘာဝါဒ ညာဝါဒ ဟူ၍ ဝါဒကို ခေါင်တည်ကာ အာဏာလုလျက် ရှိကြသည်ချည်းပင်။ တကယ့်ဝါဒကို တကယ် မြတ်မြတ်နိုးနိုးဖြင့် မကောင်း ကောင်းအောင် ပြုလုပ်သွားကြမည်ဆိုလျှင် ဤမျှလောက် ရန်ဖြစ်နေစရာ မလိုချေ။ ဤ အထဲတွင် ဝါဒတစ်ခု မကောင်း၍ လက်နက်နှင့် တိုက်ဖျက်နေပါသည်ဟု ကြွေးကြော်နေသည်မှာ ရယ်စရာသက်သက်ပင် ဖြစ်ချေသည်။ မကောင်းသောဝါဒကို တိုက်ဖျက်ရန်မှာ ကောင်းသောဝါဒနှင့်သာ တိုက်ဖျက်နိုင်လိမ့်မည်။ မကောင်းသောနည်းကို ကောင်းသောနည်းနှင့် တိုက်ဖျက်ရသည်ဟုသာ ကြားဖူးသည်။ ယခုမူကား စစ်ဘီလူးတို့သည် ကောင်းသောနည်းကိုပင်လျှင် မကောင်းသောနည်းလမ်းနှင့် ရှာဖွေလျက် ရှိကြလေရာ ဤကမ္ဘာကြီးမှာ ကမောက်ကမပင် ရှိနေသေးသည်။

ထို့ကြောင့်လည်း ဝါဒကောင်းကို လက်ကိုင်ထားရှိသူပင်လျှင် ယောင်ယောင်ရမ်းရမ်း ကျင့်ကြံသည်ဟု ကြားသိရလျှင်လည်း ဘာမျှအံ့ဩမနေနှင့်၊ သည်အတိုင်း ဖြစ်ရပေလိမ့်မည်။

သွေးသောက်၊ အမှတ် ၆၅၊ ဇွန်၊ ၁၉၅၁

□

## ဖိလစ်ပိုင်ပြည် ပြန်လည်ထူထောင်ရေးတာပ်

ယနေ့ အရှေ့တောင်အာရှတိုက်၏ပြဿနာမှာ အလိုပြည့်ရေးပြဿနာ သာလျှင် ဖြစ်ဘိ၏။

အခြားထွေထွေထူးထူးတွေးရန်မလို၊ ယနေ့အရှေ့တောင်အာရှ တိုက်သားတို့သည် အလိုပြည့်လိုကြ၏။

အသို့နည်း။ အရှေ့တောင်အာရှတိုက်သားတို့တွင် အချို့တို့မှာ လွတ်လပ်လိုသောဆန္ဒ တစ်လုံးတစ်ဝတည်း ပြည့်စုံပြီဖြစ်လျက်နှင့် ဘာ အလိုမပြည့်ဖြစ်နေပါသနည်း။

အနောက်ဒီမိုကရေစီနိုင်ငံတို့က လွတ်လပ်ရေးကို သူတို့ပေးမှ ရနိုင်သည်ဟူသော မာနစွဲဖြင့် ယင်းသို့ မေးကောင်းမေးကြလိမ့်မည်။

လူမျိုးတစ်မျိုးအနေနှင့် အလိုပြည့်ရန် အချက်သုံးချက်ရှိသည်။ နိုင်ငံရေးအလိုပြည့်ချင်သည်။ စီးပွားရေးအလိုပြည့်ချင်သည်။ စိတ္တသုခ လိုချင်သည်။ ထိုအလိုဆန္ဒသုံးခုကို ကျွန်ုပ်တို့အရှေ့အာရှတောင်ပိုင်းသား အားလုံးတို့ ရရှိပါပြီလော။ အားလုံးကိုမဆိုထားနှင့်ဦး။ လွတ်လပ်ပြီးသော မြန်မာနိုင်ငံ၊ ယိုးဒယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့၌

ပင် ထိုအလိုသုံးပါးကို အပြည့်အစုံရပါပြီလော။

အဖြေမှာ ထင်ရှားလှ၏။ မရကြသေးဟုသာ ဖြေရမည်ဖြစ်၏။ လွတ်လပ်သောနိုင်ငံတို့၌ နိုင်ငံရေးအလိုပြည့်ပြီဟု ဆိုသင့်သည်ကို ထားပါဦး။ စီးပွားရေးနှင့် စာရိတ္တသုခ ဆိုသည်မှာ အဘယ်သို့ ရောက်နေမှန်း မသိရပေ။ အထူးသဖြင့် ဖိလစ်ပိုင်နိုင်ငံသည် လွတ်လပ်ရေးကို အမေရိကန် ဒေါ်လာပြားကြီးဆွဲ၍ ရခဲ့သော နိုင်ငံဖြစ်လင့်ကစား စီးပွားရေး၌ ကျွန်ုပ်တို့နိုင်ငံနှင့်စာသော် ပိန်မသာ လိမ်မသာဖြစ်၍ နေချေသေး၏။ ကျွန်ုပ်တို့နိုင်ငံ၌လည်း ယခုတိုင် စီးပွားရေးပြည့်စုံပြီဟု မဆိုနိုင်သေး။

လူတို့၌ အလိုမပြည့်လေလေ စိတ်ဗယောက်ဗယက်ဖြစ်လေလေ၊ ရှေးက အလိုမပြည့်သည်မှာ နယ်ချဲ့အရင်းရှင်တို့ကြောင့်ဖြစ်သည်ဟူသော အစွဲဖြင့် အရှေ့တောင်အာရှတိုက်သားတို့သည် နယ်ချဲ့အရင်းရှင်ဝါဒကို အရွံကြီးရွံ၍ အကြောက်ကြီးကြောက်လျက် ရှိကြ၏။ ထို့ကြောင့် လွတ်မြောက်ရာလွတ်မြောက်ကြောင်းလမ်းကြောင်းကို ရှာစဉ် ဝါဒအသစ်အဆန်းရှိရာသို့ မျှော်မှန်းခဲ့ကြ၏။ ထို့ကြောင့်လည်း ကွန်မြူနစ်ဝါဒကို ရော်ရမ်းကာ ရှေ့ရှုနေကြခြင်းဖြစ်၏။ ဤသဘောတရားကို မသုံးသပ်ဘဲ အနောက်ဒီမိုကရေစီက အရှေ့ဒီမိုကရေစီ အင်အားစုကို လက်နက်နှင့် ချေမှုန်းရန် စီစဉ်နေသည်မှာ အမှားပင်ဖြစ်သည်ဟူ၍ ယခင်က ဂျပန်ပြည်မေဒေးဆောင်းပါးတွင် ကျွန်တော် ပြဆိုခဲ့ပြီး ဖြစ်သည်။

စင်စစ်သော်ကား ထိုအလိုသုံးခုကို ဖြည့်စွမ်းပေးနိုင်မည့် ဝါဒသည်သာလျှင် အရှေ့တောင်အာရှတိုက်၏ ငြိမ်းချမ်းရေးကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ထို့ကြောင့် ဝါဒစကားပြောကြမည်ဆိုလျှင် မကောင်းသောဝါဒကို ကောင်းသောဝါဒဖြင့် တိုက်ထုတ်ပစ်နိုင်မှသာ အောင်မြင်မည်ဖြစ်၏။

ယခုကဲ့သို့ တစ်ဦးနှင့်တစ်ဦး အရမ်းပစ်၍ တိုက်စစ်ဆင်နေသည်မှာ လောကဟိတဟူသော အကျိုးစီးပွားကို ဆောင်နိုင်မည်ဟု ကျွန်တော် အလျှင်းမယုံကြည်ချေ။

ဤသဘောကို ကျွန်တော် ထုတ်ဖော်ပြောရင်းနှင့် ဖိလစ်ပိုင်နိုင်ငံတွင် အလိုမပြည့်သူတို့ အလိုပြည့်အောင် စီမံကိန်းတစ်ရပ်ထုတ်ကာ လုပ်ဆောင်နေပုံကို ကျွန်တော် သတိရမိသည်။ ထိုစီမံကိန်းမှာ ကျွန်တော်တို့နိုင်ငံတွင် အောင်ဆန်းမြို့တည်ဆောက်ကာ ပြန်လည်ထူထောင်ရေး တပ်ဖွဲ့စည်းပုံနှင့် ခပ်ဆင်ဆင်တူသည်။ သို့သော် ဖိလစ်ပိုင်၌ လုပ်ပုံကိုင်ပုံမှာ အတန်ငယ် အကွက်စေ့သည်ဖြစ်၍ ကျွန်ုပ်တို့ အတုယူဖွယ် အချက်များ ရှိတန်သရွေ့ရှိသည်ဟု သဘောရပေသည်။

၁၉၄၅ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံကို အင်္ဂလိပ်၊ အမေရိကန်တို့က ဂျပန်လက်မှ လွတ်မြောက်အောင် ဆောင်ကြဉ်းလိုက်သည်။ သို့သော် ဖိလစ်ပိုင်နိုင်ငံတွင် လွတ်လပ်ရေးကြိုးပမ်းရင်း ကွန်မြူနစ်ဝါဒကို လက်ခံသူ တော်လှန်ရေးသမားများသည် ကျွန်တော်တို့နိုင်ငံမှာကဲ့သို့ ပေါ်ပေါက်ခဲ့သည်။ ယင်းနောက် ဖိလစ်ပိုင် လွတ်လပ်ရေးရသောအခါ ကွန်မြူနစ်တို့သည် ဟတ်ခ် (Huk) လှုပ်ရှားမှုဂိုဏ်းသားများ ဖြစ်လာသည်။ ထိုအခါ ဖိလစ်ပိုင်အစိုးရသည် ထိုဟတ်ခ်ဂိုဏ်းသားများကို ငြိမ်ဝပ်ပိပြားရေးအလို့ငှာ နှိမ်နင်းခဲ့ရပေသည်။ ယခုတိုင် နှိမ်နင်း၍ မပြီးသေးချေ။

ဟတ်ခ်လှုပ်ရှားမှု၏ တွင်ကျယ်ခြင်းမှာ 'အလုပ်လက်မဲ့ ပပျောက်ရေး၊ မြေယာမဲ့များ မြေယာရရှိရေး' ဟူသော ကြွေးကြော်သံကြောင့် တွင်ကျယ်သည်ဟု အဆိုရှိသည်။

ထိုအဆိုအတိုင်း ဆင်ခြင်ကြည့်လျှင် ဖိလစ်ပိုင်အစိုးရသည် အလုပ်လက်မဲ့ ပြဿနာနှင့် မြေယာမဲ့ပြဿနာကို ဖြေရှင်းရဖို့ ရှိသည်။ သို့သော် ဖိလစ်ပိုင်အစိုးရသည်လည်း ကျွန်ုပ်တို့ အစိုးရကဲ့သို့ပင် အရှုံး

မိုးပိုင်းဖြစ်၍နေရှာသည်။ ထို့ကြောင့် ဟတ်ခ်လှုပ်ရှားမှုကို စာရင်းရှင်းပစ်လိုက်လျှင် ပြဿနာပြေလိမ့်မည်ဟု ယူဆကာ ယူဆချက်အတိုင်း သေနတ်နှင့် စာရင်းရှင်းခဲ့သည်။

သို့သော် စာရင်းရှင်းတိုင်း ရှင်းတိုင်း အကြွေးကျန်နေသည်သာများပေသည်။

စာရင်းရှင်းတိုက်ပွဲများ၌ လက်ရဖမ်းမိသော ဟတ်ခ်ဂိုဏ်းသားများကို မည်သို့ လုပ်ရမည်နည်း။

ထိုပြဿနာကို ယခု အမျိုးသားကာကွယ်ရေးဝန်ကြီး မစ္စတာရေမွန်-မက်ဆေဆေး (Ramon Magsaysay) လက်ထက်ကျမှပင် နည်းလမ်းစ၍ တွေ့ဟန်တူသည်။ ၎င်း၏လက်ထက်၌ ဖမ်းမိသော ဟတ်ခ်ဂိုဏ်းသား မြောက်မြားစွာတို့ကို ပြန်လည်ထူထောင်ရန် စီစဉ်သည်။

ယခင်က ဤစီစဉ်ချက်မရှိခင် တောပုန်းတို့ကိုဖမ်း၊ ထောင်ချ၊ ရက်စေ့လျှင် လွှတ်ဟူ၍ သာမန်ဆောင်ရွက်နေခဲ့သည်။ တောပုန်းများကား ထောင်မှထွက်လျှင် ထွက်ခြင်း တောသို့ပင် ပြန်ခိုလေသည်။

ယခု ၁၉၅၁ ခုနှစ်၊ နှစ်ဦးကျ၌ပင် လက်ယာမဲ့တို့အတွက် လယ်ယာပေးမည်ဟူသော ကြွေးကြော်သံကို အစိုးရက ကြွေးကြော်ကာ တောခိုသူတို့အား ပြန်လည်နေရာချထားပေးသည်။

၎င်းတို့ကို ပြန်လည်မထူထောင်မီ ဖိလစ်ပိုင်နိုင်ငံ၌ စစ်ပြန်များကို နေရာချထားပေးသော ဌာနရှိခဲ့သည်။ ထိုဌာန၏ စီမံချက်အရ မင်ဒါနာအိုကျွန်းတွင် လယ်ယာများကို စစ်ပြန်တို့အား ဝေငှပေးခဲ့သည်။

ယခုမူကား ဟတ်ခ်ဂိုဏ်းသား လူထွက်များကို စစ်ပြန်များအား နေရာချထားသော စနစ်အတိုင်း အစိုးရက ပြန်လည်ထူထောင်ပေးနေသည်။ ဥပမာ ဟတ်ခ်ဂိုဏ်းသားများကို စစ်ပြန်များ၏အကြားတွင် နေရာချထားပေးခြင်းအားဖြင့် ဒီမိုကရေစီစည်းဝိုင်းအပြင်သို့ ရောက်

နေသော ဖိလစ်ပိုင်သားကို စည်းဝိုင်းထဲသို့ ပြန်လည်သွတ်သွင်းပေးနေသည်။

ထိုစနစ်အရ ဖိလစ်ပိုင်ကျွန်းမကြီးမှ ဟတ်ခ်ဂိုဏ်းသားများကို သင်္ဘောများနှင့် တင်ဆောင်၍ လယ်မြေလုပ်နေသော ကျွန်းများသို့ ပို့ပေးသည်။ အိမ်ထောင်စုပြောင်းရွှေ့ပေး၍ အိုးသစ် အိမ်သစ် မြေယာသစ်ထူထောင်ပေးသည်။

ယင်းသို့ စီမံလိုက်လေရာ မင်ဒါနာအိုကျွန်းရှိ ကပါတာဂန် **(Kapatagan)** ကျေးရွာကလေးမှာ ဖိလစ်ပိုင်ပြည်၏ အောင်ဆန်းမြို့ကလေးပမာတမျှ ဖြစ်ပေါ်လာသည်။

ဟတ်ခ် ခေါ် ကွန်မြူနစ်ဂိုဏ်းသားကလေးများမှာ အသက် ၁၃ နှစ်အရွယ်ကလေးငယ်များလည်း ပါဝင်သည်။ ပြန်လည်ထူထောင်ရေးတပ်ထဲသို့ ဝင်ကြသူတို့၏ ပျမ်းမျှကြေးအသက်မှာ ၁၉ နှစ် ဖြစ်သည်။

၎င်းတို့ကိုယ်တိုင် ပြန်လည်ထူထောင်ရေး တဲပုတ်ကလေးများဆောက်လုပ်ထားသည်မှာ သပ်သပ်ရပ်ရပ် ရှိလှပေသည်။ ကျွန်ုပ်တို့နိုင်ငံက တဲပုတ်ကလေးများထက် ကြည့်၍ကောင်းပေသည်။ အစိုးရက ကမကထ ပြုလုပ်ပေး၍ပေလောမသိ၊ ရွာပန္နက်ရိုက်ပုံမှာ ကျန်းမာရေးနှင့် ညီညွတ်မှုကို ပဓာနထား၍ ရိုက်ပုံရသည်။

အမှန်စင်စစ်သော်ကား တိုင်းပြည်တစ်ပြည် ငြိမ်းချမ်းရေးရမှုပြဿနာမှာ ကျွန်တော် စောစောကဖော်ပြခဲ့သော အလိုသုံးခုပြည့်ရေးပင်ဖြစ်သည်။ အမှန်မှာ ယခုကဲ့သို့သောအခြေ၌ အာရှတိုက်သည် လုံးလုံးလျားလျား လွတ်မြောက်ပြီဟု ကျွန်ုပ်တို့ မဆိုနိုင်ရှိချေသည်။ ယင်းသို့ဖြစ်ရခြင်းအကြောင်းကို ရှာသော် အာရှတိုက်သည် တလုံးတစည်းတည်းမတည်။ မညီမညွတ် အကွဲကွဲ အပြိုပြိုဖြစ်သောကြောင့်တည်း။

အကယ်၍ အာရှတိုက်၏ စီးပွားရေးကို အာရှတိုက်တွင်း၌ အာရှ

တိုက်သားအချင်းချင်း စီမံဖန်တီးနိုင်ခဲ့ပါလျှင် အနောက်နှင့်အရှေ့ လွှန်ဆွဲပွဲဟူ၍ ပေါ်လာနိုင်မည် မဟုတ်ပေ။ သို့သော် ယနေ့အဖို့ကား အရှေ့တောင်အာရှတိုက်၏ ကံကြမ္မာကို အရှေ့အနောက် ဒီမိုကရေစီ လွှန်ပွဲကြီးကသာ ဖန်တီးတော့မည်ကဲ့သို့ ရှိနေသည်။ ဤသို့ ရှိနေသမျှ ကာလပတ်လုံး ကျွန်ုပ်တို့၏ နိုင်ငံရေးအလိုပြည့်မှု၊ စီးပွားရေး အလိုပြည့်မှု၊ စိတ္တသုခပြည့်ဝမှုတို့သည် အဘယ်မှာလျှင် ရနိုင်ပါအံ့နည်း။

သို့သော် တိုင်းပြည်တိုင်း၊ တိုင်းပြည်တိုင်း မိမိပြည်တွင်းရေးကိစ္စ၌ ကိုယ့်တိုင်းရင်းသားတို့၏ အလိုပြည့်ရေးကို တစ်စတစ်စ ကြံဆောင်သွားနိုင်လျှင် အာရှညီညွတ်မှုလမ်း စသည် ပေါ်လွင်လာပေလိမ့်မည်။

အာရှတိုက်၌ ယခုအတိုင်း ဟိုက တစ်စု၊ သည်က တစ်ကွက်နှင့် အသီးသီးကွဲပြားခြားနားကာ ဝါဒစွဲဖြင့် တံလျှပ်ကို ရေထင်နေကြမည်ဆိုလျှင် အနောက်ကမ္ဘာလုံးခြမ်းသည် အရှေ့ကမ္ဘာလုံးခြမ်းကို ၎င်း၏ စားကျက်ပမာ သဘောထားပြီး ဆက်လက်ခြယ်လှယ်မြဲ ခြယ်လှယ်နေလိမ့်မည်ကို ကျွန်တော် မြင်ယောင်လျက် ရှိပါသတည်း။

သွေးသောက်၊ အမှတ် ၆၇၊ ဩဂုတ်၊ ၁၉၅၁

## အရှေ့အာရှ လူမှုကြီးပွားချမ်းသာရေးပြဿနာ

လူမှုရေးတိုးတက်မှုသည် စီးပွားရေးတိုးတက်မှုအပေါ် တည်၏။ အရှေ့ဖျား နိုင်ငံများ၏ စီးပွားရေးကိုကြည့်လျှင် စစ်မဖြစ်မီက အရင်းရှင်နယ်ချဲ့တို့ အမြတ်ထုတ်ယူသော ကိုလိုနီစီးပွားရေးစနစ်အောက်၌ လောင်းရိပ်ကျခဲ့၍ တိုင်းရင်းသားတို့၏ဘဝမှာ အနောက်နိုင်ငံသားတို့၏ အလုပ်အကျွေးမျှသာ ဖြစ်ခဲ့၏။ စစ်ကြီးပြီးသောအခါ ကိုလိုနီနိုင်ငံအချို့တို့သည် လွတ်လပ်ရေးရခဲ့သည်။ သို့သော် အရှေ့နှင့်အနောက် အာဏာလုပွဲကြီး ကျင်းပရာ၌ မည်သူရှုံး၍ မည်သူနိုင်၏ဟု မဆုံးဖြတ်နိုင်မီ လွတ်လပ်ခဲ့ကြသောကြောင့် အာဏာလုပွဲ၏လောင်းရိပ်အောက်တွင် အရှေ့ဖျားနိုင်ငံတို့၏ စီးပွားရေးပြန်လည်ထူထောင်မှုသည် စိတ်ချလက်ချ မပြီးမြောက်သေး။ ထို့ကြောင့် လူမှုကြီးပွားချမ်းသာရေး ပြဿနာသည် အရှေ့အာရှတိုက်အတွက် အတော်ပင် ဖြေရှင်းယူရဦးမည်ဖြစ်သည်။

မနှစ်က ဇူလိုင်လအတွင်း ကုလသမဂ္ဂ လူမှုကြီးပွားချမ်းသာရေး အကြံပေးဝန်ထမ်းအဖွဲ့ဝင် ဒေါက်တာ ဂျေ၊ အက်ဖ်၊ ဘူလ်ဆာရာ (Dr. J. F. Bulsara) သည် မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည်။ ထို

ပွဂ္ဂိုလ်သည် အရှေ့ဖျားနိုင်ငံတို့၏ လူမှုရေးအဆင့်အတန်းကို ဝေဖန် ဟောပြောခဲ့ပေသည်။

ယခုအခါ ပြည်ထောင်စုအစိုးရသည် လူထု၏ကြီးပွားချမ်းသာရေးကို ရည်ရွယ်၍ ဘဏ္ဍာတော်ဝင်ငွေ၏ ၂၅ ရာခိုင်နှုန်းကို ပညာရေး၊ ဆေးဘက်၊ ပြည်သူ့ကျန်းမာရေး၊ သမဝါယမလုပ်ငန်း၊ ပြန်လည်ထူထောင်ရေး၊ သာသနာရေး၊ ကယ်ဆယ်ရေး၊ အိုးအိမ်ထူထောင်ရေး စသည်တို့အတွက် သုံးရန် ပြဋ္ဌာန်းခဲ့သည်။

ထိုငွေမှာ သာမန်အားဖြင့် သုံးစွဲရန် ၇၀၁ သိန်းခွဲ ငွေလုံးငွေရင်း အဖြစ်ဖြင့် မ,တည်ရန် ၇၃၆ သိန်းခန့်ဖြစ်သည်။

ကျွန်ုပ်တို့သည် ပါတီနိုင်ငံရေး၌ စိတ်ဝင်စားခြင်း မရှိချေရကား ၁၉၅၁-၅၂ ခုနှစ်အတွက် ဘတ်ဂျက်မှာ ပြန်လည်ထူထောင်ရေး ဘတ်ဂျက်လော၊ ပုလိပ်ဘတ်ဂျက်လော၊ ကိုလိုနီစီးပွားရေးစနစ် အရေခြုံ ဘတ်ဂျက်လောဟူ၍ စိစစ်ဝေဖန်ရန် မပြုလိုသေး။ လောလောဆယ် အားဖြင့် နိုင်ငံတော်အစိုးရက သတ်မှတ်ထားသော ငွေအင်အား အစွမ်း ရှိသရွေ့ကို ပြည်သူလူထုတို့က အခွင့်ကောင်းယူနိုင်ကြရန်အတွက် ပြည့် ကြီးပွားချမ်းသာရေးလုပ်ငန်းများ အကောင်အထည်ပေါ်စေလိုသော ဆန္ဒ ဖြင့်၊ ပြည်ထောင်စု၏ ပြဿနာရပ်များကို အရှေ့ဖျားပြဿနာရပ်များနှင့် ဆက်စပ်ကာ ဖြေရှင်းနိုင်ရန် ရေးသားလိုပေသည်။ ဤရေးသားချက်၌ ဒေါက်တာ ဘူလ်ဆာရာ၏ အချက်အလက်များကို မှတည်၍ ပြလိုပေ သည်။

အာရှအရှေ့ဖျားနိုင်ငံတို့တွင် ပါကစ္စတန်၊ အိန္ဒိယ၊ မြန်မာ၊ ယိုးဒယား၊ ဗီယက်နမ်၊ မာလာယု၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ တရုတ်၊ ဂျပန်၊ ကိုရီးယား စသော နိုင်ငံတို့ ပါဝင်သည်။ ထိုနိုင်ငံများ၌ လူဦးရေ သန်းပေါင်း ၁၁၇၅ ရှိသည်။

ထိုလူဦးရေမှာ ကမ္ဘာ့လူဦးရေ၏ တစ်ဝက်ကျော်ဖြစ်သည်။ ရာခိုင်နှုန်းဖြင့် ပြရလျှင် ကမ္ဘာပေါ်ရှိ လူဦးရေ ၁၀၀ လျှင် အရှေ့အာရှတိုက်၏ လူဦးရေမှာ ၅၃ ယောက်ရှိသည်။

ဤမျှ လူဦးရေ များပြားသည်။ သို့သော် ထိုဒေသတို့၌ တစ်မျိုးသားလုံးဆိုင်ရာ ဝင်ငွေသည် အံ့မခန်းနည်းပါးလှသည်။

ဂျပန်နိုင်ငံသည် အရှေ့ဖျားတွင် နေထိုင်ရေး အဆင့်အတန်းမြင့်သည်။ သို့သော် တစ်နှစ်အတွက် လူတစ်ယောက်၏ ဝင်ငွေမှာ မြန်မာငွေဖြင့် ၄၇၀ ကျပ်မျှသာ ရှိသည်။ တရုတ်ပြည် (ပြည်သူ့သမ္မတနိုင်ငံ) တွင် လူတစ်ယောက်၏ ဝင်ငွေမှာ ၁၀၈ ကျပ်သာ ရှိသည်။ ကျွန်ုပ်တို့နိုင်ငံ၌ အမျိုးသားဝင်ငွေကို ကျနစွာ စာရင်းကောက်ယူထားသည်ဟူ၍ မရှိခဲ့။ သို့သော် အကြမ်းအားဖြင့် မှန်းဆကြည့်လျှင် ၁၉၁၀ နှင့် ၁၉၄၀ ပြည့်နှစ်များအကြားတွင် လူတစ်ယောက်၏ တစ်နှစ်ဝင်ငွေမှာ ၁၀၀ ကျပ်မှ ၁၂၀ ကျပ်အထိ ရှိသည်။ ဒုတိယကမ္ဘာစစ်အပြီး၌ကား အနည်းဆုံး မူရင်းလစာငွေကို ကြည့်ခြင်းအားဖြင့် လူတစ်ယောက်၏ တစ်နှစ်ဝင်ငွေမှာ ၄၈၀ ကျပ်အထိ ဖြစ်နိုင်သည်။

သို့ရာတွင် ဘဏ္ဍာရေးဝန်ကြီး၏ ၁၉၅၁–၅၂ မြန်မာ့စီးပွားရေး စစ်တမ်းအရ စစ်မဖြစ်မီက တိုင်းပြည်ဝင်ငွေ ၁၀၀ ကျပ်ကို စစ်ဖြစ်ပြီးနောက် ၁၉၄၉–၅၀ ခုနှစ်နှင့် နှိုင်းယှဉ်ကြည့်လျှင် စစ်မဖြစ်မီ ၁၉၃၈–၃၉ ခုနှစ်က ငွေ ၂၅၂ ကျပ်နှင့် အနည်းဆုံးညီမျှပေသည်။ ဤအတိုင်းဆိုလျှင် ယခုခေတ် ဝင်ငွေ ၄၈၀ ကျပ်ဟူသည်မှာ ၁၉၃၈ – ၃၉ ခုနှစ်က ငွေ ၁၉၀ ကျပ်နှင့် ညီမျှပေလိမ့်မည်။

သို့သော် အမေရိကန်နှင့် အနောက်ဥရောပနိုင်ငံတို့တွင် အမျိုးသားဝင်ငွေမှာ မြန်မာငွေနှင့် တွက်ကြည့်လျှင် ၃၇၆၀ ကျပ်မှသည် ၅၆၄၀ ကျပ်အထိ ဖြစ်သည်။

ဝင်ငွေနှင့် လူဦးရေ မမျှတသည့်အတွက်ကြောင့် ဆင်းရဲသည့်အထဲတွင် အာရှအရှေ့ဖျား၌ လူဦးရေ လျင်မြန်စွာတိုးပွားနေသော ပြဿနာနှင့် ရင်ဆိုင်နေရသည်။

ဖိလစ်ပိုင်နှင့် ယိုးဒယား၌ မွေးနှုန်းတက်နေသည်။ စစ်ကြီးအပြီး၌ တစ်အိမ်ထောင်လျှင် လူပေါင်း လေးယောက်ကျော် ငါးယောက်မျှ တိုးနေသည်။

ဂျပန်ပြည်၌ ပြည်မကြီးတွင် စစ်မဖြစ်မီက လူဦးရေအကြမ်းအားဖြင့် ၈၅ သန်းရှိသည်။ စစ်ကြီးအတွင်း လူဦးရေ တစ်သန်းကျော် လျော့သွားသည်ဟု ခန့်မှန်းကြသည်။ သို့သော် ၁၉၄၅ နှင့် ၁၉၅၀ အကြားခြောက်နှစ်အတွင်း လူဦးရေမှာ တစ်နှစ်လျှင် တစ်သန်းနီးပါးမျှ တိုးတက်သည်ဟု အကြမ်းအားဖြင့် ခန့်မှန်းကြသည်။

ကျွန်ုပ်တို့နိုင်ငံတွင် ၁၉၃၁ ခုနှစ်က ၁၄ သန်းခွဲကျော်ကျော် ရှိခဲ့ရာ ၁၉၄၁ ခုနှစ်၌ ၁၆ သန်းခွဲကျော်ကျော် တိုးလာခဲ့သည်။ ဤအတိုင်းတွက်ကြည့်သော် တစ်နှစ်ကို လူဦးရေ နှစ်သိန်းတိုးတက်ခဲ့သည်ဟု ဆိုရမည်။ ၁၉၃၂ ခုနှစ် စာရင်းအရ ထိုနှစ်တွင် လူဦးရေ ၁၄၁၇၈၇ ယောက်တိုးခဲ့သည်ဟု အမှတ်အသားရှိသည်။ ၁၉၅၁ ခုနှစ်အတွက် မှန်းဆချက်၌ လူဦးရေ ၁၈ သန်းရှိမည်ဟု ဆိုသည်။ သောင်းကျန်းမှုဘေးနှင့် ကလေးအသေအပျောက်နှုန်းများသည့်အကြားထဲမှ တစ်နှစ်လျှင် လူနှစ်သိန်းတိုးလာဖို့ များစွာခဲယဉ်းမည် မဟုတ်ချေ။

ထိုကြောင့် အာရှအရှေ့ပိုင်း၌ လူမှုနှင့် စီးပွားရေးအခြေသည် ဆုတ်ယုတ်နေသည်။

ဆုတ်ယုတ်သည့် အကြောင်းရင်းတို့ကို ရှာသော်

(၁) နေထိုင် စားသောက်ရေး အဆင့်အတန်းနိမ့်ခြင်း၊ ထုတ်ကုန်နည်းခြင်း၊ ယေဘုယျအားဖြင့် ဆင်းရဲခြင်း။

(၂) လူထုစာတတ်နှုန်း အောက်ကျ၍ ပညာရေးနိမ့်ခြင်း၊ လောကဓာတ်ပညာ မထွန်းကားခြင်း။
(၃) ကျန်းမာရေးအဆင့်အတန်းနိမ့်၍ သက်တမ်းတိုခြင်း။
(၄) မွေးနှုန်း အလွန်လျင်မြန်စွာ တိုးတက်နေခြင်း (၁၀၀၀ လျှင် ၄၅ ယောက်အထိ တိုးတက်သည်။) စသော အကြောင်းတို့ကြောင့် ဖြစ်သည်။

လွန်ခဲ့သောစစ်ကြီးသည် ဥရောပတိုက်၌သာ တိုက်သည်မဟုတ်။ အာရှတိုက်၏ တောနေချုံကြားအထိ လိုက်၍ တိုက်သော စစ်ဖြစ်သည်။

အာရှတိုက်ရှိသော တောသူတောင်သား အလုပ်သမား၊ လယ်သမားတပ်၊ ပြောက်ကျားတပ်၊ စစ်တပ် စသည်တို့၌ ဝင်ရောက်တိုက်ခိုက်ရသော စစ်ပွဲဖြစ်သည်။

ထို့ကြောင့် အာရှတိုက်သားသည် အနောက်နိုင်ငံ စက်မှုလက်မှု ယဉ်ကျေးမှုနှင့် ပက်ပင်းစွာ တွေ့ကြုံရလေရာ မျက်စိပွင့်လာသည်။

လွတ်မြောက်ရေးကို စိတ်ပါလာသည်။ လူထုအသိဉာဏ် ပွင့်လင်းလာသည်။

ကံပစ်ချရာကို ငုံ့မခံလိုပြီ၊ ကာလတာရှည်စွာ လူမှုရေးနှင့် စီးပွားရေးဒုက္ခတို့မှ လွတ်မြောက်ရန်အတွက် အရေးဆိုကြလေသည်။

ဤကား စစ်အပြီး အာရှတိုက်သား၏ နိုးကြားမှုပေတည်း။

ထိုနိုးကြားလာမှု၏ အဟုန်ပြင်းထန်သည်နှင့်အမျှ ဇနပုဒ်ကျေးလက်တို့သည် မြို့ပြအဖြစ်သို့ ကူးပြောင်းခဲ့သည်။ ဇနပုဒ်၌ နေထိုင်သော တောသူတောင်သားသည် အခြေအနေဖန်တီးလာသောကြောင့် မြို့ပြပြည်ရွာသို့ ပိုမိုချဉ်းကပ်လာလေသည်။

စစ်မဖြစ်မီ ဘုံဘိုင်၊ ကာလကတ္တား၊ ဒေလီမြို့တို့၌ လူဦးရေမှာ ၁၅ သိန်း၊ ၁၈ သိန်း၊ ၅ သိန်း ဟူ၍ အသီးသီးရှိခဲ့သည်။

စစ်အပြီးတွင် ၂၇ သိန်း၊ ၄၅ သိန်း၊ ၁၂ သိန်းအထိ အသီးသီး တိုးတက်လာသည်။

ကရာချိ၌ စစ်မဖြစ်မီက လူဦးရေ ၄ သိန်းရှိသည်။ စစ်ဖြစ်ပြီးသော် ၁၂ သိန်းတိုးလာခဲ့သည်။ ဂျကာတာမြို့သည် ၅ သိန်းမှ ၁၅ သိန်းအထိ တိုးလာသည်။

ရန်ကုန်မြို့၏ လူဦးရေလည်း စစ်မဖြစ်မီ နှစ်သိန်းကျော်မှ ခြောက်သိန်းကျော်သို့ တိုးလာခဲ့သည်။

ထိုအကြောင်းမှ ထင်သော အကျိုးကား လူနေအိမ်ရာ ပြဿနာ ရှုပ်ထွေးလာခြင်း ဖြစ်သည်။ အထူးသဖြင့် ဂျပန်၊ ဖိလစ်ပိုင်၊ မြန်မာ၊ မာလာယုနှင့် အင်ဒိုနီးရှားတိုင်းပြည်များတွင် နေရေးပြဿနာမှာ ယခုတိုင် မရှင်းနိုင်ချေ။

ရန်ကုန်မြို့ကွက်ကောက်စာရင်းအရ တိုက်အိမ်တစ်သောင်းနှင့် တိုက်ခံပျဉ်ထောင်အိမ်နှစ်ထောင်ရှိသည်။ သစ်ဝါးဓနိတို့နှင့် ဆောက်သော မြန်မာတို့အိမ်တို့ကား ငါးသောင်းနှစ်ထောင်ရှိသည်။ သံတိုသံစ သွပ်မိုး သွပ်ကာ အိမ်မှာ ၁၀၀၀ မျှရှိသည်။ လူဦးရေခြောက်သိန်းကျော်အတွက် နေထိုင်ရန် အဆောက်အဦခြောက်သောင်းငါးထောင်သာ ရှိသည်။ ထုံးစံအားဖြင့် တစ်အိမ်လျှင် လူဆယ်ယောက်ကျ နေနိုင်သဖြင့် ချောင်ချောင် ကလေးဟု ထင်ရသည်။ သို့သော် ကွမ်းယာဆိုင်သာသာမျှ ကျယ်သော တဲပုတ်တို့ကို ထည့်၍ စဉ်းစားပါဦး။

မြေယာတစ်ကေလျှင် အဆောက်အဦနှစ်ခုမှသည် နှစ်ဆယ့်သုံးခုအထိ ရှိသည်။ ရန်ကုန်အနောက်ပိုင်း လမ်းမတော် တရုတ်တန်း၊ ရန်ကုန်အရှေ့ သိမ်ဖြူအရှေ့ဟူသောအရပ်တို့တွင် အဆောက်အဦ ပိုး၍ ကျပ်တည်းသည်။

တောနေလူထုသည် ပိုမိုမျက်စိပွင့်လာသည်။ တောမှ မြို့သို့

ချဉ်းကပ်သည်။ သို့သော် မြို့၌ အနေအထိုင်ကျပ်သည်ထက် ကျပ်လာသည်။ ထို့ကြောင့် လူမှုနေထိုင်ရေးပြဿနာသည် ရှုပ်ထွေးလာလေသည်။

လေလွင့်နေသော ကလေးများ၊ ငယ်ရွယ်သူတို့ ရာဇဝတ်ပြစ်မှုကျူးလွန်ခြင်းများ၊ လူမှုစာရိတ္တဆုတ်ယုတ်ခြင်းများ၊ ရာဇဝတ်မှုတိုးပွားခြင်းများ၊ ပြည့်တန်ဆာပြဿနာများ၊ စီးပွားရေး မကျေနပ်မှုများ၊ ရောဂါဘယ ထူပြောခြင်း၊ အာဟာရချို့တဲ့မှု၊ အနေအထိုင်ကျပ်တည်းကျဉ်းမြောင်း၍ တီဘီရောဂါပြန့်ပွားမှု၊ လူမှုဆက်ဆံရေးဆိုင်ရာ ရောဂါပြန့်ပွားမှု စသည်တို့သည် စစ်ပြီး အာရှတိုက်သားတို့ ရင်ဆိုင်တွေ့နေရသော အခက်အခဲများ ဖြစ်လာလေတော့သည်။

ခိုးမှု၊ ဖောက်ထွင်းမှု၊ ဘဏ်တိုက်စီးမှု၊ လုယက်မှု၊ ဓားပြမှု၊ လူသတ်မှု ဆိုသည်တို့ကို ယနေ့အဖို့ ကျွန်ုပ်တို့က ဖြစ်ရိုးဖြစ်စဉ်ဟု ယူဆနေကြရပြီ။

တောပုန်းမောင်သောင်းကျန်းတို့က နိုင်ငံရေးအယောင်ပြ၍ လူစုလူဝေးနှင့် ရွာကို စီးကာ ဓားပြတိုက်ကြသည်ဟူသော သတင်းတို့မှာလည်း ရိုးသလောက် ရှိနေပြီ။

လူမှုရေးရာ၌ လေ့လာကျွမ်းကျင်သော ပါရဂူတို့အလို၌ ထိုပြဿနာများကို စနစ်တကျ မြို့တည်ထောင်ခြင်း၊ စနစ်တကျ စက်မှုလက်မှုလုပ်ငန်း တည်ထောင်ခြင်းတို့ဖြင့်သာ ဖြေရှင်းနိုင်သည်ဟု အယူရှိသည်။

သို့သော် အာရှတိုက်တည်းဟူသော ဒယ်အိုးကြီးသည် ငင်းအောက်၌ လောင်နေသော အာဏာလုပွဲ ထင်းမီးကြောင့် ပွက်ပွက်ဆူနေသည့်အခါ စနစ်တကျ ပြုလုပ်ရန် အဘယ်မှာ အကွက်ကောင်းရနိုင်ပါတော့မည်နည်း။

ထိုပြဿနာများ ရှုပ်ထွေးနေသည့်အထဲတွင် ဒေသမဲ့၊ နေရာမဲ့ လူဦးရေမှာ အတည်တကျမရှိ ပျံ့လွင့်နေသည်။ အိန္ဒိယနှင့် ပါကစ္စတန် တို့၌ အိန္ဒိယမှ ပါကစ္စတန်သို့ ဝင်ပြေးသူ၊ ပါကစ္စတန်မှ အိန္ဒိယသို့ ပြေးလာသူဟူသော အိုးအိမ် အတည်တကျမရှိသူများမှာ ခြောက်သန်းမှသည် ရှစ်သန်းအထိ ရှိသည်ဟုဆိုသည်။

ကျွန်ုပ်တို့ ရန်ကုန်မြို့၌ လူပေါင်းနှစ်သိန်းခန့်မှာ အနယ်နယ်မှ ခိုလှုံလာကြ၍ အိုးအိမ် အတည်တကျ မဆောက်တည်နိုင်သေးသော သူများဖြစ်သည်။

ဤအခြေအနေမျိုး၌ ဂျပန်၊ မာလာယာ၊ ဖိလစ်ပိုင် စသောနိုင်ငံများ သည်လည်း ဒေသမဲ့ လူဦးရေတို့ကို နေသားတကျ ပြန်လည်မချထား နိုင်သေး။ အင်ဒိုနီးရှား၌လည်း ဤပြဿနာကို ပြေလည်အောင် မရှင်း နိုင်မီ ယခုအခါ သောင်းကျန်းမှုများ လှုပ်ရှားလာတော့ မယောင် ဖြစ် နေပြီ။

ဤအချက်တို့ကို သာမညအားဖြင့် ဇလေ့လာရုံမျှနှင့်ပင် လူမှု ပြန်လည်တည်ဆောက်ရေး ပြဿနာမည်မျှအရေးကြီးသည်ကို ထင်ရှား သိသာနိုင်ပေပြီ။ သောင်းကျန်းမှုကို အပြုတ်တိုက်ရာ၌ လူမှုအဆောက် အအုံကို ရင်းစားရောက်အောင် ပြန်လည် တည်ဆောက်ပေးသော လက်နက်ဖြင့် တိုက်ပါမှ စနစ်တကျလည်းဖြစ်မည်။ ထိထိခိုက်ခိုက် လည်း ရှိမည်။ လူမှုရေးနှင့် စီးပွားရေးမှာ မယားညီအစ်ကိုတော် ဖြစ်သော ကြောင့် တစ်ခုခုကို ကျကျနနကိုင်လျှင် အခြားတစ်ခုကိုလည်း ကိုင် လျက်သား ဖြစ်ပေလိမ့်မည်။

ကောင်းပြီ။ လူမှုကြီးပွားချမ်းသာရေးကို ရှေးရှု၍ အာရှတိုက်ကို ဘာလုပ်ဖို့ လိုသနည်း။ ဘာတွေလုပ်နေကြသနည်း။

လွတ်မြောက်ပြီဟုဆိုသော အာရှတိုက်၌ စစ်ဘတ်ဂျက် ခေတ်စား

နေသည်။ အံ့ဩစရာ။

သို့သော် မအံ့ဩပါနှင့်။ လွတ်မြောက်လာရသော်လည်း အာရှ၌ ကျီးလန့်စာစားဖြစ်နေပါသည်။

အာရှတိုက်သားအချင်းချင်း ဟူ၍ ဆက်စပ်၍ မနေ၊ နားလည်မှုလည်း မရှိသေး။ အချင်းချင်းလည်း ဟက်ဟက်ပက်ပက်မယုံ။ အားကြီးသူကို အားနွဲ့သူတို့က သာ၍မယုံ။ အာရှသည် အာရှတိုက်သားများအဖို့ဟူသော အဓိပ္ပာယ်ကို ဂျပန်က အကောင်အထည်ဖော်ခဲ့သည်မှာ အားကြီး ကြောက်စရာကောင်းခဲ့သည် မဟုတ်လား။

သည်အထဲတွင် အရှေ့နှင့်အနောက် လွန်ဆွဲနေကြသည်။ အာရှတိုက်သားတို့သည် လွန်ဆွဲပွဲကို ထိုင်၍ မကြည့်နိုင်ကြ။

ဟိုလူက လက်ယပ်ခေါ်၊ သည်လူက လက်ယပ်ခေါ်နှင့် မည်သူမှ ဣန္ဒြေဆည်၍ မနေနိုင်ကြ။

ယခုတိုင် အာရှနိုင်ငံအချင်းချင်း နယ်နိမိတ်တို့ ထွေးရောယှက်တင် ရှိသည့်နေရာ၌ မည်သူမျှ စိတ်ချလက်ချ မနေနိုင်။

ထို့ကြောင့် ပုလိပ်ဘတ်ဂျက်၊ စစ်ဘတ်ဂျက်တို့ ခေတ်စားနေသည်။

ထို့ကြောင့် ကာကွယ်ရေးအတွက် နိုင်ငံအများပင် မိမိတို့ အခွန်ဘဏ္ဍာငွေအားလုံး၏ ရာခိုင်နှုန်း ၃၅ မှ ၇၀ အထိ သုံးနေကြရသည်။

အာရှတိုက်၌ လက်နက်အပေါ်တွင် ထိုမျှ ဖြုန်းတီးပစ်ရသောငွေတို့ကို နိုင်ငံတော်၏ကြီးပွားချမ်းသာရေးဘက်သို့ လှီးလွှဲကာ မသုံးနိုင်သရွေ့ ကာလပတ်လုံး ပြန်လည်ထူထောင်ရေးဟူသည်မှာ နိုင်ငံရေးသမားတို့၏ ပါးစပ်ဖျား၌ပင်လျှင် ပျောက်သွားလိမ့်မည်။

ထို့ကြောင့် ကြီးပွားချမ်းသာရေး ဘတ်ဂျက်ကို အာရှနိုင်ငံတိုင်းက အရေးပေးသင့်သည်။ ထိုဘတ်ဂျက်မျိုးကို သတ်မှတ်နိုင်ပါက

ပထာမအားဖြင့် လုပ်ရမည့်အလုပ်မှာ လူမှုရေးရာနှင့် ဆိုင်သော စစ်တမ်း (Social Survey) ကို ထုတ်နိုင်ဖို့ ဖြစ်သည်။

၁၉၅၀–၅၁ ခုနှစ်အတွက် အိန္ဒိယသည် သန်းခေါင်စာရင်း ကောက်တော့မည်။ ကျွန်ုပ်တို့နိုင်ငံ၌လည်း ယင်းကိစ္စအတွက် ပြင်ဆင် နေပြီ။

ထိုစာရင်းများနှင့် အတူထွက်လာနိုင်သည့် စာရင်းအင်းများမှာ အလုပ်လက်မဲ့ဦးရေ၊ အလုပ်ပြည့်ပြည့်ဝဝမရသော လူဦးရေ၊ အလုပ် အလျှင်းမလုပ်နိုင်သော လူဦးရေ၊ စာရေးစာဖတ်ဦးရေ၊ ကျွမ်းကျင် မကျွမ်း ကျင် အလုပ်သမားအင်အား၊ အမျိုးသားဝင်ငွေ၊ တိုင်းပြည်စီးပွားရေး အင်အား၊ တောနေလူထု မြို့နေလူထုတို့၏ ကျားမ နှိုင်းယှဉ်ချက်၊ အိမ်ထောင်သည် ဦးရေ၊ ကျန်းမာရေးဆိုင်ရာ စာရင်း၊ ပညာရေးဆိုင်ရာ စာရင်း၊ ဝန်ထမ်းလုပ်ငန်း အဖွဲ့အစည်းစာရင်း စသဖြင့် အချက်အလက် များ ပေါ်လာလိမ့်မည်။

ထိုအချက်အလက်များပေါ် အမှီပြု၍သာလျှင် လူမှုတိုးတက်ရေး စီမံကိန်းအရပ်ရပ်တို့ကို ကာယကံမြောက်လုပ်ဆောင်နိုင်ပေလိမ့်မည်။

ထိုကိစ္စရပ်တို့ကို ဆောင်ရွက်ရန်အတွက် အာရှနိုင်ငံတို့၌ ပြည်သူ ကြီးပွားရေးဌာနသို့မဟုတ် ပြည်သူတို့၏ လူမှုရေးရာဌာန (Ministry of Public Welfare or Ministry Social Affairs) များ သတ်သတ် ထား၍ အလုပ်လုပ်ကိုင်ကြရမည် ဖြစ်သည်။

ဂျပန်နှင့် အင်ဒိုနီးရှားတို့၌ ယင်းဌာနကို ဝန်ကြီးတစ်ဦးတည်း သီးခြားကိုင်သည်။ အိန္ဒိယပြည်၌လည်း ထိုဌာနရှိသည်။ မြန်မာပြည်၌ ပညာရေး၊ ကိုယ်ပိုင်အုပ်ချုပ်ရေးတို့နှင့် တွဲ၍ လူမှုရေးရာဝန်ထမ်းဌာန ကို ဖွင့်ထားသည်။

ပညာရေး၊ ကျန်းမာရေး၊ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်

ရေး၊ ဒုက္ခသည်များ ပြန်လည်နေရာချထားရေး စသော ကိစ္စအရပ်ရပ်တို့ကို ပြည်သူ့ကြီးပွားရေးဌာနက ပေါင်းစပ်ပူးတွဲလုပ်ကိုင်နိုင်ရန် ဖန်တီးပေးရမည်။

ထိုဌာနက လူမှုတိုးတက်ရေးဆိုင်ရာ ဥပဒေများကို ပြဋ္ဌာန်း၍ ထိရောက်စွာ လုပ်ကိုင်ရမည်။ ပြည်သူတို့၏ စေတနာ့ဝန်ထမ်းများ ခရီးရောက်အောင် ကူညီရမည်။ ကြီးငယ်မဟူ၊ ကျား,မ မရွေး ပြည်သူလူထု၏ လူမှုရေးတိုးတက်ခြင်းကို ရည်သန်၍ ကလေးငယ်များ ကြီးပွားရေးဥပဒေ၊ လူငယ်များဆိုင်ရာ ဥပဒေ၊ လူမှုလုံခြုံရေး ဥပဒေ စသည်တို့ကို ပြဋ္ဌာန်းနိုင်ရမည်။ ဂျပန်ပြည်၌ ထိုဥပဒေများကို ပြဋ္ဌာန်း၍ ငယ်စဉ်ဘဝကပင်လျှင် ပြုပြင်ပေးသော စနစ်ကို သုံး၍ နေချေပြီ။

လူငယ်အင်အားစုကို နိုင်ငံရေးအဖွဲ့တစ်ဖွဲ့၏ အလို့ငှာစုစည်းသည်ထက် လူငယ်တို့၏ ကြီးပွားချမ်းသာဖွံ့ဖြိုးရေးကို အခြေခံကာ စုစည်းခြင်းသည် ပိုမိုခရီးရောက်လိမ့်မည်။

ဤသို့တစ်ဖက်တွင် ဥပဒေအရ အရေးယူဆောင်ရွက်ရန် ရှိသည်တို့ကို အစိုးရက စီမံစဉ်၊ ကျန်းမာရေးဌာနများ၊ ကလေးနှင့် မိခင်များစောင့်ရှောက်ရေးဌာနများ၊ ကာလသားရောဂါ၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါ၊ အခြားကူးစက်တတ်သော ရောဂါတို့ကို တိုက်ဖျက်ရေးဌာနများ၊ လေလွင့်နေသော ကလေးများ၊ အမျိုးသမီးများ၊ သက်ကြီးဝါကြီးများ၊ စိတ်မနှံ့သူများ၊ ကိုယ်လက်အင်္ဂါချို့တဲ့သူများ၊ ခိုလှုံရာစခန်းများ စသည်တို့ကို လူထုနှင့် အစိုးရ ပူးပေါင်း၍ ဖွင့်လှစ်ရမည်ဖြစ်သည်။ အိန္ဒိယ၊ ပါကစ္စတန်၊ ကိုရီးယား၊ အင်ဒိုနီးရှားတို့၌ ၎င်းတို့ကို လုပ်ကိုင်လျက်ရှိပြီး မြန်မာပြည်၌ ယခင်တစ်လောက ပညာရေး၊ ကျန်းမာရေး စီမံကိန်းများ အကောင်အထည်ပေါ်လာခြင်းမှာ ဤသဘောပင် ဖြစ်သည်။

ဤအချက်နှင့်ပတ်သက်၍ အင်ဒိုနီးရှား၏ တိုးတက်ပုံကို

စာရင်းချပြမည်။

အင်ဒိုနီးရှား၌ ဆင်းရဲသူဒုက္ခသည်တို့၏ခိုလှုံရာစခန်း ၈၅ ခု ရှိသည်။ ဒုက္ခသည်ပေါင်း ၂၀၀၀၀ ကျော် လက်ခံထားသည်။ သက်ကြီးခိုလှုံရာ စခန်းပေါင်း ၂၅ ခုရှိ၍ ဘိုးဘွားအရွယ် လူပေါင်း ၆၀၀ ကို ကျွေးမွေးပြုစုထားသည်။ မိဘမဲ့လေလွင့်နေသော ကလေးပေါင်း ၁၂၀၀၀ ကို ဂေဟာပေါင်း ၆၀ တွင် ပြုစုသွန်သင်ထားသည်။ မျက်မမြင်၊ နားပင်း၊ ဆွံ့အ၊ ရူးနှမ်းသူတို့ ၁၅၀၀ တို့ကို ဂေဟာ ၁၂ ခုတွင် ခွဲ၍ ပြုစုထားသည်။

ထိုကိစ္စများနှင့်တကွ လူမှုကြီးပွားချမ်းသာရေးလုပ်ငန်းအတွက် ဝန်ထမ်းအလုပ်သမားပေါင်း ၃၆၀၀ ကို ခန့်ထားလုပ်ကိုင်စေသည်။

အမှန်မှာ ထိုလုပ်ငန်းများ အောင်မြင်ရေးအတွက် အစိုးရသည် လူထုလုပ်ငန်းအဖွဲ့အစည်းများ၏ အကူအညီကို လိုသည်။

အာရှတိုက်၌ ထိုအဖွဲ့အစည်းများသည် စစ်မဖြစ်မီကထက် စိတ်အားထက်သန်စွာ အလုပ်လုပ်နေကြသည်။ သို့ရာတွင် မြန်မာနိုင်ငံအဖို့ စဉ်းစားလိုက်သော် လူမှုရေးရာ ဝန်ထမ်းလုပ်ငန်းအတွက် အလုပ်ကျွမ်းကျင်မှု လိုနေသည်။ တိုကျိုမြို့၌ နိပ္ပွန်အမျိုးသမီးတက္ကသိုလ်၊ ကျိုတိုမြို့၌ ဒိုရှိရှားတက္ကသိုလ်နှင့် မေဂျီဂါကုအင်ကျောင်းတို့တွင် လူမှုရေးရာလုပ်ငန်းများ သင်ကြားပို့ချပေးသည်။ သုတေသန ရှာမှီးသည်။ လူမှုရေးရာဆိုင်ရာ စာပေများ ထုတ်ဝေသည်။

ကျွန်ုပ်တို့အဖို့ ဤကိစ္စရပ်တို့ကို အရေးထား၍ ပညာသင်ကြားစေရန် နိုင်ငံခြားသို့ ပို့ပေးသင့်သည်။

နိုင်ငံခြားပညာတော်သင် စေလွှတ်ရာ၌ အမေရိကန်ကိုချည်းအားထားနေသည့်စနစ်ကို ပြုပြင်သင့်သည်။ အာရှတိုက်သား၏ပြဿနာကို အာရှတိုက်၌ လေ့လာမှသာလျှင် လက်တွေ့လုပ်ငန်း၌ အကျိုးများ

ပေလိမ့်မည်။

သို့သော် စဉ်းစားဖွယ်အချက်တစ်ခုမှာ လူဦးရေ ၁၄၉ သန်းရှိသော အမေရိကန်၌ လူမှုရေးရာ ပညာသင်ပေးသော ကျောင်းပေါင်း ၉၇ ကျောင်းရှိသည်။ အာရှတိုက်၌ကား လူဦးရေသည် အမေရိကန်ထက် ဆယ်ဆမကရှိသည်။ သို့သော် ထိုပညာနှင့်ပတ်သက်လျှင် အိန္ဒိယ၌ ကျောင်း ငါးကျောင်း၊ အင်ဒိုနီးရှား၌ တစ်ကျောင်း၊ ဂျပန်၌ အထက် ဖော်ပြခဲ့သည့်အပြင် ရက်ရှည်သင်တန်းကျောင်းနှစ်ကျောင်းသာ ရှိသည်။ တရုတ်ပြည်၌ စစ်မဖြစ်မီက ကိုးကျောင်းမျှ ရှိခဲ့သည်။

ဂျပန်ပြည်နှင့် တရုတ်ပြည်မှအပ အာရှတိုက်၌ လူမှုရေးရာ ပညာနှင့် ပတ်သက်၍ တိုင်းရင်းသားဘာသာနှင့် စာပေများမရှိသည်မှာ ဝမ်းနည်းဖွယ်တစ်ရပ်ဖြစ်သည်။ သုတေသနအရာ၌လည်း ဂျပန်နှင့် အိန္ဒိယမှ လွဲ၍ အခြားဒေသတို့၌ မည်မည်ရရ ပြစရာ မရှိ။

ဤကား စီးပွားရေးချို့တဲ့မှုမှ ပေါ်လာသော လူမှုရေးရာ အခြေအနေတို့သည် အာရှတိုက်၌ မည်သို့ရှိနေသည်ကို အကျဉ်းရုံး၍ပြရင်း အဖြေကို ရှာကြည့်ခြင်းဖြစ်သည်။

ဤဆောင်းပါးကို ဖတ်မိ၍ လူမှုတိုးတက်ရေး စေတနာ့ဝန်ထမ်း လုပ်ငန်းကို လူငယ်တို့ အထူးသဖြင့် စိတ်ဝင်စားပြီဟု ဆိုပါလျှင် ပြန်လည်ထူထောင်ရေးလုပ်ငန်းသည် တစ်ဝက်ခရီး ရောက်ပြီဟု ကျွန်ုပ် ဆိုလိုက်ချင်သည်။

သွေးသောက်၊ အမှတ် ၆၉၊ အောက်တိုဘာ၊ ၁၉၅၁

❐

## ဂျပန်နှင့် စတာလင်ဆု

ယနေ့ အာရှ၏ပြဿနာမှာ ၁၇ ရာစုနှစ်မှစ၍ အမြစ်တွယ်လာသော အနောက်နိုင်ငံသားတို့၏ နယ်ချဲ့အင်ပိုင်ယာစနစ်မှ ကိုယ်လွတ်ရုန်းထွက်နေသော ပြဿနာဖြစ်လေသည်။

ထိုပြဿနာကို ဖြေရှင်းရန်အတွက် တရုတ်ပြည် မပါလျှင် မဖြစ်နိုင်ချေ။ ဂျပန်ပြည် မပါဝင်သော် ဖြစ်နိုင်၏။ သို့သော် ဂျပန်ပြည်မပါဘဲ ထိုပြဿနာကို ဖြေရှင်းလျှင် ပြီးနိုင်သည်ဟူ၍ကား ကျွန်ုပ် မဆိုဝံ့။

ကျွန်ုပ်တို့ကိုယ်တွေ့ သိခဲ့ရသော ဂျပန်မှာ ပါးရိုက်တတ်သော စစ်ဘီလူးဖြစ်သည်။ သို့သော် ယနေ့ဂျပန်ကား အတွင်းမှလှိုက်၍ ပြုပြင်ပြောင်းလဲစ ပြုလာချေပြီ။ ဤသို့ဆိုရစေကာမူ ဂျပန်ပြည်မှာ ယနေ့တိုင်အောင် တစ်ပါးသူ၏ ဩဇာခံဘဝ၌သာ တည်ရှိနေသေးသောကြောင့် အာရှဝါဒနှင့် ပတ်သက်၍ ဂျပန်လူထု၏ ဆန္ဒမည်သို့ရှိမည်ကို ကျွန်ုပ်တို့က အပေါ်ယံကြော ခန့်မှန်းကြည့်ရုံမျှသာ ကြည့်နိုင်ပေဦးမည်။

ရှေးရှေးက ဂျပန်ဘုရင်တို့သည် လောကသမုတိနတ်၏နေရာကို ယူ၍ ဂျပန်လူထုကို နဖားကြိုးတပ်ခဲ့သည်။ ထိုနတ်တို့ကို ဗန်းပြကာ

ဂျပန်စစ်သားရဲ (သူ့ရဲမဟုတ်) တို့သည် အောက်လမ်းတစ်ပွဲစားပမာ ကျင့်ကြံ၍ နယ်ချဲ့စနစ် ဖက်ဆစ်စနစ်တို့ဖြင့် အာရှတိုက်သား အချင်းချင်းအား ဖမ်းစားခဲ့သည်။

ယခုအခါ၌ကား ဂျပန်ပြည်သည် ဝင့်လည်နေပြီ။ သို့သော် ဝတ်လစ်စားလစ်ကပွဲတို့မှ တဒင်္ဂမျှရအပ်သော ပျော်ရွှင်မှုများအကြားထဲတွင် မိမိတို့ဝင့်လည်နေပုံကို ခေတ္တမေ့ဖျောက်ထားဟန် လက္ခဏာရှိသည်။

သို့သော် ဂျပန်တို့သည် မည်မျှကြာအောင် မေ့မေ့လျော့လျော့နေနိုင်မည်နည်း။ ကမ္ဘာ့နိုင်ငံရေး သံသရာစက်သည် အစဉ်လည်လျက်ရှိသည်။ နိုင်ငံရေးသင်္ခါရသဘောတရားတို့သည် အစဉ်ဖြစ်၊ တည်၊ ပျက်လျက်ရှိသည်။ ထိုအချက်တို့ကို ဂျပန်လူမျိုးတို့ ဖွတ်အတင်း မျက်စိမှိတ်ထားရန် မဖြစ်နိုင်ချေ။

ထို့ကြောင့် ယနေ့ဂျပန်ပြည်တွင် လစ်ဘရယ်ဂိုဏ်းသား ယိုရှိဒါ အမှူးပြုသော အစိုးရအဖွဲ့သည် ဆရာသခင်ဖြစ်သူ မဟာမိတ်အာဏာရှင်များက ညွှန်ကြားသည့်အတိုင်း လုပ်ဆောင်နေကြရစေကာမူ ဂျပန်ပြည် မီးရထား အလုပ်သမားများက ဦးစီးခေါင်းဆောင်ပြုကာ နယ်ချဲ့ဝါဒ၊ အင်ပိုင်ယာဝါဒ၊ အရင်းရှင်ဝါဒတို့ကိုတော်လှန်ရန် ပဏာမပျိုးနေကြသည်ကိုမူကား ဂျပန်လူထုသည် ကောင်းစွာ အကဲခတ်မိကြပေသည်။

ယင်းသို့ တော်လှန်ရေးကို နိဒါန်းပျိုးနေသော အလုပ်သမားတို့၏ အင်အားစုကို စုစည်းနိုင်သော ပါတီမှာ အခိုက်အတန့်အားဖြင့် ဂျပန်ပြည် ဆိုရှယ်လစ်ပါတီပင် ဖြစ်သည်။ အင်အားစုတစ်ရပ်အနေနှင့် ဂျပန်ပြည် ကွန်မြူနစ်ပါတီမှာ စတုတ္ထတန်းစားမျှသာ ရှိချေမည်။ သို့သော် ဆိုရှယ်လစ်နှင့် ကွန်မြူနစ်တို့မှာ ညီအစ်ကိုအရင်းဖြစ်သည်ကို ကျွန်ုပ်တို့ ဝန်မခံလိုကရှိစေ၊ မယားညီအစ်ကို ဖြစ်သည်မှုကား မငြင်းသာ။ နှစ်ဦးစလုံး မာ့ခ်စ်၏အဆွေဝါသိကများ ဖြစ်ချေရကား တကယ့် တစ်မျိုး

သားလုံး၏အရေးနှင့် ရင်ဆိုင်လာသည့်အခါတိုင်း ထိုနှစ်ပါတီတို့မှာ တစ်သံတည်း ကြွေးကြော်လေ့ ရှိပေသည်။

ဤခေတ်တွင် လက်ဝဲ၊ လက်ယာဟူ၍ နိုင်ငံရေး အင်အားစုတို့ကို နှစ်မျိုးခွဲခြား၍ ပြလေ့ရှိသည်။ ကျွန်ုပ်အဖို့ကား လက်ဝဲလက်ယာဟူသော အမည်တို့သည် ပညတ်ချက်များသာဖြစ်၍ နာမပညတ်ချက်ကိုသာ အစွဲအလမ်းမကြီးလို၊ လူ့သမိုင်းတစ်လျှောက်လုံး၌ ရှေးခေတ်ကိုလိပ်ခဲတည်းလည်း ဖက်ထားလိုသော အင်အားစုနှင့် ခေတ်၏သန္ဓါရသဘောအတိုင်း အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်တို့၏ အစဉ်ကို မဖြတ်ဘဲ ခေတ်နှင့်အတူ ရွေ့လျားနေလိုသော အင်အားစုဟူ၍ နှစ်မျိုးသာလျှင် အဓိကဖြစ်ပေသည်။ ဤနှစ်မျိုးတွင်ခေတ်ကို နောက်ပြန်၍ ဒုန်းစိုင်းနေသော 'လျော့လျှင် မိစ္ဆာ' ဟူသည့် အစွန်းတစ်စွန်းလည်း ရှိသည်။ လောကြီးလွန်းသောကြောင့် ခေတ်၏ ရှေ့သို့ ရောက်နေသော "သာလျှင်ဒိဋ္ဌိ ဟူသော အစွန်းတစ်စွန်းလည်း ရှိသေးသည်"၊ သို့သော် ဤဆောင်းပါးသည် နိုင်ငံရေးမိစ္ဆာနှင့် နိုင်ငံရေးဒိဋ္ဌိတို့၏အကြောင်းကို ရေးလိုသော ဆောင်းပါး မဟုတ်ချေရကား ယနေ့ ဂျပန်ပြည်၌ မတိုးတက်သော အင်အားစုနှင့် တိုးတက်သော အင်အားစုနှစ်ခုတို့ လွန်ဆွဲစပြုလာပုံကိုသာ ကျွန်ုပ်ဖော်ပြနေခြင်း ဖြစ်သည်။

ဂျပန်ပြည်၏ နိုင်ငံရေးလှုပ်ရှားမှုများတွင် ယနေ့ ဂျပန် ဆိုရှယ်လစ်တို့နှင့် မြေအောက်စခန်းမှ လက်လျှိုကာ အလုပ်လုပ်နေကြသော ကွန်မြူနစ်တို့၏ ခြေလှမ်းကို စောင့်၍ကြည့်ရန် လိုပေလိမ့်မည်။ ၎င်းတို့နှစ်ဦးသည် တစ်နေ့သော် ဂျပန်ပြည်၏ ကြီးစွာသော ပြောင်းလဲမှုတို့ကို ဖန်တီးပေလိမ့်မည်။

တိုးတက်သော အစိတ်အပိုင်းတို့ကို အမြဲတမ်း လှုံ့ဆော်ပေးနေသော ဆိုဗီယက်ရုရှားသည် ဤသဘောကို ကောင်းစွာ မြင်ပေသည်။

ထို့ကြောင့် အခွင့်ကောင်းကို အမြဲတမ်း လက်မလွှတ်သော ဆိုဗီယက်ရုရှား၏ခေါင်းဆောင် စတာလင်သည် ပြီးခဲ့သည့်နှစ်သစ်ကူးနေ့တွင် ဂျပန်လူထုအား ရည်စူး၍ နှစ်သစ်ကူးစကား လက်ဆောင်ပါးခဲ့သည်ကို ကျွန်ုပ်တို့ ဂရုပြုမိသည်ထက် အမေရိကန်တို့က ပိုမို၍ ဂရုစိုက်မိကြပေလိမ့်မည်။

ထိုမျှမကသေး... ဂျပန်လူထုအတွက် တော်လှန်ရေးလမ်းစဉ်ကို ဆိုဗီယက်ရုရှားတို့က မျက်ရိပ်ပြလိုက်သည့်အချက်တစ်ချက်မှာ ၁၉၅၁-၅၂ ခုနှစ်အတွက် ရုဘယ်လ်ဒင်္ဂါး တစ်သိန်းတန် စတာလင်၏ ငြိမ်းချမ်းရေးဆုကို ဆိုရှယ်လစ်ပါတီဝင် အိကူမိုအိုယာမအား ချီးမြှင့်လိုက်သည့်အချက်ဖြစ်သည်။ ဤအချက်သည် ဂျပန်ပြည် နိုင်ငံရေး၏ အနာဂတ်အတွက် ထူးခြားလာနိုင်သော အချက်တည်း။

အိုယာမသည် တိုကျိုမြို့၊ ဝါဆေဒါတက္ကသိုလ်မှ ပါမောက္ခတစ်ဦး ဖြစ်သည်။ ၁၉၂၆ ခုနှစ်တွင် ဂျပန်ပြည်ရှိ ဆင်းရဲသားလူထု၏ အင်အားအကြီးမားဆုံးဖြစ်သော လယ်သမားပါတီ၏ဥက္ကဋ္ဌဖြစ်ခဲ့သည်။

ထိုအချိန်ကား ဂျပန်နယ်ချဲ့စနစ်ရောဂါတက်နေသော အချိန်တည်း။ ထိုအချိန်တွင် ဂျပန်တို့သည် မန်ချူးရီးယားကို အပိုင်စီးရန် ပြင်ဆင်နေသော အချိန်ဖြစ်သည်။ ထိုအချိန်တွင် ဂျပန်စစ်ဘီလူးတို့ ဆွယ်ရောင်ပြနေသော အချိန်ဖြစ်သည်။ ထိုအချိန်တွင် အိုယာမ၏ အလုပ်သမား လယ်သမားပါတီသည် တစ်မျိုးသားလုံးဆိုင်ရာ အလုပ်သမား လယ်သမားလူထုပါတီနှင့် ပူးပေါင်းကာ ဂျပန်၏ စစ်ဝါဒကို အတိုက်အခံ ပြုနေသော အချိန်ဖြစ်လေသည်။

မန်ချူးရီးယားကို ဂျပန်စစ်ဘီလူးတို့က မုဒိမ်းကျင့်ပြီးသည့်နောက် ၁၉၃၂ ခုနှစ်ရောက်သောအခါ အိုယာမသည် ပြည်နှင်ဒဏ်သင့်သောကြောင့် အမေရိကန်ပြည်တွင် ခိုလှုံနေခဲ့ရသည်။

ထိုတစ်ချိန်လုံး၌ အိုယာမ၏ အမည်မှာ တိမ်မြုပ်ခဲ့သည်။

ဒုတိယကမ္ဘာစစ်တွင် ဂျပန်ရှုံးသောကြောင့် ခြွင်းချက်မရှိ လက်နက်ချရသော ၁၉၄၅ ခုနှစ်ရောက်ကာမှ အိုယာမသည် မိမိ၏ဒေသ ဖြစ်သော ဂျပန်ပြည်သို့ ပြန်လာနိုင်ခွင့်ရခဲ့ပေသည်။

အမေရိကန်ပြန် အိုယာမသည် ၁၉၄၉ ခုနှစ်၌ ဂျပန်ပြည်ကို မဟာမိတ် အာဏာပိုင်တို့ သိမ်းပိုက်ထားသော ကိစ္စကို အတိုက်အခံပြု ကာ တရားဟောလေသည်။ ထုံးစံအတိုင်း အဖမ်းခံရသည်။ ထို့နောက် ထုံးစံအတိုင်းဆိုသကဲ့သို့ပင် လွတ်ပြန်သည်။

၁၉၅၁ ခုနှစ်၌ ဂျပန်ကျောင်းသားတို့သည် ဟိရောဟိတောဟု အမည်တွင်သော ဂျပန်ဘုရင်ကို ဆန့်ကျင်ဘက်ပြုကာ ကျိုတို ယူနီဗာ စီတီတွင် ဆန္ဒပြခဲ့ကြသည်။ ထိုဆန္ဒပြပွဲ၌ အိုယာမ၏ နောက်လိုက် များက လှုံ့ဆော်ပေးသည်ဟု ဂျပန်အစိုးရက စွပ်စွဲချက် ရှိလေသည်။

ဂျပန်ပြည်ကိုစွန့်၍ မယ်တစ်ရွာ မောင်တစ်မြို့ နေခဲ့ရငြားသော် လည်း အိုယာမသည် ၎င်း၏အလုပ်သမားလယ်သမားပါတီဝင်တို့အား ကွန်မြူနစ်မိတ်ဆွေများနှင့်ပူးပေါင်းကာ နယ်ချဲ့အရင်းရှင် ဆန့်ကျင်ရေး စိတ်ဓာတ်တို့ကို လှုံ့ဆော်ပေးခဲ့သည်။ ထို့ကြောင့် စတာလင်ဆုကို ရသော အခါ သူသည် ကွန်မြူနစ်တစ်ဦးမဟုတ်စေကာမူ သူ၏ ရဲဘော်ကွန်မြူနစ် ခေါင်းဆောင်များအား အထူးသတိရမိသည်ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။

အမေရိကန်စစ်တပ်များက ဂျပန်ပြည်ကို သိမ်းပိုက်လိုက်သော အခါ အိုယာမက "ဆိုဗီယက်ယူနီယံ၌ အဏုမြူဗုံးများ လုပ်ကိုင်ရရှိထား နိုင်ခြင်းသည် ကမ္ဘာငြိမ်းချမ်းရေးအတွက် ဝမ်းသာစရာဖြစ်သည်" ဟု ဆိုသည်။ ထို့ပြင် "ဆိုဗီယက်၏ အဏုမြူဗုံးနှင့် မော်စီတုံး၏ တရုတ် ပြည်သူ့သမ္မတနိုင်ငံတို့သည် ကမ္ဘာ့ယဉ်ကျေးမှုရာဇဝင်ပြောင်းအောင် ဖန်တီးခဲ့သည်" ဟူ၍လည်း သူက ဆိုသည်။

ဤရဲရဲတောက်စကားကြောင့်ပင်လျှင် စတာလင်ဆုကို ရနိုင်ခဲ့သည်မှာ အိုယာမအဖို့ အံ့ဩဖွယ် မဖြစ်သင့်ချေ။

သို့သော် နောင်အခါ ဂျပန်နိုင်ငံရေးသည် မည်သည့်ဘက်သို့ ယိုင်လိမ့်မည်ကို ခန့်မှန်းကြည့်နိုင်သောအချိန်၌ အိုယာမ၏ စတာလင်ဆုသည် ဂျပန်အဖို့ အံ့ဩဖွယ်ရာ ဖြစ်လာပေလိမ့်မည်။

အိုယာမသည် စတာလင်ဆုကို ရသောအခါ ဂျပန်လွှတ်တော်၏ ကောင်စီလာခေါ် အမတ်တစ်ဦးဖြစ်သည်။ ယခုလည်း လွှတ်တော်အမတ်ပင်ဖြစ်၏။ ၎င်းသည် နေရှူး၏ ပြည်တွင်းရေးဝါဒကို သဘောမတွေ့စေကာမူ နေရှူး၏ နိုင်ငံခြားရေးဝါဒကိုမူကား ချီးကျူးခဲ့သည်။

အာရှတိုက်၌ အရင်းရှင်စနစ်ရှိသရွေ့ ကာလပတ်လုံး အာရှ၏ လွတ်မြောက်ရေး ဟူသည်မှာ အဓိပ္ပာယ်နတ္ထိဖြစ်သည်ဟု အိုယာမက စကားပလ္လင်ခံပြီးနောက် "နေရှူး၏ နိုင်ငံခြားရေးဝါဒမှာ အာရှတိုက်မှ အရင်းရှင်ခေါင်းပုံဖြတ်စနစ်ကို သံပုံးတီး၍ တောထုတ်ခြင်းပင် ဖြစ်သည်" ဟု ချီးကျူးခဲ့လေသည်။

ယခုအချိန်၌ စတာလင်၏ငြိမ်းချမ်းရေးဆုသည်လည်းကောင်း၊ အိုယာမ၏ အထုမြူ ချီးကျူးခန်းသည်လည်းကောင်း။ ကျွန်ုပ်တို့အဖို့ များစွာ အရေးပါအရာရောက်လောက်သည် မဟုတ်။ သို့သော် ဤခေတ် ဤအချိန်၌ တည်ဆဲဖြစ်သော ဂျပန်ပြည်တွင်း နိုင်ငံရေး ပြဒါးချိန်နှင့် ဂျပန်နိုင်ငံရေးအပူရှိန်ကို ချိန်ကြည့်ခြင်းအားဖြင့် အာရှလွတ်မြောက်ရေး၌ သူမပါဘဲ မပြီးနိုင်သော ဂျပန်သည် တစ်နေ့ကျသော် မည်သို့ အလားအလာရှိချေမည်ကို ခန့်မှန်းနိုင်ကြစေရန်အလို့ငှာ ဂျပန်ပြည်၏ ယနေ့ အဖြစ်အပျက်တစ်ခုကို ကောက်နုတ်ချက်ပြု၍ ရေးသားလိုက်ရသတည်း။

သွေးသောက်၊ အမှတ် ၇၄၊ မတ်၊ ၁၉၅၂

❐

## လီမီး၏သတင်းများ

ကျွန်တော် ဤဆောင်းပါး ရေးရန် သတင်းဖိုင်တွဲများ လှန်လှော ရှာဖွေနေခိုက်တွင် ဘန်ကောက်လေးပြည်ထောင် ကွန်ဖရင့်ပဏာမ ဆွေးနွေးပွဲတို့သည် အဆုံးသို့တိုင်ခဲ့ပြီ။ ထို့ကြောင့် သာမန်အားဖြင့် တွေးကြည့်လျှင် လီမီး၏တပ်များအကြောင်းကို ကျွန်တော် မှတ်တမ်းတင်သော်လည်း အပိုပင်ဖြစ်နေပေလိမ့်မည်။

သို့သော် စဉ်းစားဖွယ်နှစ်ချက်ရှိ၏။ တစ်အချက်မှာ ကျွန်တော်များဘက်မှ မြန်မာကိုယ်စားလှယ်က တိကျမှန်ကန်သော အချက်အလက်များကို တင်ပြပြီးလျှင် အကျိုးသင့်အကြောင်းသင့် စကားတို့ကို ဆိုခဲ့ခြင်းဖြင့် ပဏာမ၌ ပွဲအဝင်လှစေကာမူ တရုတ်ဖြူ ဆုတ်ခွာရေးကိစ္စမှာ ပြီးမြောက်ပြီဟု မဆိုသာ။ ရှေ့ဆက်၍ လုပ်စရာအများရှိသည်။

နှစ်အချက်မှာ ဗွန်လထုတ် မြဝတီတွင် ပါရှိသော တရုတ်ဖြူတို့၏ ကျူးကျော်စော်ကားမှုကဲ့သို့သော စာတမ်းမျိုးသည် ရာဇဝင် အမှတ်အသား၌ များစွာအသုံးဝင်လေရကား ထိုရာဇဝင်အမှတ်အသားကို ကူညီထောက်ပင့်ပေးသော နောက်ဆက်တွဲဟူသမျှမှာ အပိုဟု မဆိုနိုင်ရာ။

ကျွန်တော်သည် ၁၉၄၉ ခုနှစ် ကုန်ခါနီးကစ၍ တရုတ်ဖြူ ကျူးကျော်မှုတို့ကို အကဲခတ်ကြည့်ခဲ့သည်။ သို့သော် ထိုစဉ်အခါက ပြည်ထောင်စုအစိုးရမှာ ပြည်တွင်းသူပုန်များကိုသာ အရေးထား၍ နှိပ်ကွပ်နေရဆဲဖြစ်သောကြောင့် တရုတ်ဖြူသတင်းများမှာ တိမ်မြုပ်နေခဲ့သည်။ သို့သော် ၁၉၄၉ မှ ၁၉၅၀ သို့ အကူးတွင် မြန်မာနယ်စပ် တရုတ်ဖြူစစ်ပြေးလှုပ်ရှားမှုတို့မှာ မသိချင်သော်လည်း မနေရသည့် အခြေသို့ ဆိုက်လာခဲ့သည်။

ဤအချိန်တွင် ဗမာ့တပ်မတော်ကား မေဂျာ ဂျင်နရယ်–လီမီး၏ အမှတ် (၈) တပ်၊ လက်ဖတင်နင် ဂျင်နရယ်လျူကို ချွမ်နှင့် မေဂျာ ဂျင်နရယ် မာချောရီ၏ အမှတ် (၂၆) တပ်၊ မေဂျာ ဂျင်နရယ်–လျူချင်ဆွန်း၏ အမှတ် (၉၃) တပ်တို့နှင့် စစ်ရေးပြနေသော အချိန်ဖြစ်သည်။ ထိုအချိန်ကား စစ်ရေးကို ပြရုံသာ ပြနိုင်သော အချိန်ဖြစ်ရကား 'စစ်ပြေးပါ' ဟူသော အကြောင်းပြချက်ဖြင့် တရုတ်ဖြူတို့ မြန်မာနယ်သို့ ဝင်လာသည်ကို သုံ့ပန်းအဖြစ် ဖမ်း၍ ထောင်ချထားနိုင်ရုံမျှသာ ရှိခဲ့ပေသည်။ အထူးသဖြင့် ပြည်တွင်းရန်ကို နှိမ်နေသည့် ကြားထဲတွင် တရုတ်ဖြူတပ်တို့က ဝင်၍ ရှုပ်နေသည်ဖြစ်ရာ ၁၉၅၀ ပြည့်၊ ဇူလိုင်လမတိုင်မီတွင် ပြည်ထောင်စုအစိုးရက ပြည်မြို့ကို သိမ်းရန် အားထုတ်သည့်အခါ တရုတ်ဖြူက တစ်မျောင့်ဖြစ်ခဲ့သည်။ သို့သော် နောက်ဆုံး၌ ပြည်မြို့ကို သိမ်းနိုင်ပြီဟုဆိုသော အချိန်၌ တရုတ်ဖြူရန်ကို စိုးရိမ်ဖွယ် မရှိဟူ၍ ထင်မှတ်လာခဲ့ကြပေသည်။

သို့ရာတွင် ၁၉၄၇–၄၈ ခုနှစ်၌ ချန်ကေရှိတ်၏ တရုတ်အမျိုးသားအစိုးရဘက်က ကျွန်တော်တို့ မြန်မာ့နယ်နိမိတ်အတွင်းရှိ စတုရန်းမိုင်ပေါင်း နှစ်သောင်းကျော်မှာ ရာဇဝင်အရ သူတို့ပိုင်နယ်မြေဖြစ်သည်ဟု စွပ်စွဲခဲ့သည်ကို အမှတ်ရသောကြောင့် ထိုစဉ်ကာလကပင် စိတ်မချ ဖြစ်

ခဲ့သည်။

ထို့ကြောင့် နိုင်ငံခြားမှ လာသော (အထူးသဖြင့် အရှေ့ဘက် နိုင်ငံများမှ လာသော) သတင်းများကို ကောင်းစွာ ရှာဖွေစိစစ်ခဲ့သည်။ ယခု ဤစိစစ်ချက်တို့သည် တရုတ်ဖြူကျူးကျော်မှု သက်သေခံ နောက်ဆက်တွဲအဖြစ်ဖြင့် အသုံးချ၍ ရကောင်းပေသည်ဟု ယုံကြည်ပါသည်။

တရုတ်ဖြူစစ်တပ်တို့သည် ယူနန်ကို စွန့်၍ မြန်မာနယ်စပ်သို့ ဝင်ပြေးလာသော်လည်း အာဂန္တုကဲ့သို့ မနေ။ အိမ်ရှင်ကို အားနာခြင်းလည်း မရှိ။ ထို့ကြောင့် တပ်မတော်သားတို့နှင့် တွေ့ကြလေရာ ကိုမင်တန်တပ်သား နှစ်ရာကို ဖမ်းမိလေသည်။ ထို့ကြောင့် ဂျင်နရယ်လီမိုးက ဗမာ့တပ်မတော်ကို ဇွန်လ ၈ ရက်နေ့၌ ရာဇသံပေးလေသည်။ ထိုအချိန်လောက်၌ ဘန်ကောက်မြို့ 'လက်မွန်' သတင်းစာက ၂၆ နံပါတ်တပ်၏ နှစ်သောင်းကျော်မျှသော တပ်သားတို့က မြန်မာစစ်တပ်ကို တိုက်နေသည့် သတင်းရေးလေသည်။

ဤသတင်းသည် အနည်းငယ် အနယ်ထိုင်သွားသောအခါ ဘန်ကောက်မြို့မှ သတင်းအကျယ်တစ်ရပ်ကို ကျွန်တော် ရခဲ့ပါသည်။

ထိုသတင်း၏သဘောကို နားလည်ရန် နောက်ခံသတင်းကို ပြောရဦးမည်။ အများသိကြသည့်အတိုင်း ၁၉၅၀ ပြည့်နှစ်၊ ဇွန်လ၌ ကိုရီးယားအရေးတော်ပုံ ပေါ်ခဲ့သည်။ ထိုအရေးတော်ပုံပေါ်သည်နှင့် တစ်ပြိုင်နက် တိဘက်၊ မြန်မာ၊ အင်ဒိုချိုင်းနား၊ ယိုးဒယားတို့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်စစ်တပ်တို့က သိမ်းပိုက်လိုက်လိမ့်မည်ဟု အနောက်နိုင်ငံကြေးနန်းသတင်းဌာနတို့က 'ဘေးတီး' ပေးကြသည်။

မြန်မာပြည်၌ကား... တရုတ်ပြည်သူ့သမ္မတ ကျူးကျော်မှာကို မကြောက်ရဘဲ တရုတ်အမျိုးသားသမ္မတ ကျူးကျော်စပြုလာပြီကို ခံစားနေရသည်။ သို့သော် ယိုးဒယားက တုန်လှုပ်သော ဟန်အမူအရာကို

ပြသည်။ ယိုးဒယားသည် ကုလသမဂ္ဂကို အကြွင်းမဲ့ထောက်ခံရုံမျှမက သေး ကုလသမဂ္ဂတပ်သားများစားရန် ဆန်ကိုပင် ပေးပို့ပါမည်ဟု လောကွတ်စကား ပြောသည်။ ထိုစဉ်က ဘန်ကောက်၌ အမေရိကန် သံအမတ်မှာ ယခုလက်ရှိ အက်ဒွင်–အက်ဖ်–စတင်တန်ပင် ဖြစ်သည်။ စတင်တန်က ဝန်ကြီးချုပ်–ဖီးဘူလ်ဆွန်ကရမ်အား ဤအတွက် ကျေးဇူး တင်လှပါပြီ။ ဆန်ကို ယခု မလိုသေးပါဟု ပြန်ပြောခဲ့လေသည်။

ယင်းသို့ လောကွတ်စကား ပြောကြားနေချိန်၌ မြန်မာနိုင်ငံတွင် တရုတ်အမျိုးသားတပ်တို့ စုရုံး နေသည်ဟူသော သတင်းသည် ဘန် ကောက်၌ ပျံ့နှံ့လာရာ ယိုးဒယားတို့သည် အနည်းငယ် မနေတတ်– မထိုင်တတ် ဖြစ်သွားဟန် တူသည်။ မနေတတ်–မထိုင်တတ် ဖြစ်သွား သည် ဆိုသည်မှာ မြန်မာနိုင်ငံကို ကျူးကျော်သောအမှုအတွက် ဟုတ် ဟန်မတူ။ မြန်မာနှင့် ယိုးဒယားနယ်စပ်၌ ဖြစ်ပွားသော အခြင်းအရာတို့ ကြောင့် ယိုးဒယားပါ အကျူးကျော်ခံရပြီးလျှင် တရုတ်ဖြူ၏ ဓာတ်ရှုပ် ထဲ ပါဝင်မည် စိုးသောကြောင့် နေမထိ ထိုင်မသာ ဖြစ်ဟန်တူပေသည်။

သို့သော် တရုတ်ဖြူတပ်သားနှစ်ထောင်ခန့်တို့သည် ပြင်သစ်နှင့် နားလည်မှုကိုယူပြီးနောက် အင်ဒိုချိုင်းနားဘက်သို့ဝင်မည်ဟု ဘန်ကောက် သတင်းတစ်ရပ်က ဆိုသောကြောင့် ယိုးဒယားသည် စိတ်သက်သာရာ ရခဲ့၏။

ထို ဘန်ကောက်သတင်းအရ ခြေရာကောက် ကြည့်သော် မြန်မာ နှင့် အင်ဒိုချိုင်းနားနယ်စပ်တွင် တရုတ်ဖြူတို့ ပျံ့နှံ့လာပြီး အင်ဒိုချိုင်းနား ဘက် ဝင်ကာ လက်နက်ချရန် ဟန်ပြင်နေသည်ဟု ဆိုသည်။ ဤအချိန် ၌ ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရမှာ တရုတ်ဖြူ စခန်းချသည့် နေရာ တစ်ဝိုက်၌ စစ်တပ်ချရန် ကိစ္စကို ကောင်းစွာမလုပ်သဖြင့် တရုတ်ဖြူ တို့မှာ ထင်ရာကြဲနေကြသည် ဟူ၍ပင် ထိုသတင်းက ဆိုထားပြန်သည်။

ဤအချိန်၌ တရုတ်ဖြူတို့ ကျိုင်းတုံ ရောက်နေလေပြီ။ မကြာမီပင်လျှင် ၎င်းတို့က တာချီလိတ်ကို သိမ်းပိုက်လိုက်ကြသည်။

တရုတ်ဖြူ ဤသို့ စခန်းချရာတွင် မဲဆိုင်းမြို့မှာ တပ်စွဲသော တရုတ်ဖြူများကို အမှီပြု၍ အတော်စည်ကားပြီး စီးပွားဖြစ်သည်ဟု အဆိုပါ ဘန်ကောက်သတင်းဌာနက ဆိုပြန်သည်။

သို့သော် ထိုအချိန်၌ ဂျင်နရယ်-လီမီးသည် သတင်းမကြီးသေး ပေ။ အရှေ့ဖျားမှ သတင်းဌာနတို့က လီမီးကို အရေးထား၍ နာမည်ဖော် မပေးသေးချေ။ တစ်နည်းအားဖြင့်ဆိုသော် လျှို့ထားသည်ဟု ဆိုရမည်။

ဤအတွင်း ဖော်မိုဆာက ဘာများ လုပ်နေပါသနည်း။

မြန်မာနှင့် ဖော်မိုဆာမှာ သတင်းအဆက်အသွယ်များစွာ ရှိလှ သည် မဟုတ်။ ဖော်မိုဆာကလည်း ကျိတ်ကြိတ်နေသဖြင့် ဘာသတင်းမျှ မထွက်။ သို့သော် တစ်ခု ထူးခြားသည်မှာ ဖော်မိုဆာသည် 'မျှော်သွေး စမ်း' သော သတင်းများကို အမြဲတမ်း လွှင့်တတ်သည်။ ဖော်မိုဆာ၏ သတင်းပေးနည်းမှာ ဂျပန်နည်းဖြစ်သည်။ `

သို့သော် ၁၉၅၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် တိုင်ပေ မှ စိတ်ဝင်စားဖွယ် သတင်းတစ်ရပ် ထွက်လာသည်။ ထိုအချိန်လောက် တွင် မက်အာသာ၏ ပေါ်လစီအရ မြောက်ကိုရီးယားကို အပြုတ်ဆော်၍ ဖော်မိုဆာမှနေပြီး တရုတ်ပြည်မကြီးကို တက်ရန်အတွက် 'မျှော်သွေးစမ်း' သတင်းများကို ကျွန်တော်တို့ ဖတ်ရပေပြီ။ သို့သော် အနုစိတ် သတင်း မှာ ကောင်းစွာ မသိကြရသေးပေ။

ထိုစိတ်ဝင်စားစရာသတင်းကား တရုတ်ပြည်မကို တက်တိုက် နိုင်ရန်အတွက် အာရှတိုက်တစ်တိုက်လုံး၏ ကွန်မြူနစ်-ဆန့်ကျင်ရေး နိုင်ငံအားလုံးတို့ စုပေါင်းစည်းလုံးရမည်၊ တိုင်ဝမ် (ဖော်မိုဆာ) မှ နေ၍ တရုတ်အမျိုးသားတစ်ဦးတည်း တက်တိုက်၍ မဖြစ်နိုင်ဟု ချန်ကေရှိတ်

က တိုင်ပေတွင် ထုတ်ပြောသော သတင်းဖြစ်သည်။

ထိုသတင်းအရ သိရသည်ကား ထိုအချိန်၌ သင်ကြားပြီးသား တရုတ်အမျိုးသား စစ်သားငါးသိန်းရှိပြီ။ ၎င်းအနက် တစ်ဝက်ကို တရုတ်ပြည်မကြီးသို့ တက်တိုက်ခိုင်းမည်။ သို့သော် အမေရိကန် လက်နက်ပစ္စည်းရမှ တက်တိုက်မည်။ တရုတ်ပြည်မ၌ ကွန်မြူနစ်ဆန့်ကျင်ရေး စိတ်ဓာတ် သွေးပူနေတုန်း တရုတ်ပြည်မသို့ တက်၍ ဒုတိယ–စစ်မျက်နှာ ဖွင့်နိုင်မှ ကောင်းမည်ဟူလေသည်။

ဤကား အမေရိကန်ကို လက်နက်ပေးရန် စကားခေါ်ခြင်း၊ ကွန်မြူနစ် ဆန့်ကျင်ရေးသမားများကို အဖော်ညှိခြင်း ဖြစ်သည်။ ဒုတိယ – စစ်မျက်နှာ ဖွင့်ရေးအတွက် မြန်မာနိုင်ငံ၌ တရုတ်ဖြူကျူးကျော်သမားတို့ကို ခြေကုပ်ရပြီးဖြစ်သည်ဟု ဖော်မိုဆာက သဘောပိုက်ပြီး ဖြစ်ဟန်တူလေသည်။ သို့သော် လီမီး၏ကိစ္စကို ပြောင်ပြောင်ကြီး ဖွင့်၍ ပြောခဲ့လှသောကြောင့် စောင့်ကြည့်ရန် လိုနေသည်။

ဖေဖော်ဝါရီလကုန်ခါနီးလောက်၌ကား တရုတ်အမျိုးသား အစိုးရ၏ ရည်ရွယ်ချက်တို့ကို အားပေးအားမြှောက်ပြုသည့် အသင်းတစ်ခုသည် ထင်ထင်ရှားရှား အမည်ခံ၍ ပေါ်လာသည်။ သတင်းတစ်ရပ် အဆို၌ ဓာတ်သိတို့က ဖော်မိုဆာသာမက အခြားနိုင်ငံတို့ကလည်း ကွန်မြူနစ်–ဆန့်ကျင်ရေးအင်အားစုထဲ ဝင်နိုင်လျှင် ဝါရှင်တန်က ကူညီလိမ့်မည်ဟု ထင်ကြေးပေးနေကြသည်ဟု ဆိုသည်။ ဤအတွင်း 'လွတ်လပ်သော တရုတ်ပြည် အသင်း' ကို ဟောင်ကောင်မြို့၌တည်ထောင်လိုက်သည်။ ထိုအသင်း၏ ရည်ရွယ်ချက်မှာ ဖော်မိုဆာမှအပ ဖြစ်သော အခြားနိုင်ငံတို့တွင် ရှိသည့် 'Overseas Chinese' ခေါ် ပင်လယ်ရပ်ခြား တရုတ်အမျိုးသားများကို ကွန်မြူနစ်ဆန့်ကျင်ရေး တိုက်ပွဲထဲသို့ သိမ်းသွင်းရန် ဖြစ်သည်။ ထိုအသင်း၏ လုပ်ငန်းနှင့် ထိုအသင်း၏ တည်ရာ

ဌာန (ဟောင်ကောင်) ကို သတ်မှတ်သည့် ကိစ္စတို့ကို ကိုမင်တန်အဖွဲ့၏ ရီဖောင်းကော်မီတီ (ပြုပြင်ရေးအဖွဲ့) က ဆုံးဖြတ်ပေးသည်ဟု သတင်းအရ သိရပေသည်။

ထိုသတင်းသည် တိုင်ပေမှ လာသော သတင်းဖြစ်သည်။ ရှေ့နှင့်နောက်ဆက်၍ စဉ်းစားကြည့်လျှင် ပင်လယ်ရပ်ခြား တရုတ်အမျိုးသားများအား လှုံ့ဆော်ပေးရေး၌ ကိုမင်တန်၏လက်ချက် မည်မျှပါဝင်သည်ကို တွေ့ရလိမ့်မည်။

ဤအတောအတွင်း၌ မာဒမ်ချန်ကေရှိတ်ကို အတွေ့မခံခဲ့သော အမေရိကန်အစိုးရသည် ချန်ကေရှိတ်ကို ပဋိသန္ဓာရ စကားပြန်လည်ပြောကြားစ ပြုနေပေပြီ။ အမှန်မှာ ဖော်မိုဆာရှိ တရုတ်အမျိုးသား အစိုးရသည် အမေရိကန်ထံမှ အထောက်အပံ့ရရန် မျှော်ကိုး၍ တရုတ် ပြည်မကို တက်တိုက်မည်ဟူသော အကြောင်းပြချက်ဖြင့် ဟန်ရေးဝါရေး ပြခဲ့သည်မှာ ပြကျိုးနပ်ဖို့ပင် ဖြစ်လာခဲ့ချေပြီ။ ၁၉၅၁ ခုနှစ်ဆန်းစတွင် ဂျင်နရယ်မက်အာသာ၏အကြံမှာ မြောက်ကိုရီးယားကို သိမ်းပိုက်၍ မန်ချူးရီးယားကို တိုက်ခိုက်ရန် အကြံဖြစ်သည်။ ယင်းသို့ တိုက်ခိုက်နေစဉ်တွင် တရုတ်ဖြူကလည်း တရုတ်ပြည်မသို့ တက်လိုလျှင် တက်နိုင်စေရန် အားပေးအားမြောက်ပြုမည်ဖြစ်သည်။ ထို့ကြောင့် ဂျင်နရယ် မက်အာသာသည် မေဂျာ ဂျင်နရယ်–ဖောက်(က်စ်) (Major General Fox) ကို ဖော်မိုဆာသို့ စေလွှတ်၏။ ထိုအချိန်၌ တရုတ်အမျိုးသားအစိုးရကာကွယ်ရေးဌာနက စစ်မက်ရေးရာအတွက် လိုအပ်သော လက်နက်ပစ္စည်းတို့ကို စာရင်းပေးထားပြီးဖြစ်သည်။ မေဂျာဂျင်နရယ်–ဖောက်(က်စ်)၏ အစီရင်ခံစာမှာ တရုတ်အမျိုးသား အစိုးရကာကွယ်ရေးဌာန၏ စာရင်းအင်းတို့နှင့် ကိုက်ညီသဖြင့် မေလတွင် ဂျင်နရယ်–ချေ့စ် (General Chase) နှင့် ဒေါက်တာရေမွန်မွိုင်ယာ (Dr. Raymond Moyer)

တို့ကို တရုတ်အမျိုးသားနိုင်ငံ အီးစီအေမစ်ရှင်အဖြစ်ဖြင့် စေလွှတ်ခဲ့ပြန်သည်။

ထိုမစ်ရှင်ပြန်သွားချိန်၌ တိုင်ပေမြို့တွင် အမေရိကန်အစိုးရသည် တရုတ်အမျိုးသားအစိုးရအား ဒေါ်လာသန်းပေါင်း ၃၀၀ မျှကို အထောက်အပံ့ပေးလိမ့်မည်ဟု သတင်းဖြစ်ပွားလာသည်။

အမေရိကန်သည် ထိုအချိန်၌ စစ်ပစ္စည်းတို့ကို အာရှအရှေ့ဖျားသို့ ဒရောသောပါး ပို့နေချိန်ဖြစ်သည်။ ထိုသို့ပို့ရာ၌ ဖော်မိုဆာသည် စခန်းတစ်ခုဖြစ်ရာ ဖော်မိုဆာဆိပ်ကမ်းကို အမြန်ဆုံး တိုးတက်အောင် ပြုပြင်ရမည်ဖြစ်သည်။ ဂျင်နရယ်–ချေ့စ်၏မစ်ရှင် အလုပ်စ၍ လုပ်နေသည့်အတွင်း၌ပင်လျှင် ဖော်မိုဆာကမ်းခြေသို့ အမေရိကန် စစ်ပစ္စည်းများ တန်ချိန် ခြောက်ထောင်မျှ ရောက်ပြီးဖြစ်လေသည်။ အခြား စစ်ထောက်ပံ့ရေးပစ္စည်းများကိုလည်း တသွင်သွင် ပို့ရဦးမည်ဖြစ်ရာ စောစောပိုင်းကပင်လျှင် ဝါရှင်တန်က အီး–စီ–အေအကူအညီကို တရုတ်အမျိုးသားအစိုးရအတွက် ဒေါ်လာ ၃၈၆ သန်း သတ်မှတ်ပြီးဖြစ်ရကား ဂျင်နရယ်–ချေ့စ်၏ထောက်ခံချက်ဖြင့် နောက်ထပ် ဒေါ်လာ ၄၁ သန်း ရလိမ့်ဦးမည်ဟု တိုင်ပေသတင်းဌာနက မျှော်လင့်လျက်ရှိလေသည်။

ယခုအခါ ဂျင်နရယ်–လီမီးဟု ကျော်ကြားနေသော မေဂျာ–ဂျင်နရယ် လီမီးသည် မြန်မာပြည်ထောင်စုအတွင်းသို့ ကျူးကျော်ခြင်းဖြင့် စခန်းထရန် တာစူနေခိုက် ၎င်း၏နောက်ပိုင်း၌ရှိသော ဘန်ကောက်၊ ဟောင်ကောင်၊ တိုင်ပေ၊ ဝါရှင်တန်တို့၏ နောက်ခံကားမှာ ယင်းသို့ဖြစ်နေသည်။ ဤအတွင်း ကျွန်တော်မှတ်မိသမျှဆိုလျှင် လီမီး၏သတင်းသည် ကြိုကြားကြိုကြားနှင့် တစ်ခါ–နှစ်ခါလောက် ခေါင်းပြူ၍ ထွက်လာခဲ့သည်။ သို့သော် လီမီးကို သတင်းစာတို့က များစွာ အရေးမပေးကြသေး။ မြန်မာနိုင်ငံအစိုးရဘက်မှဆိုလျှင် လီမီးကို အမည်အားဖြင့်

ထုတ်ဖော်ပေးရလောက်အောင် အရေးကြီးလာပြီဟု ယူဆဟန် လက္ခဏာ မရှိသေးချေ။

သို့သော် ဟောင်ကောင်သတင်းဌာနတစ်ခုမှ လာသော သတင်း တစ်ရပ်ကိုမူ ကျွန်တော်တို့သည် အမှုမထားလောက်ဟု မယူဆနိုင်တော့ ချေ။

ထိုသတင်းမှာ ၁၉၅၁ ခု၊ ဩဂုတ်လဆန်းတွင် ပေါ်ပေါက်လာ သော သတင်းတစ်ရပ်ဖြစ်သည်။

ထိုသတင်းအရမှာ လီမီး၌ နောက်လိုက်နောက်ပါ စစ်သား ၁၅,၀၀၀ ရှိသည်ဆိုကြောင်း၊ ဟောင်ကောင်မြို့ရှိ နိုင်ငံရေးသတင်းဝေဖန် သူတို့အမြင်၌ လီမီး၏လုပ်ငန်းသည် လောလောဆယ် ခဏအဖို့၌ စစ်မက်ရေးရာထက် နိုင်ငံရေးရာ၌ ပိုမိုအရေးရောက်နိုင်လိမ့်မည်ဖြစ် ကြောင်း၊ ယူနန်နယ်ထဲသို့ လီမီးက ခြောက်ဆယ့်ငါးမိုင်မျှ ထိုး၍ ဝင် သည်မှာ အနှောင့်အယှက်ပေးရုံမျှအတွက် စီစဉ်သည် မဟုတ်ဘဲ နှစ် ရှည်လများ ကြိုတင်စီမံထားခြင်းသာ ဖြစ်ကြောင်း စသဖြင့် ဖော်ပြထား လေသည်။

ထိုသတင်း၌ နိုင်ငံရေးအကဲဖြတ်သမားများက အမေရိကန်သည် တရုတ်အမျိုးသား–အစိုးရကို စစ်ပစ္စည်းအကူအညီပေးသည် မပေးသည် ဤနှစ်လီကို တွေးတောသံသယရှိနေကြောင်း၊ အကယ်၍ ပေးရိုးမှန်လျှင် ပီကင်းအစိုးရကို တော်လှန်ရန် ပြည်မရှိ တရုတ်အမျိုးသား စစ်အကူ အညီ စတင်ပေးခြင်း ဖြစ်သည်ဟု ယူဆရပေလိမ့်မည်ဖြစ်ကြောင်း ရေး သားထားလေသည်။

ထိုမျှမကသေး တရုတ်ပြည်မရှိ တရုတ်ကွန်မြူနစ်တို့က တိဘက် နှင့် ကိုရီးယားတွင် ထိုးစစ်ဆင်နေသည့်အခါ လီမီးက ကွန်မြူနစ်တို့ကို ပြန်ချရမည်ဟု ဝါရှင်တန်က ပင်လျှင် ညွှန်ကြားထားလေရော့သလားဟု

တွေးတောပြောဆိုနေကြသည်ကိုလည်း ထိုသတင်းက ညွှန်ပြထားပြန်သည်။

ယင်းသို့ တွေးတောစဉ်းစားလောက်သည့် အချက်မှာ အခြားကြောင့် မဟုတ်၊ ဟောင်ကောင်ရှိ ခတ်သိများက ပေးသော သတင်းအရဖြစ်ဟန် တူသည်။ ၎င်းခတ်သိများ ရပ်ကွက်မှ သတင်းထွက်လာပုံမှာ ဝက်စပွိုင့်ကျောင်းထွက် (West Point Graduates) များသည် တရုတ်ပြည်မထဲတွင် ပြောက်ကျားတပ်များ စည်းရုံးရန် နယူးယောက်မြို့၌ လူစုလျက် ရှိကြောင်း၊ ထိုလူစုက လီမီးကို ညွှန်ကြားချက်များ ပေးဟန်လက္ခဏာရှိကြောင်း ဟူ၍ဖြစ်သည်။

လီမီးက ယူနန်နယ်စပ်၌ စခန်းထသည့်အချိန်တွင် အင်ဒိုချိုင်းနား၌ တရုတ်အမျိုးသားတပ်မှ တပ်သားပေါင်း ၃၅,၀၀၀ သည် ကွမ်စီနယ်ကို တက်စီးရန် ဟန်ပြင်နေကြောင်း အဆိုပါသတင်းက ဆိုလေသည်။ သို့သော် အင်ဒိုချိုင်းနားနယ်ရှိ တရုတ်ဖြူ စစ်တပ်အကြောင်းကို ကျွန်တော်တို့ ဘာမျှမသိရချေ။ လီမီးသာလျှင် တစ်နေ့တခြား သတင်းကြီးလာလေသည်။ တိုင်ပေမြို့မှလည်း လီမီးကို သတင်း ကြီးလာအောင် အားတီးပေးလျက် ရှိသည်။ လီမီးတည်းဟူသော ကြမ်းပိုးကို လိပ်ဖြစ်အောင် တီးပေးသော တိုင်ပေမှ သတင်းတစ်ရပ်ကို ဩဂုတ်လကုန်ခါနီးတွင် ကျွန်တော်တစ်ဖန် ဖတ်ရှုရပြန်သည်။ ထိုသတင်းမှာ စကားကြီးစကားကျယ်ဖြင့် ဟိန်းထားလေရာ သူ့စကားအတိုင်း ကျွန်တော် ပြန်ပြောလိုပါသည်။

"ယူနန်နယ်စပ်တစ်လျှောက်ရှိ လီမီး၏ တရုတ်နီဆန့်ကျင်ရေးတပ်သားတို့၏ အကြီးအကျယ် အောင်မြင်ချက်တို့မှာ တရုတ်နီအကြီးအကျယ် ခေါင်းကိုက်စေဖို့ပင် ဖြစ်ကြောင်း"

"× × × × လျူဖိုးချင်၏ လေးနံပါတ်တပ် (Fourth Army

Corps)မှာ (တရုတ်ဖြူ) ပြောက်ကျားတို့၏ ဘေးရန်ကို တွန်းလှန်ရန် အတွက် ယူနန်အရှေ့ပိုင်းသို့ အမြန်လာခဲ့ရပြီဖြစ်ကြောင်း။

"x x x လီမီး၏ လူစုမှာ မူလက ယိုးဒယားရှိ ပြည်နယ်ရပ်ခြား တရုတ်အမျိုးသားတို့က ထောက်ပင့်ထားသော လူစုကလေး တစ်စုမျှသာ ဖြစ်သော်လည်း ယခုအခါ ကောင်းစွာ လေ့ကျင့်ပြီးကောင်းစွာ စစ်မက်လက်နက်တပ်ဆင်ထားသော တပ်သားပေါင်း ၁၅,၀၀၀ မှ ၂၀,၀၀၀ အထိ ပါဝင်သည့် တပ်ကြီးအဖြစ်သို့ ရောက်ရှိနေပြီ ဖြစ်ကြောင်း၊ ထိုမျှမကသေး လီမီး၏တပ်မှာ တစ်နေ့တခြား လူတိုး၍ လာပြီဖြစ်ကြောင်း၊ တရုတ်ပြည်မကြီးကို ပြန်လှန်တိုက်ခိုက်ရန်အတွက် ကွမ်စီနယ် တောတောင်ဒေသထဲတွင် ညပ်၍ ကျန်ရစ်ခဲ့သော ကွန်မြူနစ်ဆန့်ကျင်ရေးသမားများ၊ တော်လှန်ပုန်ကန်လိုသော ထိုနယ်ရှိ လူထုများနှင့် အင်ဒိုချိုင်းနားသို့ ဝင်ရောက်သွားသော တရုတ်အမျိုးသားတပ်သုံးတပ်ဟူသော သုံးဦးသားတို့သည် လီမီး၏လက်အောက်တွင် လူစုမိကြလိမ့်မည်ဖြစ်ကြောင်း။

"တရုတ်အမျိုးသားတပ် သုံးတပ်မှာ လူပေါင်း ၃၅,၀၀၀ ရှိ၍ ဂျင်နရယ်-ဟွန်ချီယေ (General Huang Chieh)က အုပ်ချုပ်ကြောင်း"။

အဆိုပါ တိုင်ပေသတင်း၌ လီမီးအင်အားတိုးတက်လာပုံကို အထက်ပါအတိုင်း ဖော်ပြပြီးနောက် လီမီးကို နယ်လူထုက အလိုအလျောက် အကူအညီပေးကြပုံကို တခမ်းတနားဖော်ပြထားလေသည်။ သို့သော် လီမီးအတွက် စလုံးစခု တွေ့ရသည့်အချက်တို့ကိုလည်း အောက်ပါအတိုင်း ဖော်ပြထားပြန်သည်။

"လီမီး၏ လူစုသည် တရုတ်နီဌာနချုပ်၏အမိန့်ဖြင့် ယူနန်နယ်သို့ အသံမပြုဘဲ တိတ်တိတ် ရွှေ့ပြောင်းလာသော **မြန်မာကွန်မြူနစ်တစ်သောင်း**ကိုမူ ရင်ဆိုင်ရဖွယ်ရှိကြောင်း၊ ထို ကွန်မြူနစ်တပ်သား

တို့သည် ယိုးဒယားမြောက်ပိုင်းအစွန်ရှိ (တရုတ်ဖြူ) ပြောက်ကျားတို့၏ အဆက်အသွယ်ကို ဖြတ်တောက်ရန် ကြံရွယ်ထားကြောင်း။

"(ထို့ပြင်) လီမီးအား အခက်အခဲဖြစ်စေသော အချက်တစ်ရပ်မှာ (၎င်း ယူထားသော) အခြေခံစခန်းပင် ဖြစ်ကြောင်း။ အခြေခံစခန်းမှာ ကြည်းကြောင်းဖြင့်လည်းကောင်း၊ လေကြောင်းဖြင့်လည်းကောင်း၊ ပြင်ပနှင့် ဆက်သွယ်၍ မရနိုင်သော ဒေသကို ရွေးထားကြောင်း၊ ထိုဒေသမှာ မြန်မာနှင့် ယူနန်နယ်စပ်ရှိ **နယ်နိမိတ် မသတ်မှတ်ရသေးသော ဒေသ** ဖြစ်ကြောင်း။"

အဆိုပါသတင်းက ယင်းကဲ့သို့ ရေးသားပြီးနောက် နယူးချိုင်းနားနယူးစ် အေဂျင်စီက လီမီး၏လုပ်ဆောင်ချက်တို့ကို ချဲ့ထွင်ရေးသားလျက် ရှိကြောင်း၊ လီမီး၏တပ်တွင် အမျိုးအမည်မဖော်ပြနိုင်သော လူမျိုးတို့က လေထီးတပ်ဖြင့် ကူညီသည်ဟု ရေးသားကြောင်း ဖော်ပြပြန်သည်။ ဤသတင်းကို ဖော်ပြသည်မှာ အမေရိကန်နယ်ချဲ့သမားတို့၏လက်ချက်ဖြစ်သည်ဟု တရုတ်နီက ဝါဒဖြန့်ကြောင်းကို ထင်ရှားစေရန် ဖော်ပြခြင်းဖြစ်လေသည်။ တစ်နည်းအားဖြင့်ဆိုသော် ယခင်က လီမီးကို အမေရိကန်တို့က အားပေးနေသည့် ယောင်ယောင်ရေးသားလာခဲ့သည့် အချက်ကို ထိုသတင်းဌာနက ပြည်ဖုံးကားချလို၍ ဤအချက်ကို ဖော်ပြခြင်းဖြစ်သည်ဟု ယူဆနိုင်ပေသည်။

သို့သော် လီမီးကို တရုတ်အမျိုးသားအစိုးရက အားပေးနေကြောင်းကိုမူ ဖုံးဖုံးဖိဖိ မလုပ်သေးချေ။

"(ယခင်ကဆိုလျှင်) တရုတ်အမျိုးသား–အစိုးရစစ်ဌာနတို့သည် လီမီး၏စွန့်စားချက်နှင့် ပတ်သက်လာလျှင် လီမီး၏လူစုကို စစ်ပညာသင်ကြားပေးရန်အတွက် တရုတ်အမျိုးသားအစိုးရ၏ထိပ်ဆုံး လူတော်များအထဲမှ တစ်ယောက်ကို ရွေး၍ လွှတ်ခဲ့သည်ဟု ဖွင့်ပြောသည်မှအပ

လုံး၀ ဘာမျှမပြောဘဲ မြုံနေခဲ့ကြောင်း။ သို့သော် ရုတ်တရက်ပင်လျှင် (လီမီးအကြောင်းနှင့် ပတ်သက်၍) ရုံးသုံး ထုံးစံအတိုင်း ကြေညာချက် တစ်ရပ်ထုတ်ပြန်လိုက်ကြောင်း။ ယင်းသို့ ထုတ်ပြန်ခြင်းမှာ ရိုးသားသော ရှေ့ဆောင်မှုနှင့် ခေတ်မီကျွမ်းကျင်မှု အကူအညီတို့ကို ရခဲ့ပါလျှင် တရုတ် စစ်သားတို့သည် အရည်အချင်းတွင် ထိပ်တန်းကျလာနိုင်ကြောင်းကို ဝါရှင်တန် စစ်ရေးရာဌာနတို့က သိရှိပါရန် ထုတ်ပြန်ခြင်းဖြစ်သည်ဟု အကဲဖြတ်သမားတို့က ယုံကြည်ကြကြောင်း။ × × × သို့သော် တရုတ် အမျိုးသားတပ်တို့မှာ လုံခြုံရေးကိစ္စကြောင့် လီမီး၏ ဆောင်ရွက်လှုပ်ရှား မှုတို့ကို တတ်နိုင်သမျှ ခပ်ကြာကြာလျှို့ဝှက်ထားလိမ့်မည် ဖြစ်ကြောင်း။

"ထို့ပြင် ယိုးဒယားမှရသောသတင်းတစ်ရပ်၌ ပါရှိ ၃၀ ပါဝင် သည့် တရုတ်လူမျိုးမဟုတ်သူ အရာရှိတစ်စုသည် ဒုတိယ–ကမ္ဘာစစ် အတွင်း ပြောက်ကျားစစ်ဆင်နည်း သင်ကြားပြသပေးလျက် ရှိ ကြောင်း× × "

ယခု ကျွန်တော် ဖော်ပြနေသော သတင်းများသည် ၁၉၅၁ ခုနှစ်၊ နှစ်ဆန်းစနှင့် ၁၉၅၁ ခုနှစ်၊ ဇူလိုင်–ဩဂုတ်မှစ၍ တရုတ်ဖြူတို့က မြန်မာ တို့ကို နှစ်ချီတိုင်တိုင် ထိုးစစ်ဆင်ခဲ့သော အချိန်နှင့် တိုက်ဆိုင်လျက် ရှိ သည်။ ၁၉၅၂ ခုနှစ် သည်ဘက်သို့ ရောက်သောအခါ တရုတ်ဖြူတို့၏ တတိယ–ထိုးစစ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်သို့ လုံးလုံး ခြေဦးမလှည့်ဘဲ ကျွန်ုပ်တို့ဘက်သို့သာ ခြေဦးလှည့်ခဲ့သည်။ ဤအချက် တို့ကို အကျယ်ရေးရန် မလိုပြီ။ လီမီးသည် တရားခံအဖြစ်ဖြင့် လူလုံး ပေါ်လာချိန်ဖြစ်၍ အများ သိပြီးဖြစ်သည်။

ယခု ကျွန်တော် ရေးသားခဲ့သည်တို့တွင် သတင်း၏အနက် အဓိပ္ပာယ်ကို ဖော်ပေးသည်မှအပ အခြားနေရာတို့၌ သတင်းကို အရင်း တိုင်း ပြန်၍ ဖောက်သည်ချပေးနေခြင်း ဖြစ်သည်။ ယခုမျက်မှောက်၌

ပေါ်ပေါက်ခဲ့သော အဖြစ်အပျက်များကို ကျွန်တော်ဖော်ပြခဲ့သော အတိတ် အဖြစ်အပျက်များနှင့် ပြန်လည် ဆက်စပ်ကြည့်ပါက အခြင်းအရာ အသွယ်သွယ်တို့၏ ကွင်းဆက်ကို တွေ့ကြရလိမ့်မည် ဖြစ်သည်။ ကျွန်တော်ကား သက်သေခံပစ္စည်းတစ်ရပ်ကို ပြည်သူလူထုတို့ရှေ့တွင် ချပြနေခြင်းမျှသာ ဖြစ်၏။ ကျွန်တော်၏အဆုံးအဖြတ်ကို ပေးရန် အကြောင်း မရှိချေ။

အထက်ပါသာဓကတို့တွင် ၁၉၅၁ ခုနှစ်၊ ဩဂုတ်လ တိုင်းပေ သတင်းတွင် ပါရှိသော တရုတ်အမျိုးသားအစိုးရက လီမီး၏ဆောင်ရွက် ချက် အကြောင်းကို ကြေညာသော ထုတ်ပြန်ချက်တစ်ရပ်မှာ မြန်မာနှင့် တရုတ်ဖြူအမှုတွင် အရေးပါသော သက်သေခံပစ္စည်းတစ်ရပ် ဖြစ်ပေ သည်။ မူလသတင်းတွင် ထိုထုတ်ပြန်ချက်ကို ရည်ညွှန်းရုံမျှသာ ရည် ညွှန်းသည်။ အကျယ်ကို မဖော်ပြပေ။ သုတေသနအလို့ငှာ ထိုအချက်ကို စုံစမ်းထောက်လှမ်းကြည့်ဖို့ လိုပေလိမ့်မည်။

သို့သော် တရုတ်ဖြူကျူးကျော်မှု၌ ပယောဂ–ဆရာကြီးများ၊ အထက်လမ်းဆရာများ၊ အောက်လမ်းဆရာများ၊ အောက်ပွဲနှိုက်၍ စား သူများ၊ မည်သူ–မည်ဝါဖြစ်သည်ကိုမူ ကျွန်တော်တို့ အထူး စုံထောက်ရန် လိုအံ့မထင်။ မလုံသည့် အိုးသည် တုတ်မိုးရုံမျှဖြင့် အာ၍နေသည်။

မြဝတီ၊ အတွဲ ၁၊ အမှတ် ၁၀၊ ဩဂုတ်၊ ၁၉၅၃

❒

## အရည်အချင်း တိုးတက်ရေး

လွှတ်လပ်ရေးတည်ဆောက်သည့်လုပ်ငန်း၌ အပိုင်းနှစ်ပိုင်း ရှိသည်။

တစ်ပိုင်းမှာ လွှတ်လပ်ရေးနှင့် ဆန့်ကျင်ဘက်ဖြစ်သော ပစ္စည်းအဟောင်းအဆွေးများကို ဖြိုဖျက်ရသော အပိုင်းဖြစ်၍ တစ်ပိုင်းမှာ လွှတ်လပ်ရေး တည်တံ့အောင် ဆောက်လုပ်ရသော အပိုင်းဖြစ်လေသည်။

လွှတ်လပ်ရေးကြိုးပမ်းမှု၌ ပထမပိုင်းသည် မလုပ်လျှင် မဖြစ်သော အပိုင်းဖြစ်လေသည်။ လွှတ်လပ်ရေးနှင့် ဆန့်ကျင်ဘက်ပစ္စည်းများသည် ဟောင်းနွမ်းဆွေးမြည့်သည်ဟုဆိုသော်လည်း အတော်ပင် တောက်ပြောင်လျက်ရှိသေးသည်။ ကျွန်ုပ်တို့ နိုင်ငံအဖို့ဆိုလျှင် ရှေးက မျက်နှာပွင့်ခဲ့သော မင်းစိုးရာဇာစိတ်တို့မှာ ကျားမ ကြီးငယ်မရွေး အလွန်သွားရည်ယိုစရာ ဖြစ်ခဲ့သည်။

ထို့ကြောင့် ယခုလွှတ်လပ်ရေးဟူသော ဗိမာန်သစ်ကို ဆောက်နေကြစေကာမူ လက်အောက်ခံခေတ်က အမွေအနှစ် ပစ္စည်းတို့ကို မစွန့်ရက်ရှာကြသူတို့ အများပင် ရှိပေသည်။

၎င်းတို့ကို တိုးတက်ရေးသို့ ရှေ့ရှုနေသည်ဆိုသော ခေတ်လူငယ်

တို့က ရှုတ်ချကောင်း ရှုတ်ချပေလိမ့်မည်။

ရှုတ်ချမည် ဆိုလျှင်လည်း ရှုတ်ချထိုက်ပေ၏။ သို့သော် မိမိက သူတစ်ပါးကို ရှုတ်ချသော်လည်း မိမိဘက်က ဒုတိယပိုင်းဖြစ်သော တည်ဆောက်ရေး၌ အပြန်အလှန်အရှုတ်ချမခံရအောင် ဘာများ လုပ်နိုင်ခဲ့ ပါသနည်း။

တည်ဆောက်ရေးအတွက် ကျွန်ုပ်တို့၌ ဝီရိယ လိုသည်၊ ဉာဏ် လိုသည်၊ အလုပ်လိုသည်။

ဝီရိယဆိုသည်မှာ လုပ်ချင် ကိုင်ချင်စိတ် ရှိသော ဓာဖြစ်သည်။ လုပ်ကိုင်ရန် အားထုတ်ခြင်း ဥဿာဟဖြစ်သည်။ ဤကိစ္စ၌ ကျွန်ုပ်တို့၏ လူငယ်များ မည်မျှ စိတ်ဓာထက်သန်သည်ကို ကြည့်ခြင်းအားဖြင့် နှောင်းလူတို့အဖို့ အားရှိဖွယ်ပင် ဖြစ်၏။

ဉာဏ်ဟူရာ၌ကား လုပ်ရည်ကိုင်ရည်ဟူသော အရည်အချင်းပင် ဖြစ်၏။ ဝီရိယပင် ရှိသော်လည်း ထိုဉာဏ်စွမ်းအရည်အချင်းမရှိက အလဟဿပင်ဖြစ်၏။ ဝီရိယနှင့် လုပ်သော အကျိုးကြောင့်စပါးပင် ပေါက်လာသည်။ ဝီရိယနှင့်လုပ်သော အကျိုးကြောင့် ဆန်ဖြစ်လာသည်။ သို့ရာတွင် ဆန်ကို ထမင်းဖြစ်အောင် မလုပ်တတ်လျှင် ကြိုးပမ်းခဲ့သမျှ မှာ ထမင်းငတ်ဖို့သာ ဖြစ်ပေလိမ့်မည်။

ဝီရိယလည်း ရှိ၊ ဉာဏ်လည်းရှိသော်လည်း ကံတည်းဟူသော အလုပ်ကို မလုပ်လျှင် ထမင်းဝေးရော၊ စပါးသည်ပင်လျှင် ဆန်ဖြစ်လိမ့် မည် မဟုတ်။

အဖျက်လုပ်ငန်းသည် သာမန်အားဖြင့် လွယ်၏။ သို့သော် အပြု လုပ်ငန်းနှင့် ယှဉ်၍ ဖျက်ရသောအခါ ထင်သလောက် မလွယ်။

အိမ်ဟောင်းကိုဖျက်၍ အိမ်သစ်ဆောက်သောအခါ အိမ်ဟောင်း ကို မည်သို့ဖျက်မည်နည်း။ တစ်ခါတည်း မီးရှို့လိုက်ကြရလေမည်လား။

သို့တည်းမဟုတ်၊ အောက်ခြေမှ အိမ်တိုင်ကို လွှနှင့် တိုက်ဖြတ်၍ ဖြိုချလေမည်လား။

ကြည့်လုပ်ကြ ကိုယ့်လူ။ မဖျက်တတ်လျှင် အိမ်ဟောင်းက ထုပ်၊ လျောက်၊ ဒိုင်း၊ မြားတို့သည် မိမိကိုယ်ပေါ်ကျ၍ ဆေးရုံ ရောက်တတ်သည်။

ဆေးရုံရောက်လျှင် တော်ပေသေးသည်။ ဆေးရုံမရောက်မီ လမ်းခုလတ်၌ ကိစ္စချောသော် အနိစ္စသဘောသို့ သက်လျှောရမည်ပင် ဖြစ်၏။

ကျွန်ုပ်တို့သည် အဖျက်လုပ်ငန်းအပိုင်း၌ နိုင်ငံခြား၏ လွှမ်းမိုးမှုကို မျိုးချစ်စိတ်ဖြင့် တွန်းလှန်ခဲ့သည်။

ဤအချက်သည် သင့်လှပါ၏။ သို့သော် တွန်းလှန်စရာ မကျန်သည့်အချိန်၌ တွန်းလှန်လိုသော အရှိန်ကို ဇက်အုပ်၍ မရနိုင်သဖြင့် အချင်းချင်း တွန်းလှန်ကြဆဲပင် ဖြစ်သည်ရှိသော် ကျွန်ုပ်တို့ အားလုံး ပက်လက်လန်ကြဖို့ ရှိသည်။

အမှန်မှာ ကျွန်ုပ်တို့၏ ယနေ့အခြေသည် ပက်လက်လန်နေသော အခြေ ဖြစ်၏။

အဘယ့်ကြောင့်ဆိုသော် အချင်းချင်းတွန်းလှန်ဖြိုဖျက်နေသော ကြောင့် ဖြစ်သည်။

အချင်းချင်း တွန်းလှန်ဖြိုဖျက်နေချိန်ဝယ် နိုင်ငံခြားအရင်းရှင်တို့သည် ကျွန်ုပ်တို့၏ အိမ်ဦးထက်ဝယ် ဘွတ်ခြေနင်း တကောက်ကောက်နှင့် လမ်းလျှောက်နေပေသည်။ နိုင်ငံခြားမှ တိုက်ခတ်လိုက်သော နိုင်ငံရေး လေအဟုန်သည် ကျွန်ုပ်တို့ မတ်တတ်မရပ်နိုင်အောင် တိုက်ခတ်လျက် ရှိသည်။ နိုင်ငံခြား ယဉ်ကျေးမှုများသည် ကျွန်ုပ်တို့၏ မိဘရိုးရာ ယဉ်ကျေးမှုများနှင့် ပါးချင်း ကပ်၊ ရင်ချင်းအပ်ကာ တွဲ၍ ကနေကြ

သည်။ ဤအတွင်း နိုင်ငံခြားကျူးကျော်သူတို့က တံစက်မြိတ်အောက်မှ နေ၍ လောက်လေးနှင့် ပစ်နေကြလေရာ ကျွန်ုပ်တို့ နဖူးကွဲ၍ ဒူးပြဲနေကြပြန်သည်။

ဤသို့လျှင် အိမ်ဟောင်း၊ အိမ်အိုကြီးမှာ ဖျက်ရင်းနှင့် မပျက်။ ထို့ကြောင့် အိမ်သစ်၊ အိမ်ကောင်းဆောက်ဖို့ ကိစ္စမှာ ယနေ့တိုင် စက္ကူပြာ စာတမ်းဘဝမှ အကောင်အထည်မပေါ်နိုင်ဖြစ်ရပေသည်။

ဤသို့ ဖြစ်ပျက်နေသောအခြေကို ကြည့်၍ စဉ်းစားလျှင် ကျွန်ုပ်တို့၌ ဝီရိယရှိစေကာမူ ဉာဏ်စွမ်းတည်းဟူသော အရည်အချင်းကို တိုးတက်အောင် မပြုပြင်သောကြောင့် ကမ္မတည်းဟူသော အလုပ်ကို မလုပ်နိုင်ကြသေးဟု အဖြေထွက်ပေသည်။

ယနေ့အဖို့ရာမှာ ကျွန်ုပ်တို့နိုင်ငံတွင် အရည်အချင်းသည် ကျဆုံးစ ပြုနေပြီ။

ဤအခြေသည် နိုင်ငံအတွက် အလွန်တရာမှ ရင်လေးဖွယ် အခြေဖြစ်သည်။

အရည်အချင်းဟူသည်မှာ မိမိအလုပ်အကြောင်း မိမိ နားလည်ကျွမ်းကျင်ရခြင်းဖြစ်သည်။

တပ်မတော်သားတို့သည် ပြည်ထောင်စုအတွင်းရှိ နယ်ပယ်အရပ်ရပ်တို့ကို ခြေရာချင်း ထပ်အောင် သွားလာ အမှုထမ်းနေကြရသည်။ ဤအတောအတွင်းတွင် တပ်မတော်သားမှာ အလုပ်သမားနှင့်လည်း တွေ့လိမ့်မည်၊ လယ်သမားနှင့်လည်း တွေ့လိမ့်မည်၊ ဈေးသည်နှင့်လည်း တွေ့လိမ့်မည်၊ စီးပွားရေးသမား ကုန်သည်နှင့်လည်း တွေ့လိမ့်မည်၊ အုပ်ချုပ်ရေးသမား အရာရှိ အရာခံတို့နှင့်လည်း တွေ့လိမ့်မည်။ လူထုခေါင်းဆောင် အဖွဲ့အစည်းခေါင်းဆောင်ဆိုသူတို့ကိုလည်း တွေ့လိမ့်မည်။

ထိုအခါ အရည်အချင်း မည်မျှကျဆုံးနေသည်။ မကျဆုံးနေသည်ကို စုံစမ်းကြည့်ပါ။ သုတေသန ရှာမှီးကြည့်ပါ။

ကျွန်ုပ်တို့၏ များစွာကုန်သော အမျိုးသားတို့၌ အရည်အချင်း မပြည့်စုံသေးသည်ကို တွေ့ကြရလိမ့်မည်။

ရှေးက သူတစ်ပါး လက်အောက်ခံဘဝ၌ ကျရောက်နေစေကာမူ ကိုယ့်အလုပ်ကိုယ် ကျွမ်းကျင်ကြသည်။ လယ်သမားသည် သိပ္ပံပညာရပ်ကို မတတ်စေကာမူ မည်သည့်စပါးမျိုးနှင့် မည်သည့်စပါးမျိုးကို ဖောက်လျှင် ထွားကျိုင်းသော စပါးနှံ မည်သို့ ရနိုင်သည်ကို လက်တွေ့အားဖြင့် သုတေသနပြုပြီးဖြစ်သည်။ ယခုမူကား သူ့ပုန်ကို ခဏခဏ ရှောင်ရှား နေကြရသောကြောင့် သုတေသနမှာ ကိုက်စား၍ရသော အရာမဟုတ်တော့ပြီ။ ထို့ကြောင့် အခြေအနေက ပေးသမျှနှင့် အလုပ်ကို ဖြစ်သလို လုပ်နေကြရသည်။

အခြားအလုပ်သမား၊ ဈေးသည်၊ ကုန်သည်ဆိုသော လူတန်းစားမျိုးကိုလည်း ဤနည်းတူသိလေ။

မျက်ဝါးထင်ထင် မြင်နေကြရသည်ကား အုပ်ချုပ်ရေးဆိုင်ရာ အစိတ်အပိုင်းနှင့် နိုင်ငံရေးဆိုင်ရာ အစိတ်အပိုင်းတို့ဖြစ်သည်။

အုပ်ချုပ်ရေးဘက်တွင် ဗဟုသုတကြွယ်ဝ၍ ပညာဉာဏ် အမြော်အမြင်ရှိပြီးလျှင် လုပ်ရည်ကိုင်ရည်ကောင်းသူတို့သည် ယခုအခါ ဧရာပိုင်းသို့ ရောက်ကြပြီ။

၎င်းတို့သည် ပြည်ထောင်စုအတွက် ၎င်းတို့၏ အကောင်းဆုံးသော အရည်အချင်းတို့ကို ပူဇော်လိုပါသည်ဟု ဆိုစေကာမူ ၎င်းတို့၏ ဒုလာကိုက်ခဲ အညောင်းစွဲနေသော ခန္ဓာကိုယ်သည် စိတ်သွားတိုင်း မပါနိုင်တော့ပြီ။

ရှေးလူတို့၏ အရည်အချင်းကို နှောင်းလူတို့က အမွေခံလိုက်ကြ

ဖို့ရှိသည်။ သို့သော် အရည်အချင်းဆိုသည်မှာ ရွှေငွေပစ္စည်းကဲ့သို့ အမွေတောင်းရုံနှင့် ရကောင်းသည်မဟုတ်။ မိမိကိုယ်၌က အခြေခံရှိမှသာ ပညာအမွေ ရနိုင်ပေသည်။

ဂျပန်ခေတ်ကြောင့်လည်းကောင်း၊ သောင်းကျန်းခေတ်ကြောင့်လည်းကောင်း၊ နောက်တက်လာသော လူငယ်ပိုင်းမှာ အခြေခံများ ပြည့်ပြည့်ဝဝ မရှိကြပေ။ ထို့ကြောင့် စေတနာနှင့်လုပ်တိုင်း ကိုင်တိုင်း မှားကြသည်ချည်းပင်။ စေတနာကောင်းနှင့် မှားသည်ဆိုသည်ကို အပဟုတ်ကြီး မထင်သင့်။ စေတနာကောင်းနှင့် မှားတိုင်း ဟုတ်လှပြီဟုဆိုလျှင် လူတိုင်း လူတိုင်း အမှားကိုသာ လျှောက်၍ လုပ်ကြဖို့သာ ရှိသည်။

ဥပမာ စေတနာကောင်းကောင်းထား၍ ရဲဘော်အား သတ်ချင်ပါသည်၊ ရဲဘော် ခွင့်ပြုပါမည်လား။

စေတနာကောင်းကောင်းထား၍ ရဲဘော်ကို ဓားပြတိုက်လိုပါသည်၊ ရဲဘော် ခွင့်ပြုနိုင်ပါမည်လား။

စေတနာကောင်းကောင်းထား၍ ရဲဘော်မြတ်နိုးသူကို စော်ကား၊ မော်ကား လုပ်လိုပါသည်၊ ရဲဘော် ခွင့်ပြုနိုင်ပါမည်လား။

ဘာရမလဲ၊ သာဝ ရာ။ သည်လိုစေတနာကောင်း ရှိသူရဲ့ နားအုံစပ်ကို ခံ့ဖိနပ်နဲ့ တွယ်လိုက်ကြမှာပေါ့။

ထို့ကြောင့် စေတနာကောင်းနှင့် မှားကြဖို့ ဩဝါဒကို ဟုတ်လှပြီ၊ မှန်လှပြီဟု မယူဆကြနှင့်။ ၎င်းကဲ့သို့သော ဩဝါဒမျိုးသည် အရည်အချင်းမဲ့သော ခေတ်၌သာလျှင် ဟုတ်နိုးနိုး၊ မှန်နိုးနိုးရှိသည်။ တကယ်ဆိုတော့ မဟုတ်၊ မမှန်။ ချောက်ကျစေသော ဩဝါဒမျိုးသာ ဖြစ်ပေလိမ့်မည်။

ရှေးက နိုင်ငံရေးလိုက်စားကြပြီဆိုလျှင် မည်မျှပင် အင်္ဂလိပ်စာကို မတတ်စေကာမူ မိမိတို့အပေါ် စိုးမိုးအုပ်ချုပ်နေသော ဥပဒေကို

ကျွမ်းကျင်အောင် လေ့လာကြသည်။ ယုတ်စွာ့အဆုံး သူကြီးလက်စွဲ ဥပဒေကိုမျှပင်လျှင် ကျေးရွာခေါင်းဆောင်တို့က ထုံးလိုချေ၍ ရေလို နောက်ထားကြသည်။ သို့မှသာလျှင် နိုင်ငံရေးလုပ်ငန်းတွင် သူတစ်ပါး ရေပက်မဝင်အောင် ပြောနိုင်၊ ဟောနိုင်၊ လုပ်နိုင်၊ ကိုင်နိုင်သည်။

ယခုမူကား ဤသို့မဟုတ်။ ဥပဒေကို မဆိုထားဘိ မိမိတို့ အဖွဲ့ အစည်းက ချမှတ်ထားသော စည်းမျဉ်းကိုမျှပင် ကောင်းစွာ မသိ၊ မသိ သဖြင့် မရိုသေ။ မရိုသေသဖြင့် ရန်ဖြစ်ကြ။ ရန်ဖြစ်ကြသဖြင့် ကွဲကြ၊ ပြိုကြ၊ ဆဲကြလေသည်။

ဤသည်လည်း အရည်အချင်း ကျဆုံးမှု၏ သာမညဥပမာ ဖြစ် လေသည်။

တိုင်းပြည်၏လွတ်လပ်ရေး တည်ဆောက်မှု၌ နိုင်ငံရေးသည် ခေါင်းချုပ်ဖြစ်သည်။ သို့ပါသော်လည်း ခေါင်းချုပ်တို့၌ ပြည့်စုံမှုမရှိ ဖြစ် လေသောအခါ တံစက်မြိတ်သည် မိုးယိုရမည် အမှန်ဖြစ်သည်။

ယခု ကျွန်ုပ် ဖော်ပေးသောအကွက်သည် အမှန်ပင် စိတ်မချမ်းသာ စရာ ပြကွက်ကလေးတစ်ကွက်ဖြစ်ပေသည်။ ထိုပြကွက်သည် အမှန်ပင် မှောင်နှင့်မည်းမည်းဖြစ်သော ပြကွက်ဖြစ်ပေသည်။

သို့ရာတွင် ယင်းကဲ့သို့ အပိုင်းတစ်ပိုင်းက မှောင်နေစေကာမူ အလင်းရောင်သည် ဆိတ်သုဉ်းခြင်းသို့ မရောက်သေးပါ။ ထို့ကြောင့် စိတ်မပျက်ကြပါနှင့်။

ယနေ့အဖို့၌ ထိုအလင်းရောင်၏တန်ခိုးကြောင့် 'အရေအတွက်မှ သည် အရည်အချင်း' သို့ ဟူသော ဆောင်ပုဒ်တစ်ရပ်သည် ပေါ်ထွန်း လာခဲ့ပြီ မဟုတ်ပါလော။

ကျွန်ုပ်တို့ နိုင်ငံ၌ အရည်အချင်းလိုနေပြီ မှန်၏။ သို့သော် လူတိုင်း၌ အရည်အချင်းမဲ့သော အခြေသို့ ဆိုက်ရောက်နေပြီဟု မယူဆ

ပါနှင့်။

အရည်အချင်းနှင့် ပြည့်ဝသော တောင်သူလယ်သမား၊ အလုပ်သမား၊ ဈေးသည်၊ ကုန်သည်၊ အမှုထမ်း အရာထမ်း၊ နိုင်ငံရေး ခေါင်းဆောင် စသည်တို့ အရေအတွက်အားဖြင့် နည်းပါးသည့်တိုင်အောင် အတော်အတန် ကျန်ရှိပါသေးသည်။ ထိုပုဂ္ဂိုလ်တို့နှင့် ပူးပေါင်း၍ အရည်အချင်းကို ပွားလိုက်သည်ရှိသော် နိုင်ငံ၏ကြီးပွားတိုးတက်မှုသည် အမှန်ပင် အကောင်အထည်ပေါ်လာရပါလိမ့်မည်။ ဒုတိယပိုင်းဖြစ်သော တည်ဆောက်ရေးကို အမှန်ပင် အကောင်အထည်ပေါ်လာအောင် လုပ်ဆောင်နိုင်ပါလိမ့်မည်။

ဤသို့ အရည်အချင်းတိုးပွားရေးနှင့် ပတ်သက်လာတိုင်း ထိုအခန်းကဏ္ဍ၌ အရေးတကြီး ဓာတ်လိုက်အဖြစ် ပါဝင် အသုံးတော်ခံရမည့်သူများမှာ တပ်မတော်သားတို့သာလျှင် အများဆုံး ဖြစ်ကြရလိမ့်မည် ဟူသောအချက်ကို ကျွန်တော် သတိရမိပေသည်။

ဤခေတ်၌ ကမ္ဘာပေါ်ရှိ နိုင်ငံ့အရပ်ရပ်တို့တွင် သေနတ်သံ မစဲသေး၊ တိုက်ကြ၊ ခိုက်ကြတုန်းပင်။

သို့သော် ဤစစ်သည် တစ်သက်လုံး မရပ်တမ်း တိုက်နေကြရမည့် စစ်မဟုတ်၊ စစ်ဟူသည်မှာ တစ်နေ့သ၌ ရပ်စဲရဦးမည် ဖြစ်၏။ စစ်မရှိသောအခါ စစ်သား၏ အလုပ်သည် မရှိနိုင်။

ထိုအခါ စစ်သားသည် အရပ်သားပြန်ဖြစ်ရဦးမည်။ အရပ်သားအနေနှင့် အလုပ် မလုပ်ဘဲ မနေနိုင်။ ဆိုရှယ်လစ်နိုင်ငံ တည်ဆောက်ရမည် ဆိုသည်မှာ လူတိုင်း အလုပ်မလုပ်ဘဲ နေထိုင်စားသောက်စေနိုင်မည့် သဘောမဟုတ်။ လူတိုင်း လူတိုင်း အလုပ်မလုပ်ဘဲ မနေရသော စနစ်ဖြစ်သည်။ ဆိုရှယ်လစ်စနစ်မှာ လူပျင်းတို့၏စနစ်မဟုတ်၊ ထကြွလုံ့လဝီရိယရှိသူတို့၏ စနစ်ဖြစ်သည်။

ထို့ကြောင့် စစ်မရှိသောခေတ်၌ အရပ်သားအဖြစ်နှင့် အလုပ်သမားစင်စစ် ဖြစ်ကြရပေဦးမည်။

မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ တိုက်ခိုက်သောအခါ စစ်သားနှင့် တိုက်ခိုက်ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးသောအခါ ထိုစစ်သားတို့ အငြိမ်းစား ထိုင်နေကြရပါသလော။

ဤသို့ မဟုတ်ပါ။ စစ်သားတို့သည် အရပ်သားအဖြစ်သို့ ပြန်လည် ဆိုက်ရောက်ကာ မြန်မာနိုင်ငံ၏ ငြိမ်ဝပ်ပိပြားမှု၊ အုပ်ချုပ်မှုတို့တွင် ဆောင်ရွက်ကြရပါသည်။

မြန်မာပြည်ကို အင်္ဂလိပ်တို့ သိမ်းပိုက်ပြီးသည့်နောက် အင်္ဂလိပ်တို့သည် ၎င်းတို့၏စစ်တပ်မှ အရည်အချင်းပြည့်ဝသူတို့ကို ရွေးထုတ်ကာ အုပ်ချုပ်ရေးဘက်သို့ ပို့လေသည်။

ဦးစွာပထမ၌ အင်္ဂလိပ်စစ်တပ်မှ ထွက်လာသော 'စစ်ပြန်' တို့သည် တိုင်းပြည် ငြိမ်ဝပ်ပိပြားရေးအတွက် တာဝန်ယူကာ ရာဇဝတ်ဌာနတွင် အမှုထမ်းရလေသည်။ ၎င်းကမှတစ်ဆင့် မြို့ပြပြည်ရွာအုပ်ချုပ်ရေး၊ အခွန်ဘဏ္ဍာရေး စသည်တို့ကို တာဝန်ယူသည်။ စစ်တပ်တွင်း၌ အင်ဂျင်နီယာ၊ ဆေးဆရာဝန် စသော ကျွမ်းကျင်သူပုဂ္ဂိုလ်တို့သည် မိမိတို့ ရှိရင်းစွဲ ကျွမ်းကျင်မှုပညာ အရည်အချင်းအလိုက်၊ ကျန်းမာရေးနှင့် ဆေးဘက်ဌာန၊ ပြည်သူ့လုပ်ငန်းဌာန၊ ပညာရေးဌာန၊ အင်ဂျင်နီယာဌာန၊ မီးရထား၊ မီးသင်္ဘောဌာန၊ သစ်တောဌာန၊ လယ်ယာစိုက်ပျိုးရေး ဌာန စသဖြင့် အမျိုးမျိုးသော ဌာနတို့တွင် အမှုထမ်းကြရလေသည်။

ဤအချက်မှာ အဆန်းမဟုတ်ပါ။ မူလကပင် စစ်ထဲလိုက်ကြသူတို့သည် ဆေးဆရာ၊ ကျောင်းဆရာ၊ အင်ဂျင်နီယာ၊ လက်မှုပညာသည် စသည်ဖြင့် အသီးသီးပညာကိုယ်စီပါစမြဲဖြစ်လေရာ တိုက်ခိုက်ခြင်းများ

ရပ်စဲ၍ စစ်သားအလုပ် လုပ်စရာမရှိလေသောအခါ မြို့ပြ ပြည်ရွာစည်ပင်သာယာရေး တာဝန်တို့ကို ဝင်ရောက်ထမ်းရွက်ကြရသည်မှာ လုပ်ရိုးလုပ်စဉ်သာဖြစ်သည်။

ကျွန်ုပ်တို့ နိုင်ငံကဲ့သို့ လွတ်လပ်ရေးကို ခိုင်မြဲအောင် တည်ဆောက်ဆဲ နိုင်ငံတို့၌ နယ်ချဲ့သမားတို့ လုပ်ရိုးလုပ်စဉ် လုပ်သွားကြသည်ထက် ပို၍လုပ်ကြရန် တာဝန်အများရှိပေသည်။

ထိုလုပ်ငန်းတို့ကို လုပ်ရာ၌ ဝီရိယနှင့် ဉာဏ်ယှဉ်တွဲ၍ လုပ်ကြပါမှသာလျှင် ကံတည်းဟူသော အလုပ်သည် ကောင်းလာဖို့ ရှိလေသည်။

ယခင်က ကျွန်ုပ် ဆိုခဲ့ပြီးသော စကားကို ပြန်၍ ကောက်ရသော်၊ ယနေ့အဖို့ တပ်မတော်သားတို့သည် သေနင်္ဂဗျူဟာ စက်ရဟတ်တွင် တရစပ်လည်၍နေကြရသော်လည်း တစ်နေ့သောအခါ ၎င်းတို့၏ စက်ရဟတ်ကြီးသည် ရပ်၍သွားရဦးမည်ဖြစ်၏။ ထိုအခါ သေနင်္ဂဗျူဟာအလုပ်မှ သည်မြို့ပြဆိုင်ရာ အုပ်ချုပ်ရေး၊ နိုင်ငံရေး အရပ်ရပ်တို့၌ ဝင်ရောက်၍ တာဝန်ထမ်းရွက်ကြရဦးမည် ဖြစ်သည်။

ဤကိစ္စအတွက် ယခုကဲ့သို့ တိုက်ရင်း၊ ခိုက်ရင်း အခြေကစ၍ ပြင်ဆင်မှုကို မလုပ်နိုင်ကြလျှင် နောင်တစ်ခေတ်၌ ပြည်ထောင်စု တည်ဆောက်ရေးမှာ ခိုင်ခိုင်မာမာ ရှိနိုင်လိမ့်မည် မဟုတ်ချေ။

ယခုခေတ်၌ တပ်မတော်သည် အများလူငယ်တို့၏ မျက်စိကျရာဖြစ်နေသည်။ ထို့ကြောင့်လည်း တပ်မတော်သားထဲတွင် ပြည်ထောင်စု၏ အဖူးအညွှာက်များ ပါဝင်လျက်ရှိလေသည်။ ၎င်းတို့သည် များသောအားဖြင့် ခေတ်ပညာတတ်များ ဖြစ်ကြသည်။ သို့တည်းမဟုတ်၊ လက်တွေ့ဗဟုသုတများကို ဆည်းပူးရသူများဖြစ်ကြသည်။ ထိုမျိုးချစ်လူငယ်အပေါင်းတို့သည် မိမိ၏ဘဝလမ်းကြောင်း မည်သို့ ရှိမည်ကို

လှမ်းမျှော်ကြည့်တတ်ကြပြီ။

ထို့ကြောင့် တကယ်တမ်း လေးလေးနက်နက် စဉ်းစား၍ အနာဂတ်ကို မျှော်မှန်းကြည့်မိကြလျှင် အနာဂတ်၌ ထမ်းရွက်ရမည့် ဒီမိုကရေစီ စက်ယန္တရားတည်ဆောက်ရေး၊ လယ်ယာမြေ ပြည်သူပိုင်လုပ်ရေး၊ စက်မှု လက်မှု လုပ်ငန်း ပြည်သူပိုင် လုပ်ရေး၊ ပြည်သူ့ကျန်းမာရေး၊ ပြည်သူ့ ပညာရေး၊ ပြည်သူ့လုံခြုံရေး... စသော အရေးကြီးငယ်တို့ကို တွေ့မြင်ကြ ရပေလိမ့်မည်။

ထိုအရေးကြီးငယ်တို့၌ ကျွန်ုပ်တို့ တိုင်းသူပြည်သားတို့ ထမ်းရွက် နိုင်သော အရည်အချင်းမရှိလျှင် ကျွန်ုပ်တို့နိုင်ငံသည် မှချလွတ်လပ်လျက် နှင့် မလွတ်လပ်သော နိုင်ငံဖြစ်လိမ့်မည်။ မညှာမတာပြောရမည် ဆိုလျှင် အနာဂတ်၌ လွတ်လပ်ရေးကို တည်ဆောက်ရမည့်အပိုင်းကို မလုပ်နိုင် လျှင် လွတ်လပ်ရေး ကျဆုံးရဦးမည်ပင်ဖြစ်သည်။

ဤအဖြစ်မျိုးသို့ အရောက်မခံနိုင်။ သို့သော် ပါးစပ်က အရောက် မခံနိုင် ပြောနေရုံနှင့် မပြီး။ ဤအဖြစ်သို့ မရောက်ရအောင် ကျွန်ုပ်တို့ အလုပ် လုပ်ကြရမည်။

အလုပ် လုပ်ရမည့်ကိစ္စ၌လည်း အနာဂတ်သို့ ရောက်သောအခါ တပ်မတော်သားတို့ပင်လျှင် ရှေးလူဟောင်းတို့၏ လက်ငုတ်ကို အများ ဆုံး ဆက်လက်လုပ်ကြရမည်ဖြစ်၏။

ထိုအခါ ရှိသမျှသော အရည်အချင်းကိုပင် တိုးပွားအောင် ပြု ကြရမည် ဖြစ်သည်။

ကျွန်ုပ်တို့နိုင်ငံ၌ တကယ်တမ်း အလုပ်လုပ်ကြစို့ဆိုသော် မလုပ် တတ်သေးသော အလုပ်များ အများပင် ကျန်ရှိနေသေးသည်ကို တွေ့ ရလိမ့်မည်။ နည်းနိဿယကျွမ်းကျင်မှုတို့၌ များစွာ ပြည့်ဝကြသည် မဟုတ်ချေ။ ထိုကျွမ်းကျင်မှုတို့မရှိဘဲနှင့် မည်မျှအစွမ်းကောင်းသော

နိုင်ငံရေးခေါင်းဆောင် ပေါ်ထွန်းလာစေကာမူ တိုင်းပြည်သည် လွတ်လပ်သော အင်္ဂါနှင့် ညီနိုင်လိမ့်မည် မဟုတ်ချေ။

ဤဆောင်းပါးအဖို့ ကျွန်ုပ်တို့နိုင်ငံ၌ လိုနေသော ကိစ္စရပ်တို့ကို အနည်းအကျဉ်း သာဓကေပြလိုက်သည်။

ဥပမာ ဆရာဝန် အတတ်ပညာကိုကြည့်ပါ။ ဆရာဝန်အများပင် ယခု ထွက်ပေါ်လာပါပြီ။ သို့ရာတွင် ဤနိုင်ငံ၌ Specialist ခေါ် တစ်ဖက်ဖက်တွင် ထူးချွန်စွာ ကျွမ်းကျင်သော ပါရဂူပုဂ္ဂိုလ်များ နည်းပါးလှချေသည်။ ဒေါက်တာမင်းစိန်၊ ဒေါက်တာသာမြ၊ ဒေါက်တာဘသန်း စသော လူကြီးပိုင်းမှ ပုဂ္ဂိုလ်များ ရှိနေသေးသည် မှန်၏။ သို့သော် သူတို့၏ခြေရာ နင်းနိုင်မည့် ပုဂ္ဂိုလ်များသည် ကျွန်ုပ်တို့နိုင်ငံက အလိုရှိသလောက် မထွက်လာသေး။ လူလတ်ပိုင်း၌ ဒေါက်တာသန်းအောင်၊ ဒေါက်တာသိမ်းမောင်၊ ဒေါက်တာကြီးပေါ်၊ ဒေါက်တာသာဆိုင်... စသောပုဂ္ဂိုလ်များ ရှိပေသေးသည်။ သို့သော် များစွာသော ဆေးအတတ်ပညာတို့တွင် ၎င်းတို့ ခေတ္တအနားယူလျှင် ၎င်းတို့၏နေရာကို ဝင်လုပ်နိုင်မည့်သူ နည်းပါးလှချေသေးသည်။ အမှန်မှာ သူတို့ ကျွမ်းကျင်ရာ ကျွမ်းကျင်ရာ ဌာနအသီးသီးတို့တွင် သူတို့လို ပုဂ္ဂိုလ်မျိုး တစ်ဦးစီ၊ တစ်ဦးစီသာလျှင် ရှိပေသေးသည်။ ဤမျှနှင့် မလုံလောက်ချေ။

အခြားဌာနတို့တွင်လည်း ဤကဲ့သို့ပင် ဖြစ်၏။ ဥပမာ အင်ဂျင်နီယာဆိုလျှင် မြန်မာအမျိုးသားထဲမှ ရှားပါးလှ၍ မင်္ဂလာဒုံကို ဒိန်းလူမျိုးများလက်ထဲ ဝ ကွက်ကာ အပ်ခဲ့ရသည်။

ကျွန်ုပ် တွေးမိသမျှ ပြောရလျှင် မြန်မာနိုင်ငံတွင် မြေတိုင်းခြင်း၊ မြေပုံဆွဲခြင်း (Survey) လုပ်ငန်းကို မြန်မာကျွမ်းကျင်သူများနှင့် လုပ်ရဖို့ ရှိသည်။ ယခုမှာမူ (Survey of India) မှ အမွေခံ၍ ရခဲ့သော ကျွမ်းကျင်မှု၊ ပစ္စည်း၊ လူအင်အားနှင့်ပင် တင်းတိမ်နေရသေးသည်။

မြန်မာထဲမှ ရေကြောင်း အကြံပေးအရာရှိ (Nautical Advisor) များ မရှိပေ။ ၁၉၄၇–၄၈ က မြန်မာနိုင်ငံဆိပ်ကမ်းမြို့များအတွက် မြန်မာလူမျိုးထဲက ဆိပ်ကမ်းအရာရှိ (Port Officer) ဟူ၍ မရှိခဲ့ချေ။ မြန်မာ မဟုတ်သူတို့သာ ခြယ်လှယ်နေခဲ့ရာ ဆိပ်ကမ်းမြို့များမှ နေ၍ ပြည်တွင်း လုံခြုံရေးကိစ္စများကို စီစဉ်ခဲ့သည့်အခါ လူမျိုးခြားအရာရှိတို့ထံမှ ကျွန်ုပ်တို့ တပ်မတော်သားများ အကူအညီ မရခဲ့ကြချေ။ ဤကား ကျွန်ုပ် ကိုယ်တိုင်ကိုယ်တွေ့ ဖြစ်သည်။

ဗြုန်းခနဲ စဉ်းစား၍ ရသမျှ ပြောရဦးမည်ဆိုလျှင် မြန်မာပြည်ထောင်စုဟု တည်ထောင်သော်လည်း မိမိ အစိုးရထုတ် ငွေစက္ကူ ငွေဒင်္ဂါး၊ ကြေးပြားတို့ကို မထုတ်နိုင်သေး။ သူတစ်ပါး တိုင်းပြည်ကို မှီခိုနေရလေရာ ပြည်တွင်းသုံး ပိုက်ဆံတစ်ပြား တန်ဖိုးအတွက် ပြည်ပသို့ ပိုက်ဆံသုံးပြားတန် ငွေကြေးများ ထွက်သွားရတော့မည်သို့ ရှိနေသည်။

ဤသို့ အဘက်ဘက်က မပြည့်စုံသည့်အခါ မည်မျှလောက် အရည်အချင်းလိုနေသည်ကို သဘောပေါက်သင့်ကြသည်။ ယနေ့ စစ်သားသည် နက်ဖြန် ခရိုင်မြို့ရွာအုပ်ချုပ်ရေးမှူးတာဝန်ကို ထမ်းရွက်ရတော့မည်။ ထိုအခါ စစ်သားစိတ်မပျောက်ဘဲ ဒီမိုကရေစီအုပ်ချုပ်ရေးကိစ္စတွင် စစ်မိန့်ကိုသာ ထုတ်ပြန်နေကြလျှင် တိုင်းသူပြည်သားတို့က ဒီမိုကရေစီဆိုတာ ဦးပုညတို့ ခံခဲ့ရသော ဘုရင့်စနစ်နှင့် အတူတူပါကလားဟု အထင်ရောက်ဖို့ ရှိသည်။

ထို့ကြောင့် ရဲဘော်တို့ နေရာတကာသို့ ရောက်တိုင်း မိမိတို့၏ အရည်အချင်းကို တိုးတက်စေသော ပညာဗဟုသုတ စုနိုင်ကြပါစေ။ လယ်သမားနှင့် တွေ့လျှင် ၎င်းထံမှ ဗဟုသုတကို မရရအောင် နှိုက်ယူပါ။ အလုပ်သမားနှင့်တွေ့လျှင် ၎င်းထံမှ ကျွမ်းကျင်မှုကို မရ အရ နှိုက်ယူပါ။ ဈေးသည်၊ ကုန်သည်၊ မြေရှင်၊ စက်ပိုင်၊ လုပ်ငန်းရှင်တို့နှင့် တွေ့လျှင်

လည်း ထိုနည်းတူစွာ ပညာဗဟုသုတရအောင် ရှာယူပါ။ အထူးသဖြင့် လူထုခေါင်းဆောင်မှု အစိတ်အပိုင်းနှင့် အုပ်ချုပ်ရေးအစိတ်အပိုင်းမှ ပုဂ္ဂိုလ်များနှင့်တွေ့သော် ၎င်းတို့နှင့် ဗဟုသုတဖလှယ်ခြင်းဖြင့် ၎င်းတို့ထံမှ ပညာကို ရအောင်ယူပါ။ ခေတ်ဟောင်းက လူပင် ဖြစ်စေကာမူ ခေတ်ဟောင်း၏ အများဗဟုသုတသည် ခေတ်သစ်၏ အရည်အချင်း တိုးတက်မှုကို ပေးစေနိုင်ကြောင်းကို သတိပြုပါ။

ယနေ့ ကျွန်ုပ်တို့၏ တစ်မျိုးသားလုံး ဆုတ်ယုတ်မှုကို ပြုလုပ်နေသော ရန်စွယ်တို့မှာ ဗမာအချင်းချင်း နှိမ်မှု၊ ဗမာအချင်းချင်း မလေးစားမှု၊ ဗမာအချင်းချင်း မလိုမုန်းထားစိတ်နှင့် ကုန်းချောမှု၊ ဗမာအချင်းချင်း မေတ္တာဓာတ်ခေါင်းပါးမှု စသည်တို့ဖြစ်သည်။ ဤရန်ကို ဖြိုနိုင်မှလည်း ဗမာ့အရည်အချင်း တိုးတက်မည် ဖြစ်သည်။

ထို့ကြောင့် ဗိုလ်ချုပ်ခေတ်က တပ်မတော် ပတ်ဝန်းကျင်မှ ပျံ့နှံ့လာခဲ့သော ဝံသာနုစိတ်ဓာတ်ကို ရဲဘော်တို့က ပြန်လည်ထွန်းကားလာအောင် ဖော်ပေးရန်ကိုလည်း နှိုးဆော်လိုပေသည်။

ဗမာ့နောင်ရေးသည် ရဲဘော်တို့၏ လက်ထဲ၌ များစွာတည်နေသည်။ ထိုကဲ့သို့ပင် ရဲဘော်တို့မှ အပဖြစ်သော ဗမာ့လူငယ်အများ လက်ထဲ၌လည်း တည်နေသည်။ ယနေ့လူငယ်စု၏ အရည်အချင်း တိုးတက်မှုသည်သာလျှင် ဗမာ့လွတ်လပ်ရေး တည်မြဲရမည့် အကြောင်း ဖြစ်သည်။

ဤစကားသည် လောကွတ်စကားမဟုတ်။ မြှောက်ပင့်ပြောဆိုနေသော စကားလည်း မဟုတ်။ မြှောက်ပြောသည်ထင်၍ ဘဝင်မြင့်နေလျှင် မှားဦးမည်။ အနာဂတ်သို့ ရောက်မှပင် အကြောင်းသိရမည့် စကားဖြစ်သည်။

ထို့ကြောင့် ဤဆောင်းပါးကို ဖတ်ပြီးလျှင် သိမ်းထားနိုင်က သိမ်း

ထားပါ။ နောက် ငါးနှစ်၊ ဆယ်နှစ်လောက်ကြာမှ တစ်ခါပြန်ဖတ်ကြည့်ပါ။ ယခု အမြွက်မျှ ဖော်ပြထားသော ကိစ္စတို့သည် ထိုအခါကျလျှင် အကောင်အထည်ပေါ်လာပါလိမ့်မည်။ ထိုအခါ နောက်မှနောင်တ မရပါစေနှင့်။

ယခုထဲက မိမိ၏တိုးတက်မှုကို မိမိစိတ်ထဲ၌ မွေးမြူပါ။ စိတ်ထဲ၌ သဘောပေါက်ပြီဆိုလျှင် တိုးတက်မှုအတွက် အကြံရလာလိမ့်မည်။ ထိုအခါ တိုးတက်မှုအတွက် လုပ်တတ်လာပါလိမ့်မည်။ ။

မြေအုတ်များသည် ပြိုလေပြီ။ ။
ကျောက်အုတ်တို့ကား အဘယ်မှာနည်း။

မြဝတီ၊ အတွဲ ၁၊ အမှတ် ၁၁၊ စက်တင်ဘာ၊ ၁၉၅၃

❐

# ဂျပန်စစ် ဘယ်လိုပြီးခဲ့သလဲ

၁၉၄၅ ခု ဩဂုတ်လ ၁၅ ရက်နေ့ ညချမ်းအချိန်ဝယ် ရန်ကုန်မြို့ တစ်မြို့လုံး၌ ဥဩသံ သောသောညံ၍ သွားလေသည်။

ခါတိုင်းတွင် ထိုဥဩသံမှာ ငှက်ဆိုးထိုးသံနှင့် တူလှပေသည်။ သို့သော် ယခုကြားရသော ဥဩသံမှာ မင်္ဂလာသတင်းစကားကို ယူဆောင်လာသည့် ဥဩသံဖြစ်သည်။ ဥဩသံနှင့်အတူ သံချောင်းခေါက်သံ၊ သံပုံးတီးသံ၊ ဟစ်အော်ကြွေးကြော်သံတို့သည် ရောထွေးလျက်ရှိချေသည်။ သာမန်အားဖြင့် ထိုထိုသောအသံဟူသမျှသည် တောထုတ်သောအသံပင်။ သို့သော် ဤအချိန် ဤကာလ၌ကား သံပုံးတီးပင်လျှင် မင်္ဂလာသတင်းကို ဆောင်ကြဉ်းသော အသံဖြစ်လာရပြန်သည်။

သို့သော် ခွေးသတ္တဝါတို့ဟူသည်မှာ လူတို့ကယူဆသော မင်္ဂလာ၊ အမင်္ဂလာဟူသည့် သဘောတရားကို နားလည်ကြသည်မဟုတ်။ ဥဩသံကြားလျှင် အူရမည်ဟူသော အမှတ်သညာကိုသာ သိကြသည်။

ထို့ကြောင့် ခွေးတို့သည် အူကြသည်။

သို့သော် သူတို့၏ စိတ်စေတသိက်ကို မည်သူ သိနိုင်အံ့နည်း။

သူတို့အူကြသည်မှာ ဝမ်းသာ၍ အူကြလေသလော။ ဤအချက်ကို မည်သူမျှ တပ်အပ်သေချာပြောတတ်လိမ့်မည် မဟုတ်ပေ။ သို့ရာတွင် ၁၉၄၅ ခု၊ ဩဂုတ်လ ၁၅ ရက်နေ့မွန်းတည့်အချိန်တွင် ဂျပန်ပြည်ရှိ တိုင်းသားပြည်သူပြည်သူသမျှတို့မှာ အမှန်ပင် ဝမ်းသာလျက်ရှိကြသည်ကို မှုကား ပြောနိုင်ကြပေလိမ့်မည်။ အကြောင်းမှုကား... ထိုအချိန်တွင် ဂျပန် ဧကရာဇ်ဘုရင်မင်းမြတ် ဟီရိုဟီတိုသည် ဂျပန်အသံလွှင့်ဌာနမှ "စစ်ပြီးပြီ" ဟု ကြေညာလိုက်သောကြောင့် ဖြစ်ပေသည်။

ဂျပန်လူထုသည် ဂျပန်ဘုရင်ကို မမြင်ဖူးကြ။ အသံကို ကြားဖူးမည်မှာ ဝေးလေစွ။ ဂျပန်ဘုရင်မှာ ဂျပန်လူမျိုးတို့အတွက် လောကသမုတိ နတ်တစ်ပါးပင်ဖြစ်သည်။ ထိုလောကသမုတိနတ်၏အသံကို ဂျပန်ရာဇဝင်နှစ်ပေါင်း ၂၆၀၀ တွင် လူထုက ကြားလိုက်ရဖူးသည်ဟု မည်သည့်ဂျပန်ရာဇဝင်အစောင်စောင်ကမှ မဆိုချေ။ သို့သော် ယနေ့ကား နတ်၏အသံကို ဂျပန်လူထုသည် နားနှင့် ဆတ်ဆတ်ကြားခဲ့ရလေသည်။

ထိုအသံမကြားမီ ဂျပန်အသံလွှင့်ဌာနက ဂျပန်ဘုရင်သည် ရေဒီယိုမှ ထိုနေ့မွန်းတည့်အချိန်တွင် အသံလွှင့်မည်ဟု ကြေညာထားသည်။ ထို့ကြောင့် ထိုနေ့မွန်းတည့်အချိန် ရောက်သောအခါ ဂျပန်ပြည် အရပ်ရပ်၌ ခရီးသွားနေကြသော မီးရထားတို့သည်ပင်လျှင် ဂျပန်ဘုရင်၏ ဗျာဒိတ်တော်ကို နာခံရန်အလို့ငှာ ရပ်တန့်ပေးသည်ဟု ဆိုကြသည်။

အရှေ့အာရှစစ်ကြီးပြီးခဲ့ပြီ။ ထို့အတွက် ၎င်းသတင်းမှာ မုချစင်စစ် မင်္ဂလာရှိလှ၏။ သို့သော် မင်္ဂလာရှိသော အဖြစ်အပျက်တစ်ခု ပေါ်ထွက်လာရသည့် နောက်ကြောင်းရာဇဝင်ကို ကျွန်ုပ်တို့ မြန်မာနိုင်ငံသူနိုင်ငံသားတို့ ယနေ့တိုင်အောင် စုံလင်စွာ သိကြရသည်မဟုတ်။ ဂျပန်ပြည်၌ ဂျပန်တို့သည်ပင်လျှင် ဂျပန်လက်နက်ချသည့်နောက်ကြောင်း ရာဇဝင်၏ ဝမ်းနည်းကြေကွဲဖွယ်အဖြစ်အပျက်တို့ကို ၁၉၅၂ ခုနှစ်ရောက်မှ

သတင်းစုံ ပတ်ပတ်နပ်နပ် သိကြရလေသည်။

ယင်းသို့ သိကြရသည်မှာလည်း ယခင်က နိပ္ပွန်တိုင်း သတင်းစာတွင် အယ်ဒီတာလုပ်ခဲ့သူ ကင်ပေရှီဘာ ဆိုသူ၏ ကျေးဇူးကြောင့် အများသိခွင့်ရကြလေသည်။

အကယ်၍ ကင်ပေရှီဘာဆိုသူ အယ်ဒီတာကို ဂျပန်စစ်ရဲ ကင်ပေတိုင်အဖွဲ့က မဖမ်းခဲ့ပါလျှင် ဤအကြောင်းသည် တိမ်မြုပ်ကောင်းတိမ်မြုပ်နေပေဦးမည်။ အယ်ဒီတာရှီဘာမှာ ယခင်က ဂျပန်နိုင်ငံခြားရေးရုံး၏ လက်အောက်၌ရှိသော နိပ္ပွန်တိုင်းသတင်းစာတွင် အယ်ဒီတာအဖွဲ့ဝင်တစ်ဦးဖြစ်သည်။ ထိုစဉ်က နိုင်ငံခြားရေးဌာနတွင် ဝန်ကြီးမှာ မာမိုရူရှိဂိမစ္ဆုဖြစ်သည်။ ရှိဂိမစ္ဆုမှာ ဂျပန်စစ်ဘီလူးတို့နှင့် သဘောချင်းကွဲလွဲခဲ့ဖူးသည်။ ၁၉၄၄ ခုနှစ်ကုန်ခါနီးတွင် ရှိဂိမစ္ဆုသည် စစ်ပြေငြိမ်းရေးကိုအတွင်းကျိတ်ကျိတ်၍ ကြံခဲ့သည်။ ထိုအခါ ရှီဘာသည် နိပ္ပွန်တိုင်းအယ်ဒီတာအနေနှင့် 'ကမ္ဘာ့ငြိမ်းချမ်းရေး' ဟူသော ဆောင်းပါးကို လူထုဆန္ဒတီးခေါက်ကြည့်သည့်သဘောနှင့် ထည့်သွင်းခဲ့သည်။ ဤအတွက်ကြောင့် ဂျပန်ကင်ပေတိုင်က အယ်ဒီတာရှီဘာမှာ ရှိဂိမစ္ဆုလုပ်ကိုင်သမျှကို အတွင်းသိဖြစ်လိမ့်မည်ဟု ယူဆ၍ ၁၉၄၅ ခု ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ၎င်းအား ဖမ်းဆီးလေသည်။

မြန်မာနိုင်ငံတွင် ကင်ပေတိုင်မှာ အလွန် နာမည်ပျက်ခဲ့သည်။ ၎င်းတို့၏ဘီလူးသဘာက်ပမာ ပြုမူချက်တို့ကြောင့် မြန်မာတို့သည် ဂျပန်ကို ခွင့်လွှတ်နိုင်ကြစေကာမူ မမေ့နိုင်ကြသေး။ မြန်မာဂျပန်ဆက်ဆံရေးတွင် ယနေ့တိုင် ဂျပန်ကင်ပေတိုင်၏ မကောင်းသော အတိတ်ကကန့်လန့်ခံနေသည်။

သို့သော် ဂျပန်ကင်ပေတိုင်စနစ်ကို မြန်မာတို့ကသာ မမေ့နိုင်ရှိနေသည် မဟုတ်။ ဂျပန်တို့ကလည်း ၎င်းတို့၏မိုက်မဲသော အမူအကျင့်

တို့ကို မမေ့နိုင်ကြပေ။

ဂျပန်ပြည်သို့ မရောက်ဖူးသေးမီက ကျွန်တော်၏စိတ်ထဲတွင် ဂျပန်နှင့် ကင်ပေတိုင်မှာ နောက်ဖေးသွားခြင်းနှင့် ချေးယိုခြင်းကဲ့သို့ အတူတူပင် ဖြစ်လိမ့်မည်ဟု ထင်မှတ်ခဲ့သည်။ သို့သော် ဂျပန်သို့ ရောက်ခဲ့ရာတွင် ဂျပန်လက်ထက်၌ မြန်မာပြည်သို့ ရောက်ခဲ့ဖူးသော ဂျပန်သတင်းစာဆရာအချို့နှင့် တွေ့ဆုံရသောအခါ ၎င်းတို့က ဂျပန်ကင်ပေတိုင်၏ ရက်စက်မှုများအတွက် တောင်းပန်စကားပြောကြားသည်ကို တွေ့ခဲ့ရသည်။ သို့သော် ကျွန်တော်သည် ၎င်းတို့အပေါ် ဗြုန်းခနဲ ယုံကြည်စိတ်ချခြင်း မရှိခဲ့ပါ။ ဂျပန်ပြည်ကို ဂျပန်ပြည်၌လေ့လာ၍ ရတန်သ၍ လေ့လာခဲ့ပြီး ဂျပန်ရေးရာတို့ကို ဆက်လက်လေ့လာမိသည်မှ ဂျပန်ကင်ပေတိုင် စစ်ဘီလူးတို့၏ စိတ်ဓာတ်နှင့် ဂျပန်လူထု၏စိတ်ဓာတ်မှာ တခြားစီဖြစ်သည်ဟု ယူဆမိပေသည်။

အမှန်မှာ ကျွန်ုပ်တို့က ဂျပန်ကင်ပေတိုင်ကို ဒူးတုန်ခဲ့ရသကဲ့သို့ ဂျပန်လူထုကလည်း ဒူးတုန်ခဲ့ရပေသည်။

ထို့ကြောင့် အယ်ဒီတာရှိဘာသည် ဂျပန်ကင်ပေတိုင် စာသင်နှစ်ဦး၏ရှေ့တွင် ဒူးတုန်မိပေလိမ့်မည်။ သူ၏စိတ်ထဲတွင် ဂျာမနီ၏ ဂက်စတာပိုကိုလည်းကောင်း၊ ရုရှား၏ အမ်ဗီဒီကိုလည်းကောင်း အမှတ်ရနေသည်။

"ဘွင်းဘွင်းပဲ ပြောပါ့မယ်ကွယ်။ မင်းကို ငါတို့ ချုပ်မထားချင်ပါဘူး။ မင့်အပြစ်ရှိလို့ ဖမ်းရတာ မဟုတ်ပါဘူး။ တခြားအကြောင်းအတွက်ပါ"

ဂျပန်ကင်ပေတိုင် စာသင်တစ်ဦးက ဤသို့ ရှိဘာကို ပြောသည်တွင်မှ ရှိဘာ၏စိတ်ထဲတွင် အလုံးကြီး ကျသွားသည်။

ကင်ပေတိုင် စာသင်နှစ်ဦးက ဂျပန်နိုင်ငံခြားရေးဝန်ကြီး ရှိဂိမစ္ဆု

၏ အကြောင်းနှင့်ပတ်သက်၍ ရှိဘာကို စစ်ဆေးသည်။ ဤအချက်သည် ပင်လျှင် စစ်ဘက်အာဏာရှင်စနစ်အရ ကင်ပေတိုင် အလုပ်လုပ်သည်မှာ ထင်ရှားပေပြီ။ သို့ရာတွင် ရှိဘာကား အတွင်းဝန်မဟုတ်၍ ကင်ပေ တိုင်တို့လိုလားသော သက်သေထွက်ချက်ကို မရချေ။ ရှိဂိမ္ဘျူမှာ စစ်ပြေ ငြိမ်းရေးဘက်သို့ ယိုင်နေသောကြောင့် သာမန်မျှသာ သိကြရသည်။ ရှိဂိမ္ဘျူ၏အလိုကျဆိုလျှင် မဟာမိတ်တို့၏ သဘောထားကို စုံစမ်း ကြည့်လို၏။ သို့သော် ကာယကံမြောက် စုံစမ်းမိခဲ့သော် ရှိဂိမ္ဘျူသည် အသက်ဆုံးရှုံးရပေလိမ့်မည်။ ထို့ကြောင့် လူထုဆန္ဒကို တီးခေါက်ကြည့် ရုံမျှ တီးခေါက်ကြည့်ခဲ့သည်။

ကင်ပေတိုင်တို့သည် အယ်ဒီတာရှိဘာကို မလွှတ်ခင် အသနား ခံလွှာကို အရေးခိုင်းသည်။ ဤကား ကင်ပေတိုင်တို့၏ စနစ်ဖြစ်သည်။ ကျွန်ုပ်တို့နိုင်ငံတွင် ကင်ပေတိုင်တို့က ရိုက်နှက်စစ်ဆေးပြီး အပြစ်မတွေ့ ရ၍ ပြန်လွှတ်သည့်အခါ အဖမ်းခံရသူက "ကျွန်တော် မှားပါပြီ။ နောင် ကို ဤအမှုမျိုး မလုပ်တော့ပါ။ တောင်းပန်ပါသည်။ ချမ်းသာခွင့်ပေး ပါ" ဟူသော စာမျိုးကို လက်မှတ်ထိုးပေးရသည့် သဘောသွားအတိုင်း ပင် ဖြစ်ချေသည်။

ရှိဘာ၏ကိစ္စ၌ ကင်ပေတိုင်တို့ ညဏ်ဆင်ပုံမှာ ရှိဘာကိုဖမ်းလျှင် ရှိဘာက နိုင်ငံခြားရေးဝန်ကြီးကို တိုင်ကြားလိမ့်မည်။ ယင်းသို့ တိုင်ကြား ခြင်းသည်ပင်လျှင် နိုင်ငံခြားရေးဝန်ကြီးအား သတိပေးခြင်းဖြစ်သည်။ ဤသဘောအတိုင်း ညဏ်ဆင်ခြင်းဖြစ်လေရာ ရှိဘာလည်း သူတို့ဆင် ထားသော အကွက်အတိုင်းလိုက်၍ နိုင်ငံခြားရေးဝန်ကြီးအား တိုင်ကြား သည်။ နိုင်ငံခြားရေးဝန်ကြီးလည်း ငြိမ်းချမ်းရေးစကားကို နောက်ထပ် မပြောတော့ချေ။ သို့သော် များမကြာမီ သူသည် အစိုးရအဖွဲ့မှ ပြုတ်ကျ သွားခဲ့သည်။

ထိုစဉ်က ဂျပန်စစ်ဘီလူးတို့၏အကြံမှာ အတော်ပင် မိုက်တွင်းနက်ပေသည်။ ၎င်းတို့က ဘာပဲဖြစ်ဖြစ် အသေခံတိုက်ရန် စိတ်တွင်စွဲမှတ်ထားသည်။ ဂျပန်လို "ဂျိုကူဆိုင်" ဟူသော စကားရှိသည်။ "တစ်ယောက်မကျန် အသေခံတိုက်မည်" ဟု အဓိပ္ပာယ်ရှိသည်။ ဤစကားအတိုင်း ဂျပန်စစ်ဘီလူးတို့က ဂျပန်လူထုသန်းပေါင်း ၈၃ သန်းကို အသေခံစေရန် ရည်ရွယ်ထားသည်။

သို့သော် နိုင်ငံခေါင်းဆောင်များကမူ လူထု အသေခံခြင်းကို မလိုလား။ စစ်ကို ရပ်စဲလိုသည်။ စစ်ရပ်စဲစေရန်မှာ နှစ်လမ်းသာ ရှိသည်။ မဟာမိတ်တို့နှင့် တိတ်တိတ်ပုန်း အဆက်ယူ၍ စစ်ပြေငြိမ်းရေးအတွက် ဖေ့စပ်ရန် တစ်လမ်းနှင့် ဂျပန်ဧကရာဇ်ဘုရင်မင်းမြတ်က စစ်ဘီလူးတို့၏ ကြိုးဆွဲရာကို မလိုက်နာဘဲ လက်နက်ချရေးကို သဘောတူလေအောင် ကြံဆောင်ရန်က တစ်လမ်း၊ ဤသို့ လမ်းနှစ်သွယ် ရှိနေသည်။ သို့သော် ယခုအခါ ကင်ပေတိုင်က ရိပ်မိပြီ။

ရှိဘာ၏နောက်၌ ကင်ပေတိုင် တဲကောက်ကောက်လိုက်နေသည်။ ထို့ကြောင့် ရှိဘာသည် အသာငြိမ်နေရသည်။ သို့သော် ရှိဘာ၏ မိတ်ဆွေနှစ်ဦးမှာ စစ်ပြေငြိမ်းရေးအတွက် အကြံထုတ်ကာ... တိတ်တိတ် စခန်းသွားနေကြသည်။

ထိုနှစ်ဦးအနက် တစ်ဦးမှာ သတင်းစာသမား ကီဟာရာ ဖြစ်သည်။ ကျန်တစ်ဦးမှာ ဝန်ကြီးချုပ် စုဇူကီ၏ညာလက်ရုံးဖြစ်သော အစိုးရအဖွဲ့ အတွင်းဝန်ချုပ် ဆာကိုမိဇူဖြစ်သည်။ ၎င်းတို့နှစ်ဦးစလုံးမှာ လူငယ်လူရွယ်ပိုင်းဖြစ်သည်။

ဩဂုတ်လ တစ်နေ့သောရက်တွင် ဆာကိုမိဇူသည် ကီဟာရာကို ဝန်ကြီးချုပ်၏ အတွင်းဝန်ရုံး၌ခေါ်၍ တိုင်ပင်သည်။ ကီဟာရာသည် ဟီရိုရှိမာကျွန်းကို အမေရိကန်တို့ ဗုံးကြဲသည့်သတင်းကို ရထား

သည်။

"စစ်ဆက်တိုက်ဖို့ဆိုရင် ဒီထက်ရှူးတာ မိုက်တာ ဘယ်မှာမှ မရှိဘူး"

ကိုဟာရာက ယင်းသို့ ပြောသည်။ ဆာကိုမိဇူက ခေါင်းညိတ်ပြသည်။

၁၉၄၅ ခု၊ ဩဂုတ်လ ၆ ရက်နေ့တွင် ဟီရိုရှီမာမြို့ပေါ်သို့ အဏုမြူဗုံးတစ်လုံးကျသည်။ အမေရိကန်တို့၏ ပြန်တမ်းအရ လူပေါင်း ၇၈၁၅၀ ဦးသေသည်ဟု ဆိုသည်။ ဩဂုတ်လ ၈ ရက်နေ့တွင် နာဂါဆာကီ၌ အဏုမြူဗုံးတစ်လုံး ကျပြန်သည်။ လူပေါင်း ၃၅၀၀၀ မှ ၄၀၀၀၀ အထိ သေသည်ဟု ဆိုသည်။ နောက်တစ်နေ့တွင် အမေရိကန်သမ္မတထရူးမင်းက လက်နက်မချလျှင် ဂျပန်လူမျိုးတစ်မျိုးလုံးကို ယခုကဲ့သို့ သုတ်သင်ပစ်ရလိမ့်မည်ဟု ကြိမ်းမောင်းလေသည်။

ယခု ကီဟာရာတို့ တိုင်ပင်နေသည်မှာ ဩဂုတ်လ ၇ ရက်နေ့၌ ဖြစ်သည်။

"စစ်ဘက်ကတော့ အမေရိကန်တွေ ဂျပန်ပြည်ကို တက်လာခဲ့ အထိ စောင့်ဦးမယ် ဆိုတယ်။ အဲဒီတော့မှ ဂျပန်တွေ လူစုလူဝေးနဲ့ ဘန်ဇိုင်းလို့ အော်ပြီး အမေရိကန်ကို အသေခံချမယ်။ အဲဒီလို စီစဉ်ထားတယ်။ ဒါကို တို့က ဝင်ဖျက်ရင် ကိုယ့်ကိုယ်ကိုယ် သတ်တာနဲ့ အတူတူပဲ။ ဒီတော့... ဂျပန်ဘုရင်မင်းမြတ်ကိုယ်တိုင်က လက်နက်ချပြီလို့ ကြေညာအောင် အကွက်ဆင်နိုင်မှ တို့အကြံအောင်မယ်"

အတွင်းဝန်ချုပ် ဆာကိုမိဇူက ယင်းသို့ ပြောပြလေသည်။

သို့သော် ဂျပန်ဘုရင်က လက်နက်ချပါပြီဟု ကြေညာစေရန်မှာ ခဲယဉ်းသည့် အလုပ်ဖြစ်သည်။ စစ်ရေးစစ်ရာနှင့် ပတ်သက်လာသော် ဘုရင်တစ်ဦးတည်း၏ သဘောနှင့်ပြီးသည်မဟုတ်။ စစ်ဦးစီးကောင်စီ

ကပြီးမှ ပြီးရသည်။ ထိုစစ်ဦးစီးကောင်စီ၌ မဲပေးနိုင်ခွင့်ရှိသော အဖွဲ့ဝင် ခြောက်ဦးရှိသည်...။ ၎င်းခြောက်ဦးအနက် လေးဦးမှာ ကြည်းနှင့် ရေတပ် ဆိုင်ရာ ဝန်ကြီးများနှင့် သေနာပတိများ ဖြစ်သည်။

၁၉၄၅ ခု ဇူလိုင်လ ၂၆ ရက်နေ့တွင် ကြီးငါးကြီး နိုင်ငံတို့ဘက် မှ ပို့စဒမ်ကြေညာချက်ဖြင့် ဂျပန်လက်နက်ချရမည်။ မချလျှင် ချေမှုန်း ခြင်း ခံရလိမ့်မည်ဟု သတိပေးခဲ့၏။ သို့သော် ဂျပန်စစ်ဘီလူးတို့ကား လက်နက်မချဘဲ အသေခံကြမည်ဆိုသည်။ သူတို့ သေသလို အခြား မဆိုင်သူ အရပ်သားများပါ သေစေချင်သော ဆန္ဒသည် သူတို့၌ရှိဟန် တူသည်။ သို့သော် ဟီရိုရှီမာနှင့် နာဂါဆာကီ၌ ကြဲချသော အဏုမြူဗုံး သည် ပို့စဒမ်ကြေညာချက်အတိုင်း ဂျပန်ပြာကျလိမ့်မည်ဟူသော အချက် ကို ဖော်ပြနေပေသည်။ ထိုအချိန်၌ ဂျပန်ဘုရင်ကိုယ်တိုင်က လက်နက် ချရန်ကို သဘောကျသည်ဟု ဓာတ်သိများက သိနှင့်ပြီး ဖြစ်ကြ သည်။

ထို့ကြောင့် စစ်ဦးစီးကောင်စီကို ခေါ်နိုင်လျှင် ဂျပန်ဘုရင်၏ဆန္ဒ အတိုင်း အထမြောက်ပေမည်။ သို့သော် စစ်ဦးစီးကောင်စီမှာလည်း အကြောင်းမဲ့ခေါ်၍ ရသည် မဟုတ်ချေ။ အကြောင်းကိစ္စပေါ်လာ၍ ထိုကိစ္စနှင့် ပတ်သက်ပြီး အဖွဲ့ဝင်တို့၏ဆန္ဒကို အလျှင်သိရမှသာ စစ် ဦးစီးကောင်စီကို ခေါ်နိုင်ခွင့်ရှိသည်။ စင်စစ် စစ်ဦးစီးကောင်စီ အစည်း အဝေးဆိုသည်မှာ အဖွဲ့ဝင်တို့၏ အဆုံးအဖြတ်ကို တရားဝင်အောင် အတည်ပြုရန် တွေ့ဆုံသော အစည်းအဝေးမျိုးဖြစ်ရကား ဆုံးဖြတ်ပြီး သော ကိစ္စတစ်ခုမရှိဘဲနှင့် ခေါ်ဖို့ရာ ခက်လှသည်။ စစ်ဘက်ဆိုင်ရာ တို့က လက်နက်ချရန် ဆုံးဖြတ်ပြီးမှ စစ်ဦးစီးကောင်စီအစည်းအဝေး ခေါ်ဖို့မှာ သာ၍ ခက်လှပေသည်။

ထို့ကြောင့် အတွင်းဝန်ချုပ် ဆာကိုမိဇူသည် ကြံရာမရ ဖြစ်နေ

သည်။

သို့သော် ဩဂုတ်လ ၉ ရက်နေ့၌ကား ရုရှားသည် ဂျပန်အား စစ်ကြေညာလေသည်။ ဤအခါတွင်မှ ဆာကိုမိဇူအတွက် အချက်ပေါ်လေသည်။

ဆာကိုမိဇူသည် စစ်ဦးစီးကောင်စီအဖွဲ့ဝင် စစ်ဝန်ကြီး၊ ရေတပ်ဝန်ကြီး၊ ကြည်းတပ် သေနာပတိချုပ်နှင့် ရေတပ်သေနာပတိချုပ်... လေးဦးတို့ကို တွေ့ဆုံ၍ ရုရှားက စစ်ကြေညာသည်ကို ဂျပန်က အပြန်အလှန် ကြေညာရမည်ဖြစ်ကြောင်း၊ ဤသို့ကြေညာရန်ကိစ္စမှာ အားလုံးသော အဖွဲ့ဝင်တို့က သဘောတူညီမည့်ကိစ္စဖြစ်ရကား အစည်းအဝေးရက်ချိန်း သတ်ပေးဖို့သာ လိုကြောင်း၊ ဘုရင်မင်းမြတ်ထံမှ သဘောတူညီချက် ရလျှင်ရချင်း အဖွဲ့ဝင်တို့အား အကြောင်းကြားမည်ဖြစ်ကြောင်း စသဖြင့် ပြောဆိုပြီးလျှင် အစည်းအဝေးခေါ်နိုင်ရန် စတင်စီစဉ်လေသည်။

ဆာကိုမိဇူသည် ညတွင်းချင်း အစည်းအဝေးခေါ်လေသည်။ အစည်းအဝေးမှာ ဂျပန်ဘုရင်၏ နန်းတော်မြေအောက် ပေပေါင်း ၃၀ ၌ တူးထားသော မုံးခိုကျင်းရုံးခန်းတွင် ကျင်းပသည်။ ထိုအစည်းအဝေး၌ ဝန်ကြီးချုပ် ဆူဇူကီ တက်ရောက်သည်။ ဝန်ကြီးချုပ် တိုဂျိုမှာ ခပ်စောစောက ပြုတ်ကျပြီး ဖြစ်လေသည်။

ဩဂုတ်လ ၉ ရက်ည ၁၁ နာရီ ၄၅ မိနစ်တွင် အစည်းအဝေးကို စတင်ကျင်းပသည်။ ဂျပန်ဘုရင်ဟီရိုဟီတိုသည် ရွှေရောင်နှင့်ပြီးသော လိုက်ကာနောက်မှ ဘွားခနဲထွက်ပေါ်လာပြီးလျှင် စားပွဲထိပ်တွင် ထိုင်လေသည်။ ဝန်ကြီးချုပ်ဆူဇူကီသည် အစည်းအဝေး စလျှင်စချင်း အစိုးရအဖွဲ့အတွင်းဝန်ချုပ် ဆာကိုမိဇူအား ပို့စဒမ်ကြေညာချက်ကို ဖတ်ပြခိုင်းသည်။

ဤကား အခြားသောအဖွဲ့ဝင်တို့ မမျှော်လင့်သည့်ကိစ္စဖြစ်ရာ

စစ်ဝန်ကြီးနှင့်တကွ ၎င်း၏အပေါင်းပါတို့သည် မျက်နှာပျက်သွားကြသည်။ ၎င်းတို့သည် ဘုရင်မင်းမြတ်၏မျက်မှောက်၌ပင် တစ်ပတ်ရိုက်ခံရပြီကို သိသော်လည်း ဘာမျှ မပြောဝံ့ချေ။

ပို့စဒမ်ကြေညာချက်ကို ဖတ်ပြပြီးသောအခါ ဝန်ကြီးချုပ်က နိုင်ငံခြားရေး ဝန်ကြီးတိုဂိုအား စစ်အခြေအနေကို ပြောပြရန် အမိန့်ပေးလေသည်။ တိုဂိုလည်း အခြေမလှတော့၍ လက်နက်ချရန် အကြံပေးသည်။

ထိုအခါ စစ်ဝန်ကြီး အနာမီက နိုင်ငံခြားရေးဝန်ကြီးနှင့်သဘောချင်း မတိုက်ဆိုင်ပါဟု ဆိုလေသည်။

ဤသည်တွင် လက်နက်ချသင့် မချသင့်ဟူသော ကိစ္စသို့ ရောက်လာပြီးလျှင် မဲခွဲရသည့်အခြေသို့လည်း ဆိုက်ခဲ့သည်။ မဲခွဲသောအခါ သဘောတူသူ ၃ ဦး၊ မတူသူ ၃ ဦးဖြစ်နေသည်။ ထို့ကြောင့် ဝန်ကြီးချုပ်ဆူဇူကီက ဘုရင်မင်းမြတ်၏ အလိုဆန္ဒကို သိလိုပါသည်။ ထိုအလိုဆန္ဒအရ လိုက်နာပါမည်ဟု ဆိုလေသည်။

"စစ်နှင့်ပတ်သက်၍ ကြည်းတပ်နှင့် ရေတပ်တို့က ၎င်းတို့ ဆောင်ရွက်ချက်နှင့်တကွ စစ်အခြေအနေကို အစီရင်ခံသည်မှာ တကယ့်အဖြစ်အပျက်နှင့် မတိုက်ဆိုင်။ ကြည်းတပ်နှင့် ရေတပ်တို့က ဂျပန်ကျွန်းကာကွယ်ရေးမှာ ပြီးစီးနေပါပြီဟုဆိုသည်။ သို့သော် ကျွန်ုပ်၏စစ်ဘက်ဆိုင်ရာအတွင်းဝန်တို့ အစီရင်ခံချက်အရမှာ ကာကွယ်ရေးအတွက် ဘာအစီအစဉ်မျှ မရှိသေးသည်ဟု ဆိုသည်။ ဤအခြေအနေ၌ ဂျပန်ကျွန်းကိုရန်သူတို့ တက်ရောက်သော် ဂျပန်တစ်မျိုးလုံး သေဖွယ်ရာသာ ရှိတော့သည်။ ဤသို့ဖြစ်လျှင် ကျွန်ုပ်၏အင်ပါယာကို မည်သည့်သားစဉ် မြေးဆက်တို့အား ကျွန်ုပ် အမွေပေးအပ်ခဲ့ရမည်နည်း။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဤအဆုံးအဖြတ်ကို မပေးချင်သည့်တိုင်အောင် ပေးရမည်သာဖြစ်၍ ပို့စဒမ်ကြေညာချက်ကို လက်ခံသည်"

ဘုရင်မင်းမြတ် ဟီရိုဟီတိုသည် ဤသို့ ဗျာဒိတ်ခတ်နိုပ်ပြီးနောက် ကုလားထိုင်ပေါ်တွင် ထိုင်ချလိုက်သည်။ ထိုအခါ စစ်ဝန်ကြီးအနာမီက ဘုရင်မင်းမြတ်၏ထံပါးသို့ ချဉ်းကပ်လာပြီးလျှင် ဘုရင်မင်းမြတ် ခြေတော်ရင်း၌ ဒူးထောက်၍ သည်းထန်စွာ ငိုကြွေးလေသည်။

ဂျပန်လူမျိုးတို့သည် ယေဘုယျအားဖြင့် ၎င်းတို့ခံစားရသော စိတ်စေတသိက်ဝေဒနာတို့ကို မျိုသိပ်၍ထားတတ်သော လူမျိုးတည်း။ သို့သော် သူတို့၏စိတ်ရင်းကား အလွန်အညှာလွယ်သည်။ ရယ်စရာရှိလျှင် အလွန်ရယ်ပြီး ငိုစရာရှိလျှင် မျက်ရည်ကို မထိန်းနိုင်ကြချေ။

အနာမီသည် ဘုရင်မင်းမြတ်ထံကပ်၍ စစ်ကို ဆက်လက်တိုက်ပါရစေဟု ဆိုလေသည်။ ဘုရင်မင်းမြတ်ကား ပေးပြီးသော အမိန့်ကို မဖျက်နိုင်ဟု ဆိုလေသည်။ ဤအချိန်၌ စစ်ဦးစီးကောင်စီဝင်အားလုံးတို့သည် ကလေးသူငယ်များပမာ အားရပါးရ ငိုကြွေးလျက် ရှိကြလေသည်။

အစည်းအဝေး အပြီးသတ်တွင် ဘုရင်မင်းမြတ်က ယင်းသို့ လက်နက်ချရန် အမိန့်ပေးသည့် သတင်းကိုမပေါက်ကြားအောင် စောင့်ထိန်းရမည်ဟု အမိန့်တော်မြတ် မှတ်တော်မူသည်။

သို့သော် ဘူးတစ်ရာ အပေါက်ဆို့၍ ရချင်ရမည်။ ပါးစပ်တစ်ပေါက်ကို ဆို့၍ ရသည်မဟုတ်။ ထို့ကြောင့် ဘုရင်မင်းမြတ်က အဆုံးအဖြတ်ပေးလိုက်သည့် ညဉ့်ပင်လျှင် စစ်ဘက်ဆိုင်ရာ အရာရှိ လူငယ်လူရွယ်တို့သည် လျှို့ဝှက်စွာ တွေ့ဆုံစည်းဝေးဆွေးနွေး၍ စစ်ဘက်ဌာနကို သစ္စာဖောက်လေပြီဟု သတင်းလွှင့်ကြသည်။ သတင်းလွှင့်ရုံမျှမကသေး၊ စစ်ဘက်လုပ်ကြံမှုများ လုပ်ရန်ကိုပင် ကြံစည်ကြသည်။ ဂျပန်အစိုးရအဖွဲ့ကို လက်နက်အင်အားနှင့် သိမ်းပိုက်၍ စစ်ကို ဆက်လက်တိုက်ခိုက်ရန် အတွင်းကျိတ်စီမံကြလေသည်။

ဤအချက်ကို ဆာကိုမိဇူ သိသည်။ အကယ်၍ နိုင်ငံကို လုပ်ကြလျှင် ဆာကိုမိဇူကဲ့သို့သော အတွင်းဝန်ချုပ်သည်ပင်လျှင် သုတ်သင်ခြင်းခံရဖို့ ရှိနေသည်။ ထို့ကြောင့် သူသည် အထူးသတိဝီရိယကြီးစွာနှင့် နေရသည်။

ဩဂုတ်လ ၁၀ ရက်နေ့သို့ ရောက်သောအခါ လက်နက်ချ၍ စစ်ပြေငြိမ်းရန်အတွက် ဂျပန်က စကားကမ်းလှမ်းသည်။ ထိုစကားကမ်းလှမ်းချက်အရမှာ စစ်ပြေငြိမ်းပြီးသည့်နောက်တွင် ဂျပန်ဘုရင် ဟီရိုဟီတိုကို ဘုရင်အဖြစ်နှင့် ဆက်လက်ထားရှိရမည်ဟူသော အချက်ဖြစ်သည်။ ဤအချက်ကို အမေရိကန်သမ္မတ ထရူးမင်းထံသို့ အကြောင်းကြားသည်။ ထရူးမင်းက "မဟာမိတ်စစ်တပ် သေနာပတိ၏ အလိုအတိုင်းသာလျှင်" ဂျပန်ဘုရင်သည် ဘုရင်အဖြစ်နှင့် ဆက်လက်တည်မြဲခွင့် ရှိစေရမည်ဟု ဆိုသည်။

ဤစကားတွင် အမေရိကန်ဘက်မှ ပြန်စာ၌... "Subject to the commander of the allied forces" ဟု သုံးသည်။ ဂျပန်တို့ကယင်း "Subject to" ဟူသော စကားကို "Subject of" ဟူသော စကားနှင့် အဓိပ္ပာယ်တူသည်ဟု ထင်မှတ်မှားပြီးလျှင် အချင်းချင်းစကားများကြသောကြောင့် အစိုးရအဖွဲ့ အထူးအစည်းအဝေးခေါ်ကာ to နှင့် of ကို အဓိပ္ပာယ်ပြန်ကြသည်။ သို့သော် ဘာဆုံးဖြတ်ချက်ကိုမျှ မရောက်ကြချေ။ အင်္ဂလိပ်စကားကို ကျွမ်းကျင်သော ပညာရှိတို့နှင့် နီးနှောတိုင်ပင်ကြသည့်တိုင်အောင် ထိုဝိဘတ်နှစ်ခု၏ အဓိပ္ပာယ်ကို မရှင်းမလင်းဖြစ်နေကြသည်။ ထို့ကြောင့် ဤကိစ္စမှာ ဩဂုတ်လ ၁၃ ရက်အထိ သောင်မတင်ရေမကျ ဖြစ်ခဲ့ရလေသည်။

ဩဂုတ်လ ၁၃ ရက် နေ့ နံနက်ခင်း၌ကား စစ်ဘက်မှ နိုင်ငံရေးလုပ်ကြံမှုကြီးကို စတင်တော့မည်ဟု စိုးရိမ်ရသောအခြေသို့ ဆိုက်လာ

ခဲ့လေသည်။ လက်ဖတင်နင် အဆင့်အတန်းမျှသာရှိသော ဂျပန်စစ်ဗိုလ်ကလေးတစ်ဦးသည် ဝန်ကြီးချုပ်ရုံးသို့ ဝင်လာပြီးလျှင် စစ်ကို ဆက်လက်တိုက်ရန် အဆိုများပါဝင်သည့် စစ်လျှို့ဝှက်မှတ်တမ်းများကို ဆာကိုမိဇု၏ လက်ထဲသို့ အပ်သည်။ သူ၏မျက်နှာ၌ ခြိမ်းခြောက်သော အသွင်ကို ဆောင်နေသည်။

ထိုနေ့၌ပင် ဂျပန်ကင်ပေတိုင်အဖွဲ့မှ လက်ဖတင်နင် ဂျင်နရယ်အဆင့်အတန်းရှိသော စစ်ဗိုလ်သည် ဝန်ကြီးချုပ်နှင့် တွေ့ခွင့်ရရန်အတင်းအကျပ်ခွင့်တောင်းသည်။ ၎င်းက ဂျပန်ကင်ပေတိုင် တစ်ဖွဲ့လုံးသည် သူ့စိတ်တိုင်းကျ စစ်ကို ဆက်လက်မတိုက်ရလျှင် သူပုန်ထမည်ဟု ဆိုလေသည်။

ဤအတွင်း စစ်ဘက်က အမျိုးမျိုးကုလားဖန်ထိုးနေသည်။ ရန်သူတို့ကို နောက်ထပ်စစ်မျက်နှာဖွင့်၍ တိုက်ခိုက်ရန်အတွက် ဂျပန်ဧကရာဇ်ဘုရင်က အမိန့်ပေးနေပြီဟု အဓိပ္ပာယ်သက်ရောက်သော ကြေညာချက်ကို စစ်ဌာနဒုတိယဝန်ကြီး၏ လက်မှတ်နှင့် သတင်းစာတိုက်များသို့ ဝေငှနေသည်။ ဤအတွက်ကြောင့် သတင်းထောက်များသည် အစိုးရအဖွဲ့အစည်းလုပ်နေစဉ် ဝန်ကြီးချုပ်အား အတင်းဝင်ခွင့်တောင်း၍ တွေ့ဆုံပြီးလျှင် အစိုးရ၏ သဘောထားကို မေးမြန်းကြသည်။ ဤအချက်မှာ အတော်အရေးကြီးပေသည်။ ကင်ပေတိုင်ကို ဂျပန်တစ်နိုင်ငံလုံးက ဖိမ့်ဖိမ့်တုန်အောင် ကြောက်နေရသည့်အထဲတွင် သတင်းစာဆရာတို့က မကြောက်မရွံ့ အရဲစွန့်၍ အလုပ်လုပ်ခဲ့သည်။ ဤသို့ အလုပ်လုပ်ခဲ့သောကြောင့်လည်း တိုင်းပြည်၏ သေရေးရှင်ရေးတစ်ရပ်မှာ မြွေမသေတုတ်မကျိုးဖြစ်ခဲ့သည်။ သတင်းစာဆရာတို့ကြောင့် ဂျပန်သေရေးသည် ရှင်ရေးဘက်သို့ ရောက်လာခဲ့သည်။

သတင်းထောက်တို့က ဤသို့ မေးမြန်းကြသောအခါ ဝန်ကြီး

ချုပ် ဆူဇူကီသည် စစ်ဝန်ကြီး အနာမိအား အဘယ်ကြောင့် ဤကဲ့သို့ ဖြစ်ရသည်ကို ရှင်းလင်းခိုင်းသည်။ အနာမိသည် မျက်စိမျက်နှာပျက် ကာ ချက်ချင်း တယ်လီဖုန်းကို ကိုင်၍ စစ်ဌာနချုပ်ကို အမိန့်ပေးလေ သည်။

ဤကြေညာချက်ကို မည်သို့ထုတ်ပေးသည်ဟူသောအကြောင်း ကို အသေအချာမပြောနိုင်ကြသော်လည်း ထိုကြေညာချက်မှာ စစ်ဘက် က ထုတ်ပေးသော ကြေညာချက်အမှန်ဖြစ်နေသည်။ ထို့ကြောင့် အနာမိ က ယင်းကြေညာချက်ကို ချက်ချင်းဖျက်သိမ်းရမည်ဟု အမိန့်ပေး လေသည်။

ဤကဲ့သို့ အနာမိက အမိန့်ပေးပြီးနောက် ဝန်ကြီးချုပ် ဆူဇူကီ သည် ဂျပန်ဘုရင်၏ရှေ့တော်သို့ဝင်၍ လက်နက်ချစစ်ပြေငြိမ်းရေး နှောင့်နှေးနေရသည့် အကြောင်းရင်းကို ရှင်းပြပြီးလျှင် နောက်တစ်နေ့ ၁၀ နာရီခွဲတွင် အစိုးရအဖွဲ့ဝင်များ၊ ကုန်းတပ်၊ ရေတပ် သေနာပတိများ ပုလိပ်မင်းကြီးနှင့် အခြားစစ်ဘက်ဆိုင်ရာ အရာရှိချုပ်များ ပါဝင်သည့် ကွန်ဖရင့်တစ်ရပ်ကို ခေါ်လေသည်။

ဂျပန်ဘုရင်သည် စစ်ဦးစီးကောင်စီ၌ ဆုံးဖြတ်သော များရာဆန္ဒ ကို လိုက်ရရိုးထုံးတမ်းရှိသည်။ သို့သော် သဘောကွဲလွဲချက်များကို ဟိုဘက် သည်ဘက် မဲချင်းတူနေလျှင် ဂျပန်ဘုရင်၏ဆန္ဒသည် အတည် ဖြစ်သည်။ ယခု ကွန်ဖရင့်၌လည်း သဘောကွဲလွဲချက် ရှိနေသည် မှန် ၏။ သို့သော်.... စစ်ဦးစီးကောင်စီ၌ ဂျပန်ဘုရင်၏ဆန္ဒသည် အတည် ဖြစ်ခဲ့ပြီးပြီ။ ထို့ကြောင့် ဝန်ကြီးချုပ်ဆူဇူကီနှင့် အစိုးရအဖွဲ့ဝင်များ စစ်ဘက်ဆိုင်ရာ အရာရှိများတို့က ဂျပန်ဘုရင်၏နောက်ဆုံး ဆုံးဖြတ် ချက်ကိုသာ လိုက်နာကြရဖို့ ရှိနေသည်။ ဤကွန်ဖရင့်တွင် အနာမိတို့ လူစုက ဂျပန်သည် ပို့စဒမ် ကြေညာချက်ကို လက်ခံရပါလျှင် ဂျပန်

လူမျိုးတို့၏ ရုပ်နာမ်ချုပ်ငြိမ်းခြင်းသာ ဖြစ်ပါလိမ့်မည်ဟု ကန့်ကွက်ပြောဆိုလေသည်။ သို့သော် ဂျပန်ဘုရင်က အဆင့်အတန်း အခွင့်အရေးကို မထိခိုက်နိုင်ဟု အယူရှိသဖြင့် ပို့စဒမ်ကြေညာချက်ကို လက်ခံမည်ဟု အဆုံးအဖြတ်ပေးလေသည်။

ဂျပန်အစိုးရအဖွဲ့သည် ဤအဆုံးအဖြတ်ကို ကြားရသောအခါ ငိုကြွေးကြသော ဟူ၏။

ကွန်ဖရင့်ကြီးပြီးစီးလေသော် ဝန်ကြီးချုပ် ဆူဇူကီသည် နိုင်ငံခြားရေးဝန်ကြီး တိုဂိုကို ခေါ်၍ လက်နက်ချသည့် အကြောင်းကို ဆွစ်ဇာလန်နှင့် ဆွီဒင်သံရုံးတို့မှတစ်ဆင့် မဟာမိတ်တို့အား အကြောင်းကြားရန် အမိန့်ပေးလေသည်။ ထို့နောက် ဘုရင်မင်းမြတ်၏အမိန့်စာချွန်ကို ရေးသားစီကုံးရန်အတွက် အတွင်းဝန်ချုပ်ဆာကိုမိဇူကို တာဝန်ပေးအပ်လိုက်လေသည်။

ထိုအခါ ဆာကိုမိဇူသည် သူ၏မိတ်ဆွေ သတင်းစာဆရာ ကီဟာရာကို ခေါ်၍တိုင်ပင်သည်။ ကီဟာရာသည် အချိန်အနည်းငယ်အတွင်း၌ပင်လျှင် ဘုရင်မင်းမြတ်၏အမိန့်စာချွန်ကို စီကုံးရေးသားသည်။ ၎င်းကို စစ်ဝန်ကြီး အနာမီက အနည်းငယ်အရှက်ပြေရန် နငယ်အမြီးတပ်ပေးသည်က လွဲ၍ နောက်ထပ်အကြီးအကျယ် ပြင်ဆင်ချက်မရှိချေ။ ထို့ကြောင့် ဩဂုတ်လ ၁၄ ရက် ည ၉ နာရီအချိန်တွင် ထိုအမိန့်စာချွန်ကို ဘုရင့်ရှေ့တော်သို့ သွင်းသည်။ ၁၁ နာရီတွင် ဂျပန်ဘုရင် ဟီရိုဟီတိုသည် ၎င်း၏လက်မှတ်နှင့် တံဆိပ်ကို အမိန့်စာချွန်တွင် ရေးထိုးခတ်နှိပ်သည်။

သို့သော်... ထိုအမိန့်ကို တစ်နိုင်ငံလုံးသိအောင် မည်သို့ ကြေညာမည်နည်း။ စစ်ပြေငြိမ်းလိုသူတစ်စု၏ အကြံသည် အောင်မြင်ခဲ့ပြီ မှန်ပါ၏။ သို့သော် ထိုစစ်ပြေငြိမ်းရေးသမားတို့ကို ဂျပန်စစ်ဘီလူးသားရဲ

တို့သည် အဘက်ဘက်မှ ဝိုင်းညှပ်စပြုလာပြီ။

ထို့ကြောင့် ဘုရင်မင်းမြတ်၏အသံကို ရေဒီယိုမှ လွှင့်ရန် စီစဉ်ဖို့သာ ရှိတော့သည်။ ပြန်ကြားရေးအဖွဲ့ဥက္ကဋ္ဌသည် ဘုရင်မင်းမြတ် အသံကို အသံသွင်းရန် စီစဉ်ရလေသည်။

ဩဂုတ်လ ၁၅ ရက် နံနက် ၁ နာရီတွင် အသံသွင်းသည့်ကိစ္စပြီးသောအခါ ပြန်ကြားရေးအဖွဲ့ဥက္ကဋ္ဌသည် နန်းတော်မှ ထွက်ခဲ့လေသည်။

နန်းတော်အထွက်တံခါးဝသို့ ရောက်သောအခါ ပြန်ကြားရေးအဖွဲ့ဥက္ကဋ္ဌသည် သူ့အား စစ်တပ်က ဝိုင်းထားသည်ကို တွေ့ရလေသည်။

စစ်တပ်သည် ဥက္ကဋ္ဌကို နန်းတော်ထဲ ပြန်သွင်းသည်။ နန်းတွင်းရှိ ဘုရင့်ကိုယ်ရံတော်တပ်ကပါ ယခုအခါ ဂျပန်ဘုရင်၏အမိန့်ကို တော်လှန်လိုက်လေပြီ။ ထိုကိုယ်ရံတော်တပ်သည် ဥက္ကဋ္ဌကို ဖမ်းဆီး၍ နန်းတော်တွင်း၌ တစ်နေရာတွင် အကျဉ်းချထားလိုက်သည်။ ထို့နောက် ဘုရင်မင်းမြတ် အသံသွင်းထားသော ဓာတ်ပြားကို နန်းတော်ရုံးခန်းတွင် အနှံ့အပြား ရှာဖွေကြသည်။ စင်စစ် ထိုအသံသွင်း ဓာတ်ပြားမှာကား ဘုရင်မင်းမြတ်ကိုယ်တိုင် မီးအာမခံသေတ္တာထဲတွင် သိမ်းဆည်းထားပြီးဖြစ်သည်။

စောစောက ကျွန်တော် ရေးသားထားဘိသကဲ့သို့ ဂျပန်လူမျိုးအတွက် ဂျပန်ဘုရင်မှာ လောကသမုတိနတ်ပမာ ဖြစ်နေလေရာ ဂျပန်ဘုရင့်ကိုယ်ပိုင်ပစ္စည်းကို ကိုယ်ရံတော်တပ်သားတို့က မနှောက်ယှက်ဝံ့ချေ။ ယခုတိုင် ရှင်ဘုရင်ကို နေမျိုးနေနွယ်ဟု ထင်မှတ်ယုံကြည်နေသော လူမျိုးတစ်မျိုးအတွက် ဘုရင့်စနစ်ကို ဒီမိုကရေစီစနစ်အဖြစ်သို့ ရုတ်ခြည်းလွှဲပြောင်းပေးရန်မှာ လွယ်သည့်အလုပ်မဟုတ်ချေ။ သို့သော် ဂျပန်တို့သည် တစ်စတစ်စ ပြောင်းလဲလာကောင်း ပြောင်းလဲလာပေလိမ့်မည်။

တော်လှန်ရေးကြီးတစ်ရပ်ဖြစ်ဖို့ကား အတော်ပင် လိုသေးသည်။ သို့သော် စစ်စိတ်စစ်မာန်ဝင်သော ဂိုဏ်းသားတစ်စုတို့ ပြန်၍ အာဏာရလျှင်ကား ဖက်ဆစ်စနစ်သည် ရှင်ပြန်ထမြောက်လာပြီးနောက် ဂျပန်ပြည်၌ နိုင်ငံရေး လုပ်ကြံမှုများ တာစားလာနိုင်စရာရှိသည်။ ယခု စစ်ပြေငြိမ်းရေး၌လည်း စစ်လိုလားသော ဂိုဏ်းသားတို့သည် လုပ်ကြံရန် ကိုယ်ထိလက်ရောက် စီမံကြလေသည်။

ဘုရင်၏ကိုယ်ရံတော် တပ်သားတို့သည် ပြန်ကြားရေးအဖွဲ့ဥက္ကဋ္ဌကို ဖမ်းဆီးချုပ်နှောင်ပြီးသည့်နောက် စကားပြောသံကြိုးနှင့် ကြေးနန်းသံကြိုးတို့ကို ဖြတ်တောက်ပစ်ကြသည်။ နန်းတော်တွင်းရှိ ဘုရင် အိမ်တော်ဝန်ဌာနသည်လည်း ကိုယ်ရံတော်တပ်၏ လက်ခုပ်ထဲက ရေပမာဖြစ်ခဲ့သည်။ ဂျပန်အသံလွှင့်ရုံလည်း ၎င်းတို့လက်ထဲ ကျရောက်ရလေသည်။

နံနက် ၅ နာရီအချိန်၌ကား တပ်သားတို့သည် စက်သေနတ်များကိုင်ဆောင်၍ ဝန်ကြီးချုပ်အိမ်ကို ဝိုင်းကြလေသည်။ သေနတ်များ ပစ်ခတ်သံကြားရသည်။ သို့သော် ဝန်ကြီးချုပ်မှာ အိမ်၌မရှိချေ။ ထို့နောက် ၎င်းတို့သည် ဝန်ကြီးချုပ်၏ အခြားကိုယ်ပိုင်အိမ်သို့သွား၍ ရှာကြပြန်သည်။ ဝန်ကြီးချုပ်ကို ရှာမတွေ့သဖြင့် ၎င်းအိမ်ကို မီးတိုက်ခဲ့လေသည်။ အခြားစစ်တပ်တို့က ဘုရင်မင်းမြတ်၏ အတိုင်ပင်ခံအဖွဲ့ ဥက္ကဋ္ဌအိမ်ကို ဝင်ရောက်ရှာဖွေ၍ မီးတိုက်ကြသည်။ ထို့နောက် ဂျပန်တစ်နိုင်လုံးရှိ စစ်တပ်အားလုံးတို့ ထကြွစေရန် လုပ်ကြံရေးသမား စစ်သားတို့က လှုံ့ဆော်လေသည်။

ကျွန်တော်၏ ယူဆချက်အရဆိုလျှင် ထိုစဉ်က စစ်ဘီလူးသားရဲတို့၏ လုပ်ကြံမှုအထမြောက်ခဲ့လျှင် ယနေ့အဖို့ ဂျပန်သည် အမေရိကန်၏ ကျွန်နိုင်ငံလုံးလုံး ဖြစ်ရပေလိမ့်မည်။ ဂျပန်ဘုရင်၏ မင်းဆက်

လည်း တစ်ခါတည်းနှင့် ပြုတ်စရာ အကြောင်းရှိပေသည်။ ဤကဲ့သို့သာ ဂျပန်နိုင်ငံသည် ကျွန်နိုင်ငံလုံးလုံးဖြစ်သွားခဲ့လျှင် အာရှတိုက်တစ်တိုက်လုံး၏ ကံကြမ္မာသည် ယခုထက်ပို၍ ဆိုးလာဖွယ် ရှိလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ဘ၀သို့ ရောက်ခဲ့လျှင် ဂျပန်တို့သည် အမေရိကန်က ရှူးတိုက်တိုင်း ကိုက်ရမည့် ခွေးဘ၀သို့ ကျရောက်ရမည် ဖြစ်သောကြောင့်တည်း။

သို့သော် ကံအားလျော်စွာ စစ်ပြေငြိမ်းရေးသမားတို့၏ လက်ချက်က ဦးသွားပြီ။ ထို့ကြောင့် ဘုရင့်ကိုယ်ရံတော်နှင့် အပေါင်းပါစစ်တပ်တို့က လှုံ့ဆော်စေကာမူ အခြားသော စစ်တပ်အများစုမှာ ထကြွခြင်းမပြုပေ။ ထို့ကြောင့် စစ်တပ်တွင်း သူပုန်မှာ ဩဂုတ်လ ၁၄ ရက်မှ ၁၅ ရက်အကူး သန်းခေါင်ချိန်မှ စခဲ့ရာ နံနက် ၁၀ နာရီကျသောအခါ အဖျားရှူးသွားလေသည်။ ဤသည်တွင်မှ နန်းတော်ကြီးကို ဝိုင်းထားသော စစ်တပ်ထဲမှ ခေါင်းဆောင်လုပ်သူ စစ်ဗိုလ်တို့သည် ကိုယ့်လူကို ကိုယ်ပြန်သိမ်းသည်။ စစ်ဗိုလ်ခုနစ်ဦးကား နန်းတော်ရှေ့သို့ ဦးတိုက် ချီတက်ပြီးလျှင် မိမိကိုယ်ကို မိမိအဆုံးစီရင်လိုက်လေသည်။

စစ်တပ်ထကြွသော သတင်းကို စစ်ဝန်ကြီးအနာမိသည် ကြားရသောအခါ ဘုရင်ဟီရိုဟီတိုအတွက်မှာတမ်းတစ်ခုကို ရေးလေသည်။

"အရှင်မင်းမြတ်၏ အသနားတော်မြတ်ကို ခံယူခဲ့ရသော အကျွန်ုပ်သည် အကျွန်ုပ်၏နောက်လိုက်နောက်ပါတို့၏ ပြုမူချက်ကို ဝမ်းနည်းစကားပြောကြား၍ အခွင့်ပန်ရန် အခြားနည်းလမ်းများ မရှိတော့ပါ" ယင်းကဲ့သို့ အနာမီ၏ မှာတမ်းက နိဒါန်း၌ ဆိုထားသည်။

အခြားနည်းလမ်းမရှိသော်လည်း ဤနည်းလမ်းတစ်လမ်းတော့ ကျန်သေးသည်။ ထိုနည်းလမ်းကား မိမိကိုယ်ကို အဆုံးစီရင်ခြင်းပင်ဖြစ်သည်။

ထို့ကြောင့် အနာမိသည် သူ၏နားထင်ကို သေနတ်နှင့် တေ့၍ မောင်းဖြုတ်လိုက်လေသည်။

အနာမိနှင့်အတူ သေရွာသို့ အဖော်လိုက်ကြသော စစ်ဘီလူးတို့၏ စာရင်းမှာ...

၁။ လက်ဖတင်နင်ဂျင်နရယ် တေရမိုတို၊ လေတပ်သေနာပတိချုပ်။

၂။ ဂျင်နရယ်တာနာကာ၊ အရှေ့ပိုင်း ကာကွယ်ရေးဌာန သေနာပတိ။

၃။ ဒုတိယ အက်ဒမိုင်ရယ် အိုနီရှိ၊ အိုဆာကာ ရေတပ်ဌာနချုပ်၊ ဒုတိယ ဗိုလ်မှူးချုပ်။

၄။ လက်ဖတင်နင် ဂျင်နရယ်ရှိရိုကူရာ၊ ဂျပန်ကင်ပေတိုင် ဗိုလ်မှူးချုပ်။

၅။ ဂျင်နရယ်ဆူဂီယာမ၊ အရှေ့ပိုင်းကာကွယ်ရေးဌာန စစ်သေနာပတိချုပ်... စသည်တို့ ဖြစ်လေသည်။

အထက်ပါတို့ကား ဂျပန်လက်နက်ချသည့် နောက်ကြောင်းရာဇဝင်တစ်ရပ်ဖြစ်လေသည်။ စစ်ပြီးပြီဟု ဂျပန်ဘုရင်က ကြေညာသည်ကို ဂျပန်လူထုကြားရသောအခါ စစ်ဘီလူးတို့ ငိုကြွေးသလောက် လူထုက ဝမ်းသာကြရပေသည်။ သို့သော် စစ်ပြီးကြောင်း မကြေညာနိုင်မီ လေးငါးရက်အတွင်း၌ ဂျပန်စစ်နိုင်ငံလုံး ကိုယ်စီကိုယ်င မိမိကိုယ်မိမိ သတ်၍ သေရတော့မလောက် ဖြစ်ခဲ့ရှာသည်ကို ဂျပန်လူထုသည် ထိုစဉ်က မရိပ်မိခဲ့ချေ။

ယနေ့အဖို့ ဂျပန်နိုင်ငံတွင် ထိုစစ်ဘီလူးတို့၏ ဩဇာသည် ကုန်ခန်းလေပြီဟု တထစ်ချ မမှတ်သင့်ချေ။ ဂျပန်၏ အမူအကျင့်မှာ ၎င်းတို့၏မူရင်း စိတ်စေတသိက်တို့ကို ဝမ်းတွင်း၌ လူမသိအောင် သိုထား

တတ်သော အမူအကျင့်ဖြစ်သည်။ တကယ့်အရေးပေါ်လာလျှင် သိုသိပ်ထားသည်တို့သည် အန်ထွက်လာတတ်သည်။ ထိုအခါ ၎င်းတို့သည် ဆင်ခြင်တုံတရားကို လက်လွှတ်၍ ထင်ရာမြင်ရာကို လုပ်တတ်ကြသည်။ ထို့ကြောင့် ဂျပန်ကို စိတ်မချရချေ။

ကျွန်တော် လေ့လာကြည့်သမျှမှာ ယနေ့တိုင် ဂျပန်လူငယ်တို့ကို စစ်စိတ်စစ်မာန်မျိုးစေ့ချပေးခဲ့သော ကျောင်းဆရာတို့သည် ရှိနေလေသည်။ ၎င်းတို့က ဖက်ဆစ်စိတ်ဓာတ်သွတ်သွင်းခဲ့သည့် အမှားကို ယခုခေတ် အမြော်အမြင်ရှိသော ဂျပန်လူငယ်တို့က နားလည်စပြုလာပြီ ဖြစ်သည်။ သို့သော် နိုင်ငံကို ခေါင်းဆောင်မှုမှာ ရှေးလူကြီးပိုင်း၏ လက်ထဲ၌ပင် ရှိနေသေးသည်။

ဂျပန်နိုင်ငံ၌ ဆိုရှယ်လစ်စနစ် ဆိုသည်မှာလည်း ကျွန်ုပ်တို့လောက် ဖွံ့ဖြိုးတိုးတက်ခြင်းမရှိသေး။ စစ်ရေးစစ်ရာ၌ ဂျပန်သည် ကျွန်ုပ်တို့ထက် အဆပေါင်းများစွာ သာစေကာမူ နိုင်ငံရေးအတွေးအခေါ်၌ သူတို့နိုင်ငံရှိ လက်ဝဲသမားဆိုသူသည် ကျွန်ုပ်တို့နိုင်ငံရှိ လက်ယာသမားလောက်မှ မတိုးတက်ချေ။ ဤအခြေအနေတွင် အမေရိကန်သည် ဂျပန်အား လက်နက်တပ်ဆင်ပေးခဲ့သော် ဂျပန်သည် အမေရိကန်ကို မုချကာပြန်ဦးမည်ပင် ဖြစ်သည်။ အမေရိကန်ကို ကာပြန်နိုင်ရန်အတွက်လည်း ဂျပန်၏စစ်သွေးစစ်မာန်တို့ကို နဂိုရင်းအတိုင်းဖြစ်အောင် သိုသိပ်၍ ထားရဦးမည် ဖြစ်သည်။ အကယ်၍ ဂျပန်သည် ထိုစစ်စိတ်ဓာတ်ကို နယ်ချဲ့ကိစ္စအတွက် နောင်အခါ၌ အသုံးပြုလျှင် ဒုတိယမ္ပိ မှားလိမ့်ဦးမည်။

သို့သော် ဂျပန်တို့သည် ငြိမ်းချမ်းရေး အမြိုက်အရသာကို ယခုအခါ အတော်အတန်သဘောပေါက်လျက်ရှိချိန်၌ ၁၉၄၁–၄၅ က အမှားမျိုးကို နောက်ထပ် မှားလိမ့်မည်မဟုတ်။ လူထုအနေနှင့်ကား ငြိမ်းချမ်း

ရေးကို ခုံခုံမင်မင်ရှိသည်မှာ မမှတာပေ။ သို့သော် တစ်ခေတ်တစ်ခေတ်တွင် လူထုကို နဖားကြိုးတပ်၍ ခိုင်းသောစစ်ဘီလူးသည် ချောင်ကြိုချောင်ကြားမှ ထွက်လာတတ်သည်။

ဂျပန်သည် မိမိကိုယ်ကို မိမိ အာရှတိုက်သားဖြစ်သည်ဟူသော သဘောတရားကို လေးလေးနက်နက် မဆင်ခြင် မသုံးသပ်နိုင်သရွေ့ ကာလပတ်လုံး အာရှတိုက်၏ ရန်သူဖြစ်ဖို့ များပေသည်။ ဤအဖြစ်ကို ကာကွယ်ရန်မှာ အာရှတိုက်သား အချင်းချင်း ယဉ်ကျေးမှုနှင့် အတွေးအခေါ် ပညာဉာဏ် အလဲအလှယ်ရှိရမည်ဖြစ်သည်။

ဂျပန်တို့ ယနေ့ရောက်ရှိသော အခြေမှာ အမေရိကန်၏ ရင်ခွေ့ကို အမြိုင့်သား လှုံနေသော အခြေဖြစ်သည်။ ဤအခြေတွင် ၎င်းတို့၏ အတွေးအခေါ်ကား အာရှမှ ဝေး၍ဝေး၍ သွားဖို့သာ ဖြစ်ပေလိမ့်မည်။ အမြော်အမြင်ရှိသော ဂျပန်ခေါင်းဆောင်တို့ကား ဂျပန်သည် အာရှနှင့် ကင်းကွာ၍ မဖြစ်ကြောင်းကို သဘောပေါက်ကြသည်။ သို့သော် အာရှတိုက်၏ စည်းလုံးညီညွတ်ရေး၌ ဂျပန်၏ ခေါင်းဆောင်မှုသည် ကျဆုံးခဲ့ပြီဖြစ်လေရာ အမေရိကန်ပုံသွင်းပေးသော စစ်ဝါဒအတိုင်း ဂျပန်လိုက်နာနေရပြီဟု ဆိုလျှင်မူကား ဂျပန်ပြည်၏ အနာဂတ်သည် မိမိကိုယ်ကို မိမိ အဆုံးစီရင်ရသော အနာဂတ်မျိုးသာ ဖြစ်လိမ့်သတည်း။

ရှုမဝ၊ အတွဲ ၈၊ အမှတ် ၈၅၊ ဇွန်၊ ၁၉၅၄

❒

# ရှစ်နှစ်ခရီး

ကျွန်ုပ်တို့ လွတ်လပ်ရေးရခဲ့သည်မှာ ရှစ်နှစ်ရှိသွားပြီ။ လူ့သက်တမ်းတွင် ရှစ် နှစ်သားအရွယ်ဟူသည်မှာ လူမှန်းမသိတတ် သိတတ် အရွယ်ဖြစ်၏။ ရာဇဝင်သက်တမ်းအနေနှင့်ကြည့်လျှင် ရှစ်နှစ်ဟူသည်မှာ မျက်စိ တစ်မှိတ် လျှပ်တစ်ပြက်မျှသာတည့်...။ ထို့ကြောင့် ထိုရှစ်နှစ်အတွင်း ကျွန်ုပ်တို့ ဘာတွေလုပ်လို့ ဘယ်လောက်အောင်မြင်ပြီး ဘယ်လို အကျိုး တွေ ခံစားနေရပါသည်ဟုပြောလျှင် အပြောကြီးရုံမျှသာ ရှိပေလိမ့်မည်။ ရှစ်နှစ်ဟူသော ကာလမှာ စီမံကိန်းကလေး တစ်ခုစာ၏ သက်တမ်းမျှပင် မရှိသေးသောကြောင့် အမှန်တရားကို စစ်၍ ကြည့်နေသော သမိုင်းဆရာ တို့အဖို့ ပြောပလောက်သည် မဟုတ်။

သို့ရာတွင် ထိုကာလတိုအတွင်း သမိုင်းဖြစ်စဉ်ကို မှတ်တမ်း တင်ကြည့်၍ ကျွန်ုပ်တို့လွတ်လပ်ရေးလုပ်ငန်းကို လုပ်၏ မလုပ်၏ ဆန်း စစ်ကြည့်ရန် လို၏။

သို့သော် အချို့က နားမလည်၍ ပြောကြဦးမည်၊ လွတ်လပ်ရေးကို ကြိုးပမ်း၍ ရခဲ့ပြီးပြီ။ ဒါ့ကြောင့် လွတ်လပ်ရေးလုပ်ငန်းဆိုတာ ရှိဖို့

မလို။ ဤကဲ့သို့ ပြောကောင်း ပြောကြမည်။ စင်စစ်ကား ကျွန်ုပ်တို့ လွတ်လပ်ရေးကို အရကြိုးပမ်းခဲ့ကြသည်မှာ လွတ်လပ်ရေးကို ကိုင်ပြီး ထိုင်ငိုင်နေကြဖို့ တိုက်ခဲ့ကြသည် မဟုတ်။ လွတ်လပ်သော သဘာဝတွင် လွတ်လပ်သော ပြည်သူပြည်သားအနေနှင့် အလုပ်လုပ်စရာရှိသည်ကို မိမိတို့ကိုယ်တိုင်လုပ်ချင်သောကြောင့် တိုက်ခဲ့ကြခြင်းဖြစ်၏။ ဤသဘောတရားမှန်ကို နားလည်သူတို့အတွက် လွတ်လပ်ရေးရပြီးမှ အလုပ်လုပ်စရာတွေ ပို၍ များလာသည်ကို လက်ခံကြလိမ့်မည်။

ထို့ကြောင့် ပြီးခဲ့သည့် ရှစ်နှစ်အတွင်း ကျွန်ုပ်တို့ ဘယ်အခြေဆိုက်ရောက်ခဲ့ကြသည်ကို ကြည့်ကြပါစို့။

လွတ်လပ်ရေးပထမနှစ်၌ ကျွန်ုပ်တို့သည် ဝမရှိဘဲ ဝိလုပ်ခဲ့သည်ကြနှင့် တူလေသည်။

ဂျပန်ခေတ်တွင် ကျွန်ုပ်တို့ အားလုံးသည် ဖုံးကြီးခံခဲ့ရ၏။ လူအဆွဲခံခဲ့ရ၏။ မိန်းမအဆွဲခံခဲ့ရ၏။ ပစ္စည်း အဆွဲခံခဲ့ရ၏။ ကျွဲဆွဲ၊ နွားဆွဲအဆွဲ ခံခဲ့ရ၏။ အားလုံးသော အမျိုးသားဆိုင်ရာ ပစ္စည်းများ ပြာပုံအတိဖြစ်ခဲ့သည်။

ကျွန်ုပ်တို့ဆုံးပါးသော ပစ္စည်းကို စာရင်းချ၍ မပြနိုင်ချေ။ သူတစ်ပါးတွေ ကျွန်ုပ်တို့မြေပေါ်ကို ကျူးကျော်၍ လာတိုက်ကြသောစစ်ဖြစ်၍ ကျွန်ုပ်တို့မှာ ပြေးရ လွှားရ ရှောင်တိမ်းရနှင့် ဘာပစ္စည်း ဘယ်မှာ ပျောက်ပျက်ခဲ့သည်ကိုပင် မှတ်တမ်းမတင်နိုင်။ ကုန်ကုန်ပြောရလျှင် ကိုယ့်အမျိုးသားချင်း ဖိတ်ဖိတ်စဉ်စဉ် ရှိသည်မှာ ဘယ်နှယောက်လဲဟုပင် ပြန်မပြောတတ်ချေ။

ကိုယ့်ကံကြမ္မာကို ကိုယ် မဖန်တီးနိုင်ခဲ့သူ ကျွန်ုပ်တို့ဘဝမှာ ထိုမျှဖြစ်ခဲ့၏။ ထို့ကြောင့်လည်း ယခုခေတ်၌ တော်လှန်ရေးလုပ်ငန်း လုပ်ခဲ့သူ အချင်းချင်းပင်လျှင် တော်လှန်ရေးခေတ်က မည်သူ မည်သို့ဆောင်

ရှက်ခဲ့သည်ကို မမှတ်မိကြသဖြင့် မော်ကွန်းတင်ကိစ္စအတွက် လျှောက်လွှာတင်ကြပါဟု ဖိတ်ခေါ်နေရ၏။

ထို့အကြောင်းကြောင့် စစ်အပြီးခေတ်တွင် စစ်လျော်ကြေးကော်မရှင်၏ အမှတ်အသားများကိုသာ နမူနာအားဖြင့် ကျွန်တော် ပြနိုင်၏။

ကျွန်ုပ်တို့ တစ်နိုင်ငံလုံး၏ ဆုံးရှုံးမှုမှာ စာရင်းတွင် ကျပ်သန်းပေါင်း ၁၇၈၀ ရှိသည်။ ထိုစာရင်းမှာ မြန်မာနိုင်ငံအစိုးရ မီးရထား၊ သံကြိုးဌာန၊ ဆည်မြောင်းဌာန၊ တာတမံဌာနတို့၏ အပျက်အစီးများ မပါသေး။ အပြစ်မဲ့သော အရပ်သားတို့ကို ဗုံးကြဲသတ်ဖြတ်သည့် အသက်ဖိုးမပါသေး။ ဗြိတိသျှ၊ အိန္ဒိယ၊ တရုတ် စသည့် နိုင်ငံခြားကုန်သည်များ၊ ပိုက်ဆံရှိသူများတို့ ပေးကြသော ပစ္စည်းစာရင်းများအရ ဆုံးပါးပျက်စီးသည့် တန်ဖိုးဖြစ်သည်။ ထိုစာရင်းထဲတွင် သစ်စက်၊ ဆန်စက်၊ ရေနံချက်စက်၊ သတ္တုတွင်းစက် စသည့်ပစ္စည်းပစ္စယများ ပါဝင်သည်။ ဤမျှနှင့်ပင် သန်းပေါင်း ထောင်ပေါင်းများစွာ ပျက်စီးခဲ့သည်ဟု ဆိုလျှင် တစ်နိုင်ငံလုံး၏ အပျက်အစီး အတိအကျမှာ ဤဂဏန်းထက် အဆပေါင်းများစွာ ရှိပေလိမ့်မည်။

ဤအပျက်အစီးကြားထဲတွင် ကျွန်ုပ်တို့နိုင်ငံကို ထူထောင်ခဲ့ရသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် နိုင်ငံကို သုညအခြေကစ၍ ထူထောင်ခဲ့သည်ဟု ဆိုသည်။ စင်စစ် သုညဟူသည်မှာလည်း ပြည့်ပြည့်ဝဝ သုည မဟုတ်ခဲ့။ သုညအောက်၌ အနုတ်လက္ခဏာများ ပြနေရသည်။ ထို့ကြောင့် ပထမနှစ်၏ ဘတ်ဂျက်မှာ ဗြိတိသျှအစိုးရက စိုက်ထုတ်၍ ချေးထားသော ငွေစာရင်းမျှသာ ဖြစ်ခဲ့၏။

ဗိုလ်ချုပ်အောင်ဆန်းသည် မသေမီကပင် မြန်မာပြည်ထောင်စုအတွက် ထိုအခြေကို မြင်ခဲ့သည်။ ထို့ကြောင့် ပြန်လည်ထူထောင်ရေးအတွက် ကာလတို နှစ်နှစ်စီမံကိန်းကို ရေးဆွဲခဲ့ခြင်းဖြစ်၏။ သို့သော်

ထို နှစ်နှစ်စီမံကိန်းမှာ တော်လှန်ရေးသမားဆိုသူ အချင်းချင်းတို့ ဂိုဏ်း ဂဏ ကွဲစိတ်ထားခြင်းဖြင့် သူ့လွတ်လပ်ရေး၊ ငါ့လွတ်လပ်ရေး၊ သူ့ဟာ အစစ်၊ ငါ့ဟာမှ အစစ် စသော ငြင်းခုံသောင်းကျန်းမှုတို့အကြားတွင် ချောင်ထိုးခံခဲ့ရလေသည်။ ထိုအခါ ကိုလိုနီစနစ် တည်မြဲရေးအတွက် ဖန်တီးထားခဲ့သော လူနည်းစုအခွင့်အရေးကိုပင် အဟုတ်ကြီးထင်ကာ လူမျိုးချင်းမုန်းတီးမှုပေါ်တွင် အခြေခံစခန်း တည်ဆောက်ကြသော ကေအင်ဒီအိုနှင့် အလားတူ သောင်းကျန်းသမားတို့ကလည်း တူးလော့စ်၊ ကမ်ဘဲလ် စသော လုပ်ကြံသမားတို့ကို မျှော်ကိုးကာ ပြည်ထောင်စု ဆန့် ကျင်ဘက်စိတ်ဓာတ်ကို ပျံ့နှံ့စေခဲ့၏။ ထို့ကြောင့် မြန်မာပြည်ထောင်စု မှာ စီးပွားရေးပျက်ပြားခဲ့ရသည်။ နိုင်ငံရေးကြိုးပမ်းမှုမှာ စီးပွားရေး ဖွံ့ဖြိုးမှုအတွက် အဓိကထား၍ ကြိုးပမ်းရခြင်းဖြစ်လေရာ စီးပွားရေး ပျက်ပြားသည်နှင့်တစ်ပြိုင်နက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ နိုင်ငံရေး စသော တိုင်းပြုပြည်ပြု စိတ်ဓာတ်တို့မှာ ပျက်ပြားခဲ့ရပြန်လေ သည်။ ထို့ကြောင့် ၁၉၄၈၊ ၁၉၄၉၊ ၁၉၅၀ အခြေများကို ပြန်ကြည့်လျှင် ပြည်ထောင်စု မြန်မာနိုင်ငံဟူသည်မှာ မြို့ပျက်၊ ရွာပျက်ကြီးပမာတမျှ ဖြစ်ခဲ့ရသည်ကို တွေ့ကြရပေလိမ့်မည်။

ထိုမြို့ပျက်၊ ရွာပျက်ကြီးကို အပိုင်စီးချင်သူအများပင် ရှိ၏။ သို့ သော် အခြေခံအားဖြင့် ကမ္ဘာ့နိုင်ငံရေးမှာ ကိုလိုနီစနစ် ဖျက်သိမ်းရေး ဖြစ်နေသဖြင့် ကျွန်ုပ်တို့ အတော်ကံကောင်းခဲ့၏။ ရှေးခေတ်ကကဲ့သို့ ဆိုလျှင် ကိုလိုနီသမားတို့သည် မြန်မာ့အုပ်ချုပ်ပုံ ပျက်ပြားသဖြင့် မြန်မာ တို့ကို ကယ်တင်ရန် မြန်မာနိုင်ငံအား သိမ်းပိုက်ရပါသည်ဟု ဆိုကြဦး မည်ဖြစ်၏။ သို့သော် ခေတ်ကြီးက ထိုဆင်ခြေကို လက်မခံတော့သဖြင့် နယ်ချဲ့သူတို့မှာ မြန်မာနိုင်ငံတည်းဟူသော မြို့ပျက်၊ ရွာပျက်ကြီးကို ဝင်၍ စီးချင်လျက်နှင့် မစီးနိုင်ခဲ့ချေ။ သို့သော် ဩဇာတိက္ကမဖြင့် လွှမ်းမိုး

ရန်အလို့ငှာ မြန်မာနိုင်ငံ၏ စီးပွားရေး အခြေခံစခန်းများ မသိမသာ ပျက်ပြားစေရန်ကိုသာ အဓိကထား၍ ဖျက်ကြလေသည်။ မြန်မာနိုင်ငံ အစိုးရ၏ ဘဏ္ဍာရေးအားဖြင့် ဒေဝါလီခံရမတတ်ဖြစ်ချိန်တွင် နိုင်ငံခြား အရင်းရှင်များပိုင် ဘဏ်တိုက်များက ကျွန်ုပ်တို့အား အကူအညီမပေး သည့်အပြင် ပို၍ အကျပ်ရိုက်အောင် ဖန်တီးခဲ့ပုံများကို ယခု အစိုးရ အဖွဲ့ဝင် ခေါင်းဆောင်တိုင်း ကောင်းစွာ သိပြီးဖြစ်ပေသည်။

၁၉၅၀ ပြည့်နှစ်၌ တစ်နှစ်အတွင်း ငြိမ်းချမ်းရေး စီမံကိန်းဟု ပေါ်ပေါက်ခဲ့၏။ ထိုစီမံကိန်းမှာ မူအားဖြင့် မှားသော စီမံကိန်း မဟုတ် ချေ။ သို့သော် ရိုးရိုးကုပ်ကုပ်နှင့် အလုပ်လုပ်ပြသည်ထက် ဝါဒဖြန့်ဖို့ ကိုသာ စိတ်စောခဲ့သဖြင့် တစ်နှစ်နှင့် အောင်မြင်ရမည့်ကိစ္စမှာ သုံးလေး ငါးနှစ်မျှ ကြာခဲ့ရသည်။ ထိုစီမံကိန်း၏အဓိက ရည်ရွယ်ချက်မှာ မြန်မာ နိုင်ငံရှိ အမျိုးမျိုးသော ကွဲပြားခြားနားနေကြသည့် အင်အားစုများကို မိတ်ဖွဲ့၍ စုစည်းရန် ဖြစ်ပေသည်။ သို့သော် လုပ်ပုံကိုင်ပုံ နည်းလမ်း၌ မှုကား အမျိုးသားအရင်းရှင်များ၊ အုပ်ချုပ်ရေးသမားများ၊ မိမိနှင့် ဝါဒ မတူသော အင်အားစုများ အားလုံးကို ကဏ္ဍကောစဖြစ်အောင် ကာယကံ၊ ဝစီကံ၊ မနောကံအားဖြင့် သုံးပါးစုံ ပြုကျင့်ခဲ့သည်က များပေသည်။ ထို့ကြောင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းမှာ တွင်သင့်သလောက် မတွင် ကျယ်ခဲ့ချေ။

သို့ရာတွင် မိမိတို့ လုပ်ပုံကိုင်ပုံ စနစ်ကျ မကျ၊ နည်း မှန် မမှန် ကို စစ်ဆေးတတ်သူတို့ ရှိသေးရကား ၁၉၅၂–၅၃ ခုနှစ်လောက်သို့ ရောက် သောအခါ စီမံကိန်းကို ကြံဆကြသူတို့သည် လယ်သမား၊ အလုပ်သမား၊ အမျိုးသားအရင်းရှင်နှင့် ပညာတတ်လူတန်းစားတို့ကို မိတ်သင်္ဂဟဖွဲ့၍ အင်အားစုစည်းရမည့်လမ်းစဉ်ကို မြင်လာကြသည်။ မြင်သည့်အလျောက် တဖြည်းဖြည်း တစ်စတစ်စ ပြင်လာခဲ့ကြသည်။ ဤကား ကောင်းသော

အတိတ်နိမိတ်ဖြစ်ပါ၏။ သို့သော် ရှေ့ဆက်၍ ပြင်နိုင်လေလေ ကောင်းမည် ဖြစ်လေလေ။

အမှားတို့ကို ဆင်ခြင်၍ပြင်လာခဲ့ကြရာ ၁၉၅၂ ခုနှစ်လောက်တွင် ပြည်တော်သာ စီမံကိန်းကို ကြံဆမိခဲ့ကြသည်။ ဤစီမံကိန်းမှာ လူချမ်းသာတို့၏ စီမံကိန်းဖြစ်၍ ငွေလို၏။ မိတ်ဆွေကောင်းကို အမှီပြုရလျှင်အကျိုးများမည့် စီမံကိန်းဖြစ်၏။ သို့သော် နိုင်ငံခြားမှ အလကားပေးသည်ဟူသော အထောက်အပံ့တို့မှာ မြန်မာနိုင်ငံတွင် တိုင်းရင်းသားတို့အဖို့ အိမ်လခများနှင့် အိမ်တွင်းမှုအလုပ်သမားများ လခများ၊ အဆမတန် ကြီးမားသည့် အကျိုးကိုသာ သက်ရောက်စေခဲ့၏။ ထိုမျှနှင့်ဆိုလျှင် ကျွန်ုပ်တို့က သည်းခံရန် အသင့်ရှိပါ၏။ သို့သော် ထိုမျှမကဖြစ်လာ၏။

ဘာပဲဖြစ်ဖြစ်... ပြည်တော်သာ စီမံကိန်းကို အထမြောက်အောင်လုပ်လိုက်ကြစို့ဟု ပြည်ထောင်စုကြီးက အာသီသထားခဲ့၏။ သို့သော် မြန်မာနိုင်ငံ၏အရှေ့မြောက်ဒေသတို့တွင် တရုတ်ဖြူတို့ ကျူးကျော်လာခဲ့သည်။ ထိုအရေးကို ကျွန်ုပ်တို့သည် စည်းကမ်းရှိသေသော ကုလသမဂ္ဂအဖွဲ့ဝင်ပီပီ ကုလသမဂ္ဂမှ စည်းကမ်းတကျ အရေးဆိုခဲ့သည်။ သို့ပါသော်လည်း ကျွန်ုပ်တို့သည် ကျူးကျော်သူကို ကင်ပွန်းတပ်ခွင့်မျှပင် မရခဲ့ချေ။ ကျူးကျော်သူ တရုတ်ဖြူဟု သိပါလျက်နှင့် တရုတ်ဖြူဟု မခေါ်နိုင်ခဲ့ချေ။ ထိုအခါမှ နိုင်ငံခြားအကူအညီ၏ ပရိယာယ်ကို နားလည်လာကြပြီးလျှင် ယင်းအကူအညီတို့ကို စွန့်လွှတ်လိုက်လေသည်။ ဤကား ပြည်ထောင်စုသည် နိုင်ငံအချင်းချင်း ဆက်ဆံရေး ပရိယာယ်၌ အောင်မြင်မှုရလိုက်သည်ဟု ဆိုနိုင်သော အချက်တစ်ရပ် ဖြစ်သတည်း။

စင်စစ် ၁၉၅၃ ခုနှစ်သည် စီးပွားရေး၌ မြန်မာပြည်ထောင်စု နာလန်ထူလာသော နှစ်ဖြစ်သည်။ ထိုနှစ်၌ ယခင်နှစ်ကထက် ထွက်ကုန်

ပစ္စည်းများ တိုးတက်ခဲ့သည်။ စပါး၊ မြေပဲ၊ နှမ်းစိုက်ပျိုးရေးတွင် ယခင်နှစ်ကထက် ခြောက်ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ဝါဂွမ်းစိုက်ပျိုးရေးမှာ ၁၂ ရာခိုင်နှုန်း တိုးတက်လာသည်။ ကျွန်းသစ်မှာ ၂၁ ရာခိုင်နှုန်း ပို၍ထွက်သည်။ ဤအရှိန်ကြောင့် ၁၉၅၄ ခုနှစ်တွင် ကျွန်ုပ်တို့သည် နိုင်ငံခြား ငွေကြေးဖလှယ်ရေး ရန်ပုံငွေ၌ ငွေ ၁၂၀ ကုဋေ စုဆောင်းမိခဲ့သည်။ ထိုနှစ်တွင် နိုင်ငံရေးအားဖြင့်လည်း မြန်မာပြည်ထောင်စု၏ ကံဇာတာ စန်းလဂ်သည် ကြွလာသည်ဟု ဆိုနိုင်ပေသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဆက်ဆံရေး ပြေပြစ် ကောင်းမွန်စွာ ရှိရန်ကို နိုင်နင်းလာခဲ့သည်။ ၁၉၅၃ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပသော အာရှ ဆိုရှယ်လစ် ကွန်ဖရင့်မှ အစပြု၍ မြန်မာပြည်ထောင်စု နိုင်ငံခြားရေးဝါဒမှာ မည်သည့်အာဏာရှင်အုပ်စုနှင့်မျှ မတွဲမဖက်ဘဲ နိုင်ငံတကာနှင့် သင့်မြတ်စွာ ပေါင်းသင်းနေထိုင်၍ အာဏာအုပ်စုတို့ ရန်ထောင်နေကြသော တင်းမာမှုကို လျော့ပါးအောင် ငြိမ်းချမ်းရေး နယ်နိမိတ်ကို အကျယ်ချဲ့မည်ဟူသော ကြားနေဝါဒဖြစ်လာသည်။ ထိုဝါဒမှာ ဝါဒသေ မဟုတ်ချေ။ ခြံစည်းရိုးပေါ်ထိုင်၍ ကိုယ်လွတ်ရုန်းသည့်ဝါဒမဟုတ်ချေ။ ဟိုလူလာ ပြေးကပ်–သည်လူလာ ပြေးကပ်ဟူသော ဝါဒလည်း မဟုတ်။ ငြိမ်းချမ်းရေး အင်အားစု အကောင်အထည်ပေါ်အောင် ရန်ဖြစ်သူများ သင့်မြတ်လာကြစေဖို့ ဝါဒဖြစ်သည်။ ဝါဒ၏ အခြေခံကောင်းသည်။ လုပ်နည်း နေရာကျလျှင် မည်သူမျှ လက်မခံဘဲ မနေနိုင်သည့် ဝါဒဖြစ်သည်။ ထိုဝါဒအကောင်အထည်ပေါ်လာသည်နှင့် တစ်ပြိုင်နက် ပြည်ထောင်စု မြန်မာနိုင်ငံအား ရန်လုပ်နေကြသော အင်အားစုတို့သည် အရှိန်အစော်ညံ့၍ လာလေသည်။

သို့သော် ၁၉၅၅ ခုနှစ်သို့အဝင်တွင် ကျွန်ုပ်တို့ ဒုက္ခတွေ့ကြရပြန်သည်။ ကမ္ဘာတွင် ဆန်အထွက် သိသိသာသာ ပို၍မလာသော်လည်း ဂျုံအထွက်မှာ ပို၍လာသည်။ ဆန်နှင့် ဂျုံမှာ စီးပွားရေးအားဖြင့် တိုက်ပွဲ

ဆင်လေသည်။ ဆန်လုပ်ငန်းလုပ်သော နိုင်ငံတို့မှာ စီးပွားရေး မဖွံ့ဖြိုးသော နိုင်ငံများဖြစ်ကြသည်။ ထို့ကြောင့် နဖူးကချွေး ခြေမ ကျအောင် ကုန်း၍ လုပ်ပါလျက်နှင့် ရေးက စံချိန်ကို မမှီတမီဖြစ်နေသေးသည်။ သို့သော် လယ်ထွန်စက်နှင့် ထွန်ယက်နိုင်သော နိုင်ငံကြီးတို့၌ကား ဂျုံများစွာ ပိုလာသည်။ ဂျုံဈေးသည် အမေရိကန်မှ အိန္ဒိယကို ဖြတ်၍ ဂျပန်အထိ ဖွင့်လာသည်။ ထိုအခါ ကျွန်ုပ်တို့ဆန်သည် အရေးနိမ့်သတည်း။

ပြည်တော်သာ စီမံကိန်းမှာ သူဌေးမင်း စီမံကိန်းဖြစ်၏။ ကျွန်ုပ်တို့၌ ဆန်မရောင်းရ။ ထို့ကြောင့် အရင်းများစွာ မြှုပ်ရန်အတွက် ငွေမလွယ်တော့ချေ။ အရင်းပစ္စည်းထဲတွင် ငွေများစွာ နစ်မြုပ်နေသည်။ အလျင်မီဖို့ အရေးကြီးသည်။ အလျင်မမီလျှင် ခက်ဖို့ ရှိသည်။ ၁၉၅၅ ခု၊ ဇူလိုင်လလယ်တွင် နိုင်ငံခြား ငွေကြေးဖလှယ်ရေး ရန်ပုံငွေမှာ ၃၆ ကုဋေနှင့် ၂ သန်းမျှသာ လက်ကျန် ရှိနေသည်။

ဤအခြေသည် တိုင်းပြည်ကို ချောက်ချားစေနိုင်သော အခြေဖြစ်၏။ ထိုစဉ်က မြန်မာ့ဘဏ္ဍာရေး အကျပ်ရိုက်ပြီဟု သိရလျှင်ပင် ဆန်ဈေးမှာ ၁၃ ရာခိုင်နှုန်းမျှ တက်ခဲ့၏။ ငါးဈေးမှာ ၁၆ ရာခိုင်နှုန်းမျှ တက်လာ၏။ ငါးပိဈေးမှာ ၁၇ ရာခိုင်နှုန်း တက်လာ၏။ ဂျပန်အထည်ဈေးမှာ ၂၄ ရာခိုင်နှုန်း တက်လာ၏။ အိန္ဒိယအထည်ဈေးမှာ ၂၀ ရာခိုင်နှုန်း တက်၏။ ဤကား ပြည်ထောင်စုဘဏ်၏ အစီရင်ခံစာအရ ဖြစ်သည်။ သာမန်အရပ်သူအရပ်သားတို့ကား လက်ဖက်ရည် တစ်ပန်းကန် တစ်မတ်မှသည် ပြားသုံးဆယ်သို့၊ ဆံပင်ညှပ်ခ တစ်ကျပ်မှသည် တစ်ကျပ်ခွဲသို့ တက်လာသည်ကို မှတ်မိကြပေလိမ့်မည်။

သို့သော် ဤသို့ အကျပ်ရိုက်လာသည်ကို ကျွန်တော်တို့၏ နိုင်ငံခြားရေးဝါဒက ကယ်တင်နိုင်ခဲ့သည်။ ကျွန်ုပ်တို့ကား အမေရိကန်နှင့်

ဆိုဗီယက်အုပ်စုထဲတွင် ဘယ်ဘက်ကိုမျှမပါဘဲ သင့်တင့်အောင်နေဖို့ ဝါဒကို လက်ကိုင်ထားသည့်ပြင် မသင့်သူချင်း သင့်လာအောင် အတူ နေဝါဒဖြင့် ကူညီရန် ရည်သန်သူများ ဖြစ်ကြ၏။ ဤသို့ ဖြစ်ကြသည့် အားလျော်စွာ မည်သူနှင့်မျှ မိတ်မပျက်သည့်ပြင် တစ်ဦးက မကူညီနိုင် လျှင် တစ်ဦးက ကူညီမည်ဟူသော အခြေကို လက်ခံနိုင်သည့် ဘဝသို့ ကံကောင်းထောက်မ၍ ရောက်လာရသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဥရောပနိုင်ငံရှိ အရှေ့ရော အနောက်ပါ ဒီမိုကရေစီနိုင်ငံတို့နှင့် ဆန်ဖောက် သည်ရှာရာတွင် ကောင်းစွာ အထမြောက်ခဲ့၏။ များသောအားဖြင့် အရှေ့ ဒီမိုကရေစီနိုင်ငံနှင့် ကူးသန်းရောင်းဝယ်ရေး၌ ကုန်ချင်းဖလှယ်သော စနစ် ကို သုံးခဲ့၏။ ဆန်ရောင်းဝယ်မှုတို့၌ သုံးနှစ်မှ ငါးနှစ်အတွင်း ဖောက် သည် မပျက်စေရသော စာချုပ်မျိုးကို ချုပ်ဆိုနိုင်ခဲ့ကြ၏။ ဤအကြောင်း အချက်တို့ကြောင့် ကျွန်ုပ်တို့မှာ ဇူလိုင်လ၊ ဩဂုတ်လတို့တွင် စီးပွားရေး အားဖြင့် ကသိကအောက်ဖြစ်ခဲ့ကြသော်လည်း ခဏမျှသာ ခံလိုက်ရ သည်။ အလားအလာမှာ ကောင်း၍လာခဲ့သည်။

၁၉၅၄–၅၅ ခုနှစ်တို့တွင် ပြည်ထောင်စု မြန်မာနိုင်ငံ၏ မိတ်ဖြစ်ရေး တို့မှာ အကြီးအကျယ် အောင်မြင်လာခဲ့သည်။ ဝန်ကြီးချုပ်သည် တရုတ် ပြည်သူ့နိုင်ငံနှင့် ချစ်ကြည်ရေးကို ရခဲ့၏။ အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်း ကွန်ဖရင့်ကို တက်ရောက်ခဲ့သည့်အကျိုးကြောင့် မြန်မာနိုင်ငံခြားရေး ဝါဒ ပိုမိုနိုင်မြဲလာသည့် အခြေသို့ ဆိုက်ခဲ့သည်။ ထို့ပြင် ယိုးဒယားနှင့် ချစ်ကြည်ရေးအတွက်လည်း ဝန်ကြီးချုပ်သည် ဆောင်ရွက်နိုင်ခဲ့၏။ နောက်ဆုံး၌ အမေရိကန်ကိုလည်း ရောက်ခဲ့၏။ ဂျပန်ကိုလည်း ရောက် ခဲ့၏။ ဆိုဗီယက် ရုရှားနိုင်ငံသို့လည်း ရောက်ခဲ့၏။ ဥရောပတစ်ခွင်၌ နှံ့နှံ့စပ်စပ် လှည့်လည်ခဲ့၏။ ဤအချက်တို့ကား နိုင်ငံခြားရေးဝါဒ ပိုမို အားရှိစေသည့် အချက်များ ဖြစ်သည်။

ယခုအချိန်၌ကား ဆိုဗီယက်ရုရှားနိုင်ငံ၏ ဝန်ကြီးချုပ် ဘူလဂါနင်နှင့် ကွန်မြူနစ်ပါတီအထွေထွေ အတွင်းရေးမှူး ခရူရှက်ဖ်တို့ မြန်မာပြည်ထောင်စုတွင် မိတ်ဆွေအဖြစ်ဖြင့် လာရောက်လည်ပတ်ခဲ့ပြီးဖြစ်ပြီ။ အပြန်အလှန်အားဖြင့် လာရောက်ကြသည့်အရာတွင် ဆိုဗီယက် မြန်မာချစ်ကြည်ရေးအပြင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတို့အတွက်လည်း အရေးပါအရာရောက်စရာရှိနေသည်။ ဤအချိန်မျိုး၌ မြန်မာနိုင်ငံဝယ်တော်လှန်ရေးသမား ဆိုကြသူအချင်းချင်းတို့သာလျှင် တစ်ဦး၏ ဦးခေါင်းကို တစ်ဦးခွဲ၍ မနေကြပါလျှင် စီးပွားရေးလွတ်မြောက်မှုလုပ်ငန်းကြီးသည် အပြီးသို့ရောက်၍ အထမြောက်ပြီဟု ဆိုနိုင်ပေလိမ့်မည်။

သို့ရာတွင် မျက်မှောက်အခြေကား ဤမျှ လွယ်လွယ်နှင့် ဝမ်းမြောက်စရာ မဟုတ်သေးပါ။

ကျွန်ုပ်တို့ နိုင်ငံသားအားလုံးတို့သည် မိမိတို့၏ ဘဝအခြေအနေကို ပိုင်ပိုင်နိုင်နိုင် သိတတ်ဖို့ လိုသေးသည်။ မိမိ ဘယ်အခြေသို့ ဆိုက်ရောက်နေသည်ကို မသိနားမလည်ဘဲ ဆင်ကန်းတောတိုးလုပ်၍ အလုပ်မတွင်ပါ။ ယခု ကျွန်တော် တင်ပြသော ဖြစ်စဉ်အမျိုးမျိုးတို့က ဤစကားကို သက်သေခံပါလိမ့်မည်။ လက်ရှိအခြေအရကား စကားအပြောရပ်၍ အလုပ်ကိုများများ လုပ်ကြဖို့ဖြစ်သည်။ စကားဆိုသည်မှာ ပြောပါများလျှင် အမှားပါတတ်၏။ ထို အမှားတို့ကြောင့် တစ်ဦးအပေါ်တစ်ဦး အထင်အမြင်လွဲမှုများ ပေါ်ပေါက်လာရ၏။ ဤသို့ အထင်အမြင်လွဲမှုကြောင့် အာဃာတ ထားရှိကြသည်။ စိတ်နာလာကြသည်။ ထို့ကြောင့် ဂိုဏ်းဂဏစိတ်ဓာတ်များ လွှမ်းမိုးလာကြသည်။ တော်လှန်ရေးတွင် ထိုဂိုဏ်းဂဏစိတ်ဓာတ်သည် အလွန်ကြီးမားသော ရန်သူဖြစ်သည်ကို တော်လှန်ရေး လက်တွေ့လုပ်လာကြသူတို့ နားလည်ရန် အချိန်တန်ပါပြီ။ ကျွန်တော်ကား ဖြစ်စဉ်တို့ကို သူ့အတိုင်း သုံးသပ်ပြီး နောင်တစ်ခေတ်

ကောင်းစားရေးအတွက် ချိန်ထိုးကြည့်နေခြင်းဖြစ်၍ မိမိကိုယ်ပိုင် ထင်မြင်ချက်တို့ကို စာရှုသူတို့အပေါ်၌ အတင်းအဓမ္မပုံ၍ မချလိုပါ။ မည်သူမဆို မိမိ၏ ကိုယ်ပိုင်ဉာဏ်ကို အသုံးချပြီး အမှန်သို့ ရောက်အောင်တွေးတောသမှုပြုနိုင်ပါစေရန် ရည်သန်၍ လွတ်လပ်ရေးရှစ်နှစ်၏ဖြစ်စဉ်တို့ကို တင်ပြရခြင်းဖြစ်ပါသည်။ ယခု ရောက်ရှိနေသော အခြေမှတစ်ဆင့် တိုးတက်လာအောင် အဘယ်ပုံ ဆောင်ရွက်သင့်သည်ကို နိုင်ငံ၏ တာဝန်ထမ်းရွက်နေသော ကာယကံရှင်တို့ အသီးသီး ဆင်ခြင်စဉ်းစား၍ အဖြေမှန်ရှိသည့် လုပ်ငန်းတွင် ဤဆောင်းပါးသည် အချက်အလက် အနည်းငယ်တို့ကို ဖြည့်စွမ်းပေးပေသည်ဟု အယူရှိကြလျှင်ကျွန်တော်ရေးရကျိုးနပ်ပြီဟု ယုံကြည်ပါသည်။ ။

မြဝတီ၊ အတွဲ ၄၊ အမှတ် ၃၊ ဇန်နဝါရီ၊ ၁၉၅၆

❐

## တော်လှန်ရေးနေ့ စဉ်းစားခန်း

တော်လှန်ရေးနေ့သို့ ရောက်လာလျှင် တော်လှန်ရေးအကြောင်းကိုသာ တွေးမိသည်။ ထို့ကြောင့်လည်း ကျွန်တော်သည် တော်လှန်ရေးနှင့် စပ်လျဉ်းသော ယထာဘူတ တရားကိုယ်များကို ရေးမိခဲ့ခြင်းဖြစ်၏။

သို့သော် တရားကိုယ်ကို မကြည့်ဘဲ ပုဂ္ဂိုလ်ကို ကြည့်ပြီး ဆုံးဖြတ်လေ့ရှိသော ဤခေတ်တွင် ဓမ္မဓိဋ္ဌာန်ကို ကြည့်ပြီး ပြောနေသော ကျွန်တော်သည် မှားများမှားနေပြီလားဟု ထင်မိသည်။

ကျွန်တော်သည် ယနေ့ မှားကောင်း မှားလိမ့်မည်။ သို့သော် ကျွန်တော်၏ ယုံကြည်ချက်ကား နက်ဖြန်ခါ... သန်ဘက်ခါ... ဖိန်းနွှဲခါတွင် မှန်လိမ့်မည်ဟု ယုံကြည်သည်။

ကျွန်တော်၏ဘဝမှာ နိုင်ငံရေးသမား၏ ဘဝမဟုတ်။ ထို့ကြောင့် အမှားနှစ်ခုပေါင်းလျှင် အမှန်တစ်ခုဖြစ်လာလိမ့်မည်ဟု မယုံကြည်။ စေတနာနှင့် မှားသည်ဆိုသူတို့ကို နည်းနည်းမျှ မယုံကြည်။ စေတနာကောင်းနှင့် မှားသည်ကို အမှန်ဟု ယူဆရလျှင် ကျွန်တော် စေတနာကောင်းထား၍ ကလော်ဆဲသည်ကို ခံနိုင်ကြပါမည်လော။

ကျွန်တော့်ကိုယ်တွေ့မှာ ဆဲဆိုသည်ကို ခံနိုင်ဖို့ ဝေးစွ၊ စေတနာကောင်းနှင့် အမှားအမှန် ဝေဖန်ပြောဆိုပေးသည်ကိုပင်လျှင် မခံနိုင်ကြပါဘဲ ဒေါသူပုန်ထကြွ၍ ကြိမ်းကြမောင်းကြသည်ကိုသာ တွေ့ဖူးသည်။

ထို့ကြောင့် ယခုနှစ် တော်လှန်ရေး စကားလက်ဆောင်အတွက် သဘောတရားရေးရာများကို ဓမ္မကထိကလေသံဖြင့် တရားဟောရန်မှာ ကျွန်တော်၏ အလုပ်မဟုတ်၊ လက်ငင်းအခြေအနေကို ဆင်ခြင်သုံးသပ်၍ အမှားအမှန်ကို ပိုင်းခြားကြည့်ရန်သာ ကျွန်တော်၏အလုပ်ဟု ထင်မြင်မိသည်။

ယနေ့အဖို့ တော်လှန်ရေးဟူ၍ ပါးစပ်က တဖွဖွရွတ်နေကြသူတို့မှာ အချင်းချင်း လည်မျိုကို နင်းနေကြသကဲ့သို့ ရှိသည်။

စင်စစ် ကမ္ဘာ့နိုင်ငံရေး လှုပ်ရှားမှုတို့ကို ယထာဘူတနည်းအရ ကြည့်လျှင် ရည်းစားလုဘက်ချင်း ရန်ဖြစ်ကြသည့်အခါ လူထု၏ထင်မြင်ချက်ကို ရယူနိုင်ရန်အလို့ငှာ လူမျိုးရေး၊ ဘာသာရေး၊ ပညာရေး၊ သာသနာရေး၊ လူမှုရေး၊ စီးပွားရေး၊ ဟိုအဲရေး သည်အရေး ဟူသမျှသော အရေးတို့ကို ဆွဲ၍ သွင်းကြစမြဲ ဖြစ်သည်။ ထို့ကြောင့်ပင်လျှင် သာသနာရေးကို အကြောင်းပြု၍ လူသတ်ပွဲများ ကျင်းပခဲ့သည်တို့ကို လူ့သမိုင်းတွင် တွေ့မြင်ခဲ့ရခြင်းဖြစ်၏။ သာသနာရေးဖြင့် ဗန်းပြ၍ မရသောခေတ်တို့တွင် လူတို့၏ မူလအခွင့်အရေးများကို အကြောင်းပြု၍ ကြီးကျယ်သော စစ်ပွဲကြီးများ ကျင်းပခဲ့ကြသည်။ စစ်ပွဲများပြီးသောအခါ စစ်ကိုဖန်တီးသော လက်တစ်ဆုပ်စာလူထုသည် ရန်သူကို ဖက်လှဲတကင်းနှင့် နမ်းရှုပ်၍ ချစ်ကြည်ရေးများ လုပ်ကြပြန်သည်။ ချစ်ကြည်ရေးလုပ်ရာမှ လိုလျှင်တစ်မျိုး မလိုလျှင်တစ်မျိုး ဖြစ်ကြပြီးလျှင် တစ်ဦး၏လည်မျိုကို တစ်ဦးညှစ်ကြပြန်သည်။ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပြီးနောက် ကုလသမဂ္ဂထဲ၌ အမျိုးမျိုးဖြစ်ပျက်ခဲ့ပုံကိုကြည့်၍ သံဝေဂရယူသင့်ကြ

၏။ နိုင်ငံရေး ပဋိပက္ခသမုပ္ပာဒ်တရားကြီးသည် လောကီဘုံသားတို့ကို မည်သို့ လှည့်စားကြောင်း ဆင်ခြင်သင့်ကြ၏။

ဤသို့သော ခေတ်မျိုး၌ လူဖြစ်လာရသော လောကီဘုံသားများသည် မိမိတို့ ပြုလုပ်သော အမှုကို ခေတ္တမျှ ပြန်လည် ဆန်းစစ်ကြည့်သင့်သည်ဟု ထင်မိသည်။ ယခု ဤဆောင်းပါးကို ရေးရာ၌ ယင်းကဲ့သို့ ဆန်းစစ်ကြည့်သင့်သည်ဟူသောသဘောဖြင့် ရေးခြင်းသည် မည်သူ့ကိုမျှ ကျွန်တော့်အယူအဆကို လက်ခံပါရန် ဖွတ်တရွတ်တိုက်တွန်းခြင်း မပြုလို။ ကျွန်တော်နှင့် သဘောချင်း ကိုက်ညီသူ ရှိပါက ရှိသမျှနှင့်ပင် ဝေဖန်ဆွေးနွေးလိုပေသည်။ မကြိုက်သူတို့က အကြောင်းပြကောင်းလျှင် ထိုသူတို့၏ ထင်မြင်ချက်ကို လေးစားလိုသည်။

တစ်ခုသောခေတ်၌ ကျွန်တော်တို့ မြန်မာတိုင်းရင်းသား အမျိုးသားတို့သည် တိုင်းတစ်ပါးသား လူမျိုးခြားတို့ စိုးမိုးချုပ်ချယ်ခြင်းကို တော်လှန်လိုက်ကြလေသည်။ ထိုစဉ်က ကျွန်တော်တို့ အမျိုးသားများ၌ ဤသူကား မင်းမျိုး၊ ဤသူကား သူဇွေးမျိုး၊ ဤသူကား သူကြွယ်မျိုး၊ ဤသူကား ကုန်သည်၊ ဤသူကား လယ်လုပ်၊ ဤသူကား ဆင်းရဲသား၊ ဤသူကား ဗုဒ္ဓဘာသာဝင်၊ ဤသူကား ခရစ်ယာန်၊ ဤသူကား မိုဟာမေဒင်၊ ဤသူကား ဟိန္ဒူ၊ ဤသူကား အသားဖြူ၊ အသားညို၊ အသားမည်း ဟူ၍ ခွဲခြားခဲ့ခြင်း မရှိ။ လူ့အတန်းအစား မခွဲခြား၊ လူ့ယုံကြည်မှုဝါဒ မခွဲခြား၊ လူကိုးကွယ်မှု ဘာသာမခွဲခြား၊ ဤသို့ ခွဲခြားသော စိတ်မရှိဘဲ တော်လှန်ရေး တစ်ခုတည်းကိုသာ အာရုံစိုက်၍ လုပ်ကိုင်ခဲ့ကြ၏။ ထိုစဉ်က ကျွန်ုပ်တို့သည် လွတ်လပ်ရေးရလျှင် ဝန်ကြီး လုပ်မည်... ပြာတာလုပ်မည်ဟူ၍ ရည်ရွယ်ချက်မရှိခဲ့။ ပရဟိတသဘောအရ လွတ်လပ်သော နိုင်ငံကြီးကို တည်ထောင်မည်ဟုသာ သဘောထားခဲ့ကြ၏။

သို့သော် လွတ်လပ်ရေး ထမင်းအိုးကို မြင်ရသောအခါ ကျွန်ုပ်တို့သည် လောဘဇော တိုက်လာကြ၏။

ထို့ကြောင့် ထမင်းအိုးကြီးကို ငါကိုယ်တိုင် ချက်မည်၊ သူတစ်ပါး မချက်ရ။ အုန်းထမင်းသာ ချက်မည် ထမင်းဖြူ မချက်ရ။ ထမင်းချက်ပြီးလျှင် ငါသာ စားမည်၊ သူတစ်ပါး မစားရ။ ငါ့စားဖို့တွင် ငါ့ ထမင်းချက်သာလျှင် ထမင်းစားပိုင်ခွင့် ရှိသည်။ ကျန်သူတို့ ငါ့လက်မှတ်မပါဘဲ မစားရ။ ငါသာလျှင် လက်ဝါးကြီးအုပ်မည်။ သူတစ်ပါးဝင်မအုပ်စေရ ဟူသော သဘောထားများ ပေါ်ပေါက်လာလေသည်။

ဤသဘောထားမျိုးကြောင့် တော်လှန်ရေးသမားအချင်းချင်း ဂိုဏ်းကွဲကြသည်။ ဂိုဏ်းဂဏ စိတ်ဓာတ်များ ပြင်းထန်လာသည်။ ထိုစိတ်ကြောင့် တိုင်းသူပြည်သား ဖြစ်ထိုက်သူအချင်းချင်းတို့သည် ပျူ–ကမ်းယံ–သက်–သုံးခုကွဲသည်ထက်ပို၍ ကွဲကြပြီကြလေသည်။

မြန်မာ့သမိုင်းမှာ အကွဲသမိုင်း ဖြစ်နေသည်။ အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ ဆင်ဖြူရှင် စသော ပုဂ္ဂိုလ်တို့က တစ်မျိုးသားလုံး စည်းလုံးညီညွတ်ရေးလုပ်ခဲ့သည်တို့ကို နောင်းလူဂိုဏ်းဂဏသမားတို့က အားလုံးလိုက်၍ ဖျက်ကြသည်။ ဤသည်ကိုပင်လျှင် တော်လှန်ရေးဟု ခေါ်နေကြသလော။ သနားဖွယ် ကောင်းလေစွ။

သို့သော် အကွဲကွဲအပြားပြားခေတ်၌ ဘယ်သူက ဘယ်သူ့ကို သနားရမှန်း မသိ။

အခြေအနေသည် တစ်နေ့ထက်တစ်နေ့ ရှုပ်ထွေးပွေလီလာလေသည်။

သို့သော် စကားပုံက "ခုရှုပ်မှ နောင်ရှင်းမည်" ဟု ဆိုပြန်သည်။ ထို့ကြောင့် ယနေ့များများ ရှုပ်ပါစေ။ သို့မှသာ နောင်အခါ

များများရှင်းလိမ့်မည်ဟု ယူဆရမလိုလို။

ဤအခါမျိုးတွင် ကျိုးကြောင်းပြသော စကားမျိုးသည် တန်ဖိုးရှိရန် ခက်၏။

သို့သော် ဆိုရေးရှိက ဆိုအပ်လှပေသည်။

ယနေ့အခြေအနေကို ကြည့်ပါ။

လူတိုင်းလူတိုင်း ငြိမ်းချမ်းရေးကို တောင့်တလာပါပြီ။

ငြိမ်းချမ်းရေးနှင့် ဖီလာဖြစ်သောသူတို့သည် လူထု၏ ရန်သူဖြစ်လာပြီ။

ထိုအခါ ငြိမ်းချမ်းမှုကို မည်ကဲ့သို့ ရှာကြမည်နည်း။

အစိုးရက လွတ်ငြိမ်းချမ်းသာခွင့် ပေး၍ရှာမည်ဟု ဆို၏။

သောင်းကျန်းသူတို့က စေ့စပ်ရေးယူ၍ ရှာမည်ဟု ဆို၏။

နှစ်ဦးသား ယနေ့တိုင် အပေါက်မတည့်သေး၊ မတ်လ ၃၁ ရက်နေ့ကား နီး၍ နီး၍ လာချေပြီ။

အစိုးရသည် "စေ့စပ်" ဟူသော စကားကို လက်မခံနိုင်။

သောင်းကျန်းသူတို့သည် "လက်နက်ချ" ဟူသော စကားကို လက်မခံနိုင်။

ကျွန်ုပ်တို့ လူထုကား ဘာမျှမပြောလို၊ ငြိမ်းချမ်းရေးကိုသာ လိုချင်သည်။

သို့သော် ငြိမ်းချမ်းရေးကို ရဖို့ရာမှာ တစ်ဦးက တစ်ဦးကို ကတ်ဖဲ့တိုက်နေလျှင် မရနိုင်။

ဤအချက်ကို စဉ်းစားဖို့ လိုသည်။ ကျွန်တော်ကား ဘယ်သူသည် ဘယ်သူ့ကို ကပ်ဖဲ့တိုက်သည်ဟု မစွပ်စွဲလိုပါ။ အကြောင်းချင်းတတို့ကို ဆင်ခြင်ကြရန်သာ တင်ပြလိုပါသည်။

စင်စစ် ယခု အခြေအနေအရမှာ လူထုသည် ငြိမ်းချမ်းရေးကိုသာ

အာသီသထားနေကြပြီဖြစ်သောကြောင့် ဘယ်သူမျှ လူထုကို ကပ်ဖဲ့ မတိုက်ဝံ့ကြဟု ယူဆပါသည်။ ထို့ကြောင့် ကပ်ဖဲ့တိုက်သည်ဟုလည်း မစွပ်စွဲနိုင်။ အခြေအနေအရ အရာဝတ္ထုတစ်ခုတည်းကို နှစ်မျိုးမြင်နေကြခြင်း ဖြစ်၏။ နီးလျက်နှင့် ဝေးကြခြင်းဖြစ်၏။

ကျွန်တော် မှားချင် မှားလိမ့်မည်။ သို့သော် စာရှုသူတို့၏အမြင်နှင့် ညှိနိုင်းရန်အလို့ငှာ ကျွန်တော် မြင်သမျှကို တင်ပြပါရစေ။

သောင်းကျန်းသူတို့က ပြော၏။ "ကျုပ်တို့ဟာ ကျုပ်တို့ နိုင်ငံရေးအဖွဲ့အစည်းအနေနှင့် နိုင်ငံရေးကြိုးပမ်းပါရစေ။ အစိုးရက အပြစ်မလုပ်ပါနဲ့" ဟု ပြော၏။

အစိုးရက ပြောပြန်၏။ "ဟေ့၊ ဇွေစပ်သော ဘာသော ညာသော စကားကြောမရှည်နဲ့၊ အလင်းထဲ ဝင်ခဲ့။ မင်းတို့ ဘာမျှ မဖြစ်စေရဘူး။ မင်းတို့ဟာမင်းတို့ စည်းရုံးရေး လုပ်ကြ။ ရွေးကောက်ပွဲမှာ မင်းတို့ နိုင်ရင်ငါတို့ တောမခိုဘူး" ဤသို့ ပြန်ပြော၏။

မြန်မာစကားက အတော်ရှုပ်သည်။ သောင်းကျန်းသူဘက်က ကြည့်လျှင် အစိုးရက ဇွေစပ်ရေးကို ပယ်သည်ဟု မြင်သည်။ အစိုးရဘက်က ကြည့်လျှင် သောင်းကျန်းသူသည် လက်နက်မချဟု မြင်သည်။ ကြားကနေ၍ ကြည့်လျှင် အစိုးရသည် သဘောကြီးကြီးထား၍ သောင်းကျန်းသူသည် ရေးလို ဒေါင်မပြင်းတော့ပြီဟု မြင်သည်။ အစိုးရကလည်း အစိုးရအနေနှင့်၊ သောင်းကျန်းသူကလည်း သောင်းကျန်းသူအနေနှင့် စကားပြောနေကြ၍သာ စကားရှုပ်နေသလို ထင်ရသည်။ စကားတစ်မျိုးတည်းကို မိမိကြိုက်သလို ဘာသာအမျိုးမျိုး ပြန်နေသကဲ့သို့ ရှိသည်။ အဖြူကို အနက်မဟုတ်ဟု တစ်ယောက်က ပြော၏။ အဖြူကို မမည်းပါဘူးဟု တစ်ယောက်က ဆိုပြန်၏။ လူထုစိတ်ထဲ၌ ဤမျှသာ တွေးမိ၏။ လူထုသည် ဥပဒေပါရဂူမဟုတ်၊ ဝါဒပါရဂူမဟုတ်။ ဥပဒေ

စွဲ ဝါဒစွဲဖြင့် မတွေးတတ်။ တစ်ယောက်က လက်ယပ်ခေါ်၍ တစ်ယောက်က ဝင်လာလျှင် ယင်းကို စေ့စပ်ရေးဟု ခေါ်ခေါ်၊ လက်နက်ချပြီဟု ပြောပြော၊ ငြိမ်းချမ်းရေး ရသည်က အဓိက ဖြစ်၏။ လက်ယပ်ခေါ်တုန်းမလာလျှင် ငြိမ်းချမ်းရေးရန်သူဖြစ်၏။ လက်ယပ်ခေါ်၍ ဖနောင့်စာ ကျွေးလျှင် ငြိမ်းချမ်းရေး၏ ဆန့်ကျင်ဘက်ဖြစ်၏။ ဤမျှသာ နားလည်၏။ ဤအခြေ၌ တော်လှန်ရေးသမားချင်း ရဲဘော်ရဲဘက်အနေဖြင့်သာ မေတ္တာပွားကြမည်ဆိုလျှင် စေ့စပ်ဟူသော စကားမသုံးဘဲ စေ့စပ်ပြီး ဖြစ်နေလိမ့်မည်။ လက်နက်မချ ဟူသော စကားမသုံးဘဲ လွတ်ငြိမ်းခွင့် ရယူပြီး ဖြစ်နေလိမ့်မည်။

ဤအခိုက်တွင် "စေ့စပ်ကြ" ဟု ထအော်နေသူတို့သည် လူထု၏ သဘောထားနှင့် ထင်မြင်ချက် အမှန်ကိုလည်းကောင်း၊ အကြောင်းချင်းတ အမှန်ကိုလည်းကောင်း ရအောင် ယူသင့်သည်။ သို့မှမဟုတ်လျှင် ရင်ကြားစေ့အောင် လုပ်ရာမရောက်ဘဲ သင်းခွဲပေးရာ ရောက်လိမ့်မည်။

အစိုးရနှင့် သောင်းကျန်းသူတို့၏ စပ်ကြားတွင် အောင်သွယ်ကောင်း လိုနေပြီ။

ထိုအောင်သွယ်မှာ အောင်သွယ်နှင့် ခိုးရာလိုက်ပြေးအောင် အောင်သွယ်ရမည့် ပုဂ္ဂိုလ်မျိုး မဟုတ်စေရ။ ကောင်ကလေးနှင့် ကောင်မကလေး ညားအောင် အောင်သွယ်ပေးဖို့လိုသည်။ အောင်သွယ်နှင့်သာ ညားအောင် အောင်သွယ်ပေးသူမှာ ငြိမ်းချမ်းရေး၏ ရန်သူသာ ဖြစ်လိမ့်မည်။

ဤအချက်ကို သတိပြုရန် လိုနေသည်။ ဟိုဘက် သည်ဘက်၊ နှစ်ဖက်သား ရင်ကြားစေ့ရန် အလားအလာရှိဆဲ အချိန်တွင် မဲ့ကာရွဲ့ကာ အတင်းပြောခြင်းဖြင့် အကွဲကို မဖန်တီးသင့်ပြီ။

ကောင်မကလေးရဲ့ အလိုက ဘာလဲ။ ကောင်ကလေး လိုချင်တာ

က ဘာလဲ၊ ကောင်မကလေး လိုရာဖြစ်စေ၊ ကောင်ကလေး လိုရာလည်း ဖြစ်စေ၊ သင်တို့နှစ်ဦးနှစ်ဖက် အလိုပြည့်အောင် ဆောင်ရွက်နိုင်လျှင် အောင်သွယ်ကောင်းပင် ဖြစ်မည်။ ကောင်းသော အောင်သွယ်မှုကို ပြုလျှင် အောင်သွယ်သည် ကောင်ကလေးနှင့် ကောင်မကလေးတို့၏ အကန်တော့ကို ခံရမည်။ သို့သော် အောင်သွယ် လူစွမ်းကောင်းကား မပေါ်လာသေး။

ဤအခြေအနေ၌ အစိုးရသော်လည်းကောင်း၊ သောင်းကျန်းသူသော်လည်းကောင်း ဒေါသကို အဒေါသ စေတနာနှင့် သတ်နိုင်မှ ငြိမ်းချမ်းလိမ့်မည်။ မင့်လောက်လား၊ ငါ့လောက်လားဟု ကြုံးဝါးကာ အစွမ်းပြနေ၍ မပြီး၊ အချင်းချင်း အရှုံ့တိုက်ရန် စိတ်ကူးပြီး အလုပ်လုပ်၍ မရ။ စိတ်ရှည်နိုင်မှ အကျိုးရှိလိမ့်မည်။

အများက ပြည်တွင်းစစ်ဆိုတိုင်း ရောယောင်၍ မလိုက်သင့်။ ပြည်တွင်းစစ်၏ သဘော၌ တစ်ပြည်ထောင်ထဲတွင် အချုပ်အခြာ အာဏာပိုင် စင်ပြိုင်ရှိ၍ တစ်ဦးနှင့်တစ်ဦး တိုက်ခိုက်နေမှသာလျှင် ပြည်တွင်းစစ်ဟု ခေါ်လောက်၏။ ယခု မြန်မာနိုင်ငံ၏အခြေတွင် အချုပ်အခြာ အာဏာပိုင်အစိုးရတစ်ခုတည်း ရှိသည်ဟု အနောက်အင်အားစုနှင့် အရှေ့အင်အားစုတို့ကပါ အသိအမှတ်ပြုလျက် ရှိ၏။ ထိုအခါ ဥပဒေအရ အချုပ်အခြာအာဏာတည်ရှိနေသောအဖွဲ့ကို အန်တုနေခြင်းသည် ပြည်တွင်းစစ်မဟုတ်တော့ပြီ၊ သမိုင်းအရ လေ့လာကြည့်လျှင် ဤစကားသည် မှန်၏။ ပုဂ္ဂိုလ်စွဲဖြင့် လေ့လာလျှင် ဤစကားကို မမှန်ဟု ငြင်းဆိုကြလိမ့်မည်။ သို့သော် လက်ရှိအခြေအနေက မည်သူမှန်သည် မည်သူမှားသည်ကို ဆုံးဖြတ်လျက် ရှိသည်။ ကျွန်တော်ကား ငါ့စကား နွားရမပြောလို။ အချိန်ကာလသည် တရွေ့ရွေ့နှင့် အတားအဆီးမရှိဘဲ သွားနေသည်။ ထိုအချိန်ကာလသည် အဆုံးအဖြတ်ပေးနေသည်။

မြန်မာတို့၏ဉာဉ်မှာ အချင်းချင်းစွာတတ်သည်။ ကိုယ့်ညီအစ်ကို မောင်နှမချင်း သည်းညည်း မခံလို။ အောက်ကျခံစရာရှိလျှင် သူတစ်ပါး အား အောက်ကျခံမည်။ ညီအစ်ကို မောင်နှမချင်း အောက်ကျမခံလို။ နိုင်ငံခြားသားက ခြယ်လှယ်အုပ်စီးသွေးစုပ်ခြင်းကို မခံလိုဟု ပြောသော် လည်း ကိုယ့်ချင်းချင်းကား ခေါင်းပုံဖြတ်ဆဲပင်။ တိုင်းတစ်ပါးသားတို့ကား ဤသို့မဟုတ် အောက်ကျခံစရာရှိလျှင် မိမိတို့အချင်းချင်း အောက်ကျ ခံမည်။ သူတစ်ပါးကို အောက်ကျမခံလို။ မိမိအချင်းချင်း သွေးစည်းမည်။ သူတစ်ပါးကို အားမကိုးလို။ ဤစိတ်ကြောင့် သူတို့သည် ယနေ့တိုင် ကျွန်ုပ်တို့အား လွှမ်းမိုးမြဲ လွှမ်းမိုးနေသည်။ ဤအချက်ကို တော်လှန်ရေး သမားများ လေးနက်စွာ ဂရုပြုသင့်ပြီ။ ဂရုပြုပြီးသကာလ အမှားကို ပြင်သင့်ပြီ...။ တော်လှန်ရေးသမားအချင်းချင်း မောင်မောင် ခေါ်တုန်းမှာ ဗျာထူးလိုက်လျှင် အောက်ကျသည် မဟုတ်ပါ။

"ငါတို့မှားကြပြီလကွယ်။ ရှေ့လျှောက်ပြီး မှန်တာ လုပ်ကြပါစို့" ဟု ပြောရမည်ကို အောက်ကျသည်ဟု မထင်သင့်။ ရှက်စရာဟု မထင် သင့်။

အောက်ကျသည့်အရာကို လုပ်ရစေဦးတော့၊ လူထုကောင်းကျိုး အတွက် အောက်ကျမခံနိုင်ဘူးလား။

ရှေးတုန်းက လူထုအတွက် အသက်ကိုပင် အသေခံခဲ့ကြပြီ။ ဂျပန်လက်အောက်မှ လွတ်မြောက်ရန်အတွက် တော်လှန်သမား လူ့အဖူး အညွှာင့်များသည် အသက်သွေးခဲတို့ကို စွန့်လွှတ်ခဲ့ကြသည်။ ဤ အချက်တစ်ချက်ကိုထောက်ပြီး မိမိတို့ လက်နက်ကို မစွန့်လွှတ်ဝံ့ပြီ လော။

အတိတ်က ဘာကိုပင် ကျူးလွန်ခဲ့၊ ကျူးလွန်ခဲ့၊ ယနေ့လူထု အတွက် အကျိုးတရားကို လုပ်ပြလိုက်စမ်းပါ။ အတိတ်က လူထုကို

ဂျပန်ပါးရိုက်နည်းဖြင့် မည်မျှပင် ရိုက်ခဲ့ ရိုက်ခဲ့၊ ယနေ့လူထုအား လေးစားစွာဖြင့် မာန်မာနကို နှိမ့်ချကာ လောကဟိတလုပ်ငန်းကို လုပ်လိုက်စမ်းပါ။ ဂျပန်ကိုပင် ခွင့်လွှတ်ခဲ့သောသူတို့သည် မိမိအမျိုးသားချင်းရဲဘော်တို့ကို ဘာကြောင့် ခွင့်မလွှတ်ဘဲ နေရပါမည်နည်း။

လူထုသည် ရန်ဖြစ်နေသည်ကို ငြီးငွေ့ပြီ။ သို့သော် တစ်ခေတ်က သူ့ကို ဂျပန့်ဘေးရန်မှ ကာကွယ်ပေးသည့် တော်လှန်ရေး သားကောင်းသမီးကောင်း ရတနာတို့ကို ချစ်မြဲ ချစ်နေသေးသည်။ ယနေ့ ထိုချစ်စိတ်၊ သဒ္ဓါစိတ်၊ ကြည်ညိုစိတ်တို့ကြောင့် မှန်သည်မှားသည်ကို ဖယ်ထား၊ ကရုဏာတရားတော့ မကုန်သေးပါ။ သို့သော် လူထုအား နောက်ထပ် ဖနောင့်စာကျွေးလျှင်ကား တော်လှန်ရေးသမားဆိုသူတို့ကို လူထုက တော်လှန်ကြလိမ့်မည်။

ယနေ့ ဦးတည်နေသော အခြေအနေမှာ တော်လှန်ရေးသမားဆိုသူတို့ကို တော်လှန်စေရန် ဖန်တီးပေးသည့် အခြေဖြစ်နေသည်။ တော်လှန်ရေးဟူသည်ကို ရာထူးရရုံမျှ၊ အာဏာရရုံမျှ၊ အခွင့်အရေး ရရုံမျှသာ ပါးစပ်မှ အော်နေသူတို့သည် ဤရန်ကို မြင်ကြသည် မဟုတ်။ ရာထူး၊ အာဏာ၊ အခွင့်အရေးတို့ကို လက်ကိုင်ရထားသဖြင့် မိုးကိုလည်း မမြင်နိုင်၊ လေကိုလည်း မမြင်နိုင်။ တော်လှန်ရေး၏ သဘောတရားတို့ကို သမိုင်း၏သက်သေသာကေဖြင့် သုံးသပ်တတ်သော အခွင့်အရေးမဲ့ အာဏာမဲ့ လူတန်းစားတို့ကား ဤမနှစ်မြို့အပ်သော ရန်စွယ်ကို မြင်၍နေချေပြီ၊ ဘယ်သူက ဘယ်၍ ဘယ်မျှ အာဏာကို သိမ်းပိုက်မည်ဟု ကြုံးဝါး ကြုံးဝါး၊ တော်လှန်ရေးလမ်းစဉ်၌ လောကဓံတရားရှိနေသည်ကို ငြင်း၍ မဖြစ်ချေ။ ကံ ကံ၏အကျိုးကို မခံရဘဲ မနေနိုင်ကြ။ လူသတ္တဝါဟူသမျှ ဤတရားအတိုင်း ခံကြရဖို့ရှိသည်။ နေရှင်တို့သည်လည်းကောင်း၊ မြေရှင်ကြီးတို့သည်လည်းကောင်း၊ နယ်ချဲ့သမားတို့

သည်လည်းကောင်း ကံ၏အကျိုးအတိုင်းသာလျှင် ဖြစ်၏။ ဆိုရှယ်လစ်သည်လည်းကောင်း၊ ကွန်မြူနစ်သည်လည်းကောင်း၊ မာ့ခ်စ်ဝါဒီသည်လည်းကောင်း၊ ခရစ်ယာန်သည်လည်းကောင်း၊ ဗုဒ္ဓဘာသာဝင်သည်လည်းကောင်း ကံ၏အကျိုးအတိုင်းသာလျှင် ဖြစ်၏။

နိုင်ငံအတွက် ကောင်းမှုကို ထိထိရောက်ရောက် ဆောင်ရွက်သမျှ ကောင်းကျိုးကိုသာ ခံစားရမည်ဖြစ်၏။ နိုင်ငံအတွက် အလုပ်ကောင်း လုပ်သူတို့မှာ အကျိုးကောင်းခံစားရမည်ဖြစ်၏။

နိုင်ငံအတွက် ကောင်းမှုကို ပြုရာ၌ နည်းမှန်လမ်းမှန်ကို ဝေဖန် ဆွေးနွေးဖို့ လိုနေ၏။ ယခုမှာမူ တစ်ယောက်က တောတွင်းအောင်း၊ တစ်ယောက်က မြို့တွင်း ခို၊ တောခိုသူက မြို့အကြောင်းမသိ တစ်ဖက်သတ်၊ မြို့အောင်းသူကလည်း တောအကြောင်း မသိ တစ်ဖက်သတ်၊ ဤအချိုးအတိုင်းဆိုလျှင် ဒီမိုကရေစီ၏ အခြေခံဖြစ်သည့် ဆွေးနွေးမှု တိုင်ပင်မှု၊ ကောင်းဆိုးဝေဖန်ပိုင်းခြားမှု၊ ယင်းအမှုတို့သည် ဘယ်မှာ ရှိနိုင်ပါမည်နည်း။

တော်လှန်ရေးသမားအချင်းချင်းအားလုံး ကိုယ့်ဘက်သာ ကိုယ်မှန်သည်ဟု ဆိုနေကြသည်။ ဤကား ဝေဖန်ပိုင်းခြားသုံးသပ်မှုတို့ 'သေ' နေခြင်း ဖြစ်၏။

တော်လှန်ရေးသည် အသေကောင်ကြီး မဟုတ်။ တော်လှန်ရေးသည် အမြဲရှင်နေရသည်။ တော်လှန်ရေးကြီး ကမ္ဘာ့ရပ် ချုပ်ငြိမ်းသည်နှင့် တစ်ပြိုင်နက် တော်လှန်ရေးသမားတို့ ချုပ်ငြိမ်းကြမည် ဖြစ်၏။ သူတို့ မချုပ်ငြိမ်းလျှင် ချုပ်ငြိမ်းအောင် အခြေအနေက ဖန်တီးလာမည် ဖြစ်၏။ ထိုအချိန်အခါသည်ကား တော်လှန်ရေးသမားဆိုသူကို တော်လှန်ကြမည့် အချိန်အခါတည်း။

တကယ့်တော်လှန်ရေး၏ သားကောင်း သမီးကောင်း ရတနာမှန်

လျှင် ထိုဘေးအန္တရာယ်ကို မပေါ်ပေါက်ရအောင် လုပ်ဆောင်ကြရမည် ဖြစ်သည်။ ဤသို့မှ မလုပ်ဆောင်နိုင်လျှင် လူထုသည် ကိုလိုနီစနစ် အောက်၌ အသိဉာဏ်ပညာ ဥစ္စာပစ္စည်း မဖွံ့ဖြိုးခဲ့သည်ကို ကျွန်ုပ်တို့ လွတ်လပ်ရေးဘဝ၌ မည်သို့ တော်လှန်ကြမည်နည်း။

တိုင်းပြည်၌ သူခိုးဂိုဏ်းများကို တော်လှန်ဖို့ လိုနေ၏။ အဝိဇ္ဇာ ဂိုဏ်းများကို တော်လှန်ဖို့ လိုနေ၏။ လူစု၍ အုပ်စားခြင်းများကို တော် လှန်ဖို့ လိုနေ၏။ တစ်ဦးတည်း တစ်ကိုယ်ကောင်း လုပ်နေကြသည်ကို တော်လှန်ဖို့ လိုနေ၏။ အမှားမှားအယွင်းယွင်း စီမံခန့်ခွဲခြင်းများကို တော်လှန်ဖို့လိုနေ၏။ အာဏာက လူကိုဖျက်ဆီးနေသည်ကို တော်လှန်ဖို့ လိုနေ၏။ ထိုတော်လှန်ရေးများကို ညီညာဖြဖြလုပ်ကြဖို့ရာအတွက် လုပ်သားများကို စုဆောင်း၍နေ၏။ ယခုအစိုးရက လက်ယပ်ခေါ်နေ သည်မှာ ဤအချက်များကို လုပ်ဆောင်ကြဖို့ပင် ဖြစ်၏။ ဤ တော်လှန် ရေးမျိုးကို လုပ်ဖို့ရာ လူထုကလည်း သဘောတူညီနေ၏။ မျှော်ကိုးနေ ၏။

ဤအချိန်အခါမျိုး၌ တစ်ဦးသည်းညည်း တစ်ဦးခံ၍ လူထု အကျိုးငှာ လုပ်ပြကြစမ်းပါ။ ဗိုလ်ချုပ်ခေတ်က တော်လှန်ရေးသမားကို ဖူးဖူးမှုတ်၍ ထားသလို လူထုသည် ထားလိုစိတ်ရှိပါသေးသည်။ ကိုယ့် လူမျိုးအချင်းချင်းအပေါ်၌ သည်းညည်းခံရခြင်းသည် မွန်မြတ်သော အလုပ်ဖြစ်ပါသည်။

ဤအချိန်အခါ၌ မည်သူက မည်သူ့အား မည်သူ့အတွက် ရှေ့နေလိုက်စရာ မလိုပါ။ ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစား၍ ရနိုင်သော အချိန် ဖြစ်နေပါပြီ...၊ ထို့ကြောင့် ကျွန်တော်သည် ဟိုဘက် သည်ဘက် နှစ်ဖက်မျှ၍ ကြည့်နိုင်လေအောင် တော်လှန်ရေးသမားအပေါင်းတို့ ချစ်ခင်ညီညွတ်သင့်မြတ်စွာဖြင့် တိုင်းပြည်ကို စား၍နေသော နိုင်ငံရေး၊

စီးပွားရေး၊ လူမှုရေး ခြအပေါင်းတို့ကို တော်လှန်ဖို့ အချိန်ကျပါပြီ။ ၎င်းတို့မှ မတော်လှန်နိုင်လျှင် ထိုခြတို့က ခင်ဗျားတို့ ကျုပ်တို့တစ်တွေ အားလုံးကို တော်လှန်ကြပါတော့မည်။ တော်လှန်ရေးသမားပီပီ လက်ရှိ အခြေအနေကို သုံးသပ်ကြစမ်းပါဟု လေးနက်စွာ မေတ္တာရပ်ခံလိုသည်။

ဟိုဘက်ကိုသော်လည်းကောင်း၊ သည်ဘက်ကိုသော်လည်းကောင်း မျက်နှာလိုက်၍ ပြောခြင်း မဟုတ်သောကြောင့် နှစ်ဖက်စလုံးက ကြိုက်ချင်မှ ကြိုက်လိမ့်မည်။ အကြိုက်ကိုချည်းလိုက်၍ မပြောသဖြင့် သဘောတွေ့လိုမှ တွေ့ကြပါ။ သို့သော် လက်ရှိအခြေအနေကို နှစ်ဖက်စလုံးက သုံးသပ်ကြည့်လျှင် အကျိုးမယုတ်ပါ။ အကျိုးခံစားစရာ ရှိလာသည့်အခါ အကျိုးခံစားရမည့်သူမှာ နှစ်ဖက်စလုံးသော အဆွေတို့ပင် ဖြစ်ပါ၏။ ကျွန်တော်နှင့် လားလားမျှမဆိုင်ပါ။

ရှုမဝ၊ အတွဲ ၉၊ အမှတ် ၁၀၆၊ မတ်၊ ၁၉၅၆

❐

## မိမိကိုယ်ကို မိမိ စေ့စပ်ပါ

ယခု ကျွန်တော် ဤစာကို ရေးနေသောအချိန်တွင် စေ့စပ်ရေး အလို မရှိဟူ၍လည်းကောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးဟူ၍လည်းကောင်း၊ အပြုတ်တိုက်မည်ဟူ၍လည်းကောင်း၊ လက်နက်ကိုင် တော်လှန်ရေး လမ်းစဉ်ကို ပြောင်းပါဟူ၍လည်းကောင်း၊ လက်နက်ချတော့မည် ဟူ၍ လည်းကောင်း အသံအမျိုးမျိုး ထွက်လျက်ရှိသည်။ ထိုအသံတို့၏ နောက်ဆွယ်၌ သတင်းအမျိုးမျိုးလည်း ကပ်၍ လိုက်ပါလာကြသည်။ မှန်သည် မှားသည်ကို အပထား၊ သောင်းကျန်းသူတို့သည် မတ်လ အတွင်းတွင် ဒီမိုကရေစီအလင်းရောင်အောက်သို့ ဝင်ရန် စိုင်းပြင်းလျက် ရှိကြပြီဟူသော သတင်းသည် အသွင်အမျိုးမျိုးဖြင့် ပေါ်ပေါက်လျက် ရှိနေသည်။ ထိုသတင်းများအပြင် မယုံရဘူး၊ စိတ်မချရဘူး ဟူသော သတင်းတို့လည်း ထွက်ပေါ်လျက် ရှိသည်။

ကျွန်တော်တို့ နိုင်ငံသည် ၁၉၄၁ ခုနှစ်မှသည် ၁၉၄၅ ခုနှစ်အထိ လေးနှစ်တိုင်တိုင် စစ်ဒဏ်ကိုခံခဲ့ရ၍ အလွန်နာခဲ့သည်။ ကမ္ဘာစစ်ကြီး ပြီးသောအခါ၌လည်း နိုင်ငံရေး ကြိုးပမ်းမှုတို့ကြောင့် မြန်မာနိုင်ငံ၏

စီးပွားရေးကို ပြန်လည်တည်ဆောက်ရန် အချိန်မရခဲ့ချေ။ ဗြိတိသျှ အာဏာပိုင်တို့နှင့် ဖဆပလ၏ လွန်ပွဲသည် သုံးနှစ်သုံးမိုးမျှ ကြာခဲ့သည်။ ဤသို့လျှင် ခုနစ်နှစ်ခန့်အချိန်သည် ကုန်လွန်ခဲ့ရ၏။ ၁၉၄၈ ခုနှစ် နှစ်ဦး၌ကား ကျွန်ုပ်တို့အားလုံး လွတ်လပ်ရေး ရကြသောကြောင့် တဒင်္ဂမျှ စိတ်ပျော်ရွှင်ခဲ့ကြ၏။ သို့ရာတွင် လွတ်လပ်ရေးရပြီး သုံးလအတွင်း သောင်းကျန်းမှုဟူ၍လည်းကောင်း၊ ပြည်တွင်းစစ် ဟူ၍လည်းကောင်း၊ သူပုန်ထခြင်းဟူ၍လည်းကောင်း အမျိုးမျိုး မိမိတို့ကြိုက်သလို ခေါ်ကြသော အမျိုးသားချင်းတိုက်ပွဲကြီးသည် ပေါ်ပေါက်လာခဲ့ပြန်၏။ ထို့ကြောင့် ခုနစ်နှစ်မျှ အချိန်ကုန်ခဲ့ပြီးနောက် ယခုနှစ်အထိဆိုလျှင် ကိုးနှစ်မျှသော ကာလအပိုင်းအခြားတွင် တိုင်းပြည်သည် ဆူပူထကြွမြဲပင် ရှိနေသည်။ အားလုံးပေါင်းလိုက်သော် ၁၆ နှစ်မျှသော ကာလပရိစ္ဆေဒအတွင်း ကျွန်ုပ်တို့နိုင်ငံသည် တည်ငြိမ်သော သဘောသို့ မရောက်သေးသည်ကို တွေ့ရှိရ၏။

တိုင်းပြည်တစ်ပြည်၏ ထူထောင်ရေး မျက်စိနှင့်ကြည့်လျှင် အချိန်တို့သည် ၁၆ နှစ်မျှ အဟောသိကံဖြစ်ခဲ့ရလေပြီ။ အကယ်၍သာ ထို ၁၆ နှစ်တည်းဟူသော အချိန်ကို ပြန်ယူ၍ ရနိုင်လျှင် မြန်မာ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့သည် အံ့ဘွယ်ဘနန်း တိုးတက်၍ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် ပေါများကြွယ်ဝပြီးလျှင် လူထုအား စိတ်ချမ်းသာမှု၊ စိတ်ကျေနပ်မှုတို့ကို အများဆုံးပေးနိုင်သော နိုင်ငံ ဖြစ်လာနိုင်သည်။ စစ်ဖြစ်ဆဲ ကာလကိုဖယ်၍ လွတ်လပ်ရေးသက်တမ်းကိုပင် တွက်ကြည့်ဦးတော့၊ ကိုးနှစ်တာမျှအတွင်းတွင် ကျွန်ုပ်တို့၏ စီးပွားရေး အခြေမှာ နယ်ချဲ့ခေတ်က နှစ်စဉ် ဆုံးရှုံးခဲ့ရသော တန်ဖိုး၏ကိုးဆမျှကို ပြန်၍ ရနိုင်ပေလိမ့်မည်။ အကြမ်းအားဖြင့် ကျွန်ခေတ်က နိုင်ငံခြား အရင်းရှင်တို့သည် တစ်နှစ်တစ်နှစ်လျှင် ကုဋေငါးဆယ်ကျော်မျှသော

ကြေးငွေတို့ကို သူတို့၏ မူလနိုင်ငံတို့သို့ သယ်ယူသွားနိုင်ကြသည်။ လွတ်လပ်လာသည့်အခါ ထိုကြေးငွေတို့မှာ ကျွန်ုပ်တို့၏သပိတ်ဝင် အိတ်ဝင်ဖြစ်လာနိုင်သည်။ ကိုးနှစ်ကာလအတွင်းတွင် ကျွန်ုပ်တို့၌ ကုဋေ ၄၅၀ ဖိုးမျှ ပစ္စည်းဥစ္စာ ထွန်းကားလာဖို့ ရှိသည်။

ထိုကဲ့သို့ တိုးပွားလာရမည့် ဥစ္စာပစ္စည်းတို့မှာ ကျွန်ုပ်တို့၏ လုံ့လဝီရိယသက်သက်ဖြင့် ရနိုင်သော ဥစ္စာပစ္စည်းများဖြစ်သည်။ မည်သည့် ဘီစီအေ၊ တီစီအေ၊ ကိုလံဘိုစီမံကိန်း၊ ကုလသမဂ္ဂ အကူအညီဆိုသည် ကိုမျှ မမှီခိုဘဲ ဖြစ်ထွန်းနိုင်သော စီးပွားရေး အကျိုးကျေးဇူးများ ဖြစ်ပေသည်။

သို့သော် ဤသို့ကား မဟုတ်။ ကုဋေ ၄၅၀ မျှကို ၉ နှစ်အတွင်း ပိုက်မိမည် ဝေးစွ၊ စစ်ဘေးစစ်ဒဏ်နှင့် သောင်းကျန်းမှုဒဏ်တို့ကြောင့် ကျွန်ုပ်တို့မှာ ၉ နှစ်အတွင်း ငွေကုဋေ ၄၅၀ ၏ ၉ လီမျှ ဆုံးရှုံးခဲ့ကြရသည်။

စီးပွားရေးပျက်ပြားသည်ကို ရှင်းစားထူထောင်ရန် မခက်ပါ။ သို့သော် ထို ၉ နှစ်တာမျှအတွင်း မြန်မာနိုင်ငံ၏ ကြီးပွားတိုးတက်ရေး၌ ကောင်းစွာ အသုံးချနိုင်သော ကျွန်ုပ်တို့၏အမျိုးသား လူ့အဖူးအညှောင့်တို့သည် အသက်ဆုံးရှုံးခဲ့ရသည်။ လူမှုရေးအနေဖြင့် စဉ်းစားပြန်လျှင် တန်ဖိုးဟူသမျှသည် ကပြောင်းကပြန်ဖြစ်ခဲ့သဖြင့် အခြေခံပညာရေး၌လည်းကောင်း၊ လူ့စည်းကမ်း၌လည်းကောင်း၊ လူ့ကျင့်ဝတ်၌လည်းကောင်း အတိုင်းမသိ ပျက်စီးခြင်းသို့ ရောက်ခဲ့ရသည်။ အထူးသဖြင့်ကား နိုင်ငံခြားပယောဂအမျိုးစုံတို့ကြောင့် ဂိုဏ်းဂဏစိတ်များ မွန်လာပြီးလျှင် အမျိုးသားအချင်းချင်း မုန်းတီးရှုံရှာခြင်း သဘောတရားတို့သည် ထွန်းကားလာခဲ့လေသည်။ ဤကဲ့သို့ ဆုံးရှုံးပျက်ပြားရသော အချက်တို့ကို ပြန်လည်ပြုပြင်၍ လူ့ဘောင်အသစ်တစ်ခုကို ရှင်းစားထူထောင်

ရန်မှာ လွယ်သော အလုပ်မဟုတ်ချေ။ ကိုးနှစ်မျှ ကမောက်ကမဖြစ်ခဲ့သော ဒဏ်သည် နှစ်ပေါင်း ၉၀ တိုင်အောင် ဂယက်ရိုက်ဖွယ်ရှိသည်။ နှစ်ပေါင်း ၉၀ ဆိုသည်မှာ အနာဂတ်လူငယ်တို့၏ နှစ်သက်စာမျှ ရှိလိမ့်မည်။ ယခုနှစ်မှစ၍ ရေတွက်သော် နှစ်ပေါင်း ၉၀ ကြာသော ခရစ်နှစ် ၂၀၄၇ ခုနှစ်တွင် ကျွန်ုပ်တို့ခေတ်က လူများက သီပေါမင်းခေတ်ကို ရေရွတ်ဆဲဆိုကြဘိသကဲ့သို့ အနာဂတ်ခေတ်လူငယ်များသည် ကျွန်ုပ်တို့ကို တစ်တစ်ခွခွကြီး ရေရွတ်ဆဲဆိုကြလိမ့်မည်။

ထိုအခါ ကျွန်ုပ်တို့သည် ဘယ်ဘဝသို့ ရောက်နေလေမည်ကို မသိသောကြောင့် နာတတ်ရမှန်းသိကြလိမ့်မည် မဟုတ်ပါ။ ယခုအသက်ထင်ရှားရှိခိုက်၌ ကျွန်ုပ်တို့သည် "မြန်မာရာဇဝင်ကို ရေးရာ၌ ငါလည်းပါသည်" ဟူသော ဂုဏ်မာနတို့ဖြင့် ဝင့်ဝါလျက် ရှိကြပါ၏။ သို့သော် ကျွန်ုပ်တို့သည် ရောက်ရာဘဝက ထ၍ ကြည့်နိုင်ခဲ့ပါလျှင် ၂၀၄၇ ခုနှစ်တွင် ပေါ်ပေါက်သော ပြည်ထောင်စုမြန်မာနိုင်ငံသားတို့သည် ကျွန်ုပ်တို့အား တဖွဖွကျိန်ဆဲလျက်ရှိသည်ကို ဧကန်မုချ တွေ့ရှိရလိမ့်မည်။

ဤမျှသော အနာဂတ်ရှည်ရှည်ဝေးဝေးကို စဉ်းစားလျှင် စိတ်ကူးယဉ်သည်ဟု ဆိုစရာ ဖြစ်ပေလိမ့်မည်။ သို့သော် ဤလောက၌ ထိုကဲ့သို့ ရှည်ရှည်ဝေးဝေး မျှော်ခေါ်စဉ်းစားကြ၍သာ ဤလူ့ဘောင်တွင် လွတ်လပ်ရေး ကြိုးပမ်းမှုများ၊ တော်လှန်ရေးများ၊ ဆိုရှယ်လစ်၊ ကွန်မြူနစ်စသော ဝါဒများပေါ်လာခြင်း ဖြစ်၏။ တစ်နေ့အဖို့ တစ်နေ့သာ ကျွန်ုပ်တို့ စဉ်းစားခဲ့ပါမူ ယနေ့အဖို့ ကျွန်ုပ်တို့သည် မျောက်လောင်း မျောက်လောင်းပင် ဖြစ်နေကြဦးမည်။

နှစ်ပေါင်း ၉၀၊ ၁၀၀ ဆိုသည်မှာ ရာဇဝင်သက်တမ်း၌ တစ်ခဏမျှသာ ဖြစ်၏။ ဥပမာ ကျွန်ုပ်တို့သည် ၁၉၀၀ ပြည့်နှစ်လောက်က မြေယာတော်လှန်ရေး၏ ပဏာမတို့ကို စဉ်းစားခဲ့ကြ၏။ ထို့ကြောင့်

နှစ်ပေါင်း ၅၀ လောက်ကြာပြီးသောအခါမှ ယနေ့အဖို့ မြေယာတော်လှန်ရေး အကောင်အထည်ပေါ်လာမည့် ပဏာမလုပ်ငန်းတို့ကို လုပ်နေနိုင်ခြင်း ဖြစ်၏။ ထိုတော်လှန်ရေးကြီး အပြီးတိုင် အောင်မြင်ဖို့မှာ နောက်ထပ် နှစ်ပေါင်း ၅၀ ကြာချင်ကြာလိမ့်ဦးမည်။ ယခုပုံအတိုင်း သောင်းကျန်းမြဲ သောင်းကျန်းနေကြဦးမည်ဆိုလျှင် နှစ်ပေါင်း ၁၀၀ ခန့်ကြာချင်လည်း ကြာနိုင်သည်။

တခြားကို မကြည့်ပါနှင့်။ ယခုခေတ်၌ လူငယ်တို့က မျှော်တော်ဇောနှင့် မောနေကြသော ဆိုဗီယက်ရုရှားတို့၏ ဆိုရှယ်လစ်လောကကြီးကိုပင် ပြန်ကြည့်ပါ။ ၁၉၁၇ ခုနှစ်၌ ပြီးမြောက်ခဲ့ပါသည် ဆိုသော ဆိုရှယ်လစ်တော်လှန်ရေးကြီးသည် ယနေ့ ၁၉၅၇ ခုနှစ်တိုင်အောင် နှစ်ပေါင်း လေးဆယ်မျှ ကြာရှိခဲ့သော်လည်း အေးအေး မနေရပါ။ အရင်းရှင်စနစ်နှင့် နင်လား ငါလား တိုက်ပွဲဆင်လာခဲ့ကြသည်မှာ ယနေ့တိုင်အောင်ပင် ဖြစ်ပါသည်။ ဆိုရှယ်လစ်စီးပွားရေးစနစ်သည် ကမ္ဘာပေါ်တွင် တစ်နေ့နေ့၌ အောင်မြင်လာလိမ့်မည်ဟု အများနည်းတူ ကျွန်တော် ယုံကြည်ပါ၏။ သို့သော် ထို "တစ်နေ့နေ့" ဟူသည်မှာ အဘယ်နေ့ ဖြစ်လိမ့်မည်ကို ဘူလဂါနင်နှင့် ခရုရှက်ဖ်တို့ပင်လျှင် ဗေဒင်ဟောသလို ဟောကိန်း မထုတ်ကြသေးပါ။ ဆက်လက်ကြိုးပမ်းကြရမည်ဟုသာ ကျွန်ုပ်တို့အားလုံး နားလည်လျက်ရှိပါသည်။

ဤကား အရှည်မျှော်၍ တွေးတောခြင်း ဖြစ်၏။ တစ်နေ့လုပ်မှ တစ်နေ့စားရသော သာမန်ပြည်ထောင်စုသားတို့ကား ကျွန်တော်ကဲ့သို့ တွေးချင်မှ တွေးကြလိမ့်မည်။ စင်စစ် သာမန်လူထုသည် ကျွန်တော်ကဲ့သို့ တောင်တွေး မြောက်တွေး တွေးနေသည် မဟုတ်။ သူ၏ ပတ်ဝန်းကျင်၌ လက်တွေ့မြင်နေရသော အခြင်းအရာတို့ကိုသာ သူ စဉ်းစားနေသည်။

သာမန် လူထုမြင်ရသော အခြင်းအရာတို့ကား အခိုးခံရသည်ကို မြင်၏။ အိမ်အဖောက်ခံရသည်ကို မြင်၏။ ဓားပြတိုက် ခံရသည်ကို မြင်၏။ မုဒိမ်းကျင့်ခံရသည်ကို မြင်၏။ ပြန်ပေးဆွဲခံရသည်ကို မြင်၏။ မိုင်းဗုံးအထိခံရသည်ကို မြင်၏။ မီးရှို့ခံရသည်ကို မြင်၏။ လူသတ်ခံရသည်ကို မြင်၏။

ဤမျှမကသေး။ သာမန်လူထုသည် စားမှု၊ ဝတ်မှု၊ နေထိုင်မှုတို့၌ ဆင်းရဲကျဉ်းမြောင်းကျပ်တည်းသည်ကို မြင်၏။ အသက်အိုးအိမ်စည်းစိမ်တို့၌ လုံခြုံမှုမရှိသည်ကို မြင်၏။ လူသတ်ဝါဒကို မြင်၏။ ရှိသူက မရှိသူကို မကောင်းကြံသည်ကို မြင်၏။ အချင်းချင်း ဗိုလ်လုကြသည်ကို မြင်၏။ လူစု၍ အုပ်စားကြသည်ကို မြင်၏။ လူတစ်စုက လူထုဟူသော အမည်နာမဖြင့် ဖိနှိပ်သည်ကို မြင်၏။ လူ့ကျင့်ဝတ်ပျက်ပြားသည်ကို မြင်၏။ အချင်းချင်း ဆော်နှက်ကြသည်ကို မြင်၏။ နိုင်ငံနှင့်အမျိုးကို ချစ်ခင်စောင့်ရှောက်သောစိတ်ဓာတ် ခေါင်းပါးသည်နှင့်အမျှ နိုင်ငံခြားသားတို့သာလျှင် လွှမ်းမိုးလာသည်ကိုမြင်၏။ အာဏာ၊ ရာထူးနှင့် ဓနတို့သည် လူကို ဖျက်ဆီးနေသည်ကို မြင်၏။

ခေါင်းဆောင်တို့က လွတ်လပ်ရေးဟု ပြောကြ၏။ သို့သော် လွတ်လပ်စွာ သွားလာလုပ်ကိုင် စားသောက်နိုင်ခြင်း မရှိ။ လွတ်မြောက်ရေးဟုလည်း ပြောကြ၏။ သို့သော် ဆင်းရဲဒုက္ခတို့မှ မလွတ်မြောက်ခဲ့။ ပြည်တော်သာဟုလည်း ပြောကြ၏။ သို့သော် တဲစုတ်ထဲ၌ ခပ်ချာချာ နေကြရသည့်အထဲ မီးခဏခဏလောင်၍ ပြာကျရ၏။ ထို့ကြောင့် သာမန်လူထုသည် တော်လှန်ရေးဟူသည်ကို မမြင်နိုင်။ ဆိုရှယ်လစ်ပန်းတိုင် ဟူသည်ကိုလည်း မကြည့်နိုင်။ "သူတို့အချင်းချင်း မတည့်ကြလို့ ငါတို့ ဓားစာခံဖြစ်နေရပါပေါ့လား" ဟူ၍သာ မြင်ကြ၏။

ထို့ကြောင့် နိုင်ငံရေးကို စက်ဆုပ်လာကြ၏။ ရေလိုက်ငါးလိုက်

ကပ်ပေါင်း၍ လိမ္မာသလို နေကြမည်ဟု သဘောပိုက်လာကြ၏။ ဤနည်းဖြင့် နိုင်ငံရေးအချောင်သမားဝါဒကြီးသည် ထွန်းကားလာခဲ့၏။

ယခုခေတ် မြေပေါ် မြေအောက်တို့၌ လူကြီးလုပ်နေကြသော လူငယ်တစ်စုသည် ၁၉၃၀–၄၀ အတွင်းရှိသောခေတ်က သာယာရွှေပြည်ကြီးကို စိတ်ကူးယဉ်ခဲ့ကြ၏။ နိုင်ငံရေးလိုက်စားသူ လူငယ်တို့သည် "ငါတို့ခေတ်သို့ ရောက်လျှင် သမ္မာကမ္မန္တဟူသော နိုင်ငံရေးခေတ်ကို တည်ထောင်ခြင်းအားဖြင့် မသမာသော နိုင်ငံရေးသမားတို့၏ဝါဒကို ပယ်ဖျက်မည်ဟု ကြုံးဝါးခဲ့ကြ၏။ စီးပွားရေး၌ စိတ်ဝင်စားသော လူငယ်တို့သည် မြန်မာပြည်ဖွား တိုင်းရင်းသားတို့၏ သမ္မာအာဇီဝ စီးပွားရေးကို တည်ထောင်ခြင်းအားဖြင့် မသမာသော အမြတ်ကြီးစားစနစ်တို့ကို ပယ်ဖျက်မည်ဟု ကြုံးဝါးခဲ့ကြ၏။ လူမှုရေး၌ စိတ်ဝင်စားသော လူငယ်တို့သည် လွတ်လပ်သော လူမျိုးတို့နှင့်သာ ထိုက်တန်သော သမ္မာသံကပ္ပ၊ သမဝါယမတို့ဖြင့် တိုင်းကြီးပြည်ကြီးသားဘဝကို တည်ဆောက်၍ ကျွန်ဘဝကို ပယ်ဖျောက်မည်ဟု ကြုံးဝါးခဲ့ကြ၏။

သို့သော် ယနေ့အဖို့၌ ထိုကြုံးဝါးချက်တို့သည် အဘယ်သို့ ရောက်နေကြသနည်း။ သေနတ်ကို နိုင်ငံရေးအာဏာဟု မှတ်ထင်နေကြပြီလော။ အင်ပို့လိုင်စင်ကို စီးပွားရေးဟု ထင်မှတ်နေကြပြီလော။ လူစု၍ ဥပဒေချိုးဖောက်ကာ စည်းကမ်းမဲ့နေခြင်းကို လူမှုရေးဟု ထင်မှတ်နေကြပြီလော။

ယနေ့အဖို့၌ လူထုသည် လက်တွေ့မျက်မြင်ကို ဝိပဿနာရှု၍ ဤနည်းနှင်နှင် စဉ်းစားလျက်ရှိကြ၏။ သို့သော် အဖြေကို မရှာတတ်။ အဖြေကို မရှာတတ်လေလေ နိုင်ငံရေးနှင့် တော်လှန်ရေးတို့ကို ယိုးမယ်ဖွဲ့ကာ ဆဲရေးမြည်တွန်လေလေ ဖြစ်၏။

ဤအခြေ၌ ယနေ့ ကျွန်ုပ်တို့ တည်နေသည်။ ဤအဖြစ်သည်

အဖြစ်ဆိုးတည်း။ ဆုတ်ယုတ်သောသဘောကို ပြဆိုသောအဖြစ်တည်း။ ဤအဖြစ်မျိုးမှ ကျွန်ုပ်တို့ မကျော်လွှန်နိုင်ခဲ့သည်ရှိသော် ကျွန်ုပ်တို့သည် လွတ်လွတ်လပ်လပ်ကြီး ကျွန်ဖြစ်ကြရဦးတော့မည်။ ရှေးခေတ်က ကျွန်ုပ်တို့သည် တစ်ပါးကျွန် ဖြစ်ခဲ့ရ၏။ ယခုခေတ် ဤအတိုင်းသာ သွားကြရပါမူ နှစ်ပါးကျွန်၊ သုံးပါးကျွန်၊ လေးပါးကျွန်... စသဖြင့် တစ်စတစ်စ တိုးတက်လာကြဖို့ ရှိနေသည်။

တော်လောက်ပြီ။ ရှေးခေတ်က တစုတဝေးတည်း တည်ရှိခဲ့ကြသော လူငယ်များသည် မိမိတို့ကိုယ်ကို မိမိတို့ ပြန်လှန်စစ်ကြောဖို့ သင့်ပြီ။

"ငါသည် လွတ်လပ်ရေးကို ကြိုးပမ်းခဲ့၏။ တော်လှန်ရေးတွင် ဆင်နွှဲခဲ့၏။ ငါ ကြိုးပမ်းဆင်နွှဲခဲ့သော လွတ်လပ်ရေးနှင့် တော်လှန်ရေးသည် လူထုအတွက်လော၊ ငါ့အတွက်လော"

"ငါသည် လွတ်လပ်ရေးနှင့် တော်လှန်ရေးတို့တွင် စွန့်စားခဲ့သည်မှာ လူထုငြိမ်းချမ်းစွာ နေထိုင်ကြရဖို့လော။ သို့တည်းမဟုတ် ငါ၏ ဝါဒ လွှမ်းမိုးစေဖို့လော။ သို့တည်းမဟုတ် ငါ၏အာဏာ၊ ရာထူး၊ စီးပွားရေး တည်မြဲဖို့လော။ သို့တည်းမဟုတ် ငါသာလျှင် ဗိုလ်လုပ်နိုင်ဖို့လော"

အကယ်၍ ၁၉၃၀–၄၀ အကြား ထွန်းကားခဲ့သော လူငယ်တိုင်းသည် မိမိ၏ အစ္ဈတ္တသန္တာန်ကို မိမိစစ်ဆေးဝေဖန်မည်ဆိုပါက စေ့စပ်ဟူသော စကား၊ လက်နက်ချဟူသော စကား၊ အပြုတ်တိုက်ဟူသော စကားတို့သည် အတိတ်ထဲတွင် လွင့်ပျောက်သွားပြီးလျှင် အနာဂတ်၌ လူထုတို့ ရသင့်ရထိုက်သော ငြိမ်းချမ်းရေးသည် အလိုလို ဆိုက်ရောက်လာနိုင်စရာ အကြောင်းရှိသည်ဟု ကျွန်တော် ထင်မြင်မိပါ၏။

ရှုမဝ၊ အတွဲ ၁၀၊ အမှတ် ၁၁၈၊ မတ်၊ ၁၉၅၇

❒

# နယ်ချဲ့၏ သွေးခွဲစနစ် အောင်မြင်မှု

ယနေ့မြန်မာနိုင်ငံတွင် ကျူးကျော်စော်ကားလျက်ရှိသော တရုတ်ဖြူတို့သည် နယ်ချဲ့၏ သွေးခွဲစနစ်အောင်မြင်မှုကို ပြဆိုသော အထိမ်းအမှတ်ဖြစ်လေသည်။

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့၌ ကျွန်ုပ်တို့က ကိုလိုနီစနစ်မှ လွတ်မြောက်ပြီဟု ကြုံးဝါးကာ အောင်ပွဲခံကြသည်။ ကျွန်ုပ်တို့ ထိုသို့အောင်ပွဲခံနေစဉ်တွင် နယ်ချဲ့၏ သွေးခွဲစနစ်သည်လည်း ဝနယ်ထဲတွင် တိတ်တိတ်ကျိတ်၍ အောင်ပွဲကျင်းပခဲ့သည်။

နှောင်သောအခါ ယင်းကျိတ်ဝိုင်းကြီးသည် ဘူးပေါ်သလို ပေါ်လာခဲ့၏။

ထို့ကြောင့် ကျွန်ုပ်တို့က စင်ပြိုင်အောင်ပွဲကြီးကို ဖျက်သိမ်းရန် ကြိုးစားခဲ့သည်။ ကျွန်ုပ်တို့ချည်း ဖျက်သိမ်းရန်မပြီးနိုင်သောအခါ သွေးခွဲစနစ်ကို ကျင့်သုံးသော နယ်ချဲ့ဝါဒီတို့၏ အကူအညီကို ခေါ်ရသည်။

ဥပမာ ဘာနှင့်တူသလဲဆိုလျှင် နွားများ ကျားဆွဲခြင်း မခံရအောင် ခြင်္သေ့အား အကူအညီခေါ်ရသည်နှင့် တူလေသည်။

ထို့ကြောင့် ကျွန်ုပ်တို့ဘာသာ ကျွန်ုပ်တို့ ဟုတ်လှပြီထင်၍ နှစ်စဉ်နှစ်တိုင်း လွတ်လပ်ရေးအောင်ပွဲကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပတိုင်း ကျင်းပတိုင်း သွေးခွဲဝါဒီသမားတို့ကလည်း စင်ပြိုင်အောင်ပွဲများ ခံလာခဲ့ကြသည်။

ယနေ့အဖို့မှာကား ကျွန်ုပ်တို့သည် ကိုလိုနီစနစ်ဆန့်ကျင်ရေးနှင့် ကိုလိုနီစနစ်ရှင်ပြန်ထမြောက်ရေးတို့ လွန်ဆွဲနေသော တိုက်ပွဲတစ်ပွဲကို ထပ်မံတိုက်ရမည့်အခြေသို့ ရောက်ရှိနေပေပြီ။

လောက၌ အင်္ဂလိပ်ဟူ၍ တစ်မျိုးတည်းသာ ရှိသည်။ အမေရိကန်ဟူ၍ တစ်မျိုးတည်းသာ ရှိသည်။ ရုရှားဟူ၍ တစ်မျိုးတည်းသာ ရှိသည်။ ကမ္ဘာ့သမိုင်းတွင် အင်္ဂလိပ်ဖြူ အင်္ဂလိပ်နီ၊ အမေရိကန်ဖြူ အမေရိကန်နီ၊ ရုရှားဖြူ ရုရှားနီဟု မရှိခဲ့။

သို့သော် ကိုလိုနီစနစ်မှ လွတ်မြောက်သော သမိုင်းကဏ္ဍသို့ ရောက်လာသောအခါကျမှ တရုတ်ဟူသည်မှာ တရုတ်ဖြူ၊ တရုတ်နီဟု ရှိရမည်။ ကိုရီးယားဟူသည်မှာ ကိုရီးယားဖြူ၊ နီ ရှိရသည်။ ဗီယက်နမ်ဟူသည်မှာ ဗီယက်နမ်ဖြူ၊ နီ ရှိရသည်။ ဂျာမနီ၌ပင်လျှင် ဂျာမနီဖြူ၊ ဂျာမနီ နီဟု ရှိသည်ဆိုသော ဆန်းသစ်သော သဘောတရားတို့ ထွန်းကားလာလေသည်။

အကယ်၍သမိုင်းကို ပြောင်းပြန်လှန်ပစ်နိုင်လျှင် ကျွန်ုပ်တို့ တို့ဗမာသာကီမျိုးတို့သည်လည်း အတိတ်၌ နယ်ချဲ့ဖြစ်လိုက ဖြစ်နိုင်လိမ့်မည်။ အကယ်၍ ကျွန်ုပ်တို့သာ နယ်ချဲ့ဖြစ်ပါက ဤခေတ်ဤအခါတွင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ စိုးမိုးခဲ့ဖူးသော အင်္ဂလန်ကျွန်းကိုလည်းကောင်း၊ အမေရိကန်ပြည်ထောင်စုကိုလည်းကောင်း၊ ဆိုဗီယက်ရုရှားနိုင်ငံကိုလည်းကောင်း မလွှဲမကင်းသာသောကြောင့် လွတ်လပ်ရေးပေးလိုက်ရသော အခြေသို့ ရောက်ရှိနေလိမ့်မည်ဖြစ်သည်။

ထိုအခါ ကျွန်ုပ်တို့သည် နယ်ချဲ့ဝါဒီသမားပီပီ အင်္ဂလန်ကျွန်းကို

အင်္ဂလန်ပြည်မကြီးတစ်ခုသတ်သတ်နှင့် ရှက်တလန်ကျွန်းသတ်သတ် ခွဲထုတ်ပြီးလျှင် လောကဦ အင်္ဂလန်နှစ်နိုင်ငံရှိသည်ဟု ကြေညာလိမ့်မည် ဖြစ်သည်။

ဤဥပမာနှင့် အလားတူစွာ အမေရိကန်ပြည်ထောင်စုကိုလည်း မြောက်ပိုင်းနိုင်ငံ၊ တောင်ပိုင်းနိုင်ငံဟု ကွဲအောင် ခွဲထုတ်ပေလိမ့်မည်။ ဆိုဗီယက်ရုရှားနိုင်ငံကိုလည်း အရှေ့အနောက်သော်လည်းကောင်း၊ တောင်မြောက်သော်လည်းကောင်း ခွဲ၍ရရာကို ခွဲထုတ်ပေလိမ့်မည်။

ထိုအခါများတွင် အင်္ဂလိပ်၊ အမေရိကန်၊ ရုရှားတို့က ကျွန်ုပ်တို့ သာကီဝင် တို့ဗမာများသည် လွန်စွာမှ မတရားဟု ဝိုင်းအော်လိမ့်မည် မှာ အမှန်ဖြစ်သည်။

သို့သော် ယခုအရှေ့အုပ်စု၊ အနောက်အုပ်စုသမားတို့က တစ်မျိုး တည်းကို နှစ်မျိုးဖြစ်အောင် လုပ်နေကြသောအခါ ကျွန်ုပ်တို့က တရား သည်၊ ဖြောင့်မတ်သည်၊ မျှတသည်ဟု ဩဘာပေးရမည်ကဲ့သို့ ရှိနေ သည်။

ယနေ့ဆိုလျှင် အာရှနှင့် အာဖရိကတိုက်တို့တွင် တရုတ်ဖြူက သရုပ်ဆောင်ပြနေသော နယ်ချဲ့၏ သွေးခွဲစနစ်သည် အောင်ပွဲခံလျက် ပင် ရှိသည်။

ကွန်ဂိုနိုင်ငံတွင် သနားစရာကောင်းသော အာဖရိကလူမျိုးတို့ သည် တစ်ဦးနှင့်တစ်ဦး သတ်ဖြတ်၍ အနိုင်ကျင့်နေကြသည်။ လော နိုင်ငံသည်လည်း အာရှတိုက်၏ ကွန်ဂိုဖြစ်အောင် ကြံဆောင်လျက်ရှိ နေသည်။

အာရှတိုက်သားနှင့် အာဖရိကတိုက်သားတို့သည် အနောက် နယ်ချဲ့သမားတို့၏ သွေးခွဲဒဏ်ကို နှစ်ပေါင်း ၄၀၀ ကျော်မျှ ခံစားခဲ့ဖူး သော ဗဟုသုတရှိသည်။ ထို့ကြောင့် ကိုလိုနီစနစ်အောက်တွင် ကြီးပြင်း

ခဲ့စဉ်က နယ်ချဲ့တို့၏ လှုပ်ရှားမှုအရပ်ရပ်ကို သွေးခွဲစနစ်၏ လှုပ်ရှားမှုဟု မြင်ကြသည်။ အဘယ်မျှမြင်ပါသနည်းဟုဆိုသော် နယ်ချဲ့တို့က လွတ်လပ်ရေးပေးလိုက်ပြီဟု ဆိုသည့်တိုင်အောင် သွေးခွဲစနစ်၏ သဘောတရားတို့ကို မျက်စိထဲတွင် အကွင်းသားမြင်ခဲ့ကြသည်။

အထူးသဖြင့် အာရှတိုက်တွင် အိန္ဒိယ၊ ပါကစ္စတန်၊ သီဟိုဠ်၊ မြန်မာဟူသော လွတ်လပ်သော နိုင်ငံတို့တွင် "သွေးခွဲစနစ်ကို သတိထား" ဟူသော အသံတို့သည် လွတ်လပ်ချိန်ကစ၍ပင်လျှင် မြည်ဟည်းလျက်ရှိသည်။

ဤကြားထဲက တရုတ်ဖြူ ပြဿနာပေါ်လာနိုင်ခြင်းသည် အံ့ဩဖွယ်ကောင်းလေစွ။

ဤကြားထဲက မြောက်ကိုရီးယား၊ တောင်ကိုရီးယား၊ မြောက်ဗီယက်နမ်၊ တောင်ဗီယက်နမ် ပေါ်လာနိုင်ခြင်းသည် အံ့ဩဖွယ်ကောင်းလေစွ။

ဤကြားထဲက လောနိုင်ငံပြည်တွင်းစစ်ပေါ်လာခြင်းသည် အံ့ဩဖွယ်ကောင်းလေစွ။

ထိုအံ့ဩဖွယ်ရာကောင်းသည်တို့ကို စဉ်းစားလိုက်လျှင် ကျွန်ုပ်တို့ လွတ်မြောက်ပြီးစ နိုင်ငံတို့သည် နယ်ချဲ့၏ သွေးခွဲစနစ်ကို တကယ်ပင် နှစ်နှစ်ကာကာ သိရှိနားလည်ကြပါလေစဟု ဒွိဟဖြစ်ဖွယ်ရာရှိနေသည်။

အမှန်စင်စစ်မှာ လွတ်မြောက်ပြီးဖြစ်သော နိုင်ငံတို့သည် ကိုလိုနီစနစ်ကို တော်လှန်ခဲ့စဉ်က တစ်စိတ်တစ်ဝမ်းတည်း ရှိသကဲ့သို့ ယခုအခါက တစ်စိတ်တစ်ဝမ်းတည်း ရှိဖို့ ကောင်းသည်။ လွတ်လပ်ရေးရသော နိုင်ငံတို့သည် ယခုအချိန်အခါမျိုးတွင် အချင်းချင်း ရင်းနှီးနားလည်မှုဖြင့် ညီညွတ်ရေးကို တည်ဆောက်နိုင်ဖို့ ကောင်းသည်။

သို့သော် ယခုကား ဤကဲ့သို့မဟုတ် တစ်ဦးက အရှေ့အုပ်စုသို့

မျှော်သည်ရှိသော် အခြားတစ်ဦးက အနောက်အုပ်စုကို မျှော်သည်။ လွတ်လပ်ပြီးသည်နောက် နိုင်ငံတို့သည် မိမိကြိုက်ရာကို မိမိမျှော်နိုင်ခွင့်ရှိကြပါ၏။ သို့သော် အရှေ့မျှော်၊ အနောက်မျှော် မျှော်ရင်းနှင့် တစ်နိုင်ငံနှင့် တစ်နိုင်ငံ မသင့်တင့် မညီညွတ်သော လက္ခဏာကို ပြကြသည်။

ဥပမာ မြန်မာ၊ ယိုးဒယား၊ လော၊ ကမ္ဘောဒီးယား၊ မလေး၊ အင်ဒိုနီးရှား စသော နိုင်ငံတို့သည် သမိုင်းအားဖြင့်လည်းကောင်း၊ ပထဝီသွင်ပြင်အားဖြင့်လည်းကောင်း ဆက်စပ်လျက် ရှိကြသည်။ ကိုလိုနီစနစ်အောက်၌ရှိစဉ်က ထိုနိုင်ငံတို့သည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ အဆက်အစပ်မရှိကြချေ။ ထုံးစံအတိုင်းဆိုလျှင် လွတ်မြောက်လာသောအခါ ထိုနိုင်ငံတို့သည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဆက်စပ်လာသင့်သည်။ သို့သော် ထိုနိုင်ငံတို့သည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ သူစိမ်းပြင်ပြင် ဖြစ်နေကြသေးသည်။

မြန်မာတို့သည် ယိုးဒယားအကြောင်းကို မသိ။ ယိုးဒယားတို့သည် မြန်မာအကြောင်းကို မသိ။ ထို့နည်းတူစွာ အခြားအရှေ့တောင်အာရှနိုင်ငံတို့သည် မြန်မာအကြောင်းကို နားမလည်၊ မြန်မာတို့ကလည်း အခြားအရှေ့တောင်အာရှနိုင်ငံအကြောင်းကို နားမလည်။

ထိုနိုင်ငံတို့အချင်းချင်း ဆက်ဆံရာဝယ် အရှေ့တောင်အာရှတိုက်သားတို့၏ သဘာဝဖြင့် မဆက်ဆံကြချေ။ အချို့က ဗြိတိသျှသဘာဝကို အခြေခံ၍ ဆက်ဆံသည်။ အချို့က ပြင်သစ်သဘာဝကိုအခြေခံ၍ ဆက်ဆံသည်။ အချို့က အမေရိကန်သဘာဝကို အခြေခံ၍ ဆက်ဆံသည်။

ဤအထဲတွင် အုပ်စုနိုင်ငံရေး ဝင်လာသောအခါ ရုရှားသဘာဝကို အခြေခံထား၍ ဆက်ဆံသောသဘောများ ဖြစ်ထွန်းလာလိုက်

သေးသည်။

အမှန်မှာ အရှေ့တောင်အာရှတိုက်သား အချင်းချင်းသည် မိမိတို့ဦးရာ အရှေ့တောင်အာရှသဘာဝအတိုင်း ဆက်ဆံသင့်သည်။ သို့မှသာ ရင်းနှီးနားလည်မှု ရှိမည်။

ဤအထဲတွင် အာရှတိုက်တစ်တိုက်လုံးကို ခြုံ၍ ကြည့်ပြန်လျှင် ဂျပန်သည် သူ၏ ကိုယ်ကို သူ နေမျိုးနွယ်ဟု ယူဆ၍ ကျန်နိုင်ငံငယ်များကို ပစ်ပယ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းကဆိုလျှင် အာရှတိုက်သားအချင်းချင်းကို ဂျပန်တို့က နှိပ်စက်ညှဉ်းပန်းလိုက်သေး၏။

ဤနိုင်ငံကြီးဝါဒသည်လည်း အာရှတိုက်သား အချင်းချင်းတို့ သူစိမ်းရန်သူပမာဖြစ်စေရန် ဖန်တီးပေးနေသည်။

အထက်ပါ အခြင်းအရာတို့ကြောင့် အရှေ့မျှော်သော အုပ်စု၊ အနောက်မျှော်သော အုပ်စုတို့သည် အရှေ့တောင်အာရှရှိ နယ်ချဲ့၏ သွေးခွဲဝါဒကို မြေတောင်မြှောက်ပေးနေကြသည်။

ဤအခြေမျိုး၌ တတိယကမ္ဘာစစ်ကြီးဖြစ်ကြပြီဟုဆိုလျှင် အရှေ့တောင်အာရှနိုင်ငံတို့သည် အချင်းချင်း ဆော်ကြနက်ကြပြီးလျှင် ကိုလိုနီစနစ်သစ်ရှင်ပြန်ထမြောက်စေရန် အလုပ်အကျွေးပြုကြပေဦးမည်။

အာရှနိုင်ငံတို့တွင်သာမက အာဖရိကနိုင်ငံတို့တွင်လည်း အင်္ဂလိပ်အားကိုးသူ၊ အမေရိကန်အားကိုးသူ၊ ဘယ်လ်ဂျီယံအားကိုးသူ၊ ပြင်သစ်အားကိုးသူ၊ ရုရှားအားကိုးသူ အစရှိသဖြင့် သူတစ်ပါးကို အားကိုး၍ အချင်းချင်း မညီမညွတ်ဖြစ်သည့်သဘောများ ထွန်းကားလျက်ရှိသည်။

သို့သော် ဝေးလံသော အာဖရိကတိုက်ကို ထားပါဦး။ မိမိတို့နှင့်နီးစပ်ရာ အာရှတိုက်ကို ပြန်ကြည့်ပါရစေဦး။

အာရှညီညွတ်ရေးဟူသည် စိတ်ကူးထဲ၌သာ ရှိနေသည်။

ညီညွတ်ရေးကို တည်ဆောက်သော လုပ်ငန်းတို့ မရှိချေ။

အာရှတိုက်သည် စီးပွားရေးနှင့် လူမှုရေးတို့၌ ဖွံ့ဖြိုးခြင်း မရှိချေ။

ထိုဖွံ့ဖြိုးမှုကို ရအောင်ကြံဆောင်လိုလျှင် အာရှတိုက်သား အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကြံဆောင်နိုင်ရာသည်။ သို့သော် အင်္ဂလိပ်စိတ်ပေါက်သော အာရှတိုက်သားက အင်္ဂလိပ်ကို မှီခိုသည်။ အမေရိကန်စိတ်ပေါက်သော အာရှတိုက်သားက အမေရိကန်ကို မှီခိုသည်။ ပြင်သစ်စိတ်ပေါက်သော အာရှတိုက်သားက ပြင်သစ်ကို မှီခိုသည်။ ရုရှားစိတ်ပေါက်သော အာရှတိုက်သားက ရုရှားကို မှီခိုသည်။

အကယ်၍ အာရှတိုက်သားတစ်ဦးဦးသည် အချင်းချင်းဖြစ်သော အိန္ဒိယနှင့်လည်းကောင်း၊ ပါကစ္စတန်နှင့်လည်းကောင်း၊ တရုတ်ပြည်သူ့နိုင်ငံနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်မည်ဟုကြံလျှင် အုပ်စုနိုင်ငံကြီးများက အရင်းရှင်ဟူ၍လည်းကောင်း၊ ကွန်မြူနစ်ဟူ၍လည်းကောင်း၊ နယ်ချဲ့ဟူ၍လည်းကောင်း၊ အာဏာရှင်ဟူ၍လည်းကောင်း စွပ်စွဲပြောဆိုပြီးလျှင် အာရှတိုက်သားချင်း လက်မတွဲနိုင်လေအောင် ခြိမ်းခြောက်လေသည်။

အမှန်မှာ အာရှတိုက်သားသည် အာရှတိုက်၏တန်ဖိုးကို နားမလည်ချေ။ ထို့ကြောင့် လွတ်လပ်ပြီးသော အခြေသို့ ရောက်သည့်တိုင်အောင် ကိုလိုနီခေတ်က အစွဲအတိုင်း မိမိတို့၏ အရှင်ဟောင်းသခင်ဟောင်းများကိုသာ လှမ်း၍ကြည့်သည်။ ထို့ကြောင့်လည်း နယ်ချဲ့တို့သည် သွေးခွဲစနစ်အောင်ပွဲကို ခံမြဲတိုင်း ခံလျက်ရှိသည်။

အကယ်၍ အာရှတိုက်သား လယ်သမားသည် အာရှတိုက်သားတို့၏ လယ်ယာထွန်ယက်စိုက်ပျိုးရေးကို သိပ္ပံနည်းအရ လေ့လာ၍ သုတေသနပြုလျှင် အာရှတိုက်၏လယ်ယာတို့ ဖွံ့ဖြိုးစရာ အကြောင်းရှိသည်။ သို့သော် ဤသို့မဟုတ် အာရှတိုက်သား လယ်သမားသည် အမေရိကန်၏စက်ဖြင့် ထွန်ယက်စိုက်ပျိုးသော လယ်လုပ်နည်းကို

လေ့လာပြီးလျှင် လယ်ထွန်စက်မရှိသောကြောင့် ဘာမျှ ဖွံ့ဖြိုးအောင် မလုပ်နိုင် ရှိနေသည်။

အထက်ပါအခြေအနေတို့ကို စဉ်းစားလိုက်လျှင် ကျွန်ုပ်တို့ ဘာလို နေသလဲဟူသော အချက်ကို တွေ့ရလိမ့်မည်။

ကျွန်ုပ်တို့အာရှတိုက်သားသည် အာရှအရေးကို ဘာမျှနား မလည်ကြချေ။ မြန်မာသည် ရန်ကုန်၏အရေးကိုသာ သိသည်။ အိန္ဒိယ သည် နယူးဒေလီကိုသာ နားလည်သည်။ ပါကစ္စတန်သည် ကရာချိကို သာ သဘောပေါက်သည်။ ယိုးဒယားသည် ဘန်ကောက်အရေးကို ကမ္ဘာ့အရေးဟု ယူဆသည်။ လောနိုင်ငံက ဗီယင်ရှန်းအရေးသည်သာ လျှင် ကမ္ဘာ့အရေးဟုထင်သည်။ ကမ္ဘောဒီယားကား ဖနွမ်ပင်အရေးကို သာလျှင် ကမ္ဘာ့အရေးဟု အသိအမှတ်ပြုသည်။ ထိုနိုင်ငံအစုအပေါင်း သည် တရုတ်ဖြူအရေးကို နယ်ချဲ့၏ သွေးခွဲစနစ်အောင်မြင်မှုဟု မမြင် ကြချေ။ လောနိုင်ငံအရေးကို အုပ်စုနိုင်ငံရေး၏ သွေးခွဲစနစ်အောင်မြင်မှု ဟု မသိကြချေ။

အာရှအကြောင်းကို အာရှတိုက်သားချင်းချင်း နားလည်ကြစေ ရန်အတွက် ဗဟုသုတဗိမာန်တစ်ခု တည်ဆောက်ရန် လိုနေပြီ။ ဥပမာ အာရှရေးရာ လေ့လာရေးအဖွဲ့၊ အာရှစီးပွားရေး ပူးပေါင်းကူညီမှုအဖွဲ့၊ အာရှယဉ်ကျေးမှု သုတေသနအဖွဲ့၊ အာရှတက္ကသိုလ် စသည်တို့ ပေါ် ပေါက်အောင် ဆောင်ရွက်ဖို့ လိုသည်။

ရှေးက နေရူးသည်လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်းသည် လည်းကောင်း ထိုအာရှသုတေသနဗိမာန်ကို တည်ဆောက်ရန် စိတ်ကူး ခဲ့ကြသည်။ သို့သော် နယ်ချဲ့၏သွေးခွဲဝါဒသည် တစ်နေ့တခြား အောင် မြင်၍ လာလေရာ ထိုအာရှသုတေသနဗိမာန်သည် စိတ်ကူးထဲ၌ပင် မရှိတော့ဟု ထင်မြင်နေရသည်။

အာရှတိုက်သားသည် အာရှအကြောင်းကိုပင်လျှင် သေချာစွာ မသိလျှင် အုပ်စုနိုင်ငံရေးသမားတို့ ကြိုးဆွဲရာ ခံရဦးမည်ပင် ဖြစ်သတည်း။

နဝဒေး၊ အတွဲ ၁၊ အမှတ် ၄၊ ဧပြီ၊ ၁၉၆၁

❐

## ကြားကာလ

ဇာတ်ထဲတွင် မွေးကင်းစ မင်းသားကလေးကို ပုတ်တလုတ် ရေကန်ထဲ ပစ်ချလိုက်ရာ မင်းသားကလေးသည် ဆယ့်ခြောက်နှစ်သားအရွယ်သို့ ရောက်လာလေသည်။

ဇာတ်ကသည်ဆိုသည်မှာ တကယ့်အဖြစ်အပျက်မဟုတ်။ လူတို့ အဆီးအတားမရှိ စိတ်ကူးသော အခြင်းအရာကို တကယ်ဟု ထင်မှတ်အောင် ဇာတ်ပွဲတို့က လှည့်စားကြသည်။ ထို့ကြောင့် ဇာတ်ထဲတွင် မွေးကင်းစသည် ကားလိပ်အတင်အချကာလအတွင်း ဆယ့်ခြောက်နှစ်သား ဖြစ်လာနိုင်သည်။

ဤလူ့လောကသည် ဒဏ္ဍာရီလောကမဟုတ်။ တကယ်ဖြစ်ပျက်နေသော လောကဖြစ်သည်။ နေ့စဉ်နေ့တိုင်း နာရီမခြား၊ မိနစ်မခြား၊ စက္ကန့်မခြား အဖြစ်အပျက်တို့ ဖြစ်ပျက်နေကြသည်။

ထို့ကြောင့် တကယ့်လူ့အဖွဲ့အစည်းထဲ၌ လူမှုတော်လှန်ရေးသည် နေ့ချင်း ညချင်း ဖြစ်ပေါ်လာနိုင်ခြင်း မရှိချေ။ အပြောင်းအလဲဟူသမျှမှာ နှေးသည်လည်း ရှိမည်၊ မြန်သည်လည်း ရှိမည်။ စိတ်မြန်သူတို့က

နေးသည်ဟု ထင်ကြသည်။ ထိုအခါ နေးကွေးသော အပြောင်းအလဲတို့ကို ပြုပြင်ရေးစနစ်ကြောင့် နေးကွေးသည်ဟု ဆိုကြသည်။ စိတ်ရှည်သူတို့ကား မြန်ဆန်သော အပြောင်းအလဲတို့ကို မြန်လွန်းလှသည်ဟုဆို၍ ယင်းအပြောင်းအလဲမျိုးသည် တော်လှန်ရေးပင် ဖြစ်သည်ဟူ၍လည်း အမှတ်သညာပြုကြသည်။ ဒုံရင်းကို စစ်၍ချလျှင် အပြောင်းအလဲဟူသမျှသည် ဥပါဒ်ဋ္ဌီဘင် သဘောအတိုင်း သင်္ခါရဓမ္မထဲတွင် ပါဝင်နေကြသည်ချည်း ဖြစ်၏။ အကျိုးအကြောင်း ဆက်စပ်မှုကို လိုက်၍ မြန်သည်လည်း ရှိမည်။ နေးသည်လည်း ရှိမည်။

သို့သော် လူ့အဖွဲ့အစည်းအနေနှင့် အပြောင်းအလဲတို့ မည်မျှပင်မြန်စေကာမူ မနေ့က ခေတ်ဟောင်း၊ ယနေ့ခေတ်သစ်ဟူ၍ နာရီမခြားရုတ်ခြည်း တစ်ခါတည်း ပြောင်းသွားသည်ဟု မရှိချေ။

သို့ရာတွင် ဤနိုင်ငံတွင် လူတိုင်းသည် ပုတ်တလုတ်ရေကန်ထဲဆင်းချင်ကြသည်။ ဤမျှလောက် စိတ်မြန်ကြသည်။ ထို့ကြောင့် ယနေ့ဆိုရှယ်လစ်ဟု ကြေညာလျှင် နက်ဖြန့်ဆိုရှယ်လစ်ဖြစ်ပြီဟု ယုံမှတ်ကြသည်။

တစ်ချိန်က ကျွန်ုပ်တို့သည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နံနက် ၄ နာရီ မိနစ် ၂၀ မှ လွန်သည်နှင့်တစ်ပြိုင်နက် လက်ဝဲနိုင်ငံဖြစ်ပြီဟု ဆိုခဲ့ကြသည်။ သို့သော် ကျွန်ုပ်တို့၏ လူ့အဆောက်အအုံထဲ ဝင်၍ကြည့်လိုက်သောအခါ စကြာမင်း စသော မင်းလောင်းတို့ကို မျှော်နေကြသူများလည်း ရှိသည်။ ရှင်အဇ္ဇဂေါဏနည်းဖြင့် ရွှေမိုး ငွေမိုး ရွာလိမ့်မည်ဟု ယုံကြည်နေကြသူများလည်း ရှိသည်။ အရင်းရှင်တို့၏ အယူဟောင်းများကို မည်သည့်နည်းနှင့်မျှ မပယ်နိုင်သော သူများလည်း ရှိသည်။ ပဒေသရာဇ်စနစ်ကို စွဲမြဲယုံကြည်နေသူများလည်း ရှိသည်။ ဗျူရိုကရေစီစနစ်ကိုသာ ဟုတ်သည် မှန်သည်ဟု ယူဆနေသူများလည်း

ရှိသည်။ သက်ဦးဆံပိုင်စနစ်ကိုသာ အုပ်ချုပ်ရေးစနစ်ဟု အသည်းစွဲ သံမှိုနှက်ထားသူများလည်း ရှိသည်။

သို့ပါလျက်နှင့်လည်း ကျွန်တော်တို့သည် လက်ဝဲနိုင်ငံဖြစ်ပြီဟု ဆိုခဲ့ကြသည်။

လက်တွေ့မှာကား ကျွန်တော်တို့အားလုံးသည် လိမ်ဖယ်ဖယ် ချည်းသာ ဖြစ်ကြ၏။ အချို့က လက်ယာဘက်ကို လိမ်ဖယ်ဖယ်၊ အချို့ က လက်ဝဲဘက်ကို လိမ်ဖယ်ဖယ်၊ အားလုံးစောင်းကန်းစောင်းကန်းနှင့် နေကြသည်။ လက်ဝဲအစွန်သို့ ရောက်မှ ကောင်းသည်ဟု ဆိုသော သူသည် လက်ယာဘက်သို့ မျက်စိစွေကြည့်သည်။ လက်ယာအစွန်သို့ ရောက်အောင် ဆွဲရမည်ဟု ဆိုသူသည်လည်း မတော်တဆ လက်ဝဲ သမား အာဏာသိမ်းလျှင် ဝေစုမရမှာစိုးရိမ်သောကြောင့် လက်ဝဲ ဘက်သို့ မျက်စိစွေ၍ ကြည့်သည်။

ထို့ကြောင့် ဤလူစုကို တည့်တည့်မတ်မတ် ဖြစ်အောင် လုပ်ဖို့ရာ မလွယ်လှချေ။

အဘယ်ကြောင့် ဤသို့ ဖြစ်နေရပါသနည်း။ ကျွန်ုပ်တို့စိတ်က ပုတ်တလုတ် ရေကန်စိတ်ဖြစ်သည်။ သို့သော် လောကနိယာမ အဖြစ် အပျက်တို့ကား ပဋိစ္စသမုပ္ပာဒ်နှင့် ယှဉ်၍ သူ့အစဉ်အတိုင်းသာ ဖြစ်ပျက် နေသည်။ အကြောင်းတစ်ခု မပြည့်စုံသရွေ့ ကာလပတ်လုံး အကျိုးတရား မဖြစ်ထွန်းနိုင်ချေ။

ကျွန်တော်တို့သည် လူညွက်မျိုး ဖြစ်သည်။ လူညွက်သော အကြောင်းရင်းခံမှာ အာဟာရဖြစ်ထွန်းမှုကို ပဓာနမပြုဘဲ ဆန်ပြုတ်ကို သာ အရသာခံ၍ စားခြင်းကြောင့်ဖြစ်သည်။ လူညွက်မျိုးက လူထွား မျိုး ဖြစ်စေရန် ဆန်ဖြူဖြူကို အရသာခံ၍ စားရင်းနှင့် နေ့ချင်းညချင်း မဖြစ်နိုင်။

လူထွားကြီးဖြစ်ချင်လျှင် ထွားကျိုင်းစေသော အာဟာရဓာတ်ကို အကြောင်းရင်းခံရမည်။

ဂျပန်နိုင်ငံတွင် ဂျုံ၊ နွားနို့နှင့် အမဲသား ငါးကို အာဟာရအဖြစ်နှင့် စားသောက်ကြခြင်းကြောင့် လွန်ခဲ့သော ဒုတိယကမ္ဘာစစ်မဖြစ်မီကာလနှင့် ယခုခေတ်ကာလကို နှိုင်းစာလျှင် ယခုခေတ်ကာလ ဂျပန်လူငယ်များသည် နှစ်လက်မ သုံးလက်မမျှ အရပ်အမောင်းပို၍ ထွားလာသည်ဟု ဆိုကြသည်။

ဂျပန်နိုင်ငံတွင် ကာယဗလဖွံ့ဖြိုးရေးအတွက် တော်လှန်ရေးသဘာဝနှင့် ကြိုးပမ်းရာတွင် နှစ်ပေါင်းနှစ်ဆယ်ကျော်ကြာမှသာ ပြုပြင်ပြောင်းလဲရေးတရားများ ဖြစ်ထွန်းလာသည်။ မည်သည့်ဂျပန်မျှ ပုတ်တလုတ် ရေကန်ထဲမှထ၍ ဟာကျူလီဘဝကို မရောက်ခဲ့ကြချေ။ ဤအာဟာရဓာတ်ဟူသော အကြောင်းကြောင့်သာလျှင် ဤကာယဖွံ့ဖြိုးမှုအကျိုးတရားသည် အစဉ်အလိုက် ဖြစ်ပေါ်လာခဲ့သည်။

ကျွန်တော်တို့နိုင်ငံတွင် လူတိုင်းလိုလို သင်္ခါရဓမ္မဟု ပြောဆိုလေ့ရှိကြသည်။ သို့သော် သင်္ခါရဓမ္မကို ပြောဆိုသူတို့ကိုယ်တိုင် အဓိပ္ပာယ်ပေါက်ပါ၏လောဟု မေးရန်ရှိနေသည်။

ယနေ့ ကျွန်ုပ်တို့ နိုင်ငံ၏လူ့ဘောင်အဖွဲ့ကြီးသည် တော်လှန်ရေးနည်းနှင့် ပြောင်းလဲလတ္တံ့သော အခြေ၌ ရှိနေသည်။

ပြောင်းလဲရမည့်ပုံစံမှာ ဆိုရှယ်လစ်စီးပွားရေးစနစ်ပုံစံဖြစ်သည်။

ဤပုံစံသည် အဆန်းမဟုတ်။ လွတ်လပ်ရေးရသည်ဟု ဆိုကတည်းက ယနေ့ ကျွန်ုပ်တို့ မြင်နေရသော နိုင်ငံရေးခေါင်းဆောင်နှင့် ကာကွယ်ရေးခေါင်းဆောင်တို့က သဘောကြိုက်ညီစွာဖြင့် ရေးဆွဲခဲ့သော ပုံစံဖြစ်သည်။

ယင်းသို့ဖြစ်လျှင် ၁၉၄၈ ခုနှစ်က ပုံစံကို ၁၉၆၂ ခုနှစ်၌ အဘယ်

ကြောင့် ထပ်မံ၍ ဝိသေသပြုနေရပါသနည်း။

ယခုမှ ဤပုံစံကို ထပ်မံကြေညာရသည်မှာ အခြားကြောင့် မဟုတ်၊ ၁၉၄၈ ခုနှစ်က ရေးဆွဲသော ပုံစံသည် ပုံစံပျက်ဖြစ်လာသောကြောင့် အသစ်ပုံစံ ရေးဆွဲရခြင်းဖြစ်သည်။

ပုံစံ အဘယ်ကြောင့် ပျက်ရပါသနည်း။

ကျွန်တော်တို့အားလုံးသည် ပုတ်တလုတ် ရေကန်ဝါဒအရ ဆိုရှယ်လစ်ပုံစံဆွဲပြီးသည်နှင့်တစ်ပြိုင်နက် မြန်မာနိုင်ငံသည် ရုရှား၊ တရုတ်၊ အယ်လဘေးနီးယား၊ ယူဂိုဆလားဗီးယား စသော နိုင်ငံတို့ကဲ့သို့ ဖြစ်ပြီဟု အထင်ရောက်ခဲ့သောကြောင့်ဖြစ်သည်။

ဤသို့ အထင်ရောက်ခဲ့ခြင်းကြောင့် ဆိုရှယ်လစ်ပုံစံကို ရသည်နှင့် တစ်ပြိုင်နက် စက်မှုလက်မှုထူထောင်ပြီးသား၊ ပြည်သူပိုင်လုပ်ပြီးသား၊ ဒီမိုကရေစီ အုပ်ချုပ်ရေးယန္တရား တပ်ဆင်ပြီးသားဟူသော ထင်ကြေးနှင့် တွေးခေါ်ပြောဆိုလုပ်ကိုင်လာကြသည်။

ဆိုရှယ်လစ်စီးပွားရေးပုံစံဟူ၍ ဆွဲခဲ့သော်လည်း များစွာသော လုပ်ငန်းတို့မှာ စက်မှုလက်မှု မဟုတ်သေး၊ လုပ်ငန်းအားလုံးတို့ကိုလည်း ပြည်သူပိုင်မလုပ်နိုင်သေး၊ အုပ်ချုပ်ရေးယန္တရားကြီးမှာလည်း ဗျူရိုကရေစီ သဘောအတိုင်းပင် ရှိနေသေးသည်။

ထို့ကြောင့် ကျွန်တော်တို့သည် ကမန်းကတန်းနှင့် စက်မှုလက်မှု တည်ထောင်သည်။ ကမန်းကတန်းနှင့် ပြည်သူပိုင်လုပ်သည်။ ကမန်း ကတန်းနှင့် ဗျူရိုကရေစီ ယန္တရားကို ဒီမိုကရေစီကင်ပွန်းတပ်သည်။

နေ့ချင်း ညချင်း ကြီးပွားချင်သောကြောင့် ကမူးရှူးထိုးလုပ်လာ ခဲ့ရာ ၁၆ နှစ်ကြာမှ ကျွန်တော်တို့ သဝေထိုးလာခဲ့ပြီကို ရိပ်မိကြသည်။

စက်မှုလက်မှုဟု ပြောရင်းမတ်တတ်က ကျွန်တော်တို့ တောင်သူ လယ်သမားများမှာ နွားနှင့်ဖက်၍ ရုန်းမြဲရုန်းရပြီးလျှင် လူမွေးလူတောင်

မွဲခြောက်ခြောက်ဖြစ်လာသည်။ ပြည်သူပိုင်ဟုဆိုကာမှ ထုတ်လုပ်မှုဟူသမျှကို နိုင်ငံခြားသားတို့က ပိုင်၍ ကျွန်တော်တို့က ဘာမှ မပိုင်ဖြစ်လာသည်။ ဒီမိုကရေစီ စက်ယန္တရားကိစ္စ၌လည်း မူလက မိမိစီးနေသည်မှာ မြင်းဟု ထင်သည်။ နောက်မှသာ မိမိစီးနေသည်မှာ မြင်းမဟုတ်၊ မြည်းလည်း မဟုတ်ဟူ၍ သိလာသည်။

ကျွန်တော်တို့သည် ပါးစပ်ပြော အလွန်ကောင်းသည်။ ပါးစပ်က အဖြစ်မှန် သရုပ်မှန်ဟု ပြောကြသည်။ သို့သော် အလုပ်လုပ်ကြသောအခါ ဖြစ်ရပ်အမှန်ကိုမကြည့်ဘဲ စာအုပ်ကြီးတွေကိုသာ လှန်၍ ကြည့်ကြသည်။ ကျွန်တော်တို့ လှန်ကြည့်ကြသော စာအုပ်မှာလည်း နိုင်ငံခြားတွင် ပထမနှိပ်ခြင်း စာအုပ်ဟောင်းများသာ ဖြစ်သည်။ ယခုအခါ ထိုစာအုပ်များကို နိုင်ငံခြားသားတို့က ဒွါဒသမ နှိပ်ခြင်း၊ တေရသမ နှိပ်ခြင်းတို့ဖြင့် အကြိမ်ကြိမ် အဖန်ဖန် တည်းဖြတ်ကြသည်ကို မသိကြချေ။

အဖြစ်မှန်တို့ကို မကြည့်ဘဲ အလုပ်လုပ်သောအခါ အကြောင်းအကျိုးဆက်စပ်သော ကွင်းဆက်တို့ ပျောက်နေသည်။ ထို့ကြောင့်လည်း ပြောင်းလဲမှုတစ်ခုတွင် ကြားကာလရှိသည်ဟူသော အချက်ကို မျက်စိမှောက်နေကြသည်။

ယနေ့ ဆိုရှယ်လစ် စီးပွားရေးပန်းတိုင်ဟု သတ်မှတ်လိုက်သည်နှင့်တစ်ပြိုင်နက် ထိုပန်းတိုင်မရောက်မီ ချီတက်ရသောလမ်းစဉ်နှင့် ကာလအတွင်း ကျွန်ုပ်တို့ ကြုံတွေ့ရမည့်ဖြစ်ရပ်များကို ကြိုတင်၍ ဝိပဿနာ မတင်နိုင်ကြချေ။

ယနေ့ ဤပန်းတိုင်ကို သတ်မှတ်ချင်လျှင် နက်ဖြန်အမျိုးသားအရင်းရှင်တို့ စိတ်ဓာတ်ပြောင်းမည်။ သန်ဘက်ခါ ဗျူရိုကရက်တို့ အသွင်ပြောင်းမည်ဟူသော တွက်ကိန်းနှင့် အလုပ်လုပ်သည်။

အမျိုးသားအရင်းရှင်တို့ကို ပြည်သူပိုင်ဝါဒ အကျိုးပြုအင်အားစု ဖြစ်အောင် အဆင့်ဆင့်ကူးပြောင်းစေရမည့်အပိုင်းကဏ္ဍတို့ကို ခုန်ကျော်၍ လွှားသွားကြသည်။

ဗျူရိုကရက်တို့ကို လူထုအကျိုးဆောင် ဒီမိုကရေစီအင်အားစု ဖြစ်အောင် အဆင့်ဆင့်မည်သို့ သိမ်းသွင်းမည်ဟူသောအချက်ကို မည်သူမျှ မစဉ်းစားကြချေ။ ဒီမိုကရေစီဖြစ်စေသတည်းဟု ဆိုလိုက်လျှင် ဗျူရိုကရေစီဘီလူးသည် ဒီမိုကရေစီမင်းသားဖြစ်လာရမည်ဟုသာ တွေးကြဟန် တူသည်။ ဤလောက၌ မင်းသားအသွင်ဆောင်သော ဘီလူးသည် ဘီလူးအစစ်ထက် ပို၍ကြောက်မက်ဖွယ်ကောင်းသည်။

ကျွန်ုပ်တို့၏ ကြံစည်စိတ်ကူးချက်တို့တွင် ကျွန်ုပ်တို့သည် ကြားကာလ အပြောင်းအလဲတို့ရှိသည်ဟူသော ဖြစ်ရပ်မှန်ကို မည်သူမျှ အမှန်အတိုင်းလက်ခံရန် စိတ်မကူးလိုကြချေ။

အမှန်မှာ အကူးအပြောင်း ကြားကာလသည် လုပ်ငန်းစဉ်၌ အရေးအကြီးဆုံးအပိုင်းဖြစ်သည်။

ကြားကာလလုပ်ငန်းစဉ်ကို ပိုင်ပိုင်နိုင်နိုင်လုပ်နိုင်မှသာလျှင် ကျွန်ုပ်တို့သည် ရည်မှန်းချက်ပန်းတိုင်ကို အရောက် ချီတက်နိုင်မည်။

ထို့ကြောင့် ယခုခေတ်၌ ဆိုရှယ်လစ်စီးပွားရေးစနစ်ဟူ၍ လမ်းစဉ်ချမှတ်သော်လည်း ကျွန်ုပ်တို့ လုပ်ရမည်မှာ ထိုလမ်းစဉ်ကို ချီတက်ဖို့ရာ ကြားကာလအကူးအပြောင်းလုပ်ငန်းတို့ကို ပထမ လုပ်ဆောင်ရမည် ဖြစ်သည်။ ထို့ကြောင့်လည်း ယခုချမှတ်လိုက်သော ဆိုရှယ်လစ်စီးပွားရေးစနစ်လမ်းစဉ်တွင် ကြားကာလဟူသော စကားကို အတိအလင်း ထည့်သွင်းထားရသည်ဟု ယူဆသည်။ သို့သော် ကြားကာလအကူးအပြောင်းကိုပင် မကြာခဏ မေ့တတ်ကြခြင်းကြောင့် ကျွန်တော်ထပ်မံနှိုးဆော်နေရခြင်းဖြစ်ပါသည်။

ယခု ကျွန်တော်တို့လုပ်ရမည့် ကြားကာလအလုပ်သည် အဘက်ဘက်မှ စဉ်းစား၍ လုပ်ရမည့်အလုပ်ဖြစ်သည်။ ကျွန်တော်တို့၏ပန်းတိုင်မှာ ရှေးယခင့်ယခင်ကသို့ပင် ဆိုရှယ်လစ်ပန်းတိုင်ပင် ဖြစ်ပါ၏။

သို့သော် ယခင့် ယခင်က ကျွန်တော်တို့ လိုချင်သော ဆိုရှယ်လစ်စနစ်ကို မသမာသော ကုန်သည်တို့က ပုံမှားချဖို့ရာ အင်္ဂလန်ပြည်မှာကဲ့သို့ လုပ်သည်၊ အမေရိကန်ပြည်မှာကဲ့သို့ လုပ်သည်၊ ရုရှားပြည်မှာကဲ့သို့ လုပ်သည်ဟူသော တံဆိပ်တပ်ဘိသကဲ့သို့ တပ်ခဲ့ကြသည်။

မြန်မာနိုင်ငံတွင် မြန်မာတို့သည် မြန်မာလိုသာ လုပ်တတ်ကြသည်။ အင်္ဂလိပ်လို၊ အမေရိကန်လို၊ ရုရှားလို မလုပ်တတ်ပါ။

ထို့ကြောင့် ဆိုရှယ်လစ်ကို တံဆိပ်တပ်ချင်းတပ်လျှင် မြန်မာနိုင်ငံမှာ လုပ်သည်ဟူသော တံဆိပ်ကိုသာ တပ်ကြရမည် ဖြစ်ပါသတည်း။

နဝဒေး၊ အတွဲ ၂၊ အမှတ် ၆၊ ဇွန်၊ ၁၉၆၂

❐

## ထူးမခြားနား

ကျွန်ုပ်တို့၏ ပြည်ထောင်စုမြန်မာနိုင်ငံ ရောက်ရှိနေသောအခြေမှာ လက်ရှိ ခေါင်းဆောင်မှုကို အားမလိုအားမရဖြစ်နေသော်လည်း ခေါင်းဆောင်မှု အသစ်ကိုလည်း မျှော်မှန်းတွေးတော၍ မရသေးသော အခြေဖြစ်သည်။

ဤအခြေမျိုးတွင် ကျွန်ုပ်တို့သည် သတိကြီးစွာ ထားရဖို့ ရှိနေသည်။

ယနေ့ပြဿနာတို့မှာ ရှေးက အချိန်မီဖြေရှင်းခဲ့လျှင် ဖြေရှင်း၍ ရနိုင်ကောင်းသော ပြဿနာများပင် ဖြစ်၏။ သို့သော် ပြိုကွဲခဲ့သော နိုင်ငံရေးစည်းရုံးမှုကြောင့် အသစ်တစ်ဖန်ပြန်၍ စည်းရုံးနေရသည်နှင့် ဖြေရှင်း၍ရနိုင်သောပြဿနာတို့ကို အချိန်ဆွဲခဲ့ကြရသည်။ ဤအကြောင်းကြောင့် မြန်မာ့တန်ခိုးဖြင့် ပြဿနာများ နှစ်ဆတိုး၍သာ လာရသည်။

ထိုပြဿနာတို့တွင် အကြီးဆုံးပြဿနာမှာ ပြည်ထောင်စုသားတို့ တစ်ဖန်ပြန်လည်စည်းရုံးရန် ဆောင်ရွက်ရမည့် ပြဿနာဖြစ်သည်။ ဤကမ္ဘာလောက၌ မိုတင်းနေထိုင်သူတိုင်းသည် အလိုဆန္ဒပြည့်ဝနေပြီဟု မဆိုနိုင်ချေ။ ထို့ကြောင့် လူတိုင်းလူတိုင်း၌ မကျေနပ်မှုများ အနည်းအများ

ရှိကြသည်ချည်းပင်။ သို့ရာတွင် ကျွန်ုပ်တို့၌ ငါတို့ပြည်ထောင်စုသား ဟူသည်လူမျိုးအားဖြင့် တစ်သွေးတည်း တစ်သားတည်း၊ နိုင်ငံအားဖြင့် တစ်ခုတည်းဟူသော စိတ်ဓာတ်ရှိခဲ့ကြပါမူ မည်မျှပင် ပုဂ္ဂိုလ်အလိုက် မကျေနပ်စရာများ ပေါ်ပေါက်နေစေကာမူ တစ်ဦးကတစ်ဦးကို သည်းခံကာ အချင်းချင်း ပြေလည်အောင် ဖြေရှင်းလျှင် ရနိုင်ကောင်းသည်သာ ဖြစ်၏။ သို့သော် လွတ်လပ်ရေးရပြီး၍ ဆယ်နှစ်မျှမပြည့်မီ ကျွန်ုပ်တို့ တိုင်းရင်းသားအချင်းချင်းတို့သည် ဒေသန္တရစိတ်စွဲဖြင့် ခွဲခြားသော အလုပ်မျိုးကို လုပ်ချင်လာကြသည်။

ပြည်ထောင်စုသားအားလုံးသည် အချင်းချင်း တန်းတူရည်တူ သဘောနှင့် ပေါင်းသင်းဆက်ဆံသွားလိုကြပါလျှင် ပြည်ထောင်စု တစ်ခုတည်း ဖြစ်သည်ဟူသော အယူအဆကို မူတည်၍ အလုပ်လုပ်သင့်ကြသည်ဖြစ်၏။ သို့သော် တစ်ခုတည်းသော ပြည်ထောင်စုထဲတွင် တစ်မျိုးတည်းသော နိုင်ငံသားမျိုး ဖြစ်ပေါ်လာရန် ကြိုးပမ်းကြသည်ထက် သူကား မြန်မာ၊ ငါကား ရှမ်း၊ သူကား ကချင်၊ ငါကား ချင်း၊ သူကား ကယား၊ ငါကား ကရင်၊ သူကား မွန်၊ ငါကား ရခိုင်ဟူသော တသီးတခြား ထီးပြိုင်နန်းပြိုင် တည်ထောင်ရန်ကိုသာ ကြံစည်တွေးတောပြောဆို လုပ်ကိုင်နေကြသည်။ ထို့ကြောင့် ပြည်ထောင်စုထဲတွင် အမျိုးသားမှန်သမျှ အခွင့်အရေးတန်းတူရှိသော နိုင်ငံသားတစ်တန်းတစ်စားတည်း ဖြစ်ဖို့ကိစ္စကို မရည်မှန်းလိုကြဘဲ အခွင့်အရေးအားဖြင့် ဆယ်မျိုးဆယ်စားမက ကွဲပြားခြားနားနိုင်သော ပဒေသရာဇ်နယ်ပယ်များ ထူထောင်ခြင်းကိုသာ အာသီသ ထားလျက် ရှိကြသည်။

အကယ်၍ ကျွန်ုပ်တို့၏ပြည်ထောင်စုသည် မူလကပင် မကွဲမပြား တလုံးတစည်းတည်းဟူသောမူကို ချမှတ်၍ လိုက်နာခဲ့ပါလျှင် ယခုအခါ ပြည်နယ်ရှိနေသော အရည်အချင်းပြည့်ဝ၍ ခေါင်းဆောင်အရာ၌

တည်နေသော ပုဂ္ဂိုလ်တို့သည် ပြည်ထောင်စုနိုင်ငံရေးကို ကိုယ်ထိလက်ရောက် ပါဝင်ဆောင်ရွက်နိုင်စရာ အကြောင်းရှိသည်။ သို့သော် ပြည်နယ်ပြည်မဟူ၍ ဗြိတိသျှတို့က လိမ္မာပါးနပ်စွာ ဖန်တီးပေးခဲ့သော ခွဲခြားမှုကြောင့် ပြည်နယ်တွင် လူထုအကျိုးဆောင် ခေါင်းဆောင်တို့၏ စွမ်းအင်ကို ပြည်မက မည်မျှပင် သဘောကျစေကာမူ ထိုခေါင်းဆောင်အား ပြည်ထောင်စုတစ်ရပ်လုံးကို ကိုယ်စားပြုနိုင်သော နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်နိုင်စေရန် မဖန်တီးနိုင်ရှိနေသည်။

ဥပမာဆိုကြပါစို့။ ပြည်နယ်နိုင်ငံရေးတွင် ထင်ရှားသော ခေါင်းဆောင်အများ ရှိကြသည်။ ကရင်ပြည်နယ်၌ဆိုလျှင် ဦးစောလှထွန်းကဲ့သို့သော ပုဂ္ဂိုလ်မျိုး၊ ကယားပြည်နယ်၌ဆိုလျှင် စောဝဏ္ဏကဲ့သို့သော ပုဂ္ဂိုလ်မျိုး၊ ကချင်ပြည်နယ်၌ဆိုလျှင် ဆမားဒူးဝါးဆင်ဝါးနောင်၊ ဒူးဝါးဇော်လွန်းကဲ့သို့သော ပုဂ္ဂိုလ်မျိုး၊ ရှမ်းပြည်နယ်၌ဆိုလျှင် စောခွန်ချိုကဲ့သို့သော ပုဂ္ဂိုလ်မျိုး၊ ချင်းပြည်နယ်၌ဆိုလျှင် ဦးဇာဟာရဲလျန်ကဲ့သို့သော ပုဂ္ဂိုလ်မျိုး အစရှိသော ပုဂ္ဂိုလ်အသီးသီးတို့သည် ပြည်နယ်နိုင်ငံရေး၌သာလျှင် ထင်ရှားကျော်စောသည်မဟုတ်၊ ပြည်မနိုင်ငံရေး (ဝါ) ပြည်ထောင်စု တစ်ခုလုံး၏ နိုင်ငံရေး၌လည်း ထင်ရှားကျော်စောသည်။

ထိုပုဂ္ဂိုလ်တို့သည် ယခုအခါ၌ ပြည်နယ်၏ကိုယ်စားလှယ်များသာ ဖြစ်နေသည်။ ပြည်မ၏ (ဝါ) ပြည်ထောင်စုတစ်ခုလုံး၏ ကိုယ်စားလှယ်ဟု ပြည့်ဝစွာ မခေါ်နိုင်ချေ။ အကယ်၍ ပြည်ထောင်စုဟူသည်မှာ ယခုကဲ့သို့ ဒေသန္တရစိတ်ဓွဲဖြင့် ကွဲပြားခြင်း မရှိဟူ၍ ဆိုနိုင်ခဲ့ပါလျှင် စောခွန်ချိုကဲ့သို့သော ပုဂ္ဂိုလ်သည် လမ်းမတော်မဲဆန္ဒနယ်မှတက်၍ ပြည်ထောင်စုတစ်ခုလုံးကို ကိုယ်စားပြုနိုင်သော နိုင်ငံရေးခေါင်းဆောင်အရာ၌ တည်ရှိနိုင်သည်။ ထိုနည်းတူစွာ အခြားအခြားသော ပြည်နယ်ခေါင်းဆောင်တို့သည်လည်း မိမိတို့ပြည်နယ်ရှိရာ ဒေသမှသာ မဟုတ်ဘဲ

ပြည်မထဲရှိ မဲဆန္ဒနယ်အမျိုးမျိုးတို့မှ ပြည်သူ့ကိုယ်စားလှယ် အဖြစ်ဖြင့် ဦးစီးခေါင်းဆောင်ပြုကာ ပြည်ထောင်စု၏အရေးအရာတို့ကို မိမိတို့စိတ်တိုင်းကျပါဝင်ဆောင်ရွက်နိုင်ခွင့်ရကြလိမ့်မည်သာ ဖြစ်သည်။

အမှန်စင်စစ် မြန်မာ့လွတ်လပ်ရေး တည်ဆောက်ပြီဟု ဆိုသောအချိန်က ပြည်မသားတို့၏စိတ်ထဲတွင် ပြည်ထောင်စုနိုင်ငံရေးထဲ၌ ငါတို့သာလျှင် ဆောင်ရွက်ပိုင်ခွင့်ရှိသည်ဟု တစ်ဦးတည်း မှတ်ပုံတင်ထားရန် စိတ်မကူးခဲ့ချေ။ အားလုံးသော တိုင်းရင်းသားတို့မှာ အတူတူချည်းဖြစ်ကြလေရာ ဝါးခယ်မသားတစ်ဦးက ဝန်ကြီးချုပ်လုပ်နိုင်လျှင် ဆင်ကလိန် ခန္တီးသားတစ်ဦးကလည်း လုပ်နိုင်စေရမည်ဟု သဘောပိုက်ခဲ့ကြသည်။ သို့သော် သွားလေသူ ဗြိတိသျှ၏ ရည်ရွယ်ချက်မှာ တစ်နေ့ပြန်လာမည်ဟူသော ရည်ရွယ်ချက်မျိုးဖြစ်လေရာ ဗြိတိသျှအုပ်ချုပ်ရေးမပေါ်မီခေတ်က တလုံးတစည်းတည်း တည်ရှိခဲ့သော မြန်မာနိုင်ငံကို ပြည်မပြည်နယ်ဟု ခွဲခြားသည့်စနစ်ဖြင့် မောင်းတင်ပေးခဲ့လေသည်။ ဤသည့်နောက်တွင် ပြည်ထောင်စု မြန်မာနိုင်ငံ၏နိုင်ငံရေးမှာ သောင်းကျန်းမှုအမျိုးမျိုးကြောင့် ရှုပ်ထွေးလာလေရာ မူရင်းမြန်မာတို့၏ ရည်သန်ချက်တို့သည် အဘယ်သို့ရောက်မှန်းမသိဖြစ်ခဲ့ရပြီးနောက် မြန်မာ့နိုင်ငံရေးကို စိတ်ရှုပ်လာကြသော ကျွန်ုပ်တို့၏ လူမျိုးစုများသည် ကိုယ့်ဝင်းကိုယ့်ခြံနှင့် တဲအိမ်ဆောက်၍ လွတ်လပ်စွာ ဒူးထောက် ပေါင်ကား နေထိုင်ရသည်က မျက်စိအေးနားအေး ရှိသည်ဟု အထင်ရောက်ရှိလာကြသည်။

ကျွန်တော့်အနေနှင့် ဤသည်ကို အပြစ်မဆိုချင်ပါ။ ဗိုလ်ချုပ်အောင်ဆန်းတည်ဆောက်၍ထားပစ်ခဲ့သော ပြည်ထောင်စုညီညွတ်ရေးအမွေကို ပြည်မခေါင်းဆောင်တို့က ကောင်းစွာတိုးပွားအောင် မပြုနိုင်ကြသည်နှင့် ဤသို့သော အခြေမျိုးကို ဆိုက်ခဲ့ရ၍ ဝမ်းနည်းစရာဟုသာ

ထင်မှတ်မိပါသည်။ သို့သော် အကယ်၍ ယခု ကျွန်ုပ်တို့ကြုံတွေ့နေရသော ပြဿနာကို နုစဉ်အချိန်အခါက လူထုညီညွတ်မှုအင်အားဖြင့် အချိန်မီဖြေရှင်းနိုင်ခဲ့ပါက ယနေ့အဖို့ရာမှာ စိတ်ရှုပ်စရာ ရှိလိမ့်မည်ဟု မထင်ပါ။

ထို့ပြင် ယနေ့ကြုံတွေ့နေရသော ပြဿနာမှာ စီးပွားရေးပြဿနာဖြစ်သည်။ ကျွန်ုပ်တို့၏အခြေခံဥပဒေက ပြည်သူအများ စားဝတ်နေရေးမျှမျှတတရှိအောင် ပြည်သူပိုင်စနစ်ဖြင့် လုပ်ဆောင်ရန် ရည်ရွယ်ခဲ့သည်။ ဤစနစ်ကို ရည်ရွယ်ခဲ့ခြင်းမှာ နိုင်ငံခြားသားတို့၏ စီးပွားရေးအခြေအမြစ်များကို ဖယ်ရှား၍ ၎င်းတို့နေရာတွင် တိုင်းရင်းသားတို့ စိတ်တိုင်းကျမိမိတို့အချင်းချင်း အကျိုးတရားရှိစေဖို့ရာ ပါဝင်ဆောင်ရွက်လုပ်ကိုင်နိုင်စေရန်ဖြစ်သည်။ အကယ်၍ ကျွန်ုပ်တို့သည် လူထုညီညွတ်မှုအင်အားကိုယူ၍ ပြည်သူပိုင်စနစ်ကို မိမိတို့နိုင်သမျှ တစ်စတစ်စ တိုးတက်လုပ်ကိုင်နိုင်သည်ရှိသော် ယနေ့ပေါ်ပေါက်နေသော ကုန်သည်နှင့် အစိုးရပဋိပက္ခဟူသည့်ပြဿနာမျိုးပေါ်ပေါက်လာလိမ့်မည် မထင်ချေ။ သို့သော် ရှေးယခင်က ခေါင်းဆောင်တို့သည် လူထုညီညွတ်ရေးအင်အားကို မယူဘဲ ပါတီဝင်လူတစ်စုတို့ အကျိုးခံစားခွင့်ရှိခိုက်တွင် အတူလက်တွဲသောဝေစုခွဲ ညီညွတ်ရေး အင်အားကိုသာယူပြီးလျှင် ပြည်သူပိုင်လုပ်ငန်းတို့ကို ပါတီဝင်တစ်စုပိုင် လုပ်ငန်းကဲ့သို့ လုပ်လာခဲ့ကြသည်။

ထို့ကြောင့် နိုင်ငံခြားစီးပွားရေးသမားတို့သည် ပါတီ၏အကျိုးလိုလားလေယောင်နှင့် ပူး၍သတ်ကြသည်။ ၎င်းတို့သည် အလှူငွေဟုဆိုလျှင် ရက်ရောစွာ ထည့်ဝင်ကြသည်။ နိုင်ငံခြားမှယူလာသော စီမံကိန်းတို့ကို အကြီးအကျယ်ကြော်ငြာပေးကြသည်။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ဗန်းပြ၍ မြန်မာ့စီးပွားထဲ ဝင်ရောက်လာကြသည်။ ကျွန်ုပ်တို့ကိုယ်တိုင်ကလည်း နိုင်ငံစီးပွားရေးဆိုသော လုပ်ငန်းကို ယခုမှ လေ့ကျင့်

နေဆဲဖြစ်ရာ ဤစီးပွားရေးကြီးစတစ်စကို ကိုင်လိုက်လျှင် ထိုစီးပွားရေးကြီးစတစ်စက ဝင်၍ ရှုပ်လာသည်။ တရွေ့ရွေ့နှင့် ရှုပ်လာသောအခါ နောက်ဆုံးတွင် တိုင်းရင်းသားကြီးပွားတိုးတက်ရေးအတွက် အစိုးရက လုပ်ဆောင်ပေးသမျှတို့သည် နိုင်ငံခြားသား စီးပွားရေးအခြေခံစခန်းတို့ အတွက် လက်နက်စုဆောင်းပေးသကဲ့သို့ပင် ရှိသည်။

ထို့ကြောင့် ယခုမှ အလောသုံးဆယ်ကြဲဆ၍ နိုင်ငံခြားစီးပွားရေး အခြေခံစခန်းတို့ကို ဖြိုဖျက်မည်ဟု လုပ်နေကြသည်။ မည်မျှလောက် ခရီးရောက်မည်ကို ကျွန်ုပ်တို့ စောင့်၍ကြည့်ရဦးမည်ဖြစ်သည်။ လူထု ညီညွတ်မှုအင်အားကိုယူ၍ ပြည်သူပိုင်လုပ်ခဲ့စဉ်က ကျွန်ုပ်တို့၌ အန္တရာယ် အမျိုးမျိုး ဖြစ်ခဲ့သည်။ ယခုအခါ လူထုညီညွတ်မှုအင်အားကို မပြောပါ နှင့်၊ ပါတီတွင်း ညီညွတ်မှုမျှပင် ကျွန်ုပ်တို့ မမြင်ရသေးပါ။ ဤကဲ့သို့သော အခြေမျိုးတွင် ယခုခေါင်းဆောင်တို့က နိုင်ငံခြား စီးပွားရေးသမားများကို စိန်ခေါ်လိုက်သည်မှာ တကယ့်သတ္တိဟု ချီးကျူးရဖို့ ရှိပါ၏။ မြန်မာ့ စရိုက်မှာ ဗြုန်းခနဲ ဒိုင်းခနဲ သတ္တိပြောင်ပြောင်နှင့် တစ်ချက်တစ်ချက် ထ၍ထ၍ လုပ်တတ်သည်။ ဤသို့လုပ်ရင်းနှင့်ပင် အောင်မြင်မှုကို ပြောင် မြောက်စွာ ရခဲ့သည်လည်း ရှိ၏။ ရှုးဒိုင်းဆိုပြီး နောက်ထပ် ဘာသံမျှ မကြားရသည်လည်း ရှိ၏။ ပြည်ထောင်စုသားများ ကံကောင်းလျှင် ယခုဆိုးမည်ဟု ထင်သောကိစ္စသည် အကောင်းဖြစ်လာတန်ရာ၏။

သို့သော် ယနေ့ပြဿနာမှာ ဤမျှသာ မဟုတ်သေး။ ပြည်တွင်း ငြိမ်းချမ်းရေးဆိုသည်မှာလည်း အဓိကပြဿနာဖြစ်နေသည်။ ပြည်တွင်း ငြိမ်းချမ်းရေး အကောင်အထည်ပေါ်မှသာလျှင် ဘတ်စ်ကားပေါ်၌ ဆွဲ ချိတ်ထားသော ဆိုင်းဘုတ်များ၏ ဆောင်ပုဒ်အရ ရပ်ရွာငြိမ်းချမ်းရေး နှင့် တရားဥပဒေစိုးမိုးရေးသည် ဖြစ်ထွန်းလာနိုင်သည်။ သို့မှသာလျှင် ဒီမိုကရေစီအရေးလည်း အောင်မြင်မည်ဖြစ်သည်။

အထက်ပါအရေးအခင်းတို့ကို ငါးပွက်ရာ ငါးစာချသောနည်းနှင့် လုပ်ဆောင်၍ ရနိုင်လိမ့်မည် မထင်။ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်ဟု ဆူပူတောင်းဆိုကြခြင်းကြောင့် မျက်စိအေး နားအေးဖြစ်အောင် ပြည်နယ် ပေးမည်ဟု လွယ်လွယ်နှင့် ပြောလိုက်လျှင် ရနိုင်ကောင်း၏။ စီးပွား ရေး တည်ငြိမ်မှုရှိပြီးလျှင် ပြည်တွင်းငြိမ်းချမ်းရေးဖြင့် ရပ်ရွာအေးချမ်း ရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို တည်ဆောက်ရန်မှာမူကား 'စေ' တစ်လုံးနှင့် လွယ်လွယ်ပြီးနိုင်သော လုပ်ငန်းမဟုတ်ချေ။ လူထုညီညွတ် မှု အင်အားကိုယူ၍ လုပ်နိုင်မှသာ ရနိုင်ပေလိမ့်မည်။

သို့သော် ယနေ့နိုင်ငံရေးအခြေကို ကြည့်လျှင် ခေါင်းဆောင်တို့ သည် မိမိတို့နှင့် ဆိုင်ရာဆိုင်ရာ ပါတီစည်းရုံးမှုကိုပင်လျှင် အပြီးတိုင် အောင် မလုပ်ကြရသေးချေ။ အခြားအခြားသော နိုင်ငံရေးပါတီတို့ထက် အခြေအနေကောင်းလာသော အာဏာလက်ရှိပါတီ၌ပင်လျှင် စည်းရုံး ရေးလုပ်ငန်းများ လုပ်ဆောင်ဖွယ်ရာ အများကျန်နေသေးသည်။ ကျန် ပါတီတို့မှာ ညီလာခံခေါ်မည်ဟုသာ ရက်ချိန်းပေးနေကြသေးသည်။

ဤအထဲတွင် မည်သည့်ပါတီကို အကဲခတ်ကြည့်ကြည့် အလယ် ဗဟိုမှနေ၍ ဘယ်ဘက်ယိမ်းသော သူတစ်စု၊ ညာဘက်ယိမ်းသော သူတစ်စုဟု သူ့အစုနှင့်သူ ရှိနေကြသည်။

နိုင်ငံရေးခေါင်းဆောင်ပိုင်းက ဤကဲ့သို့ဖြစ်နေခိုက်တွင် လူထု သည် နိုင်ငံရေးလုပ်ငန်းစဉ်ဟူသမျှကို မျက်ခြည်ပြတ်နေကြသည်။

လူထုသည် ယခင်က ခေါင်းဆောင်ဟူသည်တို့ကို အားကိုးလို သော ဆန္ဒဖြင့် တစ်ခဲနက်ထောက်ခံအားပေးခဲ့ကြ၏။ ၎င်းတို့၏ရည်ရွယ် ချက်မှာ မည်သူမည်ဝါ ဝန်ကြီးဖြစ်စေဖို့၊ အခွင့်အရေးရစေဖို့ အစရှိသည့် ရည်ရွယ်ချက်မျိုးမဟုတ်။ သူ့အတွက်သာ သူ ရည်ရွယ်ခဲ့သည်။

သူ့အတွက် ဘာကို ရည်ရွယ်ပါသနည်း။

လူထုသည် သူ့ထမင်းကို သူ အေးအေးချမ်းချမ်းရှာ၍ စားလိုသည်။ ဤအချက်တစ်ချက်ပြည့်ဝလျှင် လူထုသည် နိုင်ငံရေးပြည့်ဝပြီဟု ယူဆသည်။

သို့သော် ယနေ့လူထုမှာ ဝမ်းရေးကို ပြီအောင် ရှာ၍မှလည်း တစ်မိသားလုံး ဝဝလင်လင် မစားရ။ ဟိုနေရာမှာလည်း အဆီးအတားနှင့်။ သည်နေရာမှာလည်း အကန့်အသတ်နှင့်။ ဝမ်းရေးကို လုယက်တိုးဝှေ့၍ ရှာရသည်မှာ ဖတ်ဖတ်သာမောကရော့၊ ဝဝလင်လင်မရှိ။

ဤအထဲတွင် အိုက်၍မှ အိမ်တံခါးကို မဖွင့်ရဲသေး။ ဝေးလံသောအရပ်သို့ သွား၍ ဝမ်းစာရှာရသောလူထုမှာ မိမိသားမယားကို အိမ်တွင် စိတ်ချစွာ မထားခဲ့နိုင်သေး။ လူစော်ကားခံရလျှင် မည်သူ့ကို အားကိုးရမည်နည်းဟု စိုးရိမ်ကြောက်လန့်မြဲ စိုးရိမ်ကြောက်လန့်နေရသည်။

ဤအထဲတွင် ဟိုက ဆန္ဒပြ၊ ဒီက လူစီတန်းလျှောက်နှင့်မို့ ဆူညံဆူညံဖြစ်လာလျှင် လွတ်အောင် အဘယ်ဆီသို့ ပြေးရမည်နည်းဟု ကျိုးကန်းတောင်းမှောက်နှင့် နေရသည်။

ငိုတတ်သော သူတို့သည် နို့စို့နေကြသည် မှန်ပါ၏။ သို့ရာတွင် လူထုအများကို ကြည့်လျှင်မူကား ဆယ်နှစ်ဆယ်မိုး ငိုခဲ့ပြီး၍ ယခုအသံမထွက်တော့ပြီ။

လွန်ခဲ့သော တစ်နှစ်နှစ်နှစ်ခန့်က လူထုသည် အတန်ငယ်တက်ကြွလာသလိုလို ထင်မှတ်ရ၏။ သို့သော် ယခုမှာကား လူထုသည် ပြန်၍ 'ထိုင်' သွားသည်။

လူထုသည် အားကိုးစရာဟု ဆို၍ အထက်သို့ မော့ကြည့်၏။ သို့သော် စင်မြင့်ပေါ်တွင် တွေ့ရသော သူတို့မှာ ရေးကကဲ့သို့ ထူးမခြားနားဖြစ်နေသည်ကို ရိပ်မိလာသည်။ စင်မြင့်ပေါ်မှ အသံတို့သည်လည်း ရေးကကြားနေကြအသံများပင် ဖြစ်သည်။ သို့သော် လုပ်ငန်းအကောင်

အထည်ခြုပ်တို့ကိုမူကား ရှေးကကဲ့သို့ပင် မမြင်ရသေးချေ။ ထို့ကြောင့် တစ်ခါလာလည်း မဲပြာပုဆိုးတည်းဟူသော ဇာတ်လမ်းဟောင်းကြီးကို ငြီးငွေ့လာသည်။

သည်ဇာတ်လမ်းမှာ တစ်ခါလာလည်း သည်မင်းသား၊ သည်မင်းသမီး၊ သည်လူကြမ်း ဖြစ်နေသောကြောင့် ပျင်းရိမည်ဆိုပါက ပျင်းရိကြမည်အမှန်ဖြစ်ပါ၏။ တစ်ခါက ဇာတ်လိုက်အသစ်နှင့် ဇာတ်ထုပ်အသစ်ဟု ပြောသံကြား၍ လူထုသည် လက်ခုပ်လက်ဝါးတီးပေးခဲ့သော်လည်း ကားကြားထဲမှ ထွက်လာကြသောအခါ 'မြိုင်သာယာ' တေးသီချင်းဟောင်းကို မင်းသားဟောင်းက ပုဆိုးမလဲဘဲ ကနေသည်ကို တွေ့နေပြန်သည်။

ထို့ကြောင့် လူထုသည် ဇာတ်လိုက်အသစ်ကို မျှော်ရကောင်းမလားဟု စဉ်းစားနေသည်။ သို့သော် တစ်ဖန်အသစ်ကို ကြံဆမိတိုင်း၊ ကြံဆမိတိုင်း၊ အဟောင်းတွေချည်းပေါ်လာဦးမည်မှာ အမှန်ပင်ဟု ယူဆပြီးလျှင် လူထုသည် ထောင့်ကြား၌ ကျုပ်ချောင်းချောင်း လုပ်နေသည်။

ဤအခြေအနေမျိုးသည် သတိကြီးစွာဖြင့် စောင့်ကြည့်ရမည့်အခြေအနေမျိုး ဖြစ်လေသည်။

နဝဒေး၊ အတွဲ ၂၊ အမှတ် ၁၁၊ နိုဝင်ဘာ၊ ၁၉၆၂

❐

## အကူမြူပုံး ဖောက်ခွဲခြင်း

တစ်ခုသော နံနက်ခင်း၌ ဂျပန်နိုင်ငံ အနောက်တောင်ဘက်စွန်းဒေသ၌ အလုပ်သမားတစ်ဦးသည် မိုးမလင်းမီအချိန်အတွင်း လေကြောင်းရန်ကို ရှောင်တိမ်းရန် ဗုံးခိုကျင်းထဲ၌ နာရီပေါင်းမြောက်မြားစွာ ခိုအောင်းခဲ့ပြီး နောက် ဘေးကင်းပြီဟူသော အချက်ပေးသံကို ကြားသဖြင့် ကျင်းထဲမှ ထွက်လာပြီးလျှင် နံနက်စာစားရန် ပန်းကန်ခွက်ယောက်တို့ကို ပြင်ဆင်လေသည်။ အရှေ့ကောင်းကင် အဇ္ဈောပြင်တွင် ဂျပန်နိုင်ငံတော်အလံ၌ အထိမ်းအမှတ်အဖြစ် အစွဲပြုထားခြင်းကို ခံရသောနေမင်းသည် တစ်စတစ်စနှင့် ပွင့်လင်းလျက်ရှိနေသည်။ ဤနေမင်းအရောင်ကို မျှော်ကြည့်နေသော ထိုအလုပ်သမားသည် ကောင်းကင်မှုန်မှုန်ဝါးဝါးတွင် လေယာဉ်ပျံအနည်းငယ်တို့ ရှေးရှု၍ လာနေသည်ကို တွေ့မြင်မိသည်။ သို့သော် ဘေးရန်ကင်းပြီဟု ဆိုကာမှ ပေါ်လာသော လေယာဉ်ပျံအနည်းငယ်တို့ကို အရေးမကြီးဟု ထင်မှတ်မိဟန် တူလေသည်။ ထို့ပြင် မိမိနေထိုင်ရာ ကျေးရွာကလေးမှာ စစ်ဒေသမဟုတ်သောကြောင့် လေယာဉ်ပျံတစ်စင်းစ နှစ်စင်းစကို မြင်ရုံမျှနှင့် ဘေးရှိသည်ဟု မဆိုနိုင်၏။ ထို့ကြောင့် ဘေးကင်းဥသြဆွဲ

ပြီးကာမှ လာသောလေယာဉ်တို့သည်ကား ကင်းထောက်ရန်အတွက် သာလျှင် ဖြစ်ကောင်းဖြစ်ပေမည်ဟု သဘောထား၍ စားဖွယ်သောက်ဖွယ်တို့ကိုသာ အာရုံစိုက်မိလေသည်။

တစ်အောင့်လောက်ကြာသောအခါ ထိုအလုပ်သမားရှိရာ အရပ်မှ နေ၍ကြည့်လျှင် နေထန်းတစ်ဖျားခန့် မရှိတရှိပေါ်ထွန်းနေသော ဒေသမှ လျှပ်စစ်ပေါင်း အချက်တစ်ထောင်ခန့်ကို တစ်ပြိုင်နက်ပစ်လွှတ်လိုက်ဘိသကဲ့သို့ အသံပြင်းထန်၍ အလင်းရောင်စူးရှသော ပေါက်ကွဲမှုကြီးတစ်ခု ဖြစ်ပေါ်လာသည်ကို တွေ့ရလေသည်။ ထိုအလုပ်သမားသည် တစ်သက်နှင့်တစ်ကိုယ် ထိုမျှလောက် အုန်းခနဲမည်သော အသံမျိုးကိုမကြားစဖူး၊ နေရောင်ခြည်ကဲ့သို့ စူးရှသော အလင်းရောင်ကိုလည်း မမြင်စဖူး၊ သူ၏ မျက်စိမှာ ခေတ္တခဏမျှ ကန်းသွားသည်ဟု ထင်မှတ်လိုက်လေသည်။ သို့သော်လေယာဉ်ပျံ တစ်စင်းနှစ်စင်းလောက်က ထိုမျှပြင်းထန်သော ပေါက်ကွဲခြင်းကို ဖန်တီးနိုင်ခဲ့သည်ဟူသော အချက်ကို ထိုအလုပ်သမားသည် မစဉ်းစားမိချေ။ ထိုတစ်ခဏ၌မူကား သူနှင့်မိုင်ပေါင်းများစွာ ဝေးကွာသော ဟီရိုရှီမာမြို့ကြီးသည် တစ်မြို့လုံးပြာကျပြီးလျှင် လူပေါင်း ၆၀, ၀၀၀ ခန့် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းသေဆုံးခဲ့လေသည်။ လူပေါင်း ၂၆, ၀၀၀ ကျော်မှာ ဒဏ်ရာအနာတရ ရခဲ့သည်။ ထိုစဉ်က ဟီရိုရှီမာမြို့၌ လူဦးရေ ၃၅၀,၀၀၀ ခန့် ရှိလေသည်။ ဟီရိုရှီမာမြို့သည် ရှေးခေတ်ရန်ကုန်မြို့နီးပါးမျှ ကျယ်ဝန်းလေသည်။

ဖြစ်ပုံမှာ ဤသို့တည်း။ ၁၉၄၅ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့ ဂျပန်နာရီ ၈ နာရီ ၁၅ မိနစ်အချိန်တွင် ကမ္ဘာပေါ်တွင်ပထမဆုံးအကြိမ် ဖောက်ခွဲလိုက်သော အဏုမြူဗုံးတစ်လုံးသည် ဟီရိုရှီမာမြို့ပေါ်သို့ ကျရောက်သည်။ ထိုဗုံးကျရောက်သောအချိန်မှာ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း နံနက်စာစားချိန်ဖြစ်သည်။ မြို့သူမြို့သားအားလုံးသည် စားရေး သောက်ရေး

ကိုသာ ဂရုစိုက်နေသော အချိန်ဖြစ်သည်။ သို့သော် စင်စစ်မှာကား ထိုမြို့သူ မြို့သားတို့သည် စားရေးသောက်ရေးကို ဂရုမစိုက်ဘဲ ဗုံးဒဏ်မှ လွတ်မြောက်ရေးကိုသာ ဂရုစိုက်နေသည်ဟု ဆိုဘိဦး၊ မျက်စိတစ်မှိတ် အတွင်း တစ်မြို့လုံး ပျက်စီးလေအောင် ကြံဆောင်သော အဏုမြူဗုံး၏ ရန်မှ လွတ်အောင် ပြေးနိုင်စရာ လမ်းမရှိချေ။

ကျွန်တော်သည် ထိုအဏုမြူဗုံးကျသော နေရာဒေသသို့ အဏုမြူ ဗုံးကျပြီး ၇ နှစ်ကျော်အကြာ ၁၉၅၂ ခုနှစ် ဒီဇင်ဘာလတွင် ရောက်ခဲ့ သည်။ အဏုမြူဗုံးကျ၍ စူးရှသော အလင်းရောင်ကြီးပေါ်လာသည်ကို အလုပ်သမားတစ်ဦးက မြင်မိသည်ဆိုသည်မှာ ထိုဗုံးကျသော နေရာဌာန ကို ပြတိုက်သဖွယ် ပြင်ဆင်နေသော ဂျပန်အင်ဂျင်နီယာ ပညာရှင်တို့က ကျွန်တော့်အား ပြောပြသည့်အတိုင်းပင် ဖြစ်ပါသည်။ ကျွန်တော့်စိတ်တွင် ထူးခြားချက်တစ်ခုကို မှတ်မိနေသေးသည်မှာ သစ်ပင် ဝါးပင်မှန်သမျှ သည် အဏုမြူပေါက်ကွဲခြင်းမှ ရသောအလင်းရောင်ဟပ်နေသည့် နေရာ ၌ လောင်ကျွမ်းခြင်းခံရသော်လည်း အလင်းရောင်မဟပ်သော နေရာ၌ ကား ပကတိသစ်စိမ်း ဝါးစိမ်းအတိုင်းပင် ကျန်ရစ်ခဲ့သည့် အခြင်းအရာပင် ဖြစ်ပါသည်။ ထိုအဏုမြူဗုံးဒဏ်ကြောင့် လူသတ္တဝါတို့ ထိုမျှလောက် တစ်ချက်တည်းနှင့် ပွဲချင်းပြီး သေရသည့်အပြင် ဒဏ်ရာအနာတရ ရရှိသူ များမှာ နှစ်ရှည်လများ ဝေဒနာခံစားရသည့်အကြောင်းကို ကျွန်တော် ပြန်၍ မရေးလိုတော့ပါ။ ဤအကြောင်းကို ယခုခေတ်၌ လူအများသိရှိ နားလည်ပြီး ဖြစ်သည်။ ထို့ကြောင့်လည်း အဏုမြူစစ်ပွဲဖြစ်ရမည့် အချက် ကို လူ့ဘီလူး လူ့သဘက်တို့မှအပ ကျန်လူသားတစ်ရပ်လုံးမှာ များစွာ ကြောက်ရွံ့ထိတ်လန့်လျက်ရှိနေကြပါသည်။

ဟီရိုရှီမာတွင် အဏုမြူဗုံးတစ်လုံးကို ချလိုက်ပြီးသည့်နောက် သုံးရက်အကြာ ၁၉၄၅ ခု ဩဂုတ်လ ၉ ရက်နေ့တွင် နာဂါဆာကီမြို့ပေါ်

သို့ အဏုမြူဗုံးတစ်လုံး ထပ်၍ချပါသည်။ လူဦးရေ ၂၅၃, ၀၀၀ မျှရှိသော မြို့တွင် လူမျိုးပေါင်း ၈၀, ၀၀၀ ကျော် တစ်ထိုင်တည်း သေဆုံးကြရသည်။ အသက်မသေကျန်ရှိနေသူတို့မှာ လောကငရဲကို လှလှကြီးခံစားခဲ့ကြရပါသည်။

ဤဗုံးနှစ်လုံးကြဲချပြီးသည့်နောက် ဩဂုတ်လ ၁၄ ရက်နေ့ကျကာမှ ဂျပန်နိုင်ငံသည် ခြွင်းချက်မရှိလက်နက်ချခဲ့လေသည်။ ဤသည့်အခါသို့ရောက်မှ ဒုတိယကမ္ဘာစစ်ကြီးလည်း ဆုံးခန်းတိုင်လေသည်။

ယခု ကျွန်တော်ရေးလိုသော အချက်မှာ ထိုအဏုမြူဗုံးကို စစ်အလို့ငှာ ရှေးဦးစွာထုတ်လုပ်အသုံးပြုသော အချက်အနည်းငယ် ဖြစ်ပါသည်။

ကျွန်တော် ငယ်စဉ်က ဓာတုဗေဒကို သင်ကြားရာ၌ အဏုမြူဆိုသည်မှာ နှစ်ပိုင်းနှစ်ဆ ဖြတ်၍ မရသော ရုပ်ကလာပ် ယူနစ်တစ်ခုဟု သင်ရပါသည်။ ရှေးခေတ်က အဏုမြူကို နောက်ထပ်ခွဲခြားစိတ်ဖြာ၍ မရနိုင်သော ကေမူပစ္စည်းဟု ယူဆခဲ့ကြပါသည်။ သို့သော် ကျွန်တော်တို့ခေတ်က ယင်းကဲ့သို့ ရှေးခေတ် ဓာတုဗေဒကျမ်းလာ အချက်အလက်တို့ကို သင်ကြားနေရင်း မတ်တတ်မှာပင် အဏုမြူကို ခွဲခြမ်းစိတ်ဖြာ၍ ကြည့်ရန် ပညာရှင်တို့ သုတေသနလုပ်ငန်းဖြင့် နည်းလမ်းရှာဖွေနေသည်ဟု သိခဲ့ရသည်။ နောက်ဆုံးတွင် အိုင်စတိုင်း၏ ရုပ်ဒြပ်ဆိုင်ရာ သီအိုရီနှင့် ကျူရီဇနီးမောင်နှံတို့၏ ယူရေနီယံအကြောင်း ရှာဖွေမှုတို့အပြင် အခြားလက်တွေ့ အဏုမြူကိုဖောက်ခွဲရန် ကြံဆောင်ကြသူ ပညာရှင်အပေါင်းတို့၏ လုံ့လကြောင့် အဏုမြူဖောက်ခွဲနည်းကို သိရှိလာကြရသည်။ သို့ရာတွင် ထိုခေတ်ကအမြင်၌ ယင်းသို့ ဖောက်ခွဲခြင်းမှာ မကြံအပ်မကြံကောင်းသော အရာဖြစ်သဖြင့် စစ်တည်းဟူသောအကြောင်း မပေါ်သေးသောကြောင့် အဏုမြူဖောက်ခွဲခြင်းဟု လက်နက်အဖြစ်ဖြင့် အသုံးပြုရန်

ကိုယ်ထိလက်ရောက် စမ်းသပ်ခြင်း မပြုရသေးချေ။

၁၉၃၉ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့မှ အစပြု၍ ဗြိတိန် အပါအဝင် မဟာမိတ်နိုင်ငံများနှင့် ဂျာမနီဦးဆောင်သော ဝင်ရိုးတန်းနိုင်ငံ များသည် ဒုတိယကမ္ဘာစစ်ကြီးကို စတင် တိုက်ခိုက်ကြလေသည်။ ထိုအခါ အဏုမြူကို ဖော်ခွဲကြည့်ရန် စီမံကိန်းသည် ပေါ်ပေါက်လာ လေသည်။

အမေရိကန်နိုင်ငံ အစိုးရသည် အဏုမြူကို စမ်းသပ်ရန်အလို့ငှာ မန်ဟတ္တန်စီမံကိန်း ဓာတ်ခွဲရုံညွှန်ကြားရေးမှူး ဒေါက်တာ အာသာ၊ အိပ်ချ်၊ ကွမ်ပတန် (Arthur H. Compton) အား တာဝန်ပေးအပ် ခဲ့သည်။ ထိုစဉ်က မဟာမိတ်တို့လက်မှ ရရှိထားသော သတင်းမှာ ဂျာမနီ နိုင်ငံ ဟစ်တလာကလည်း ထိုအဏုမြူဗုံးကို ကြံဆနေပြီဟူသော သတင်း ဖြစ်သည်။ ဒေါက်တာကွမ်ပတန်သည် မန်ဟတ္တန်စီမံကိန်း ညွှန်ကြား ရေးဝန် အဖြစ်ဖြင့် အမှုထမ်းခဲ့ဖူးသော ဗဟုသုတ ရှိရုံမျှမကသေး၊ နိုဗယ်လ်ဆုကိုလည်း ရရှိထားသော သိပ္ပံပညာရှင် ဖြစ်သည်။ ၁၉၄၁ ခုနှစ်တွင် ဒေါက်တာကွမ်ပတန်သည် နျူကလီးယား စွမ်းအင်ကို စစ် အတွက် အသုံးချလျှင် ဒိဋ္ဌရနိုင်သည်ဟု ဆိုင်ရာတို့အား အစီရင်ခံ၍ စီမံကိန်း၌ ပါဝင်သော အစီအစဉ်များအရ စမ်းသပ်မှုတို့ကို ပြုလုပ်သည်။

အဏုမြူကို ဖောက်ခွဲသည့်နည်းမှာ အဏုမြူတစ်ခု၏ အတွင်း၌ ရှိသော နျူကလိယတ်(အဆန်)ကို အခြားအဏုမြူတစ်ခုမှ ထွက်လာသော အဏုမြူအရှိန်အင်အားဖြင့် ဖယ်ထုတ်၍ ဖောက်ခွဲသောနည်း ဖြစ်သည်။ ယင်းကို သိပ္ပံဝေါဟာရ၌ ဖစ်ရှင်းဟုခေါ်သည်။ မြန်မာလို ကွဲခြင်းဟု သာမညအားဖြင့် လွယ်လွယ်ကူကူမှတ်ယူနိုင်သည်။

သို့သော် အဏုမြူ၌ပါသော အဆန်ကို ခွဲကြည့်ရာ၌ ထူးခြားချက် တစ်ရပ်ကို တွေ့ရှိလာပြန်သည်။ ယင်းမှာ အဏုမြူအဆန်တို့ခွဲရာ၌ ဆန့်

ကျင်ဘက် အကျိုးပေးသော သဘောတရားဖြစ်သည်။ လုပ်ရင်းက အဏုမြူအဆန်ကို ခွဲဖို့ရာလုပ်သည်။ သို့သော် ဖြစ်ရပ်မှာမူ ကကြီးတည်းဟူသော ဒြပ်စင်မှ အဏုမြူအဆန်သည် ခခွေးတည်းဟူသော ဒြပ်စင်မှ အဏုမြူဆန်နှင့်ပူးပေါင်းမိကြသည်။ ယင်းသဘာဝကို ဖျူးရှင်ဟု ခေါ်သည်။ ရိုးရိုးပြောရလျှင် ပေါင်းစပ်မိခြင်းပင် ဖြစ်သည်။

၁၉၄၂ ခုနှစ် ဇူလိုင်လတွင် ဒေါက်တာ ကွမ်ပတန်သည် သူ့ဇနီးနှင့်အတူ မစ်ရှီဂန်မြို့တွင် ဟော်လီဒေး အနားယူနေသည်။ ထိုအခါ အဏုမြူပရိုဂျက် စီမံကိန်းကို လုပ်ဆောင်ရာနေရာဖြစ်သော နယူးမက္ကဆီကိုပြည်နယ် လော့စ် အာလာမို့မြို့မှနေ၍ အိုပင်ဟိုင်မာ (Robert Oppenheimer) အမည်ရှိ လက်ထောက် သိပ္ပံပညာရှင်တစ်ဦးက ဒေါက်တာ ကွမ်ပတန်အား တယ်လီဖုန်းဖြင့် အရေးတကြီး ခေါ်ယူလေသည်။ ဒေါက်တာ ကွမ်ပတန်သည် ပရိုဂျက်ဒေသသို့ ပြန်ရောက်သောအခါ အိုပင်ဟိုင်မာက အဏုမြူကိုခွဲရာမှ အဏုမြူအဆန် အချင်းချင်း ပေါင်းစပ်သောသဘောသို့ ရောက်ရှိခဲ့ကြောင်း၊ ယင်းပေါင်းစပ်မှုမှာ စိတ်ခွဲမှုထက်ပို၍ ပြင်းထန်ကြောင်း၊ ထို့ကြောင့် ပေါင်းစပ်ခြင်းနည်းကို သုံး၍ အဏုမြူဗုံးတီထွင်လျှင် ရေထဲ၌ရှိသော ဟိုက်ဒရိုဂျင် အဏုမြူအားလုံးနှင့် လေထုထဲ၌ရှိသော နိုက်ဒရိုဂျင်အဏုမြူအားလုံးတို့ကို ထိမှန်ပေါက်ကွဲမည်ဖြစ်ကြောင်း၊ ထိုအခါ ပေါက်ကွဲမှုများ အတောမသတ်နိုင်အောင် ဆက်စပ်သွားခဲ့ပါလျှင် တစ်ကမ္ဘာလုံးရှိ လူ၊ တိရစ္ဆာန်၊ အရာဝတ္ထုမှန်သမျှသည် သေကျေပျက်စီး၍ မြူခိုးမြူငွေ့ဘဝသို့ ပြောင်းလဲဖွယ်ရာသာ ရှိလိမ့်မည်ဖြစ်ကြောင်း ဒေါက်တာကွမ်ပတန်ကို အလန့်တကြားပြန်လည်ပြောပြလေသည်။

ဤမျှ အန္တရာယ် ကြီးမားလှခြင်းကြောင့် ဒေါက်တာ ကွမ်ပတန်သည် သိပ္ပံပညာရှင် အများနှင့်တိုင်ပင်၍ အိုပင်ဟိုင်မာ တင်ပြသကဲ့သို့

အဏုမြူအဆန်ပေါင်းစပ်နည်းဖြင့် ဗုံးကို တီထွင်သဖြင့် အစိုင်အခဲ ရုပ်ဒြပ်တစ်ခုသည် တစ်ခဏချင်း အငွေ့ဖြစ်သွားနိုင်သည်ဆိုသော အချက် မှန်ပါက ယင်းဗုံးကိုမလုပ်လျှင် ကောင်းမည်ဖြစ်ကြောင်း တင်ပြပြော ဆိုသည်။ သို့သော် သိပ္ပံပညာရှင်တို့ ထပ်မံစမ်းသပ်တွက်ချက် ကြည့်ကြ သောအခါ ဖျူးရှင် (ပေါင်းစပ်မှု) ကြောင့် ယင်းသို့ဖြစ်တန်ရာသည် ဆိုသည်မှာ ဖြစ်ခေါင့်ဖြစ်ခဲ သဘောတရားမျှသာဟု ယူဆလာကြသော ကြောင့် အဏုမြူဗုံးစမ်းသပ်မှုကို ဆောင်ရွက်မြဲဆောင်ရွက်လာကြ လေသည်။

ထို့ကြောင့် ၁၉၄၅ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် အဏုမြူဗုံးကို နယူးမက္ကဆီကို အလာမိုဂေါ်ရဒို (Alamogordo) အရပ်တွင် စမ်းသပ် ကြည့်ရာ အောင်မြင်ခြင်းသို့ ရောက်လေသည်။ အဏုမြူဗုံးကို တီထွင်ပြီး ဖြစ်သော်လည်း ယင်းဗုံးကို အသုံးပြုသင့် မပြုသင့်မှာ ပြဿနာဖြစ်သည်။ မဟာမိတ်တို့၏လိုအင်မှာ ဂျပန်က လက်နက်ချကြစေဖို့ ဖြစ်သည်။ သို့ရာတွင် ဂျပန်နိုင်ငံသည် ၂၀ ရာစုနှစ်အတွင်း ဖြစ်ခဲ့သမျှသော စစ်တို့ တွင် တစ်ခါမျှ ရှုံးဖူးသည်မရှိ။ ထို့ကြောင့် အလွန်မာနတက်နေသည်။ ရုတ်တရက်လက်နက်ချမည် မဟုတ်ချေ။ မည်မျှအထိ ဖွဲ့ခံနေပါသနည်း ဟု ဆိုသော် ၁၉၄၅ ခုနှစ် မတ်လ ၉ ရက်နေ့တွင် မဟာမိတ် (အမေရိကန်) လေတပ်က အလျား ၄ မိုင်၊ အနံ ၄ မိုင်မျှကျယ်သော တိုကျိုမြို့ ရပ်ကွက် ကြီးတစ်ခုကို အပြင်းထန်ဆုံးသော မီးလောင်ဗုံးများ မြောက်မြားစွာ ကြဲချရာ ထိုတိုက်ပွဲတွင် တိုကျို မြို့သူမြို့သားပေါင်း ၈၀, ၀၀၀ သေ သည်။ လူပေါင်း တစ်သန်းခွဲ အိုးမဲ့ အိမ်မဲ့ ဖြစ်သည်။

မီးလောင်ဗုံး၏သဘောမှာ ဓာတုမီးကြီးများကို ဖန်တီးသည့် သဘောဖြစ်ရာ မီးလောင်သည့်အခါတွင်ပါသော အောက်ဆီဂျင်ဓာတ် ကုန်ခန်းသွားသဖြင့် မီးလောင်ရာဒေသရှိ လူတို့မှာ မီးအလောင်မခံရသည့်

တိုင်အောင် မွန်း၍ သေကြရသည်။ ထို့ကြောင့် ထိုမျှလောက် သေကျေပျက်စီးရခြင်းဖြစ်၏။ သို့ပါသော်လည်း ဂျပန်သည် လက်နက်မချခဲ့ချေ။ ယခုအခြေ၌ အမေရိကန် မဟာမိတ်တို့က ဂျပန်၏မာန်ကို ချိုးနှိမ်ပေးကြရမည်ဟု သဘောထားနေကြသည်။

ထို့ကြောင့် တစ်နေ့သော် သမ္မတ ထရူးမင်းသည် ဒေါက်တာ ကွမ်ပတန်၊ အိုမင်ဟိုင်မာ၊ လော့ရင့် (Ernest Lawrence)၊ ဖာမီ (Enrico Fermi) တို့ ပါဝင်သော သိပ္ပံပညာရှင်အဖွဲ့နှင့် တိုင်ပင်သည်။ အများကပင် အဏုမြူဗုံးအသုံးပြုရန် သဘောတူညီကြသည်။ ဒေါက်တာ ကွမ်ပတန်ကား ထိုအကြံပေး အစည်းအဝေးတွင် မိမိသဘောထားကို ပွင့်ပွင့်လင်းလင်းထုတ်ဖော်ခြင်း မပြုခဲ့ချေ။ အများထင်မြင်ချက်ကိုသာ တင်ပြခဲ့သည်။ ထိုအခါ သမ္မတ ထရူးမင်းက ဒေါက်တာ ကွမ်ပတန်၏ ကိုယ်ပိုင်ထင်မြင်ချက်ကို တောင်းဆိုသည်။

ထိုအခါ ဒေါက်တာ ကွမ်ပတန်က "ကျွန်တော်ကတော့ အများသဘောတူတယ်ဆိုရင် တူရမှာပါပဲ။ လက်ရှိစစ်အခြေအနေအရဆိုရင်လည်း အဏုမြူဗုံးကို သုံးဖို့သင့်နေပါပြီ"ဟု ဆိုလေသည်။

ဒေါက်တာ ကွမ်ပတန်သည် ပထမ၌ ဆင်ဖွေ့ရန်ရှောင် လုပ်သည်ဟု ယူဆရမည်ဖြစ်သည်။ သို့ရာတွင် မတတ်သာသည့်အဆုံး၌ သဘောတူလိုက်ရသည်။ နောင်သောအခါ၌ အမေရိကန်ဝတ္ထုရေး ဆရာမကြီး ပါးလ်ဘတ်က ဒေါက်တာကွမ်ပတန် ယင်းကဲ့သို့ သဘောတူခဲ့ရသည်မှာ အဏုမြူဗုံးချရန် အမှန်တကယ် လိုအပ်သည်ဟု ထင်မြင်၍ သဘောတူခဲ့ခြင်း ဖြစ်ပါသလောဟု မေးမြန်းခဲ့သည်။ ထိုအခါ ဒေါက်တာ ကွမ်ပတန်က ဤသို့ပြောပြသည်။ ထိုစဉ်က အမေရိကန်တို့သည် လာမည့်နိုဝင်ဘာလတွင် ဂျပန်ကျွန်းပေါ်သို့တက်၍ စစ်တိုက်ရန်စီစဉ်ထားသည်။ ယင်းစီရင်ချက်အရ တိုက်ကြရမည်ဆိုလျှင် အနည်းဆုံး ဂျပန်လူပေါင်း

နှစ်သန်းမျှ သေကျေပျက်စီးဖွယ်ရာ အကြောင်းရှိသည်။ ထို့ပြင်လည်း မဟာမိတ်တို့ဘက်မှာလည်း လူပေါင်း တစ်သန်းမျှ အသေခံ၍တိုက်ကြရဖို့ရှိသည်။ ထိုအရေးကိုမြင်၍ တစ်ချက်တည်းနှင့် စစ်ကို အပြီးသတ်ရန်ကြံစည်ခြင်းဖြစ်သည်။ သို့သော် အဏုမြူဗုံးကို ချရန်မှာ မတတ်နိုင်သမျှ မတတ်နိုင်သည့် အဆုံးသို့ရောက်မှသာချမည်ဟု ရည်ရွယ်ကြသည်။

၁၉၄၅ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့တွင် မဟာမိတ်တို့က ဂျပန်ကို လက်နက်ချရန် ရာဇသံပေးသည်။ နောက်တစ်နေ့၌ ယင်းရာဇသံပေးခြင်းအကြောင်းကို ဂျပန်တို့သိစေရန် လေယာဉ်ပျံဖြင့် စာကြဲချသည်။ ထိုကြဲချသော စာ၌ ဂျပန်တို့ လက်နက်မချကြပါက မြို့ကြီး ၁၁ မြို့ကို အပြင်းအထန် ဗုံးကြဲမည်ဟု သတိပေးသည်။ သို့သော် ဂျပန်တို့က ယင်းရာဇသံကို မမှုလောက်ဟု ယူဆနေကြသည်။

စင်စစ် ဤအချိန်တွင် ဂျပန်နိုင်ငံ အစိုးရအဖွဲ့ဝင် အချို့တို့သည် ဂျပန်ဘုရင်နှင့် လျှို့ဝှက်တိုင်ပင်၍ လက်နက်ချရေးကို ပြင်ဆင်နေကြသည်။ ဤသို့ လက်နက်ချရန်အကြံကို သိရှိသော အစိုးရအဖွဲ့ဝင်အချို့၏ဘက်တော်သားများသည် လက်နက်ချရန် ကြံရွယ်သောခေါင်းဆောင်တို့ကို လုပ်ကြံရန်စီမံနေကြသည်။ ဂျပန်နိုင်ငံသို့ ရောက်စဉ်က ကျွန်တော်ဝယ်ယူခဲ့သော စာအုပ်တစ်အုပ်တွင် လက်နက်မချလိုသော ဂိုဏ်းသားတို့က လက်နက်ချရန်အကြံပေးသော ခေါင်းဆောင်တို့ကို လုပ်ကြံသည့် အကြောင်းအရာများကို ရေးသားဖော်ပြထားသည်။ ထိုလုပ်ကြံမှုကြီးမှာ ဂျပန်ဘုရင် နန်းတွင်း၌ပင် ဖြစ်ပွားခဲ့သည်။ သို့သော် လုပ်ကြံမှုသည် မအောင်မြင်ခဲ့ချေ။

၁၉၄၅ ခု ဩဂုတ်လ ၅ ရက်နေ့၌ အမေရိကန်တို့က ဂျပန်ကို လက်နက်ချရန် နောက်ဆုံးအကြိမ် သတိပေးခဲ့သည်။ ထို့နောက် ဩဂုတ် ၆ ရက်နေ့တွင် သိပ္ပံပညာရှင် အင်ဂျင်နီယာ ပညာရှင် ၃၀ တို့သည်

မာရီယန်နာကျွန်းပေါ်၌ရှိသော တီနီယန်အရပ်တွင် အဏုမြူဗုံးကို ဗုံးကြဲလေယာဉ်၌ တပ်ဆင်ကြသည်။ ထို့နောက် အဏုမြူဗုံးပါသော လေယာဉ်ပျံက တစ်စင်း၊ အဏုမြူဗုံး ပေါက်ကွဲခြင်းကို မှတ်တမ်းတင်သော စက်ကိရိယာများ ပါဝင်သော လေယာဉ်ပျံက တစ်စင်း၊ အဏုမြူဗုံး ပေါက်ကွဲပုံကို ဓာတ်ပုံရိုက်ရန်အတွက် လေယာဉ်ပျံက တစ်စင်း၊ ပေါင်း လေယာဉ်ပျံ သုံးစင်းသည် ဟီရိုရှီမာသို့ ရှေးရှုပျံသန်းကြသည်။ ထို့နေ့ နံနက် ၈ နာရီ ၁၅ မိနစ်၌မူကား ဟီရိုရှီမာမြို့ကြီးသည် တစ်မုဟုတ်ချင်း မျက်စိအောက်မှ ပျောက်ကွယ်သွားလေတော့သည်။

သို့သော် ဩဂုတ်လ ၉ ရက်နေ့အထိ ဂျပန်ဘက်မှ လက်နက်ချမည်ဟု အကြောင်းမကြားသေးချေ။ ထိုအချိန်၌ ဂျပန် ဘုရင်မင်းမြတ်၏ နန်းတော်တွင်း၌ တစ်သက်နှင့်တစ်ကိုယ် မကြားဖူးသေးသော ဗုံး၏ ကြောက်မက်ဖွယ်ရာသော တန်ခိုးအာနိသင်ကို ဘုရင်မင်းမြတ်ကိုယ်တိုင် ဆင်ခြင်သုံးသပ်လျက်ရှိသည်။ ယင်းသို့ ဆင်ခြင်စဉ်းစား၍ မတင်မကျရှိနေချိန်တွင် ဩဂုတ်လ ၉ ရက်နေ့ နံနက်၌ နာဂါဆာကီမြို့ပေါ်သို့ ဒုတိယ အဏုမြူဗုံးကျရောက်လေသည်။

ဤသည်တွင် ဂျပန်ဘုရင် ဟီရိုဟီတိုသည် အစိုးရအဖွဲ့ဝင်အချို့တို့ကို ဆင့်ဆို၍ လက်နက်ချရန် တိုက်တွန်းလေသည်။ ၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့၌ကား ဂျပန်လက်နက်ချလေသည်။

ဒေါက်တာ ကွမ်ပတန်က သူ၏လုပ်ရပ်တို့ကို ပြန်ပြောင်းပြောဆိုရာ၌ အဏုမြူဗုံးကို မလွဲမရှောင်သာ၍ အသုံးပြုရကြောင်း အကြောင်းပြသည်။

ကျွန်ုပ်တို့သည် အနာဂတ်အတွက် များစွာစဉ်းစားကြရလိမ့်မည်။ ဤကမ္ဘာ၌ မလွဲမရှောင်သာသော အကြောင်းတရားတို့သည် များလွန်းလှသည်။ ယခုခေတ်၌ အဏုမြူဗုံးကို အမေရိကန်သာမက ရုရှားနှင့်

အခြားနိုင်ငံတို့ကလည်း ပိုင်ဆိုင်လာကြပြီ။ ပြင်သစ်၊ ဗြိတိန် စသော နိုင်ငံတို့လည်း ယင်းတို့ကို ထုတ်လုပ်စမ်းသပ်ခဲ့ဖူးသည်။ ကျန်နိုင်ငံတို့ လည်း တစ်စတစ်စနှင့် အဏုမြူဗုံးကို ထုတ်လုပ်လာနိုင်စရာ အကြောင်း ရှိသည်။ ယခင်က အဏုမြူဗုံးမှာ တစ်လုံးစ နှစ်လုံးစမျှသာ ဖြစ်သည်။ ယခုမှာမူ နိုင်ငံတစ်နိုင်ငံ အခြားတစ်နိုင်ငံကို အဏုမြူဗုံးဖြင့် ရစ်ပတ်ဝန်းရံ ထားနိုင်ပြီ ဖြစ်လာသည်။ ထိုအခါ မလွဲမရှောင်သာသော အကြောင်းတို့ လည်း နောက်ထပ်များစွာ ပေါ်ပေါက်လာနိုင်သည်။ ယင်းသို့ ပေါ်ပေါက် လာသည်ရှိသော်.....

ကျွန်တော်သည် ကျွန်တော့်စကားကို ကျွန်တော် မည်သို့ အဆုံး သတ်ရမှန်း မသိပါ။

မြဝတီ၊ အတွဲ ၁၅၊ အမှတ် ၁၁၊ စက်တင်ဘာ၊ ၁၉၆၇

❐

## ဂျပန်နိုင်ငံ လက်နက်ချခဲ့စဉ်က

[ကျွန်တော်သည် ဂျပန်သို့စေလွှတ်သော ပထမဦးဆုံး သတင်းစာ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အဖြစ်ဖြင့် ၁၉၅၂ ခုနှစ်တွင် ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့ပါသည်။ ထိုအခါ ဂျပန်လက်နက်ချသော ကိစ္စနှင့် စပ်လျဉ်း၍ ဂျပန်စစ်ဝါဒီသမားတို့က အတိုက်အခံပြုခဲ့သော ကိစ္စကို ကြားသိခဲ့ရပါသည်။ သတင်းစာသမား ထုံးစံအတိုင်း ယင်းကိစ္စကို သတင်းထောက်သောအခါ 'နိပွန်တိုင်း' သတင်းစာအုပ်ချုပ်မှု အယ်ဒီတာ ကင်ပေရှေဘာ Kimpei Sheba ရေးသားထားသော I Cover Japan* (ဂျပန်နိုင်ငံမှာ သတင်းထောက်ခြင်း) အမည်ရှိ စာအုပ်ကို တွေ့ရပါသည်။ ယင်းစာအုပ်ပါ အချက်အလက်အတိုချုပ်ကို ရန်ကုန်သတင်းစာ၌ ကျွန်တော် အုပ်ချုပ်မှုအယ်ဒီတာ လုပ်နေစဉ်အတွင်း သတင်းဆောင်းပါး စသည်တို့၌ ကြိုးကြားကြိုးကြား ဖော်ပြခဲ့ဖူးပါသည်။ သို့ရာတွင် ယင်းသတင်းကို ကင်ပေရှေဘာ ဖော်ပြသည့်အတိုင်း အကျယ်

---

* I Cover Japan-Kimpei Sheba, Tokyo News Service, Ltd, Tokyo, 1952.

တဝင့် တစ်ခါမျှ ရေးသားခြင်း မပြုမိပါ။ အတိုအထွာ ရေးသားခဲ့ဖူး သည်ကိုလည်း ယခုအခါ၌ မမှတ်မိတော့ပါ။ သို့သော် ယခု ယင်းစာအုပ် ကို ပြန်ဖတ်ကြည့်သောအခါ ၁၉၄၅ ခုနှစ် ဩဂုတ် ၁၅ ရက်နေ့တွင် ဂျပန်လက်နက်ချသည့် ကိစ္စ၌ အံ့အားသင့်စရာ ဗဟုသုတဖြစ်စရာ အကြောင်းများ ရှိခဲ့သည်ကို ပြန်လည်တွေ့ရှိရပါသည်။ ထို့ကြောင့် ဤ ဘာသာပြန်ကို 'စစ်ပြန်' မဂ္ဂဇင်းအတွက် အထူးရေးသားပြုစုလိုက်ပါ သည်။ ဂျပန်ခေတ်က မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင် သောင်းကျန်း ခဲ့သော ကင်ပေတိုင်အဖွဲ့သည် အမိဂျပန်နိုင်ငံ၌ပင်လျှင် ဂျပန်ပြည်သူတို့ ကြောက်ရွံ့ထိတ်လန့်ရသောအဖွဲ့ ဖြစ်နေပုံနှင့် ယင်းအဖွဲ့မှ လူများ အပါ အဝင် စစ်ဝါဒီသမားတို့၏ လှုပ်ရှားပုံတို့ကို ဤဘာသာပြန် ဆောင်းပါး ၌ ဖတ်ရှုရပါလိမ့်မည်။]

၁၉၄၅ ခုနှစ် ဇန်နဝါရီလ ၁၅ ရက် ခိုက်ခိုက်တုန် ချမ်းလှသော နံနက်တွင် ဂက်စတာပိုနှင့် အဗ်ဗွီဒီအဖွဲ့များကို အတုခိုး၍ ဖွဲ့စည်းထား သော ပြည်သူအများ ကြောက်ရွံ့ရသည့် ကင်ပေတိုင်သည် ကျွန်တော့် ကို ဖမ်းပါလေသည်။ ယင်းလျှို့ဝှက်စစ်ပုလိပ်အဖွဲ့သည် ရောမအင်္ဂတေ တိုက်အိမ်ကြီးကို ဌာနချုပ် ပြုလုပ်ထားရာ ယင်းအဆောက်အအုံရှိ အခန်း ကျဉ်းတစ်ခုသို့ ကျွန်တော် ရောက်ရှိလာပါသည်။

ရောက်လျှင်ရောက်ချင်း ကျွန်တော့်ကို တပ်ကြပ်နှစ်ဦးက စစ်ဆေး သည်။ ထို့နောက် ဗိုလ်ကလေးတစ်ဦးက စစ်ဆေးသည်။ ထို့နောက် ဒုဗိုလ်မှူးကြီးတစ်ဦးက စစ်ဆေးသည်။

မွန်းလွဲချိန်တွင် ၎င်းဒုဗိုလ်မှူးကြီးပေါက်လာပြီးလျှင် မာန်ပါပါ နှင့် ကျွန်တော့်ကို စစ်သည်။ စားပွဲခုံတွင် ချထားသော ကုလားထိုင်ပေါ် ၌ ထိုင်၍ ကျွန်တော့်ကို ပြောသည်။

"ပွင့်ပွင့်လင်းလင်း ပြောမယ်နော်။ ခင်ဗျား အချုပ်ထဲမှာ နေချင်

မယ် မဟုတ်ပါဘူး။ ကျုပ်တို့ကလည်း လိုတာထက်ပိုပြီး ခင်ဗျားကို ခေါ်မထားချင်ပါဘူး။ ကျုပ်တို့က ခင်ဗျားကို လိုက်နေတာ မဟုတ်ပါဘူး"

သည်လို ပြောတော့ ကျွန်တော် အနည်းငယ် စိတ်သက်သာသွားပါသည်။ မကြာမီ ကျွန်တော် သိရသည်မှာ သူတို့သည် နိုင်ငံခြားရေးဝန်ကြီး မာမိုရှုရှိဂေမစ်ဆုကို ထောက်လှမ်းနေကြခြင်း ဖြစ်သည်။ သူတို့က ဝန်ကြီးသည် ဂျပန်လက်နက်ချရေးကို ကြံစည်နေသည်ဟု မသင်္ကာဖြစ်နေကြသည်။ သို့သော် သူက ဝန်ကြီးဖြစ်သည်။ ထို့ကြောင့် ဝန်ကြီးအပေါ်မှာ အရေးယူလောက်အောင် မည်မည်ရရ သက်သေခံ ရှာမတွေ့လျှင် သူ့ကို လက်ဖျားနှင့်မှ မတို့ဝံ့ကြပါ။

၁၉၄၅ ခု ဇန်နဝါရီလတွင် ဂျပန်နိုင်ငံ၌ ပြည်ပသတင်းကို ရနိုင်သောသူမှန်သမျှတို့က လက်နက်ချဖို့အချိန် နီးကပ်နေပြီကို အထင်အရှား သိနေကြပါပြီ။ သို့သော် ပုလိပ်နိုင်ငံဖြစ်နေသော ဂျပန်နိုင်ငံတွင် ပြည်သူအများမှာမူ ဘာမျှ မသိရှာပါ။ လေတီပင်လယ်အော် တိုက်ပွဲတွင် ဂျပန်ရေတပ်မှာ ပြုတ်သွားပါပြီ။ အမေရိကန် ဗုံးကြဲလေယာဉ်ပျံတို့ကား တောင်ဘက်ပိုင်းရှိ စက်မှုဒေသဗဟိုအချက်အချာတို့ကို 'ထု' နေကြပါပြီ။

သို့သော် မီးကိုပင် ဝါးစားမည်ဟု ကြုံးဝါးနေသော ခေါင်းမာလှသည့် စစ်တပ်မှာ ရှေ့နောက်တိုင်းထွာတတ်သော ပုဂ္ဂိုလ်တို့၏ဆန္ဒကို ဆန့်ကျင်၍ လက်နက်မချဟု ကြံစည်နေကြသည်။ တစ်ယောက်မကျန် အသက်ပေး၍ တိုက်မည်ဟု အဓိပ္ပာယ်ရသည့် 'ဂျိုကူဆိုင်' Gyokusai ဟူသော ကြွေးကြော်သံဖြင့် တစ်ယူသန်တို့က သန္နိဋ္ဌာန်ချနေကြသည်။ မယုံမရှိကြပါနှင့်။ ဆိုင်ပန်၊ တာရဝါ၊ မာကင်၊ ကွာဂျလိန်၊ တာရကန်၊ ဂွမ်၊ အတ္တုကျွန်းတိုက်ပွဲများတွင် ဘန်ဇိုင်းတိုက်နည်းဖြင့် စစ်သည်ပေါင်းထောင်သောင်းများစွာ အသေခံတိုက်ခဲ့ကြသည်ကို ပြန်ကြည့်ပါ။

မုန်ယိုနေသော စစ်ဝါဒီတို့၏ အဘိဓာန်တွင် 'လက်နက်ချ' ဟူသော ဝေါဟာရမရှိချေ။ စစ်ဝါဒီတို့သည် သူတို့ကြောင့် နာမည်ပျက်ရမည့် အရေးအခင်း၌ ဂျပန်မှန်သမျှ ကျား, မ ကလေးသူငယ်မရွေး သေစရာရှိလျှင် သေပါစေဟု သဘောထားကြသည်။

ဤကမ္ဘာတွင် ဂျပန်သည် လူမျိုးပြုတ်တော့မည်ဟု နိုင်ငံရေး၌ လိမ္မာသူတို့က ပို၍ပို၍ သိလာကြပါပြီ။ ထို့ကြောင့် စစ်ကို အပြီးသတ်ဖို့ လိုနေသည်။ ဤကိစ္စဖြစ်မြောက်လိုသော် ...

၁။ မဟာမိတ်နှင့် လျှို့ဝှက်ဆက်သွယ်၍ စည်းကမ်းနည်းလမ်းများကို ရှာဖွေရန်။

၂။ မိမိနန်းတော်တွင်းမှာပင် အကျဉ်းသမားကဲ့သို့ ဖြစ်နေသော ဟီရိုဟိတို ဧကရာဇ်ဘုရင်မင်းမြတ်က စစ်ဝါဒီ အင်အားစုကို ဆန့်ကျင်၍ လက်နက်ချသောကိစ္စကို မပြောဘဲ ပြီးနှင့်အောင် ဆောင်ရွက်စေရန် ဟူ၍ နည်းလမ်းနှစ်ခုရှိသည်။

သို့သော် ယင်းမှာ အပြောလွယ်သလောက် အလုပ်ရခက်သည်။ ဂျပန်နိုင်ငံမှာ သံမဏိစည်းမျဉ်းနှင့် ချည်နှောင်ထားသော စစ်အာဏာရှင်နိုင်ငံဖြစ်နေပြီ။ ထိုစဉ်က သတင်းကို ပိတ်ပင်သော ဆင်ဆာအလုပ်မှာ ကျပ်တည်းလှသည်။ လှိုင်းတို အသံဖမ်းစက်ကို လက်ဝယ်ထားရှိရုံမျှနှင့် ရောမ ရာဇဝတ်ပြစ်မှု ဖြစ်နိုင်သည်။ ပြည်သူလူထုမှာ သတင်းစာထဲတွင် ပါသမျှ၊ ရေဒီယိုမှာ ကြားသမျှ၊ ဆိုင်ရာက ထုတ်သော ဘူလက်တင်သတင်းကို ဖတ်ရသမျှသာ ကြားသိကြရသည်။

လျှို့ဝှက်ပုလိပ်အဖွဲ့သည် နေရာအနှံ့ ထောက်လှမ်းရေးသမားများကို စေလွှတ်ထားလေရာ ဂျပန်နိုင်ငံစစ်ရှုံးတော့မည်ဟု စကားစပ်၍ ပြောခြင်းသည်ပင်လျှင် အန္တရာယ်များလှပါသည်။

သို့ရာတွင် ဂျပန်တစ်မျိုးလုံး မိမိကိုယ်ကိုမိမိ သတ်သေရမည့်ကိန်း



လက်နက်ချကြောင်း လက်မှတ်ရေးထိုးရန် ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာရှိဂေမစ်ဆုနှင့် ဗိုလ်ချုပ်ကြီးအုမိဇုတို့ အမေရိကန်စစ်သေနာပတိ ဗိုလ်ချုပ်ကြီးမက်အာသာထံသို့ လာရောက်ကြစဉ်။

မဆိုက်အောင် သတ္တိရှိသော ပုဂ္ဂိုလ်တို့ကလည်း မတွန့်မဆုတ် ဆောင်ရွက်နေကြသည်။ ငြိမ်းချမ်းရေးအင်အားစုကို ခေါင်းဆောင်နေသော ပုဂ္ဂိုလ်မှာ နိုင်ငံခြားရေးဝန်ကြီး 'ရှီဂေမစ်ဆု' ဖြစ်သည်။ ဝန်ကြီးက မဟာမိတ်တို့ထံမှ လက်နက်ချ စည်းကမ်းသတ်များကို စကားခေါ်ကြည့်လျက်ရှိသည်။ သို့ရာတွင် သူသည် တရားဝင် မဆောင်ရွက်နိုင်သေး။ သူ ဆောင်ရွက်ပုံကို စစ်တပ်ကသိလျှင် သူ့အသက်မှာ ထိုစဉ်က အလွန်တန်ဖိုးဖောင်းပွနေသော ဂျပန်ယန်း ဒင်္ဂါးတစ်ပြားလောက်မျှ အဖိုးတန်တော့မည် မဟုတ်ချေ။

ဝန်ကြီး ရှီဂေမစ်ဆုသည် ၁၉၄၄ ခုနှစ်ကပင်လျှင် ဤကိစ္စကို လျှို့ဝှက်ဆောင်ရွက်ခဲ့သည်။ ထိုစဉ်က နိပ္ပွန်တိုင်း (ယခုရပ်စဲ) သတင်းစာသည် နိုင်ငံခြားရေးဌာနလက်အောက်ခံ သတင်းစာဖြစ်၍ ယင်းသတင်းစာတွင် ကျွန်တော်က အယ်ဒီတာအဖွဲ့ဝင်တစ်ဦး ဖြစ်ခဲ့၏။ ထို့ကြောင့် ကင်ပေတိုင်က ကျွန်တော်သည် အကြောင်းမျိုးစုံ သိလိမ့်မည်ဟု ယူဆသည်။

ကျွန်တော့်ကို နံနက် ၈ နာရီခွဲမှစ၍ စစ်ဆေးရာ ညနေ ၅ နာရီ လွန်မှပင် ပြီးသည်။ ဝန်ကြီးရှီဂေမစ်ဆု၏ စစ်ပြေငြိမ်းရေး လှုပ်ရှားမှုသည် စလုံးရေး စ ကာမျှသာရှိ၍ နိပ္ပွန်တိုင်းသတင်းစာတွင် "ကမ္ဘာ့ငြိမ်းချမ်းရေး" ဆောင်းပါးတစ်ပုဒ် ထည့်ခဲ့သည်မှလွဲ၍ ဘာမျှ မဆောင်ရွက်ကြရသေးပါ။ ထို့ကြောင့် ကျွန်တော့်အဖို့ ကံကောင်းပါသည်။ စစ်စစ် ကျွန်တော်သည် ဝန်ကြီးရှီဂေမစ်ဆုနှင့် ထိုစဉ်က မရင်းနှီးသေးပါ။

ညနေ ၅ နာရီတွင် ကင်ပေတိုင်က ကျွန်တော့်ကို လွှတ်ပါသည်။ အရာရှိတစ်ဦးက ကျွန်တော့်ကို တောင်းပန်စာတစ်စောင်၌ လက်မှတ်ထိုးခိုင်းပါသည်။ ဤလက်မှတ်ကို ထိုးမှသာ လွှတ်ပေးလေ့ရှိသည်။

လွှတ်လျှင်လွှတ်ချင်း ကျွန်တော်သည် နိုင်ငံခြားရေးရုံးသို့ သွား၍ ဖြစ်သမျှအကြောင်း အစီရင်ခံလိမ့်မည်ကို စစ်ပုလိပ်များက သိထား



ဂျပန်နိုင်ငံက လက်နက်ချကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာရှိဂေမစ်ဆုက အမေရိကန်ရေတပ်သင်္ဘော မစ်ဆောရီပေါ်တွင် လက်မှတ်ရေးထိုးနေပုံ။

ပါသည်။ သူတို့ကလည်း ကျွန်တော် ဤသို့ အစီရင်ခံရန် လိုလားသည်။ သို့မှသာလျှင် စစ်ပုလိပ်က နိုင်ငံခြားရေးဝန်ကြီးကို ခြိမ်းခြောက်နိုင်မည်။ ဤအချက်၌ စစ်ပုလိပ်အဖွဲ့က 'ပိုင်' ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော် လွတ်လာပြီးနောက် စစ်ပြေငြိမ်းရေး လှုပ်ရှားမှုမှာ ရပ်တန့်မှ ရပ်ခဲ့ရပြီး မကြာမီ ဝန်ကြီးရှိဂေမစ်ဆုလည်း 'အလုပ်ပြုတ်' ရလေသည်။

ကင်ပေတိုင်ကား စစ်ပြေငြိမ်းရေးကို တိုက်ဖျက်ရန် မည်သူ့ကို နင်းရနင်းရ အတင်းအဓမ္မနင်း၍ ဆောင်ရွက်မည်ဟု သန္နိဋ္ဌာန်ချထား ပါသည်။ သူတို့၏ ဖမ်းဆီးအကျဉ်းချထားခြင်း ခံရသူတစ်ဦးမှာ ဂျပန် စစ်ရှုံးပြီးနောက် ဝန်ကြီးချုပ် ဖြစ်လာသော ရှိဂေရုယိုရှီဒါ ဖြစ်ပါသည်။

စစ်ဝါဒီသမားတို့သည် ဂျပန်တစ်မျိုးသားလုံးကို သေတွင်း ပို့ရ ပို့ရ တိုင်းပြည်စစ်ရှုံးခြင်းကို မခံလိုဟု သဘောထား၍ ပင်လယ်ကမ်းရိုး

တန်းတစ်လျှောက်၌ ဝါးချွန်တပ်များကို ဖွဲ့စည်းသည်။ သေနတ်နှင့် ကျည်ဆန်ကို အလုံအလောက် မပေးနိုင်ခြင်းကြောင့်ဖြစ်သည်။

သို့သော် မသိနားမလည်ဟု ဆိုသော လယ်သမား၊ ရေလုပ်ငန်း သမားများကိုယ်တိုင် နောက်ဆုံးအခြေသို့ ရောက်ဖို့အချိန်များစွာ မကျန် တော့ဟု သိနှင့်နေကြသည်။ လက်နက်ချ ဆိုသည်ကိုမူ စကားထဲ ထည့် မပြောဝံ့ကြချေ။ ဘန်ဖိုင်း အသေခံတိုက်ပွဲနှင့်ပင် အပြီးသတ်ရချေတော့ မည်။ ဤသို့ဆိုလျှင် ၈၃ သန်းသော ဂျပန်အမျိုးသားတို့သည် နွားသိုး ကဲ့သို့ ထုံထိုင်းသော စစ်ဝါဒီတို့၏ ယဇ်ပလ္လင်တွင် အစတေး ခံကြရချေ တော့မည်။

(ကင်ပေတိုင်သည် ကျွန်တော့်နောက်ကို လိုက်နေသောကြောင့် ကျွန်တော်သည် ထိုအချိန်မှစ၍ ပုန်းလျှိုးဝှက်လျှိုးနေခဲ့ရာ ကျွန်တော့် မိတ်ဆွေ မိချိယို ကီဟာရာနှင့် ဟီဆာဆူနေ ဆာကိုမိဇူတို့ နှစ်ဦးသာလျှင် ဤကိစ္စထဲ ပါဝင်ပတ်သက်လာကြသည်။)

ထိုသူနှစ်ဦးသာမရှိခဲ့လျှင် ဒုတိယကမ္ဘာစစ်ကြီးသည် ယခုကဲ့သို့ အပြီးသတ်လိမ့်မည်မဟုတ်၊ ဂျပန်သန်းပေါင်းများစွာ သေကျေပျက်စီး မည်။ အမေရိကန်တိုက်ပွဲဝင် စစ်သည်တို့လည်း အသက်ဆုံးရှုံးလိမ့် မည်။

ကီဟာရာသည် ကျွန်တော့်မိတ်ဆွေရင်း သတင်းစာသမား ဖြစ် သည်။ ဆာကိုမိဇူကား ဝန်ကြီးအဖွဲ့အတွင်းဝန်ဖြစ်သည်။ သူသည် ဝန်ကြီးချုပ် ကန်တာရိုဆူဇူကီး၏ ညာလက်ရုံးပေတည်း။ (ထိုအချိန်၌ ဝန်ကြီးချုပ်တိုဂျို နုတ်ထွက်၍ ဆူဇူကီး ဝန်ကြီးချုပ်ဖြစ်လာသည်။)

ဩဂုတ်လဆန်းစတွင် ဝန်ကြီးချုပ် ရုံးခန်း၌ ကီဟာရာနှင့် ဆာကို မိဇူတို့ ညဥ့်နက်သန်းခေါင်အထိ နှစ်ကိုယ်ကြား တိုင်ပင်ကြသည်။ ကီဟာရာကား ဟီရိုရှီမာ၌ အဏုမြူဗုံးကျသည့်သတင်းကို ရထားသူ

ဖြစ်သည်။ ထို့ကြောင့် သူက "စစ်ဆက်တိုက်ရင် အရှုံးပဲ" ဟု ဆိုသည်။ သို့သော် ဆာကိုမိဇူက အမေရိကန်တို့ (ဂျပန်) ကမ်းခြေကို တက်သည် အထိ စောင့်ပြီး ဘန်ဇိုင်း အသေခံတပ်များဖြင့် တစ်မျိုးသားလုံး မီးလောင် တိုက်သွင်းကာ ဂုဏ်ယူလိုသော စစ်တပ်ကို သူတို့၏ သူရူးပမာ အစီ အစဉ်မှ လွှဲဖယ်စေရန် ဆောင်ရွက်ဖို့ဆိုသည်မှာ မိမိကိုယ်ကိုမိမိ အဆုံး စီရင်သည်နှင့်သာ တူလိမ့်မည်ဟု ဆိုသည်။

ဆာကိုမိဇူ မြော်မြင်သလောက်မှာ ဧကရာဇ်ဘုရင် ဟီရိုဟိတို ကိုယ်တိုင် ဂျပန်လက်နက်ချပြီဟု လက်နက်မချရသေးခင် ကြိုတင် ကြေညာမှ ကောင်းလိမ့်မည် ဟုလေသည်။

ဤမှာလည်း အပြောရလွယ်သလောက် အလုပ်ရ ခက်သည်။ ဘုရင်မင်းမြတ်သည် (လက်နက်ချလိုလျှင်) ဦးစီး စစ်ကောင်စီ အစည်း အဝေး ခေါ်ရမည်။ ယင်းကောင်စီထဲတွင် မဲပေးခွင့်ရှိသူ ခြောက်ဦးရှိ သည်။ ယင်းအနက် လေးဦးမှာ ကြည်းတပ်မတော်နှင့် ရေတပ်မတော် မှ ပုဂ္ဂိုလ်များဖြစ်သည်။ ၎င်းတို့မှာ စစ်ဝန်ကြီး၊ ရေတပ်မတော်ဝန်ကြီး၊ ကြည်းတပ်မတော်၊ ရေတပ်မတော်မှ စစ်ဦးစီးဌာနချုပ် အကြီးအကဲတစ်ဦး စီတို့ ဖြစ်သည်။

၁၉၄၅ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့တွင် မဟာမိတ်တို့က ပို့စ်ဒမ် ကြေညာချက်ဟု ခေါ်သော ပူးတွဲကြေညာချက်တစ်စောင်ကို ထုတ်ပြန် သည်။ ဂျပန်ပြည်သူလူထုသည် ခြွင်းချက်မရှိ လက်နက်ချရမည်။ ထိုသို့ မဟုတ်လျှင် တစ်နိုင်ငံလုံးကို ချေမှုန်းပစ်မည်ဟု ဆိုလေသည်။ သို့သော် စစ်ဝါဒီသမားတို့က စစ်ကို ဆက်လက်၍ တိုက်မည်ဟု ပိုင်းဖြတ်ထား ကြသည်။ သူတို့က သူတို့လည်း သေလျှင်သေ။ သူတို့ သေလျှင်လည်း အားလုံး လိုက်သေရမည်ဟု သဘောထားကြသည်။

ဩဂုတ်လ ၆ ရက်နေ့တွင် ဟီရိုရှီမာမြို့ပေါ်ကို အဏုမြူဗုံးကျ

သည်။ အမေရိကန် စစ်ဘက်ဆိုင်ရာတို့၏ အဆိုအရ လူပေါင်း ၇၈၁၅၀ သေဆုံးသည်ဟု ဆိုသည်။ နောက်နှစ်ရက်ကြာသောအခါ ဒုတိယ အဏုမြူဗုံးဒဏ်ကြောင့် နာဂါဆာကီမြို့ ပျက်စီးကွယ်ပျောက်သွားရာ အစိုးရဌာနစာရင်းများအရ ကွယ်လွန်သူနှင့် ပျောက်ဆုံးသူဦးရေမှာ ၃၅,၀၀၀ ၄၀,၀၀၀ အထိရှိသည်ဟု ဆိုသည်။ နောက်တစ်နေ့တွင် သမ္မတထရူးမင်းက လက်နက်မချလျှင် လူထုအားလုံး ပျက်ပြုန်းသွားစိမ့်မည်ဟု ဂျပန်ပြည်သူတို့အား သတိပေးသည်။ သို့သော် ဂျပန်ပြည်သူလူထုမှာ ဤအထဲတွင် ဘာမျှပြောပိုင်ခွင့် မရှိပါ။ လူထုသည် နွားသတ်ရုံသို့ ဆွဲခေါ်လာသော နွားများကဲ့သို့ ဖြစ်သည်။ စစ်တပ်ကို ဝေဖန်ပြောဆို၍ လက်နက်ချသင့်သည်ဟု တင်ပြကြသော ထောင်ပေါင်းများစွာသော လူထုမှာ ယခင်လအနည်းအတွင်းက အဖမ်းခံခဲ့ရသည်။ ကင်ပေတိုင်ဌာနချုပ်နှင့် ထောင်များတွင် ထိန်းသိမ်းခြင်းခံရသူများ ပြည့်ညပ်၍နေသည်။ သို့သော် (ဘာမျှမပြောဆိုနိုင်သော) လူထုဦးရေမှာ ၁၃ သန်းမျှရှိရာ ၎င်းတို့မှာ ရေပုံးထဲက ရေစက်ကလေးတစ်စက်မျှနှင့် တူလေသည်။

ဆာကိုမိဇူးက ကျွန်တော့်အား မည်သည့်နည်းနှင့်မဆို ဦးစီးစစ်ကောင်စီကိုခေါ်၍ ဘုရင်မင်းမြတ်က ရှေးက တစ်ခါမျှ မပြုလုပ်ခဲ့ဖူးသော ကိုယ်ပိုင်ထင်မြင်ချက် တင်ပြခြင်းအလုပ်ကို ဆောင်ရွက်စေရန် ရည်မှန်းထားပါသည်ဟု ပြောဆိုသည်။ ဘုရင်မင်းမြတ်နှင့် နီးစပ်သောသူတို့က ဘုရင်မင်းမြတ်သည် လက်နက်ချခြင်းကို ကျေနပ်သည်ဟု ဆိုကြသည်။

သို့သော် ဆာကိုမိဇူက ကျွန်တော့်အား "ဦးစီး စစ်ကောင်စီ အစည်းအဝေးခေါ်တဲ့နေရာမှာ လုပ်နည်းလုပ်ထုံး အစဉ်အလာတစ်ခုရှိတယ်၊ ဒါကို ဥပဒေလို ရေးဆွဲထားတာတော့ မဟုတ်ဘူး၊ အဲဒါကတော့ အစည်းအဝေး မကျင်းပခင် တစ်ဖွဲ့လုံးက ကြိုတင် ဆုံးဖြတ်ထားရတယ်၊

အဖွဲ့ဝင်တိုင်းဟာ အဖွဲ့မှာ သူ ဘာပြောချင်တယ် ဆိုတာကို ကြိုတင် အကြောင်းကြားရတယ်၊ ဒီအကြောင်းကြားချက်ကို ဘုရင်မင်းမြတ်ထံ ပို့ရတယ်၊ အဲဒါတွေပြီးတော့မှ ဘုရင်မင်းမြတ်က အစည်းအဝေးကို တက် ရောက်တယ်" ဟူ၍ ပြောပြပါသည်။

ထို့ကြောင့် အဖွဲ့ဝင်တို့က စည်းဝေးမည့်အကြောင်းအရာကိုသော် လည်းကောင်း၊ ထိုအကြောင်းအရာနှင့် ပတ်သက်သော ဆုံးဖြတ်ချက် ကို သော်လည်းကောင်း၊ ကောင်စီအစည်းအဝေးသို့ တင်ပြခြင်းမပြုခဲ့ လျှင် အစည်းအဝေးခေါ်ရန်မှာ မဖြစ်နိုင်ချေ။ ဤအချက်ကို သိနေသော ဆာကိုမီဇူသည် လက်နက်ချရေးပြဿနာဆွေးနွေးရန် အစည်းအဝေး ခေါ်ဖို့ သူက တိုက်တွန်းခဲ့လျှင် "အများက ဝိုင်း၍ ရယ်လိမ့်မည်၊ သူ့ကို ရူးနေပြီဟူ၍လည်း စစ်ခေါင်းဆောင်တို့က ပြောလိမ့်မည်" ဟူ၍ ပြော ပြပါသည်။

ဆာကိုမီဇူသည် ဤအခက်အခဲကို ကျော်လွှားနိုင်ရန် မည်သို့ ပြုလုပ်ရမည်နည်းဟု ဦးနှောက်ခြောက်သည်အထိ စဉ်းစားရင်း တစ်နေ့ ကုန်သွားသည်။ ဝန်ကြီးချုပ် ဆူဇူကီးက ဆာကိုမီဇူအား ပြောခဲ့ဖူးသည် မှာ အထက်ပါအတိုင်း အစည်းအဝေးကျင်းပဖြစ်လျှင် ဘုရင်မင်းမြတ် သည် ဥပဒေထုံးတမ်းစဉ်လာတို့ကို ဂရုမမူဘဲ လက်နက်ချရေးအတွက် ဆန္ဒပေးမည်ဟူ၍ ဖြစ်လေသည်။ ထို့အပြင် ရေတပ်မတော်ဝန်ကြီး ယိုနိုင် သည်လည်း လက်နက်ချရေးအုပ်စုဘက်သို့ ယိုင်လာပြီဟု ဆိုသည်။ ဤသို့ဆိုလျှင် မဲပေးနိုင်သော ပုဂ္ဂိုလ်ခြောက်ယောက်အနက် သုံးယောက် က စစ်ကို သဲသဲမဲမဲ ဆက်တိုက်မည်ဟု မဲပေးပြီးလျှင် ဝန်ကြီး ယိုနိုင်၊ နိုင်ငံခြားရေးဝန်ကြီး တိုဂို၊ ဘုရင့်အတိုင်ပင်ခံကောင်စီအဖွဲ့ဥက္ကဋ္ဌ ကီချီရို ဟီရာနုမ ဟူသော ပုဂ္ဂိုလ်သုံးဦးက လက်နက်ချရေးအတွက် မဲပေးမည်။ ဝန်ကြီးဆူဇူကီးက ဤကဲ့သို့ ဆာကိုမီဇူကို ပြောပြထားသည်။

ဘုရင်မင်းမြတ်သည် ဦးစီးစစ်ကောင်စီ၏ ထင်မြင်ချက်တို့ကို မလေးစားဘဲ မနေနိုင်ပါ။ အများစုက စစ်ကို ဆက်လက်တိုက်မည်ဟု မဲပေးခဲ့သော် အများစု အလိုရှိသည့်အတိုင်း စခန်းသွားရပါလိမ့်မည်။ သို့သော် မဲဦးရေတူနေလျှင်မူကား တစ်ဖက်ဖက်သို့လိုက်၍ အဆုံးအဖြတ်ပေးရပေလိမ့်မည်။ သို့ရာတွင် ဂျပန်နိုင်ငံ၏ဥပဒေဖြင့် အုပ်ချုပ်သော ဘုရင့်စနစ်အရ ဤကဲ့သို့ အဆုံးအဖြတ်ပေးရသော သာဓကမျိုး မရှိခဲ့ဖူးပါ။

ဩဂုတ်လ ၉ ရက်နေ့တွင် ရုရှားတို့က ဂျပန်နိုင်ငံကို စစ်ကြေညာလေသည်။ ဤသတင်းကို ရလာအခါ ဆာကိုမီဇူ၏ဦးနှောက်ထဲတွင် အကြံတစ်ခု အလင်းရောင်ကဲ့သို့ ပေါ်လာလေသည်။ ထို့နောက် သူသည် ဝန်ကြီးချုပ် ဆူဇူကီးနှင့် တိုင်ပင်၍ စစ်ဝန်ကြီး၊ ရေတပ်မတော် ဝန်ကြီး၊ ကြည်းတပ်၊ ရေတပ် စစ်ဦးစီးချုပ် စသော သူတို့အား လိုက်လံရှာဖွေလေသည်။

ထိုပုဂ္ဂိုလ်များကို ရုရှားသည် စစ်ကြေညာနေပါပြီဟု အကြောင်းကြားပြီးနောက် ဆာကိုမီဇူသည် ဦးစီးစစ်ကောင်စီအစည်းအဝေး ခေါ်ပါရန် တိုက်တွန်းသည့်အလျောက် အရေးပေါ် အစည်းအဝေးခေါ်စေဆိုသော အမိန့်ကို တံဆိပ်ခတ်နှိပ်၍ ရယူခဲ့သည်။ ထို့နောက် သူက စစ်ဘက်ဆိုင်ရာတို့အား ဂျပန်နိုင်ငံသည် ရုရှားနိုင်ငံကို စစ်ကြေညာရမည် မုချဖြစ်သောကြောင့် ဤအစည်းအဝေးနှင့် ပတ်သက်၍ ကြိုတင်ဆွေးနွေးရန် လိုမည်မဟုတ်ကြောင်း၊ အစည်းအဝေးကျင်းပမည့် အချိန်ကာလကို နောက်မှ အကြောင်းကြားမည်ဖြစ်ကြောင်း ပြောဆိုခဲ့လေသည်။

ထိုညတွင် ဝန်ကြီးချုပ်သည် ဘုရင်မင်းမြတ်၏ သဘောတူညီချက်ကို ရယူ၍ ဦးစီးစစ်ကောင်စီ အစည်းအဝေးကို ခေါ်ယူလေသည်။ ထိုအစည်းအဝေးကို မြေအောက်အနက်ပေ ၃၀ တွင် တည်ဆောက်

ထားသော ဖုံးခိုခန်းမထဲ၌ ကျင်းပသည်။ ထိုအစည်းအဝေးတွင် မဲဆန္ဒပေးနေသော အဖွဲ့ဝင်ပုဂ္ဂိုလ်ခြောက်ဦးအပြင် ဝန်ကြီးချုပ်ဆူဇူကီး၊ ဝန်ကြီးများ အဖွဲ့အတွင်းရေးမှူးချုပ် ဆာကိုမီဇူနှင့် ကြည်းတပ် ရေတပ်ဘက်ဆိုင်ရာ ခေါင်းဆောင်ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဩဂုတ်လ ၉ ရက်နေ့ည ၁၁ နာရီ မိနစ် ၅၀ အချိန်တွင် ထိုသမိုင်းဝင် အစည်းအဝေးကို ကျင်းပသည်။ (ဘုရင်မင်းမြတ် ဝင်လာပြီးသည့်နောက်) ဝန်ကြီးချုပ် ဆူဇူကီးက "ဝန်ကြီးများအဖွဲ့ အတွင်းဝန်ချုပ်က ပို့စ်ဒမ်ကြေညာချက်ကို ဖတ်ပြပါလိမ့်မည်" ဟု ဆိုလေသည်။

ထိုအခါ စစ်ဝန်ကြီးနှင့် ကြည်းတပ်မတော်၊ ရေတပ်မတော်ဦးစီးတို့သည် မျက်နှာပျက်သွားကြလေသည်။ ယခုအခါ သူတို့သည် ဘုရင်မင်းမြတ်၏ ရှေ့တော်သို့ ရောက်ရှိနေပေပြီ။ သူတို့က ဘုရင်မင်းမြတ်ကို အသက်ထင်ရှားရှိနေသော ထာဝရနတ်ကြီး ဗြဟ္မာကြီးကဲ့သို့ ပင့်မြှောက်ထားကြသည်။ ထို့ကြောင့် ကောင်းကင်ဘုံနတ်သားတည်းဟူသော ဘုရင်မင်းမြတ် ပြုမူပြောဆိုသမျှကို မည်သူမျှ မဖျက်နိုင်ချေ။ (ဤသဘောတရားကို နှလုံးသွင်းရသော) စစ်ဘက်ပြိုင်လိုသူတို့မှာ (ဆန့်ကျင်ဘက်သမားများက) ကျောသွားပေပြီဟု သိလိုက်ကြသည်။ သို့သော် အခြေအနေကို ပြောင်းလဲရန်မှုကား နောက်ကျသွားကြပေပြီ။

ဆာကိုမီဇူက ပို့စ်ဒမ်ကြေညာချက်ကို ဖတ်ပြပြီးသောအခါ ဝန်ကြီးချုပ် ဆူဇူကီက နိုင်ငံခြားရေးဝန်ကြီးတိုဂိုအား ကမ္ဘာ့အခြေအနေကို အစီရင်ခံ၍ မိမိထင်မြင်ချက်ကိုလည်း ပေးပါရန် မေတ္တာရပ်ခံသည်။

တိုဂိုလည်း ကမ္ဘာ့အခြေအနေ အလွန်စိတ်ပျက်စရာ ကောင်းနေသည်ကို ထုတ်ဖော်ပြောဆိုသည်။ ထို့နောက် သူက "ကျွန်ုပ်တို့ လက်နက်ချရန် အချိန်တန်ပြီဟု သဘောရရှိပါကြောင်း၊ ပို့စ်ဒမ်ကြေညာချက်၏ အဓိပ္ပာယ်မှာ ဘုရင်မင်းမြတ်ကို ဆက်လက်ထားရှိစေရန် ကြံရွယ်သည့်

သဘောရှိသောကြောင့် ယင်းကြေညာချက်ကို လက်ခံသင့်ပါကြောင်း” အစီရင် ခံလေသည်။

ထိုအခါ ဝန်ကြီးချုပ်ဆူဇူကီးက စစ်ဝန်ကြီးအနာမီဘက်သို့ လှည့်၍ ကြည့်သောအခါ စစ်ဝန်ကြီးက “ကျွန်ုပ်သည် နိုင်ငံခြားရေးဝန်ကြီးနှင့် သဘောကွဲလွဲပါကြောင်း” ပြောဆိုလေသည်။ ဤသည်တွင် မဲပေးခွင့်ရှိသော ပုဂ္ဂိုလ်တစ်ဦးစီကို ထင်မြင်ချက်များ အစီရင်ခံရန် အဖွဲ့က တောင်းဆိုလေသည်။ မဲခွဲသောအခါ ဆာကိုမီဇူ ထင်ခဲ့သည့်အတိုင်းပင် တစ်ဖက် ၃ မဲစီဖြစ်၍ နေလေသည်။

ဤသည်တွင် ဝန်ကြီးချုပ်ဆူဇူကီက “ကျွန်ုပ်တို့ ဆွေးနွေးခဲ့သည်မှာ သဘောတူညီခြင်းသို့ မရောက်ခဲ့ပါ။ ထို့ကြောင့် အရှင်မင်းမြတ်၏ ထင်မြင်ချက်ကို ကြားနာရန် အသင့်ရှိပါသည်။ အဆုံးအဖြတ် ပေးတော်မူပါ” ဟု တင်လျှောက်လေသည်။ ထိုအခါ ဘုရင်မင်းမြတ် ဟီရိုဟိတိုက “ကျွန်ုပ်သည် နိုင်ငံခြားရေးဝန်ကြီး တင်ပြချက်ကို သဘောတူညီ၍ ပို့စ်ဒမ်ကြေညာချက်ကို လက်ခံကြောင်း ထင်မြင်ချက် ပေးလိုက်သည်” ဟု အမိန့်တော် ရှိလေသည်။

ထို့နောက် ဘုရင်မင်းမြတ်က ဆက်လက်၍ “စစ်နှင့် ပတ်သက်၍လည်းကောင်း၊ စစ်အတွက် ဆောင်ရွက်ခဲ့သည်တို့ကို လည်းကောင်း ကြည်းတပ်မတော်နှင့် ရေတပ်မတော်တို့ အစီရင်ခံကြသည်မှာ အလွန်ကွဲလွဲလျက် ရှိချေသည်။ ယင်းကြည်းနှင့် ရေတပ်မတော်တို့သည် ပြည်မကာကွယ်ရေးပြင်ဆင်မှု ဆောင်ရွက်ချက်များ ပြီးစီးပါပြီဟု အစီရင်ခံကြသည်။ သို့သော် ကျွန်ုပ်၏စစ်ဘက်ဆိုင်ရာ ကိုယ်ရံတော်တွေ့ရှိခဲ့သည်မှာ တခြားစီ ဖြစ်နေသည်။ ဤအခြေအနေ၌ ပြည်မကို ကျူးကျော်လာကြသော် ဂျပန်တစ်မျိုးသားလုံး သေကျေပျက်စီးရပေလိမ့်မည်။ ဤသို့ဖြစ်ခဲ့သော် ဤကေရာဇ်နိုင်ငံကြီးကို ကျွန်ုပ်၏သားစဉ်မြေးဆက်များ ဆက်ခံ

ရန် ပေးအပ်နိုင်လိမ့်မည် မဟုတ်။ ထို့ကြောင့် ကျွန်ုပ် ဆုံးဖြတ်ချက် ချရပေလိမ့်မည်။ မခံမရပ်နိုင် ဖြစ်နေသောအရာကို ကျွန်ုပ်တို့ သည်းခံရမည်၊ ပို့စ်ဒမ်ကြေညာချက်ကို ကျွန်ုပ်တို့ လက်ခံရမည်" ဟူ၍ အမိန့် ရှိလေသည်။

ဘုရင်မင်းမြတ်က ဤသို့ အမိန့်ရှိ၍ မိမိနေရာ၌ ထိုင်လိုက်လေသော် စစ်ဝန်ကြီး အနာမီသည် ဘုရင်မင်းမြတ်၏ စားပွဲဆီသို့ လျှောက်လာပြီးလျှင် ဘုရင်မင်းမြတ်၏ထံပါး၌ ဒူးထောက်လေသည်။ ထို့နောက် မျက်ရည်စက်လက်ဖြင့် "အရှင်မင်းမြတ်... စစ်ဆက်လက် တိုက်ခိုက်ခွင့်ပေးတော်မူပါ" ဟု ဆိုလေသည်။

ဘုရင်မင်းမြတ်သည် ခေတ္တမျှ စကားမပြောနိုင်ဘဲ ရှိသည်။ သို့သော် နောက်ဆုံး၌ အသံကို မြှင့်၍ "ဝန်ကြီး အနာမီ... သင့်စိတ်ထဲမှာ ခံစားနေရသည်ကို ကျွန်ုပ် နားလည်ပါသည်။ သို့ရာတွင် ကျွန်ုပ်၏စိတ်ကို မပြောင်းလဲနိုင်ပါ" ဟု မိန့်တော်မူလေသည်။

ဘုရင်မင်းမြတ်မှလွဲ၍ အားလုံးသော သူတို့မှာ ရင်ထဲမှ ကြွလာသော စိတ်ဝေဒနာကြောင့် ကလေးများကဲ့သို့ ငိုကြလေသည်။ ဘုရင်မင်းမြတ်ကား အစည်းအဝေးခန်းမမှ ထွက်ခွာသွားလေသည်။

ထိုအခါ ဝန်ကြီးချုပ် ဆူဇူကီးက "ဤအစည်းအဝေး၌ ပြောဆိုသော အထူးသဖြင့် လက်နက်ချသည့် အဆုံးအဖြတ်အကြောင်းကို မပေါက်ကြားစေရ" ဟု အမိန့်ရှိသည်။ အားလုံးသော သူတို့က ကတိကဝတ်ပြု၍ အစည်းအဝေးမှ ထွက်ခွာသွားကြလေသည်။

သို့ရာတွင် ကတိကဝတ်အတိုင်း လိုက်နာကြသည်ဟု မျှော်လင့်ရန် မဖြစ်နိုင်ပါ။ နာရီပေါင်း အနည်းငယ်ခန့် ကြာသောအခါ ခေါင်းအေးအေး မထားနိုင်သော တပ်မတော်သား လူငယ်အရာရှိများသည် လျှို့ဝှက်အစည်းအဝေးများ ကျင်းပ၍ တပ်မတော်ကို သစ္စာဖောက်လေပြီ

ဟု ပြောဆိုကာ ဒေါသအမျက်ချောင်းချောင်းထွက်နေကြလေသည်။

ဤသတင်းကို ကြားရသောအခါ ဆာကိုမိဇူအဖို့ အံ့အားသင့်ခြင်း မဖြစ်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ၁၉၃၆ ခု ဖေဖော်ဝါရီလ ၂၆ ရက်နေ့က ဖြစ်ပွားခဲ့ဖူးသော စစ်တပ်သူပုန်ထသည့် အဖြစ်အပျက်တစ်ရပ်ကို သူ ကောင်းစွာ သိရှိနားလည်ထားသောကြောင့် ဖြစ်သည်။

ထိုကိစ္စတွင် ဘုရင်မင်းမြတ်နှင့် နီးစပ်သော အစိုးရအရာရှိများနှင့် နိုင်ငံရေးသမားများက စစ်ဝါဒီသမားများ၏ မိုက်ရူးရဲဆန္ဒများကို တားမြစ်ပါရန် ဘုရင်မင်းမြတ်အား အကြံပေးဖူးသည်။ ထိုအခါ တိုကျိုမြို့တွင်ရှိသော ဗိုလ်ကြီးများနှင့် ဗိုလ်များ ဦးဆောင်သည့် တပ်သား ၁၄၀၀ တို့သည် ဘုရင်မင်းမြတ်ကို ကာကွယ်စောင့်ရှောက်ရန်ဟု ဆင်ခြေပေး၍ နန်းတော်အား ဝိုင်းဝန်းကြလေသည်။ ထို့နောက် နန်းတော်ပတ်ဝန်းကျင်ရှိ ဩဇာတိက္ကမရှိသော ပုဂ္ဂိုလ်တို့ကို လုပ်ကြံသတ်ဖြတ်ရန် ကြံစည်ကြသည်။ ၎င်းတို့သည် ဘုရင့်ထံပါး၌ ခစားရသော အမတ်ကြီးမာကိုတိုကို စက်သေနတ်ဖြင့် ပစ်သတ်၍ အခြားခုနစ်ဦးကိုလည်း အဆုံးစီရင်သည်။ သို့ရာတွင် ရေတပ်ဗိုလ်ချုပ် ကန်တာရိဆူဇူကီးမှာကား သေနတ်ဖြင့် အပစ်ခံရ၍ ဒဏ်ရာရသော်လည်း အသက်မသေချေ။

အဆိုပါ တပ်ဗိုလ်တပ်သားများက သတ်ရန်ကြံရွယ်ထားသော ပုဂ္ဂိုလ်တစ်ဦးမှာ နောင်အခါတွင် ဝန်ကြီးချုပ်တစ်ဦးဖြစ်လာသော 'ကေအိဆူကေ အိုကာဒါ'ဖြစ်သည်။ သို့သော် လွတ်မြောက်သွားသည်။ လူသတ်သမားတို့က အိုကာဒါ၏ယောက်ဖကို အိုကာဒါဟု ထင်ပြီးလျှင် သတ်ပစ်လိုက်ကြသည်။ ထိုအချိန်က ဆာကိုမိဇူသည် အိုကာဒါ၏ အတွင်းရေးအတွင်းဝန်ဖြစ်၍ လူသတ်သမားတို့က ရုံးကို ဝိုင်းဝန်းတိုက်ခိုက်သောအခါ အိုကာဒါ၏အပါးမှာ ရှိသည်။ ဤကိစ္စကို ကြုံခဲ့ဖူးသော ဆာကိုမိဇူသည် လာမည့်ရန်ကို ကြိုတင်မြင်ပြီးသား ဖြစ်လေသည်။

(၁၉၃၆ ခုနှစ်က ထကြွခဲ့သော စစ်ဝါဒီတို့၏ စိတ်ဓာတ်သည် ၁၉၄၅ ခုနှစ်၌ ပေါ်ပေါက်သော မျိုးချစ်စိတ်လွန်ကဲသူ စစ်ဝါဒီများ၏ စိတ်ဓာတ်နှင့် ထူးမခြားနားဖြစ်သည်။) ထို့ကြောင့် ဆာကိုမီဇူသည် စစ်ဝါဒီသမားများ၏ လှုပ်ရှားမှုတစ်ခုမကျန်ကို သိရှိနားလည်အောင် ပြုလုပ်ထားသည်။ လက်နက်ချရန် ဆုံးဖြတ်ချက်မှာ ၎င်းစစ်ဝါဒီသမားများထံသို့ မိုးကြိုးပစ်ချလိုက်ဘိသကဲ့သို့ ကျရောက်လာသည်။ ထိုအခါ အလိမ်ခံရပြီဟု လည်းကောင်း၊ ကူဒီတာ (လုပ်ကြံမည်) ဟူ၍လည်းကောင်း အသံဗလံများ ထွက်လာသည်။

ဤသို့လျှင် ပြဿနာမှာ အစိုးရနှင့် စစ်ဝါဒီတို့ အပြေးပြိုင်နေသော ပြဿနာဖြစ်လာသည်။ အစိုးရက လက်နက်ချရေးကို အပြီးအစီး ပြုလုပ်၍ တိုင်းပြည်သို့ တင်ပြလိုသည်။ စစ်ဝါဒီသမားတို့က အစိုးရအဖွဲ့ကို အဓမ္မသိမ်းပိုက်စီးယူပြီးလျှင် စစ်ဆက်လက်တိုက်ရန် စည်းရုံးမည်ဟု သဲသဲမဲမဲ ကြံစည်နေကြသည်။

စစ်ပြေငြိမ်းရေးအတွက် ခေစပ်ရာ၌ အထစ်အငေါ့တစ်ခုရှိသည်။ ဂျပန်ဧကရာဇ် ဘုရင်ဟီရိုဟိတို ထီးနန်းကို ဆက်လက်စိုးစံစေရန် ခွင့်ပြုမည်ဆိုပါက ပို့စ်ဒမ်ကြေညာချက် အနက်အဓိပ္ပာယ်အတိုင်း ဂျပန်သည် လက်နက်ချမည်ဟု ဩဂုတ်လ ၁၀ ရက်နေ့တွင် အကြောင်းကြားသည်။ ထိုအခါ သမ္မတထရူးမင်းက မဟာမိတ်တပ်ပေါင်းစုတို့၏ စစ်သေနာပတိအလိုဆန္ဒအတိုင်း ဂျပန်ဧကရာဇ်ဘုရင်ကို ထီးနန်းစိုးစံစေရန် ခွင့်ပြုမည်ဟု အကြောင်းပြန်သည်။

ဤအကြောင်းပြန်ချက်ကို တိုကျိုမြို့က ကြားရသော် စစ်ဝန်ကြီးက အင်္ဂလိပ်စကားတွင် ပါရှိသော (Subject to) ဟူသော စကားကို )Subject of) ဟူသော စကားနှင့် အဓိပ္ပာယ်တူသည်ဟု အမှတ်မှား၍ လက်နက်ချခြင်းကို ပြင်းပြင်းထန်ထန် ဆန့်ကျင်သည်။ စစ်ဝန်ကြီးက

ထိုဝေါဟာရကို စစ်သေနာပတိချုပ်၏လက်အောက်ခံဟု အဓိပ္ပာယ် အကောက်မှားသည်။ စစ်ဝန်ကြီးက ဤအတိုင်းဆိုလျှင် ဘုရင်မင်းမြတ်နှင့်တကွ တိုင်းသူပြည်သားအားလုံးတို့သည် စစ်နိုင်သူတို့၏ ကျေးတော်မျိုး ကျွန်တော်မျိုး ဖြစ်လာလိမ့်မည်ဟု ဆိုလေသည်။ (စင်စစ်မှာမူ ထိုစကားသည် စစ်သေနာပတိချုပ်၏ ဆန္ဒအတိုင်း ခြွင်းချက်နှင့် အုပ်စိုးရမည်ဆိုသော အဓိပ္ပာယ် ရှိလေသည်။)

ဤအရေးကြီးသောကိစ္စကို ရှင်းလင်းရန်အလို့ငှာ ဝန်ကြီးအဖွဲ့ အထူးအစည်းအဝေးတစ်ရပ်ကို ခေါ်ဆိုလေသည်။ သို့သော် ဆုံးဖြတ်ချက် ချမှတ်ခြင်း မရှိချေ။ အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်သော ပညာရှိများနှင့် တိုင်ပင်ပြီးမှ ထပ်မံ စည်းဝေးမည်ဟု သဘောတူကြသည်။

ထို့ကြောင့် ဩဂုတ်လ ၁၂ ရက်နေ့မှာ အထွေအထူး ဘာမျှမဖြစ်ဘဲနှင့် ကုန်လွန်ခဲ့ရလေသည်။ ဩဂုတ်လ ၁၃ ရက်နေ့ရောက်သောအခါ စစ်တပ်က အာဏာလုပ်ကြံမည့်အခြေအနေသည် နီးကပ်လာလေသည်။ မိမိကိုယ်မိမိ အထင်ကြီးနေသော ဗိုလ်တစ်ဦးသည် ဝန်ကြီးချုပ်၏ ရုံးခန်းထဲသို့ဝင်၍ စစ်ဆက်လက်တိုက်သင့်သည်ဟု သဘောရရှိသော ထိပ်တန်းလျှို့ဝှက်စာရွက်စာတမ်း တစ်ထပ်ကြီးကို ယူဆောင်လာ၍ ပေးအပ်လေသည်။ ခြိမ်းခြောက်သောအမူအရာနှင့် အတွင်းဝန်ချုပ် ဆာကိုမီဇူ၏ စားပွဲပေါ်တွင် စာရွက်စာတမ်းများကို ချထားပြီးလျှင် စကားတစ်လုံးမှမပြောဘဲ ထွက်သွားလေသည်။

ထို့နောက် ဝင်လာသောဧည့်သည်မှာ ကင်ပေတိုင်အဖွဲ့မှ ဒုတိယဗိုလ်ချုပ်ကြီး ဖြစ်လေသည်။ သူက "ဂျပန်လက်နက်ချရင် စစ်တပ်က ထလိမ့်မယ်။ အဲဒါ သေချာပါတယ်။ စစ်တပ်ထကြွရင် ဝန်ကြီးချုပ်က နှိမ်နင်းနိုင်မယ်လို့ ယုံကြည်ပါသလား။ နာရီတိုင်းလိုလို ကင်ပေတိုင်အဖွဲ့က တိုင်းပြည်အရပ်ရပ်မှာရှိတဲ့ တပ်တွေဆီက သတင်းရနေတယ်။

ဒီသတင်းတွေဟာ သူပုန် ထလိမ့်မယ်လို့ချည်းပဲ ညွှန်ပြနေပါတယ်။ နောက်ဖြစ်လာမယ့်ကိစ္စမှာ ကျုပ်တို့ တာဝန်မယူနိုင်ဘူး။ ဒါကြောင့် ကင်ပေတိုင်အဖွဲ့က စစ်ကို ဆက်လက်တိုက်ဖို့ တိုက်တွန်းချင်ပါတယ်။ သန်းပေါင်းများစွာ အသက်သေချင်သေပေ့စေ၊ ကျုပ်တို့ လက်နက် မချရဘူး" ဟူ၍ ပြောဆိုလေသည်။

ညနေ ၃ နာရီသို့ရောက်သော် ဝန်ကြီးချုပ်ရုံးခန်းထဲသို့ သတင်းထောက်များ ဝင်လာပြီးလျှင် ဘုရင့်တပ်မတော်ဌာနချုပ် ကြေညာချက်မိတ္တူများကို ပေးအပ်ကြသည်။ ယင်း ကြေညာချက်စာရွက်စာတမ်းတွင် "ကြည်းတပ်မတော်နှင့် ရေတပ်မတော်တို့သည် ရန်သူကို ထပ်မံဆက်လက်တိုက်ခိုက်ရန် ဧကရာဇ်ဘုရင်မင်းမြတ်က တိုက်ရိုက်အမိန့်ပေးခြင်းကို နာခံရပါသည်" ဟု ဖော်ပြပါရှိလေသည်။

ထိုအခါ ဆာကိုမိဇူသည် ဝန်ကြီးများ စည်းဝေးနေသော ခန်းမသို့ ကသုတ်ကရက် သွားရောက်လေသည်။ ဝန်ကြီးချုပ် ဆူဇူကီးက အဆိုပါ သတင်းကြေညာချက်များကို စစ်ဝန်ကြီး အနာမီအား ပြလိုက်သောအခါ စစ်ဝန်ကြီးသည် မျက်နှာပျက်သွားလေသည်။ ထို့နောက် အခန်းတွင်းမှထွက်၍ စစ်ဌာနချုပ်သို့ အလျင်အမြန် တယ်လီဖုန်းနှင့် စကားပြောသည်။ စစ်ဝန်ကြီးဌာန စစ်မက်ရေးရာဌာနခွဲ အကြီးအကဲကိုလည်း တယ်လီဖုန်းနှင့် စကားပြောသည်။ သက်ဆိုင်ရာတို့က စစ်ဝန်ကြီးအား ထုတ်ပြန်သော သတင်းကြေညာချက် အစစ်အမှန်ဖြစ်ကြောင်း ရှင်းပြကြသည်။ မည်သို့မည်ပုံ ဤကဲ့သို့ ဖြစ်ရသည်ကို ယနေ့တိုင် မည်သူမျှ ရှင်းလင်းဖော်ပြနိုင်ခြင်း မရှိပါ။ ဆိုင်ရာပုဂ္ဂိုလ်တို့မှာ အားလုံးကွယ်လွန်ကုန်ကြပါပြီ။ သို့ရာတွင် စစ်ဝန်ကြီးက "ဘယ်နည်းနဲ့ဖြစ်ဖြစ် ဒီကြေညာချက်ကို ဖျက်သိမ်းပစ်ရမယ်" ဟု အမိန့်ပေးပါသည်။

ဤကဲ့သို့သော အခြေအနေတွင် ဝန်ကြီးချုပ် ဆူဇူကီးသည်

ထိတ်ထိတ်လန့်လန့်နှင့် နန်းတော်သို့ ဝင်လေသည်။ ထို့နောက် အစိုးရက သမ္မတ ထရူးမင်းထံသို့ အကြောင်းပြန်ရာ၌ အဘယ့်ကြောင့် ဆုတ်ဆိုင်းဆုတ်ဆိုင်းဖြစ်နေသည်ကို ရှင်းလင်းပြောဆိုသည်။ ထို့နောက် ဤကိစ္စနှင့်ပတ်သက်၍ အလျင်အမြန် ဆောင်ရွက်ရန် လိုအပ်ကြောင်း အစီရင်ခံရာ ဘုရင်မင်းမြတ်လည်း စိတ်အလွန်လှုပ်ရှားလာပြီးလျှင် အဖွဲ့ဝင် အပြည့်အစုံပါဝင်သော ကွန်ဖရင့်တစ်ရပ်ကို ခေါ်စေဟု အမိန့်ချမှတ်လေသည်။

ဩဂုတ်လ ၁၄ ရက် နံနက် ၁၀ နာရီခွဲအချိန်တွင် ပုဂ္ဂိုလ် ၂၆ ဦးတို့သည် အနံ ၁၈ ပေ၊ အလျား ၃၀ ပေမျှသာ ကျယ်သော အခန်းကလေးထဲတွင် ပြွတ်သိပ်၍နေကြသည်။ ၎င်းတို့ကား အစိုးရအဖွဲ့ဝန်ကြီးများ၊ ကြည်းတပ်မတော်၊ ရေတပ်မတော် စစ်ဦးစီးဌာနချုပ်အကြီးအကဲများ၊ ပုလိပ်မင်းကြီးနှင့် အခြား စစ်ဘက်နယ်ဘက်ဆိုင်ရာ အရာရှိများ ဖြစ်ကြသည်။

ဝန်ကြီးချုပ် ဆူဇူကီးက အစည်းအဝေးကို စတင်ဖွင့်လှစ်သည်။ "ဝန်ကြီးအဖွဲ့သည် လက်နက်ချရန် ပြောဆိုသော မဟာမိတ်တို့၏ စည်းကမ်းကို လက်ခံရန် သဘောတူခြင်း မရှိနိုင်သေးကြောင်း၊ ထို့ကြောင့် ဆိုင်ရာဆိုင်ရာတို့က မိမိတို့၌ ကန့်ကွက်ရန်ရှိသည်ဟုဆိုသော ထင်မြင်ချက်အသီးသီးကို ပေးကြပါ" ဟု မေတ္တာရပ်ခံပြောကြားလေသည်။

ထိုအခါ စစ်ဝန်ကြီးအနာမိက ထ၍ ယခုကဲ့သို့ ကေရာဇ် နိုင်ငံတော်ကြီး ဖရိုဖရဲဖြစ်ရသည့်အတွက် ကေရာဇ်ဘုရင်မင်းမြတ်အား တောင်းပန်ပါသည်ဟု အစချီပြီးလျှင် ကန့်ကွက်ပြောဆိုသည်။ ပို့စ်ဒမ်ကြေညာချက်ကို လက်ခံလျှင် ဂျပန်နိုင်ငံ၏ စိတ်ဓာတ်နှင့် နာမ်ဓာတ်နှစ်ခုစလုံး ကျဆင်းရပါလိမ့်မည်။ ဤသို့ ကျဆင်းရမည့်အစား ဂျပန်လူမျိုး သန်းပေါင်း ၈၀ အားလုံး ဂုဏ်ရှိရှိနှင့် သေကြရန် နောက်ဆုံး

တိုက်ပွဲကို ဆင်နွှဲလိုပါသည်ဟု ပြောဆိုလေသည်။ (ဂျပန်စိတ်ဓာတ် နာမ်ဓာတ် ဆိုသည်မှာ ဂျပန်ဝေါဟာရ ကောကုတိုင်ဟူ၍ ဖြစ်သည်။)

ကြည်းတပ်မတော်နှင့် ရေတပ်မတော်က အကြီးအကဲအားလုံး ဤအချက်ကို အားလုံးသဘောတူကြသည်။ ထို့ကြောင့် ဝန်ကြီးချုပ် ဆူဇူကီးက "အရှင်မင်းမြတ်... အခြားထင်မြင်ချက် ပေးစရာ မရှိပါလော" ဟူ၍ လျှောက်ကြားလေသည်။

ထိုအခါ ဘုရင်မင်းမြတ်က ထ၍ "ပြောသော စကားများကို ဆင်ခြင်လိုက်သော် ကျွန်ုပ်သည် ပို့စ်ဒမ်ကြေညာချက်ကို လက်ခံရန် သဘောတူပါသည်။ ကျွန်ုပ်အခြေအနေနှင့် ပတ်သက်၍ စုံစမ်းလိုက်သောအခါ သမ္မတ ထရူးမင်း၏ ပြန်ကြားချက်သည် ကျေနပ်ဖွယ်ဖြစ်ကြောင်း တွေ့ရသည်။ ထို့ကြောင့် ကျွန်ုပ်၏အလိုအတိုင်း လိုက်နာကြစေလိုသည်" ဟု မိန့်ခွန်းခြွေလေသည်။

ဘုရင်မင်းမြတ်က ဤသို့ပြောပြီး ထိုင်လိုက်သောအခါ ကြွရောက်လာသော မင်းပရိသတ်တို့သည် ငိုကြွေးကြလေ၏။ အချို့က မျက်ရည်စကလေးကို သုတ်ကြသည်။ အချို့က ကျယ်ကျယ်လောင်လောင် ငိုကြွေးကြသည်။ ပညာရေးနှင့် လူမှုဝန်ထမ်းဝန်ကြီးများမှာ မိမိတို့၏ကိုယ်ကိုမိမိ ကြမ်းပေါ်ပစ်လှဲပြီးလျှင် ရှိုက်ကြီးတငင်ငိုကြသည်။ ဘုရင်မင်းမြတ်ကား အဆောင်တွင်းသို့ ပြန်၍ဝင်လေသည်။ ဤသို့လျှင် သမိုင်းဝင် အစည်းအဝေးကြီးသည် ပြီးဆုံးလေ၏။

ဝန်ကြီးချုပ် ဆူဇူကီးသည် မိမိရုံးခန်းသို့ ပြန်လာပြီးလျှင် နိုင်ငံခြားရေးဝန်ကြီး 'တိုဂို' အား ဆွစ်ဇာလန်နှင့် ဆွီဒင်နိုင်ငံသံရုံးများမှ တစ်ဆင့် မဟာမိတ်အာဏာပိုင်များသို့... ဂျပန်နိုင်ငံသည် ပို့စ်ဒမ် ကြေညာချက်အတိုင်း လက်နက်ချပါမည်ဟု အကြောင်းပြန်ကြားခိုင်းလေသည်။ ထို့နောက် ဤအကြောင်းကို ဘုရင့်အမိန့်တော်ပြန်တမ်းအဖြစ်ဖြင့်

ကြေညာချက်ထုတ်ပါဟု အတွင်းဝန်ချုပ် ဆာကိုမီဇူအား ညွှန်ကြားလေသည်။

ဆာကိုမီဇူသည် မိတ်ဆွေဖြစ်သူ ကီဟာရာကိုခေါ်ယူ၍ ၎င်းအား အချိန်အနည်းငယ်အတွင်း အမိန့်တော်ပြန်တမ်း ပထမမူကြမ်းရေးရန် တာဝန်ပေးသည်။ ယင်းအမိန့်တော်ပြန်တမ်းကို ထိပ်တန်းအစိုးရအရာရှိ ၁၄ ဦးက သဘောတူညီချက်ပေးရသည်။ ထိုပြန်တမ်း၏ အစဝါကျမှာ "စစ်သည် ဂျပန်နိုင်ငံ၏ အကျိုးကျေးဇူးအတွက် ဖြစ်ထွန်းမလာခဲ့ပေ" ဟူ၍ ဖြစ်သည်။ စာကြမ်းရေးသူ ကီဟာရာက ဤနိဒါန်းစကားမှာ "သူ ရေးတာမဟုတ်ပါ" စစ်ဝန်ကြီးအနာမိက ထည့်ခိုင်း၍ ထည့်ရသော စကားဖြစ်သည်ဟု နောင်အခါ၌ ရှင်းလင်းပြောဆိုသည်။ ဤကြီးကျယ်သော စကားလုံးအတွက် စစ်ဝန်ကြီးကိုပင်လျှင် ကျွန်ုပ်တို့ ချီးကျူးလိုက်ရပါ၏။ သို့သော် သူကား ယခုမရှိတော့ပြီ။ သူ့ကိုယ်သူ သတ်၍ သေသွားသည်။

ဩဂုတ်လ ၁၄ ရက်နေ့ ည ၉ နာရီတွင် အမိန့်တော်ပြန်တမ်း စာမူကြမ်း နောက်ဆုံးရေး၍ ပြီးစီးသည်။ သို့ရာတွင် စစ်ဝန်ကြီးအနာမိက အရာရှိအရာခံများ အားလုံးတပ်တွင်းမှ မထွက်ရဟု ညွှန်ကြားထားသော အမိန့်ကို အားလုံးက ချိုးဖောက်လျက်ရှိကြောင်း အတွင်းဝန်ချုပ် ဆာကိုမီဇူက ကြားသိရလေသည်။

ထိုဩဂုတ်လ ၁၄ ရက်နေ့ည ၁၁ နာရီအချိန်တွင် ဧကရာဇ်ဘုရင် ဟီရိုဟီတိုသည် အမိန့်တော်ပြန်တမ်းကို လက်မှတ်ရေးထိုး တံဆိပ်နှိပ်သည်။ စစ်ပြေငြိမ်းရန် ဂျပန်နိုင်ငံက ဆန္ဒရှိကြောင်း ကြေညာခြင်းဖြစ်သည်။

သို့သော် ထိုကြေညာချက်ကို အများပြည်သူတို့သိအောင် ပြုလုပ်ရမည်မှာ ပြဿနာတစ်ရပ် ဖြစ်နေသေးသည်။ ဘုရင်မင်းမြတ်၏အသံကို

သွင်းယူပြီးလျှင် ရေဒီယိုမှတစ်ဆင့် ကြေညာရန် ဆုံးဖြတ်ကြသည်။ ထို့ကြောင့် ယင်းကိစ္စကို ဆောင်ရွက်ရာ အသံသွင်းခြင်းမှာ သန်းခေါင်ကျော်မှ ပြီးစီးလေသည်။

ဩဂုတ်လ ၁၅ ရက်နေ့ နံနက် ၁ နာရီအချိန်တွင် အစိုးရပြန်ကြားရေးဘုတ်အဖွဲ့ဥက္ကဋ္ဌသည် နန်းတော်အတွင်းမှ ထွက်ခွာလာသည်။ ထိုအခါ နန်းတော်တံခါးဝတွင် စစ်သားများက သူ့ကားကို ရပ်တန့်စေပြီးလျှင် နန်းတော်တွင်းသို့ ပြန်ဝင်ရန် အမိန့်ပေးလေသည်။

နန်းတော်ရင်ပြင်တွင် စစ်သားများ ဝိုင်းနေကြသည်။ ဘုရင့်ကိုယ်ရံတော်တပ်ဖွဲ့ဝင်များကိုယ်တိုင်က အမိန့်တော်လွှန်ခြင်း ဖြစ်သည်။ "နန်းတွင်းမှ ဘယ်သူတစ်ယောက်မျှ မထွက်စေရ" ဟု သူတို့က အမိန့်ပေးသည်။

ညမှာ အလွန်မှောင်မိုက်လှပေသည်။ အရာရှိငယ်တို့က ဘုရင်မင်းမြတ်၏ ကိုယ်ရံတော်တစ်ဦးကို ဖမ်းဆီး၍ အစိုးရပြန်ကြားရေး ဘုတ်အဖွဲ့ ဥက္ကဋ္ဌကြီးကို ကင်းတဲတွင် ချုပ်နှောင်ထားသည်။ ထို့နောက် ဘုရင်မင်းမြတ် အသံသွင်းထားသော ဓာတ်ပြားကို ရှာဖွေကြသည်။ သို့သော်ယင်းမှာ ဘုရင်၏ကိုယ်ပိုင် သံသေတ္တာထဲတွင် သိမ်းဆည်းထားပြီး ဖြစ်သည်။ ယူနီဖောင်း ဝတ်ဆင်သော ပုလိပ်သားစစ်သား စသည်တို့အဖို့ ဘုရင့်ကိုယ်ပိုင်ပစ္စည်းဆိုသည်မှာ အလွန်နတ်ကြီးသော ပစ္စည်းဖြစ်၍ (မည်သူမှ လက်ဖျားနှင့်မျှ မတို့ဝံ့ကြချေ။) နံနက် ၃ နာရီအချိန်တွင် နန်းတွင်းသားတစ်ဦးက ဘုရင့်တံဆိပ်တော် ဘဏ္ဍာထိန်းအမတ်ကြီးကိုအိချိကိဒိုအားနှိုး၍ "သူပုန် ထကုန်ကြပြီ၊ တယ်လီဖုန်းကြိုးနဲ့ စကားပြောကြေးနန်းတွေကို ဖြတ်ပစ်ကုန်ကြပြီ" ဟု အကြောင်းကြားလေသည်။

မိုးဦးသောက်တွင် ဘုရင့်စံအိမ်တော်ဌာနသည် တပ်သားများ၏ လက်တွင်းသို့ ကျရောက်လေသည်။ ထို့နည်းတူပင် အသံလွှင့်ရုံမှာလည်း

ကျရောက်သည်။ နံနက် ၅ နာရီတွင် မော်တော်ကားနှင့် အပြည့်တင်လာသော စစ်သားများက စက်သေနတ်အငယ်စားသုံးလက်ကို ကိုင်ဆောင်၍ ဝန်ကြီးချုပ်ဆူဇူကီး၏ရုံးခန်းသို့ ရောက်လာကြ၏။ (ဤရုန်းရင်းဆန်ခတ်ပွဲတွင် ဝန်ကြီးချုပ်၏ ကိုယ်ပိုင်အိမ်နှင့် ဘုရင်မင်းမြတ်အတိုင်ပင်ခံ ကောင်စီဥက္ကဋ္ဌနေအိမ်တို့ မီးအရှို့ခံရသည်။)

သို့ရာတွင် အလွန်အံ့ဩဖွယ်ကောင်းသော အကြောင်းတစ်ရပ်မှာ ထကြွရန် လှုံ့ဆော်နေကြသော်လည်း များစွာသော စစ်တပ်တို့မှာ မည်သို့မျှ လှုပ်လှုပ်ရှားရှား မဖြစ်ခဲ့ချေ။ ထို့ကြောင့် သန်းခေါင်ကျော်မှ လင်းအားကြီးအချိန်အထိ ထကြွသည်ဆိုသော ကိစ္စမှာ ခဏတစ်ဖြုတ်မျှ လောက်သာ ဖြစ်လေသည်။ တိုကျိုဂင်ဇာလမ်းမကြီးတွင် သစ္စာဖောက်များကို သုတ်သင်ရန် လှုံ့ဆော်သော ပိုစတာများ ကပ်ကြသည်။ စစ်လေယာဉ်ပျံများကလည်း စစ်ကို ဆက်လက်တိုက်ဖို့ တိုင်းသူပြည်သားများအား လှုံ့ဆော်သော စာရွက်စာတမ်းများကို ကြဲချကြသည်။ သို့ရာတွင် နံနက် ၁၀ နာရီသို့ရောက်သောအခါ တစ်နိုင်ငံလုံးရှိ စစ်တပ်ကြီးတစ်ခုလုံးကို မည်သို့မျှ လှုပ်၍မရနိုင်ကြောင်း သိလာကြသဖြင့် လူငယ်စစ်ခေါင်းဆောင်များက နန်းတော်ကို မဝိုင်းကြနှင့်တော့ဟု အမိန့်ပေးသည်။ ၎င်းတို့ထဲမှ လူငယ်စစ်ခေါင်းဆောင်ခုနစ်ဦးသည် နန်းတော်ရင်ပြင်ဘက်သို့ ချီတက်ပြီးလျှင် ထိုနေရာတွင်ပင် မိမိတို့ကိုယ်ကို မိမိတို့ အဆုံးစီရင်ကြလေသည်။

ဤကား စစ်တပ်ထကြွခြင်းပြီးဆုံးပြီဟု အချက်ပြလိုက်ဘိသကဲ့သို့ ရှိသည်။ စစ်ဝန်ကြီးအနာမီလည်း စစ်ဝန်ကြီးဌာနစားပွဲတွင် ထိုင်၍ စုတ်တံတစ်ခုကို ယူပြီးလျှင် လက်ာတစ်ပိုဒ်စီကုံးသည်။ ယင်းလက်ာ၏ အဓိပ္ပာယ်မှာ အရှင်မင်းမြတ်၏ ဘုန်းရိပ်ကို ခိုလှုံရသူ ကျွန်ုပ်သည် ကျွန်ုပ်၏နောက်လိုက်ငယ်သားများ လုပ်ဆောင်ခဲ့သည့်အမှုအတွက်

ဝန်ချတောင်းပန်ရန် အခြားနည်းလမ်း မရှိတော့ပါ။ အရှင်မင်းမြတ်၏ ကျေးဇူးတော်ကို ပြည့်စုံအောင် ဖော်ကျူးခြင်း မပြုနိုင်ပါ။ ဂျပန်ဧကရာဇ် နိုင်ငံသည် ဆက်လက်၍ အသက်ရှည်ပါလိမ့်မည်" ဟူ၏။ ဤအကြောင်း အရာကို လက်ံသဖွယ် စီကုံးရေးသားပြီးနောက် စစ်ဝန်ကြီးသည် မိမိ ဦးခေါင်းထက်၌ သေနတ်ကို တေ့၍ မောင်းဖြုတ်လိုက်လေသည်။

(ဤနည်းဖြင့် သေသူများမှာ တပ်မတော်ကြီး၏ လေတပ် အကြီး အကဲ ဒုဗိုလ်ချုပ်တစ်ဦး၊ အရှေ့ဘက် ကာကွယ်ရေးဌာနချုပ် စစ်သေနာ ပတိတစ်ဦး၊ ရေတပ်မတော်ဌာနချုပ် ဒုတိယအကြီးအကဲတစ်ဦး၊ ကင်ပေ တိုင်အဖွဲ့ ဒုတိယဗိုလ်ချုပ်တစ်ဦး စသည်ဖြင့် များစွာ ဖြစ်ကြလေသည်။)

ဩဂုတ်လ ၁၅ ရက်နေ့ နံနက်ခင်းတွင် အသံလွှင့်ရုံမှ မကြာခဏ အသံလွှင့်သည်။ "မွန်းတည့် ၁၂ နာရီတွင် ဘုရင်မင်းမြတ် အသံလွှင့် လိမ့်မည်၊ နားထောင်ကြပါ" ဟူ၍ ဖြစ်သည်။

မွန်းတည့် ၁၂ နာရီတိတိတွင် တစ်နိုင်ငံလုံးရှိ ရေဒီယိုများသည် အသံလွှင့်ချက်ကို နားထောင်ရန် အဆင်သင့်ရှိနေကြသည်။ ပြည်တွင်း၌ ခုတ်မောင်းနေသော မီးရထားများလည်း ခရီးသည်များ ကောင်းစွာ နားထောင်နိုင်စေရန် ခေတ္တခဏရပ်ပေးကြသည်။ ရှေးရှေးက ဘုရင် မင်းမြတ်၏အသံကို တိုင်းသူပြည်သားများ တစ်ရံတစ်ဆစ်မျှ မကြားဖူး ကြချေ။

၁၂ နာရီတိတိ မွန်းတည့်ချိန်၌ ဘုရင်ဟီရိုဟီတိုက ဂျပန်ပြည်သူ လူထုအား စစ်ပြီးပြီဟု ကြေညာလေသည်။ ။

စစ်ပြန်၊ အမှတ် ၇၁၊ ဩဂုတ်၊ ၁၉၈၄

❐

## ဒုတိယကမ္ဘာစစ်ကြီး ပြီးပြီလား

အင်္ဂလန်နိုင်ငံနှင့် ဂျာမန်နိုင်ငံတို့သည် ရန်ဘက်ဖြစ်ခဲ့ကြဖူးသည်။ ထို့ကြောင့် ၂၀ ရာစုထဲသို့ ဝင်လာ၍ ၁၄ နှစ်ကြာသောအခါ ဂျာမန်တို့က ဦးဆောင်၍ အင်္ဂလန်၊ ပြင်သစ်၊ ရုရှား စသောနိုင်ငံများကို စုပေါင်းထားသော မဟာမိတ်နိုင်ငံတို့ကို တိုက်ခိုက်ခဲ့ကြရင်း ပထမကမ္ဘာစစ်ပွဲကြီးကို ဥရောပတိုက်အတွင်း၌သာ တိုက်ခိုက်ကြပြီးနောက် ၁၉၁၈ ခုနှစ်တွင် စစ်ပြေငြိမ်းသည်။ ထိုကြောင့် ထိုစစ်ပွဲကြီးသည် အာရှတိုက်ကို ကြီးကြီးကျယ်ကျယ် မထိခိုက်ခဲ့ချေ။ ကျွန်တော်သည် ကလေးဘဝ၌ ကမ္ဘာစစ်ဆိုသည်ကို ကြားဖူးသော်လည်း စစ်၏အနိဋ္ဌာရုံကို ကောင်းစွာမသိပါ။ ပထမကမ္ဘာစစ်အတွင်း စစ်ဖြစ်နေသည်ဆိုသော်လည်း စူးအက် တူးမြောင်း၏ကျေးဇူးကြောင့် မြန်မာပြည်တွင် လယ်ယာစိုက်ပျိုးခြင်း ဖွံ့ဖြိုးတိုးတက်၍ စပါးဈေးကောင်းနေသောကြောင့် စစ်၏ဆိုးကျိုးကို မြန်မာတို့ကောင်းစွာ ခံရဟန်မတူ။

သို့သော် စစ်ဟူသည်မှာ လူသတ်ပွဲကြီးဖြစ်သည်။ ထိုပွဲကြီးပြီးပြီဟု ဆိုသောအခါ မြန်မာတစ်ပြည်လုံး အမှန်ပင် အားရဝမ်းသာဖြစ်၍

"ဂျော့ဘုရင်ရွှေဘုန်း၊ နေတစ်နှန်း ပမာယူ" ဟူသော သီချင်းကို ကျောင်းဆရာကြီး ဦးခန့်က ကျွန်တော်တို့ ကျောင်းသားကလေးများကို ဆိုတတ်အောင် သင်ပေးသောအခါ ကျွန်တော်တို့ ပျော်ရွှင်စွာ သီချင်းဆိုကြပါသည်။

ကလေးသူငယ်တို့ သဘာဝအတိုင်း ကျွန်တော်တို့ကြာကြာလုပ်ရလိမ့်မည်ဟု ထင်ခဲ့ပါသည်။ သို့ရာတွင် ပထမကမ္ဘာစစ်ကြီးပြီး၍ နှစ်ပေါင်း နှစ်ဆယ်ခန့်ကြာသောအခါ စစ်၏ဆက်ရန်ရှိသေးသော သဘောကို ဥရောပတိုက်၌ပင် ထပ်မံတွေ့ရပါသည်။ ပထမကမ္ဘာစစ်၌ ရှုံးနိမ့်ခဲ့သော ဂျာမနီနှင့် အီတလီနိုင်ငံတို့တွင် နာဇီခေါင်းဆောင် ဟစ်တလာနှင့် ဖက်ဆစ်ခေါင်းဆောင် မူဆိုလိုနီတို့ ပေါ်ပေါက်သည်။ ၎င်းတို့နှစ်ဦးသည် ဥရောပတိုက်ကို ဦးဆောင်၍ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ၌ ပိုလန်နိုင်ငံကို စတင်တိုက်ခိုက်သောကြောင့် ဒုတိယကမ္ဘာစစ် ဖြစ်ပွားလေသည်။ ထိုအခါ အကွက်ကောင်းကိုချောင်းနေသော ဖက်ဆစ် ဂျပန်တို့သည် ၁၉၄၁ ခုနှစ် ဒီဇင်ဘာလတွင် ပါးလ်ဟာဗာ၌ အခြေစိုက်ထားသော အမေရိကန်တို့၏ ရေတပ်စစ်သင်္ဘောများကို ဗုံးကြဲတိုက်ခိုက်သည်။ ဤအကြောင်းကြောင့် ယခု ဒုတိယအကြိမ်စစ်ပွဲမှာ အမှန်တကယ် တစ်ကမ္ဘာလုံးနှင့်ဆိုင်သော စစ်ပွဲကြီးဖြစ်လာလေသည်။

စစ်ဖြစ်လျှင် ပတ်သက်ရာနိုင်ငံတို့သည် လက်နက်အသစ်အဆန်းတို့ကို ထုတ်လုပ်စမြဲဖြစ်သည်။ အမေရိကန်သည် အဏုမြူလက်နက်ကို ကျိတ်ကြံခဲ့သည်ဖြစ်ရာ ယခုအကွက်ကောင်းပေါ်လာသောအခါ ၁၉၄၅ ခုနှစ် ဩဂုတ်လတွင် ဟီရိုရှီမာမြို့ကို အဏုမြူဗုံးကြဲ၍ ဖျက်ဆီးရာတစ်ခဏချင်း တစ်မြို့လုံး ပြာကျသွားလေသည်။ ဤကိစ္စမတိုင်မီ ၁၉၄၅ ခုနှစ် ဧပြီလအတွင်း၌ပင် ဟစ်တလာသည် မိမိကိုယ်ကို မိမိ အဆုံးစီရင်ခဲ့ပြီဖြစ်သောကြောင့် ဒုတိယကမ္ဘာစစ်သည် ဟီရိုရှီမာ

ကိစ္စ၌ အပြီးသို့ ရောက်ခဲ့လေသည်။

ဤနည်းဖြင့် မြန်မာပြည်တွင် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးလေသောအခါ ရွှေတိုင်ညွန့်သည် "လွတ်လပ်ပြီ၊ လွတ်လပ်ပြီ၊ တို့ပြည်လွတ်လပ်ပြီ" ဟူသော တေးသွားဖြင့် မြန်မာ့အနာဂတ်ကို ကြိုတင်၍ဖော်ကျူးခဲ့လေရာ ကျွန်ုပ်တို့ မြန်မာတစ်မျိုးသားလုံးသည် ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ကြသည်မှာ အများနည်းတူဖြစ်ပါသည်။ အထူးသဖြင့်ဒုတိယကမ္ဘာစစ်ကြီးပြီး၍ ကမ္ဘာ့ကုလသမဂ္ဂပေါ်လာသောအခါ အနာဂတ်တွင် စစ်ဟူသော စကားကို ကြားရတော့မည် မဟုတ်ဟု စဉ်းစားမိကြသောအခါ ကျွန်ုပ်တို့လွတ်လပ်သော မြန်မာလူမျိုးများသည် အားရဝမ်းသာ ကခုန်ခဲ့ကြသည်။ ယခုတိုင်လည်း စစ်ကြီးပြီးပြီဟူသော အထိမ်းအမှတ်ဖြင့် ကျွန်ုပ်တို့ လှုပ်ရှားသွားလာပျော်ရွှင်နေကြသည်။ သို့သော်အမှန်မှာ ကျွန်ုပ်တို့သည် သွားရင်းလာရင်း မိမိတို့ ဦးခေါင်းပေါ်သို့အဏုမြူဗုံး ပြုတ်ကျလာလေမည်လားဟု စိုးရိမ်သောက ရောက်နေကြသည်။ စကားဟူသည်မှာ ပြောရင်းပြောရင်းနှင့် ကားသွားတတ်သည်။ ထို့ကြောင့် ဤစာကို စာဖတ်သူတို့က ကျွန်တော့်ကို အပြစ်တင်ကြမလားမပြောတတ်ပါ။ သို့သော် ကျွန်တော် စဉ်းစားမိသည်ကိုမူ ပြောပါရစေ။

ယခုခေတ်သည် ရေဒီယိုခေတ်၊ တယ်လီဖုန်းရှင်းခေတ်ဖြစ်သည်။ အိပ်ရာက နိုးပြီဆိုလျှင် မြောက်ဝင်ရိုးစွန်းမှ သတင်းသည် ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ တောင်ဝင်ရိုးစွန်းသို့ ချက်ချင်းရောက်လာသည်။ အရှေ့ဖျားမှ သတင်းသည်လည်း ကမ္ဘာ့အနောက်ဘက်ခြမ်းသို့ ရောက်သွားသည်။ သတင်းစကားဆိုသည်မှာ လူလျှင်လူချင်း သတ်ကြသောသတင်းစကားများဖြစ်သည်။ မိမိလူမျိုးနှင့် သူတစ်ပါးလူမျိုးတို့ သတ်ကြသည်။ ကိုယ့်လူမျိုးအချင်းချင်းလည်း သတ်ကြသည်။ နောက်ဆုံးပေါ်လက်နက်မှာ အလွန်ထက်မြက်သောကြောင့် သတ်ဖြတ်ခြင်းအလုပ်ကို

အားပါးတရ လုပ်ကိုင်ဆောင်ရွက်ကြသည်မှာ လူအစစ်မှ ဟုတ်ပါ့မလားဟု ထင်စရာ အကြောင်းရှိသည်။ သတ်စရာ လက်နက်ရှိသမျှ ကာလပတ်လုံး လူလျှင်လူချင်း သတ်နေကြဦးမည်။ စီးပွားရေးကို အကြောင်းပြု၍ တိုက်ခိုက်သတ်ဖြတ်သည်။ ချစ်ရေး၊ ကြိုက်ရေးကြောင့်လည်း သတ်ဖြတ်ကြသည်။ လက်နက်က အမြဲအဆင်သင့် ဖြစ်နေသောကြောင့် ပါဏာတိပါတကံသည် အရေးမကြီး။ မိမိက ဦးအောင် သတ်ဖို့က အရေးကြီးသည်။

စီးပွားရေးဆိုသည်မှာ ဆန်၊ စပါး၊ ပဲ၊ ပြောင်း ကုန်စည်ပစ္စည်းသည်ကိုသာ ဆိုလိုသည်မဟုတ်။ ဘီလူးစိတ်ဝင်နေသော ဤခေတ်၌ လူကိုပင်လျှင် ကုန်ပစ္စည်းဟု မှတ်ယူနေကြသည်။ လူကို ခိုင်းဖို့ ရောင်းကြဝယ်ကြသည်မှာ ကမ္ဘာ့ဓမ္မတာဟူ၍ပင် ဆိုနေကြပြီ။ သို့သော် လူကို ကာမအတွက် ရောင်းကြဝယ်ကြသည်မှာ ယခုဖြစ်သော စစ်အတွင်း၌ အလွန့်အလွန် လွန်လှပါသည်။ အရွယ်ရောက်စ လူငယ်လုံမငယ်တို့ ကာမ၏ ကျေးကျွန်ဖြစ်ရပုံမှာ ရင်နာစရာ ကောင်းလှပါသည်။

လူ့အသက်ကို သတ်သည်ဆိုသည်မှာ ဒေါသ၊ အာဃာတ မပါဘဲ သတ်၍မရပါ။ စစ်ဖြစ်သည်ဆိုသည်မှာ လူမျိုးနှင့် နိုင်ငံ၏ ဒေါသအဟုန်၊ အာဃာတအဟုန်ကို ပြဆိုပါသည်။ သတ်ခြင်းသည် မကောင်းပါ။ စစ်ဖြစ်ခြင်းသည် လူစုလူဝေးအချင်းချင်း သတ်ဖြတ်ကြသောကြောင့် သာ၍သာ၍ မကောင်းပါ။ သူ့ပယောဂနှင့်သူ ဖြစ်သောကိစ္စတွင် ကျွန်တော့်မှာ မကောင်းဟုသာ ဆိုတတ်ပါသည်။

ဒေါသ၊ အာဃာတတို့ကြောင့် စစ်ဖြစ်ရသော ကိစ္စ၌ ဒေါသ၏ အကြောင်းရင်းခံကို ပထမစဉ်းစားသင့်သည်။ ဒေါသ၊ အာဃာတ စသည့်အရင်းခံမှာ လောဘနှင့် မောဟကြောင့် ဖြစ်သည်။ လောဘကြောင့် သူတစ်ပါးဥစ္စာကို လိုချင်သည်။ သူတစ်ပါးနိုင်ငံကို စိုးမိုးချင်

သည်။ သူတစ်ပါးတို့ကို ကျွန်လုပ်ချင်သည်။ ဤကိစ္စတို့သည် မေတ္တာ ဓာတ် ဆိတ်သုဉ်းခြင်းကို ဖော်ပြနေသည်။ မေတ္တာဓာတ်ကုန်ခန်းသော အခါ နိုင်ငံတစ်နိုင်ငံက အခြားတစ်နိုင်ငံကို အတို့အထောင်ပြု၍ စော်ကား ရန်စ တိုက်ခိုက်သတ်ဖြတ်လေသည်။ လောဘထွက်လာသောအခါ မောဟဖုံးလွှမ်းသည်။ သတ်ဖြတ်ရန်လုပ်ငန်းအတွက် လက်နက်ကို ထုတ်လုပ်သည်။ လက်နက်မပါဘဲ တိုက်၍ ခိုက်၍ မရနိုင်သောကြောင့် စစ်တိုက်သူတို့သည် လက်နက်ကို အပြိုင်အဆိုင်ထုတ်လုပ်ကြသည်။ စင်စစ် စစ်တိုက်ရခြင်း၏ အကြောင်းရင်းမှာ လက်နက်ပင် ဖြစ်သည်။ လက်နက်ကို ထုတ်လုပ်နေသမျှကာလပတ်လုံး ကမ္ဘာနှင့် စစ်သည် ထွေးလား လုံးလားဖြစ်နေလိမ့်မည်။ လောဘဓောတိုက်လာသောအခါ နိုင်ငံကြီးများသည် နိုင်ငံငယ်များ ရန်ဖြစ်အောင် အတို့အထောင်လုပ်၍ တိုက်ပေးကြသည်။ နိုင်ငံငယ်ကလေးများ ငြိမ်းချမ်းနေလျှင် နိုင်ငံကြီး များလည်း 'မစားသာ' ဟူ၍ပင် ယူဆကြပေလိမ့်မည်။ ထို့ကြောင့် လက်နက်နှင့် စစ်... အမြဲဒွန်တွဲနေပုံကို ကျွန်ုပ်တို့ သတိမူကြရမည်။

ယခုအခါ ကမ္ဘာစစ်ကြီးပြီးပါပြီဆိုသော်လည်း ပဋိပက္ခများသည် စစ်ကို ရှေးရှုနေကြသည်။ နိုင်ငံကြီးတို့သည် ကာကွယ်ရေးကို အကြောင်း ပြု၍ စစ်ဖြစ်လျှင် မိမိက လက်ဦးအောင် စီမံနေကြသည်။ နိုင်ငံငယ်တို့ သည် ပဋိပက္ခများအကြားတွင် တဝဲဝဲတလည်လည်နှင့် စစ်ပွဲကလေးများ ကို နေ့စဉ်တိုက်နေကြသည်မှာ အနာဂတ်စစ်အတွက် လေ့ကျင့်နေလေ သလောဟု မေးစရာဖြစ်နေသည်။ ဤအထဲတွင် အစ္စရေးနှင့် ပါလက် စတိုင်းနိုင်ငံတို့ကဲ့သို့သော အရေးအခင်းများကို အကဲခတ်ကြည့်လျှင် ဥရောပတိုက်အတွင်း၌ တည်ရှိနေကြသော နိုင်ငံတို့၏အတွင်းရေး၌ တည်ရှိနေကြသော နိုင်ငံတို့၏ အတွင်းရေး၌ ဘာသာရေးစစ်ပွဲကို ဆင်နွှဲ ရန် စိတ်ကူးနေကြသလောဟု စဉ်းစားစရာ ရှိသည်။ ပုပ်ရဟန်းမင်းကြီး

ကိုယ်တိုင်က ဘာသာရေးစစ်ပွဲ မပေါ်ပေါက်ရလေအောင် ကြိုးပမ်းနေသော အခြင်းအရာကို အကဲခတ်ကြည့်ကြရမည်။ ကမ္ဘာစစ်ဟူသော သဘာဝမှာ ဥရောပတိုက်၏ သဘာဝဖြစ်သည်ဟု ယေဘုယျဆိုနိုင်သည်။ တကောင်းခေတ်၊ သရေခေတ္တရာခေတ်၊ ပုဂံခေတ် စသော ခေတ်တို့တွင် မြန်မာဖြစ်လာရသည့် ကျွန်ုပ်တို့သည် လူမျိုးစုညီညွတ်ရေးကို ချေဖျက်ရန်ကြိုးစားခဲ့ကာ ရန်အသွယ်သွယ်တို့ကို တွန်းလှန်ခဲ့ကြရသည်။ ထိုခေတ်များတွင် အဦးအစ မြန်မာတို့သည် မြတ်စွာဘုရား ဟောကြားတော်မူသော တရားဓမ္မတို့ကို ရှေးဦးစွာ ကြားနာရ၍ ဗြဟ္မစိုရ်တရားတို့ကို အကြိမ်ကြိမ်တည်ဆောက်ခဲ့ကြသောကြောင့် ယနေ့အဖို့၌ ကျွန်ုပ်တို့သည် ရွှေတိဂုံဘုရားကြီးကို နေ့စဉ်ဖူးမြော်နိုင်ကြသည်။ စစ်ကြီးပြီးပြီဟူသော အမှတ်သညာဖြင့် ကျွန်ုပ်တို့သည် အေးကွက်ကိုလည်း ရှာနေကြရသည်။ ငြိမ်းချမ်းစေလိုသော ဆန္ဒပြင်းပြလျက် ရှိခြင်းကြောင့် ဤကဲ့သို့ အအေးခေတ်ကို ရှာဖွေနေခြင်းဖြစ်သည်။ သို့ရာတွင် စစ်ဖြစ်ခြင်း၏အကြောင်းရင်းဖြစ်သော စစ်လက်နက်တို့သည် ဤကမ္ဘာကြီး၏ အနာဂတ်ကို ညွှန်ပြလျက်ရှိရာ သတိကြီးစွာ ရှိကြဖို့ရာ နှိုးဆော်ချင်ပါသည်။

စတိုင်သစ်ရသစုံ၊ အမှတ် ၁၀၀၊ ဇူလိုင်၊ ၂၀၀၁

❐